
# ကျွန်တော်နှင့် ပြဿနာ

နိုင်ဇော်
(Lazy Club)



ကျွန်တော်နှင့်ပြဿနာ နိုင်ဇော်(Lazy Club)
အပြင်အဆင် - အမ်အက်စ်ဆို
စာမျက်နှာ ၁၃၆++ မျက်နှာ၊ ၁၃ · ၅ စင်တီx ၂၀ · ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၈၅ ဘင်္ဂလမ်း တာမွေ ရန်ကုန်
ပုံနှိပ်သူ - ဒေါ်ခင်သာ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇ ပန်းဆိုးလမ်း ရန်ကင်း
၂၀၁၇ ဒီဇင်ဘာလ၊ ပထမအကြိမ် အုပ်ရေ ၅၀၀

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

# ကျွန်တော်နှင့် ပြဿနာ

နိုင်ဇော်
(Lazy Club)

ပထမအကြိမ်၊ ၂၀၁၄



## မာတိကာ


- ကျွန်တော်နဲ့ ပြဿနာအက်ဆေး အမှာစာ (က)

၁။ ကျွန်တော်နဲ့ ကြောင်သုံးကောင်ပြဿနာ ၃

၂။ ကျွန်တော်နဲ့ ခေတ်ပုံချစ်သူများ ပြဿနာ ၉

၃။ ကျွန်တော်နဲ့ လေးဘီးကား ပြဿနာ ၁၅

၄။ ကျွန်တော်နဲ့ လတ်တလော ဆင်ဆာမူဝါဒ ပြဿနာ ၂၀

၅။ ကျွန်တော်နှင့် ဆီးဂိမ်းသီချင်းပြဿနာ ၂၅

၆။ ကျွန်တော်နှင့် ကွန်မြူနစ်ပြဿနာ ၃၁

၇။ ကျွန်တော်နှင့် ဖရီးရှိုးပြဿနာ ၃၇

၈။ ကျွန်တော်နှင့် ဖွန်ကြောင်ပြဿနာ ၄၂

၉။ ကျွန်တော်နှင့် ရုပ်ရှင်သီချင်းပြဿနာ ၄၇

၁၀။ ကျွန်တော်နှင့် ငယ်ချစ်ပြဿနာ ၅၃

၁၁။ ကျွန်တော်နဲ့ သဘော်သားပြဿနာ ၅၉

၁၂။ ကျွန်တော်နှင့် ကားအသစ်ဝယ်ယူခွင့်ပြဿနာ ၆၄

၁၃။ ကျွန်တော်နှင့် ဖက်ရှင်ရောဂါပြဿနာ ၇၀

၁၄။ ကျွန်တော်နှင့် ဖုန်းငွေဖြည့်ကတ် ပြဿနာ ၇၅

၁၅။ ကျွန်တော်နှင့် ဘီကီနီပြဿနာ ၈၁

၁၆။ ကျွန်တော်နှင့် အလှူခံပြဿနာ ၈၆

၁၇။ ကျွန်တော်နှင့် Pearl White ပြဿနာ ၉၂

၁၈။ ကျွန်တော်နဲ့ အင်ဒီယာနာဂျုံးစ် ပြဿနာ (အပိုင်း ၁) ၉၈

၁၉။ ကျွန်တော်နဲ့ အင်ဒီယာနာဂျုံးစ် ပြဿနာ (အပိုင်း ၂) ၁၀၃

၂၀။ ကျွန်တော်နှင့် အမှားများစွာ Facebook ပြဿနာ ၁၀၈

၂၁။ ကျွန်တော်နှင့် ဂီတအကျိုးထူးသူများပြဿနာ ၁၁၄

၂၂။ ကျွန်တော့် လူမျိုးကြီးပြဿနာ ၁၁၉

၂၃။ ကျွန်တော်နဲ့ တေးဆိုငှက် ပြဿနာ ၁၂၃

၂၄။ ကျွန်တော်နဲ့ ထိုင်ခုံနေရာ ပြဿနာ ၁၂၉

၂၅။ ကျွန်တော်နှင့် အနုပညာလမ်းဆုံပြဿနာ ၁၃၃


❑



# ကျွန်တော်နဲ့ ပြဿနာအက်ဆေး

## အမှာစာ

ကျွန်တော့် ဆောင်းပါးစာအုပ်တွေ ထွက်တာနည်းလို့ မထွက်တော့ဘူးလားဆိုတဲ့ စာဖတ်ပရိတ်သတ်တွေရဲ့ အားမလိုအားမရ လူကိုယ်တိုင်ရော၊ တယ်လီဖုန်းနဲ့ရော မေးကြလွန်းလို့ ၂၀၁၃ ခုနှစ်၊ ၅ လပိုင်းလောက်က ကြယ်စင်စုခရီး ခရီးသွားဆောင်းပါးတွေ ထွက်ခဲ့ပြီးချိန်ကစ ၂ နှစ်နီးပါးလောက်ကြာတဲ့အထိ နောက်ထပ် စာအုပ်ဖြစ်မလာသေးတဲ့အတွက် 'စိတ်ကူးချိုချို' စာအုပ်တိုက်ကနေ ကျွန်တော့်စာအုပ် ၃ အုပ် တစ်ဆက်တည်း ထွက်နိုင်စေဖို့ မိတ်ဆွေကြီး (သိမ်းတင်သား ကိုကြွက်နီ) အကူအညီနဲ့ ကြိုးစားရပါတော့တယ်။ သူများစာရေးဆရာတွေက စာရေးဖို့ ကုန်ကြမ်းရှာရ၊ စာအုပ်ထုတ်ဖို့ ဆောင်းပါးတွေ စုရချိန် ကျွန်တော်က ပင်တိုင်အပတ်စဉ်ရေးနေတဲ့ နံနက်ခင်းဂျာနယ် စာမျက်နှာကရော သရဖူမဂ္ဂဇင်းအပါအဝင် ဂျာနယ်၊ မဂ္ဂဇင်း ပေါင်းစုံ၊ ခင်မင်သမျှ စာမူတောင်းသူတွေ ကျေနပ်အောင် စာမူပေးခဲ့လို့ အခုဆို နောက်ထပ် စာအုပ်ပေါင်း (၁၀) အုပ်စာလောက် အနည်းဆုံးရှိနေတာမို့ ကုန်ချောအဖြစ် ပရိသတ်ဆီ အရောက်ပို့ပေးနိုင်မယ့် စာပေစက်ရုံအဖြစ် 'စိတ်ကူးချိုချို' စာအုပ်တိုက်နဲ့ ကျွန်တော့် စာချစ်ပရိသတ်တွေ ကျေနပ်စေဖို့ ၂၀၁၅ ခုနှစ်ကစပြီး ဆောင်းပါးပေါင်းချုပ်တွေကို စဉ်ဆက်မပြတ် ဖတ်ကြရပါစေမယ်လို့ အာမခံလိုက်ရပါတော့တယ်။

အခုလည်း စိတ်ကူးချိုချိုစာအုပ်တိုက်က ပထမဆုံးထွက်မယ့် စာအုပ်ကို 'ပြဿနာ အက်ဆေး' များလို့ အမည်ပေးလိုက်ရတဲ့ အကြောင်းကလည်း ကျွန်တော့် ဆောင်းပါးတွေ အားလုံးက 'ပြဿနာ'နဲ့ အဆုံးသတ်တဲ့ခေါင်းစဉ်ကြောင့်ပါ။ 'ဉပမာ ဆိုတေးပြဿနာ' စသဖြင့်ပေါ့။ ကျွန်တော် ကျင်လည်တဲ့ ဂီတရပ်ဝန်းနဲ့ လူမှုဘဝဝန်းကျင်မှာ ဟိုလူဒီလူ အမက်အခဲတွေ ကူညီရင်း ''ဘုန်းကြီးအမှု ရွာပတ်'လို့ ပြောရင်လည်းရ၊ ရွာမှာအမှုဖြစ် ကတည်းက ဘုန်းကြီးက မနေနိုင်မထိုင်နိုင် ဝင်ပါတယ်လို့ ပြောလို့လည်းရမယ့် ပြဿနာ ပေါင်းစုတွေကြား ပျော်မွေ့တဲ့ ကျွန်တော့်ဆောင်းပါးတွေထဲ ရယ်စရာလည်းပါ၊ ပြဿနာ တက်စရာလည်းပါ၊ မုန်းစရာတွေလည်းပါတဲ့ စာစုတွေရေးပြီး ပြည်သူတွေလည်း သိ မဟုတ်မတရား လုပ်သူတွေလည်း ကလိရင်း၊ အပြုံးအတေးခံ၊ အမုန်းပွားခံပြီး ဂျာနယ် စာမျက်နှာပေါ်က တင်ပြခဲ့တဲ့ ကိစ္စရပ်တွေက အခုတော့ လုံးချင်းစာအုပ်တစ်အုပ် ဖြစ်လာခဲ့ပြီ မှုရင်းဝေဒနာသည်တွေ ကျွန်တော့်စာမှုတွေကြောင့် ရောဂါပျောင်း ပြန်မထကြဘဲ အမြစ် ပြတ် ပျောက်ကင်းကြပါစေလို့ မရဲတရဲ ဆုတောင်းနေမိပါတော့တယ်။ ဒီစာစုထဲမှာပါတဲ့ တချို့ကိစ္စတွေဟာ မြန်မာနိုင်ငံထဲမှာတင် မကဘဲ နိုင်ငံရပ်ခြားမှာ ကြုံခဲ့ရတဲ့အဖြစ်တွေပါ ပါဝင်နေလို့ ခရီးသွားဆောင်းပါးစာစုထဲ ထည့်လို့ရနိုင်သလို၊ ကားဝယ်ပြီး ကညာ သွားတဲ့အချိန်ဖြစ်ခဲ့တဲ့ အဖြစ်ကလည်း စနစ်တစ်ခုရဲ့အားနည်းချက်၊ အစိုးရရုံးလောကရဲ့ အချိန်ကာလတစ်ခုက မသပ်ရပ်မှု ပြည်သူတွေအပေါ် အနိုင်ကျင့်သလို ဖြစ်ခဲ့မှုအပေါ် ကျွန်တော့်ဆောင်းပါးကြောင့် နောက်ပိုင်း ပြုပြင်ပြောင်းလဲမှုတွေ လုပ်ခဲ့တယ်လို့သိရပေမဲ့ ခေတ်တစ်ခေတ်ရဲ့ ကြေးမုံပြင်ပေါ်မှာ အရိပ်ထင်ခဲ့တာမို့ အတိတ်တွေက တဖြည်းဖြည်းနဲ့ သမိုင်းဖြစ်တော့မယ် အစအနအဖြစ် မြင်တွေ့ခွင့်ရကြမှာပါ။

'ကားအသစ်ဝယ်ယူခွင့်ပြဿနာ ဆောင်းပါး၊ ပြီးတော့လည်း မယ်ပြိုင်ပွဲတွေ ရေကူးဝတ်စုံဝတ်ခွင့်ပေးခဲ့ချိန် လွတ်လပ်ပြီဆိုတဲ့စိတ်နဲ့ မဆီမဆိုင် စာနယ်ဇင်းပွဲမှာ ရေကူး ဝတ်စုံနဲ့ထွက်လျှောက်နိုင်းတဲ့ ပုဂ္ဂိုလ်တချို့ကို ကျွန်တော် 'ဘီကီနီပြဿနာ'ဆိုတဲ့ စာစု နဲ့ ထောက်ပြမိလို့ အခင်အမင်ပျက်ခဲ့ရသလို၊ ဂီတအလုပ်ကိုပါ လှူဝတ်ခဲ့ရပါတယ်။ [illegible]တာရေးအတွက် ပြည်သူတွေဆီ တင်ပြပေးဖို့ တာဝန်ကို အပြည့်အဝယူမယ်လို့ ခံယူထားတဲ့ ကျွန်တော်ကတော့ ဘယ်လို အတားအဆီး၊ အနှောက်အယှက်နဲ့တွေ့ပါစေ ကိုယ့်တာဝန်ကိုယ်ယူ၊ ကိုယ့်စာကို တာဝန်ကျေစွာ ဆက်ပြီးရေးသားခဲ့ပါတယ်။ ဥပဒေ [illegible] ဘွဲ့ရခဲ့တော့ ကိုယ်ရေးတဲ့စာ ဥပဒေဘောင်ထဲဝင်ပြီး လူတစ်ဖက်သားအပေါ် [illegible] [illegible] တော့ အထူးသတိထားရေးခဲ့ပါတယ်။

(ဘီကိနီပြဿနာဆောင်းပါး) မြန်မာတစ်ပြည်လုံး မြိုင်မြိုင်သဲသဲဖြစ်ရုံမက အာဆီယံနိုင်ငံတွေက ပါဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ (Sea game) ပြိုင်ပွဲကြီးနဲ့ပတ်သက်ပြီး ခေါင်းစဉ်သီချင်းရွေးချယ်ရေးအဖွဲ့ရဲ့ အမှားမှားအယွင်းယွင်း လုပ်ရပ်တွေအတွက် ကျွန်တော့်စာစုနဲ့ ထောက်ပြသတိပေးတော့ အဲဒီနေ့မနက်မှာတင် တယ်လီဖုန်းနဲ့ ပုဂ္ဂိုလ်တစ်ယောက်က ခြိမ်းခြောက်တာလည်း ခံရပါတယ်။ ဒါပေမဲ့လည်း အမှန်တရားဆိုတာ ခါးသီးမယ်လို့ သိထားတဲ့ ကျွန်တော့်ဆီ အားပေးချီးကျူးတဲ့ ပရိတ်သတ်တွေရဲ့ အသံတွေတော်တော်များများကြားရလို့ အချိန်ကာလတစ်ခုက အဆုံးအဖြတ်ပေးနိုင်မယ့် ကျွန်တော်ရဲ့ နိုင်ငံတော်ဆိုင်ရာ တေးသီချင်းပြိုင်ပွဲ ကိုင်တွယ်ခဲ့တဲ့အဖွဲ့အပေါ် ဝေဖန်ရေးသားခဲ့တဲ့ ဆောင်းပါးကလည်း နောင်လာနောင်သားတွေ၊ နောင်တက်လာမယ့် အစိုးရတွေ၊ ဒီလိုအမှားမျိုး ထပ်မလုပ်မိစေဖို့ "ဆီးဂိမ်းသီချင်း ပြဿနာစာစုလေးနဲ့ စာဖတ်ပရိတ်သတ်များ၊ သိနိုင်ခွင့်ရကြပါပြီ၊ ဂီတလောကတင်မက ရုပ်ရှင်၊ သဘင်၊ အားကစား စသဖြင့် ထင်ပေါ်ကျော်ကြားသူတွေရဲ့ ဖြစ်တတ်တဲ့ ပြဿနာတွေကို သူတို့နဲ့ မအောင်မြင်ခင်ကာလ၊ အောင်မြင်မှုအထွတ်အထိပ်ရောက်ချိန်၊ အောင်မြင်မှုတွေ ကုန်ဆင်း ဆင်ခြေလျှော စလိမ့်စပြုချိန်တွေမှာ အတူတူဖြတ်သန်းခဲ့တဲ့ ကျွန်တော်။ များသောအားဖြင့် ဖြစ်လေ့ဖြစ်ထရှိပြီး "ပညာဉာဏ်နဲ့ ထိန်းသိမ်းနိုင်သူ လူနည်းစုကလွဲလို့ သူတို့ရဲ့ပြဿနာတွေကို စာစုနဲ့ ထောက်ပြခဲ့လို့ ကျွန်တော့်နောက်ကွယ်မှာ မုန်းတီးကြတဲ့ အနုပညာရှင်တချို့ရဲ့ စကားတွေကိုလည်း ရဲရဲဝင့်ဝင့် လက်ခံပြီး နောင်လာမယ့် မျိုးဆက်သစ်လူငယ်တွေ၊ ဒီအဖြစ်ဆိုးကြီးထဲ မပါဝင်ကြအောင် ရှေးက အောင်မြင်သူတွေ အစဉ်အဆက်လုပ်ခဲ့ကြတဲ့ ကြောင်တောင်တောင်လုပ်ရပ်ကိုတွေကို လွတ်မြောက်နိုင်ကြစေဖို့ "ကြောင်သုံးကောင် ပြဿနာ" ဆိုတဲ့ စာစုနဲ့ သတိပေး ဆုံးမစာရေးခဲ့တာက ခေတ်တိုင်း အသက်ဝင်နေမယ့် ဆုံးမစာလို့ ယုံကြည်နေမိပါတယ်။

အခုနောက်ပိုင်း "စင်မြင့်ပေါ်ကနေပြီး အဆိုတော်တချို့ ဆဲဆို ပြဿနာတက်ကြတဲ့သတင်း၊ မူးယစ်ဆေးမျိုးစုံနဲ့ အထိန်းအသိမ်းခံရ၊ အရှယ်မတိုင်ခင် ဆုံးပါးကြတဲ့သတင်းကြားရတော့လည်း ကျွန်တော့်ရဲ့ "ကြောင်သုံးကောင်ပြဿနာ" ဆောင်းပါးကို ပြန်သတိရနေမိပါတော့တယ်။ ဘယ်လိုပဲ အခက်အခဲတွေ ကြုံရပါစေ၊ လူပေါင်းစုံရဲ့ အမှန်တရားကို ဝန်မခံလို့မှကြောင့် မခေါ်နိုင်မပြောနိုင် ငိုင်းပယ်ကြတဲ့ဒဏ်ခံရပါစေ...) ကျွန်တော့် နောက်ကွယ်မှာ ကျွန်တော့်စာစုတွေကြောင့် ထိခိုက်နစ်နာရတယ်ဆိုတဲ့ (ပုဂ္ဂိုလ်တချို့) လက်သီးလက်မောင်းတန်းကြပါစေ ... ကျွန်တော်ကတော့ သူတို့ရဲ့ပေါက်ကွဲမှုတွေကို လောင်စာ

အဖြစ် မှန်မှန်ကန်ကန် အသုံးချပြီး ကျွန်တော်သွားလိုတဲ့ ရည်မှန်းချက်ပန်းတိုင်ကို ဖြောင့်ဖြောင့်တန်းတန်း ထိုးဖောက်ပျံသန်းမယ်။ အာကာသယာဥ်တစ်စီးလို အရှိန်အဟုန်နဲ့ ပြည်သူတွေ အမှန်ကိုသိကြဖို့၊ အမှားကို ခွဲခြားနိုင်ဖို့၊ အမှန်နဲ့အမှားကြားမှာ လစ်လပ်နေတဲ့ နေရာလွတ်ထဲဝင်ထိုင်ပြီး… ရောယိမ်းလိုက်၊ ဘသားယိမ်းလိုက် လုပ်နေကြသူတွေကို ပြတ်ပြတ်သားသားမြင်နိုင်ဖို့ "ပြဿနာအက်ဆေး" စာအုပ်လေးက အထောက်အကူပေးပါလိမ့်မယ်လို့ ပြဿနာကို ဆေးအဖြစ် အသုံးချဖို့ကြိုးစားတဲ့ ကျွန်တော့် အမှာစာလေးအတိုင်း ပြဿနာတွေကို ဆေးအဖြစ်ရော အက်ဆေးအဖြစ်နဲ့ပါ နှစ်မျိုးအရသာခံကြပါလို့ တိုက်တွန်းလိုက်ရပါတော့တယ်…

**နိုင်ဇော်**

*(Lazy Club)*

*၈.၁၁.၂၀၀၄ (ည ၉:၄၅)*





## ကျွန်တော်နဲ့ ကြောင် သုံးကောင်ပြဿနာ

ဒီကျွန်တော့်စာစုခေါင်းစဉ်ဖတ်လိုက်ရတဲ့ စာဖတ်ပရိသတ်တွေ ထုံးစံအတိုင်း အိမ်မွေးတိရစ္ဆာန် ကြောင်တွေနဲ့ ကျွန်တော်ရဲ့ ပေါက်ကရအဖြစ်တွေ ဖတ်ရပြီဆိုပြီး ရယ်ရတော့မယ်လို့တော့ အထင်မစောလိုက်ပါနဲ့။ တကယ်ရေးချင်တဲ့ကိစ္စက အနုပညာလောကထဲမှာ ဖြစ်လေ့ရှိတဲ့၊ တွေ့ရလေ့ရှိတဲ့ 'ကြောင် ၃ ကောင်အကြောင်း' မိတ်ဆွေတွေနဲ့ စကားဆုံတိုင်း ပြောမိလို့ သူတို့အားလုံးက "ဒီအကြောင်း စာမျက်နှာပေါ်မှာရေးပါ။ တခြားလူတွေသိသင့်တယ်။ ဒါမှ ဆင်ခြင်နိုင်မယ်" ဆိုပြီး အမြဲအားပေး ရေးခိုင်းကြပါတယ်။ (ကျွန်တော့်ကို ချောင်းရိုက်မယ့်သူ မြန်မြန်ပေါ်အောင် ချောက်ထဲကန်ချတာလည်း ဖြစ်နိုင်ပါတယ်…ဟဲဟဲ)

ဒါပေမဲ့လည်း ခေါင်းမာတဲ့ ကျွန်တော်က သူတို့ရေးခိုင်းတိုင်း မရေးဘူးဆိုပြီး ခုမှပဲ ရေးပါတော့တယ်။ (သိတယ်မဟုတ်လား၊ နောက်ဆုံးတော့ ရေးတာပါပဲ) ဒီကြောင် ၃ ကောင်ဆိုတာ သက်ရှိကြောင် မဟုတ်ဘဲ တင်စားတဲ့ ကြောင်လေးတွေပါ။ အောင်မြင်တဲ့ အနုပညာသမားတိုင်းလိုလို (အနည်းငယ်သော တရားသိသူက လွဲလို့) ကြောင်လေးတွေ သူတို့ရင်ထဲမှာ အလိုလို ပါလာတတ်လို့ 'ပထမဆုံးကြောင်လေး' အကြောင်း စရှင်းပြပါမယ်။

လွန်ခဲ့တဲ့ ၁၅ နှစ်ကျော်လောက်က တံတားဖွင့်ပွဲတစ်ခု သွားတီးဖြစ်ခဲ့ပါတယ်။ ရွှေသံစဉ်တီးဝိုင်းနဲ့ပါ။ အဲဒီတုန်းက ရုပ်ရှင်အစည်းအရုံးအတွက် ကျွန်တော် အမြဲတီးပေးဖြစ်ပါတယ်။ စတိတ်ရှိုးက တံတားဖွင့်ပွဲဖြစ်နေလေတော့ တံတားဘေးမှာ ထိုးထားတဲ့ စတိတ်ရှိုးစင်ပေါ်ကနေ မင်းသား၊ မင်းသမီး၊ ဇာတ်ရုံ၊ လူကြမ်း စသဖြင့် သရုပ်ဆောင်တွေကို သီချင်းတွေတီးပေးနေရင်း မျက်စိက မနေနိုင် မထိုင်နိုင် လမ်းမပေါ်မှာ ရပ်နေတဲ့ မင်းသားငယ်တစ်ယောက်ကို သတိထားလိုက်ပါတော့တယ်။

ပရိသတ်က သူနဲ့ သံဆူးကြိုးခြားထားသလို၊ ဝါးကပ်ကလည်း ကာထားတော့ သူ့ကိုမမြင်ပါဘူး။ ကျွန်တော်ကသာ စင်ပေါ်ကနေ စင်ရှေ့ အောက်တည့်တည့်က သူ့ကို မြင်နေရတာပါ။ သူက တခြား မင်းသားငယ်တွေနဲ့ အရင်က အဖွဲ့ ကျနေတာများတယ်။ မှတ်မှတ်ရရ သီချင်းတိုက်နေတုန်းကတောင် ရယ်လား၊ မောလား လုပ်နေကြရင်း တစ်ရက် နှစ်ရက်လောက်ပဲကြာသေး၊ အဲဒီမင်းသားက အားလုံး စုရပ်နေတဲ့ နေရာနဲ့ ခပ်လှမ်းလှမ်းမှာ တစ်ယောက်တည်းရပ်ပြီး စတိတ်ရှိုးကြည့်နေပါတယ်။ (သူကလည်း ဆိုဖို့အစီအစဉ်မှာ ပါတယ်) ဒီလိုရပ်နေရာမှာလည်း တခြားမင်းသားဖြိုင်တွေကို စကား မပြောချင်တဲ့ အမူအရာကလည်း (မင်းသားဗီဗီ) သိသာအောင် လုပ်ပြနေပါတယ်။ အဲဒီမှာ ကျွန်တော့် စိတ်ထဲက ဒီမင်းသားနဲ့တခြား မင်းသား သူငယ်ချင်းတွေ ရန်ဖြစ်၊ စကားများထားကြတယ် ဆိုသော သေချာနေပါပြီဆိုပြီး တွေးနေမိပါတယ်။

အဲဒီပွဲအပြီး ပြန်ခါနီးမှာ ရုပ်ရှင်သရုပ်ဆောင် အဆိုတော် ကိုဆက်မော် (ကွယ်လွန်) ကို တိုးတိုးလေးကပ်ပြီး အဲဒီကိစ္စ မေးရပါတော့တယ်။ 'ကိုဆက်မော်၊ အဲဒီမင်းသား'.... ' က တခြားမင်းသားတွေနဲ့ ဒီနေ့မှ ခွဲခြားခွဲခြား လုပ်နေလိုက်တာ ဘာဖြစ်လို့လဲ' ဆိုတော့ ကိုဆက်မော် က 'မင်း မသိဘူးလား၊ အဲဒီ မင်းသားက မနေ့က ရုပ်ရှင်ကုမ္ပဏီတစ်ခုနဲ့ ကား (၅၀) စာချုပ် ချုပ်လိုက်တယ်။ ဒါကြောင့် သူက ဗွီဒီယိုမင်းသားတွေနဲ့ တွဲစရာမလို တော့ဘူး။ အဆင့်ပိုမြင့်သွားလို့ ဗီဒီယိုမင်းသားငယ်တွေကြားထဲ မဝင်တော့ဘဲ သတ်သတ် ကို နေတာ' လို့ ပြန်ရှင်းပြတော့မှ အဲဒီမင်းသားရဲ့ ဘဝင်ကို သိလိုက်ရပါတော့တယ်။ (နောက်ပိုင်း အဲဒီကား ၅၀ လည်း မရိုက်ဖြစ်လိုက်ပါဘူး)

သူ့အဖြစ်က နိုင်ငံ နှစ်နိုင်ငံရဲ့ အလယ်တည့်တည့် မျဉ်းဆွဲတဲ့လိုင်းပေါ် အိမ်ဆောက် မိတဲ့ အဘိုးအိုကို မြေတိုင်းသူတွေက ဘယ်နိုင်ငံမှာ နေချင်သလဲ၊ မြေပုံထဲ ထည့်ပေးလိုက် မယ် ပြောတော့ ...အဘိုးအိုက 'ငါရုရှား ရာသီဥတုဒဏ် မခံနိုင်လို့ ဒီဘက်နိုင်ငံမြေပုံထဲ ထည့်ပေးပါကွာ' ဆိုသလို ဖြစ်နေပါတယ်။ တကယ်ဆို မနေ့ကမှ စာချုပ်ချုပ်တယ်။ ဘာရုပ်ရှင်မှလည်း ရိုက်ရသေးတာ မဟုတ်ဘဲ အလကားနေရင်း ဗီဒီယို၊ ရုပ်ရှင် စည်း ကြောင်းပေါ် ခွထိုင်ပြီး ဟိုဘက်ဒီဘက် ကူးချင်တဲ့ မင်းသားဖြစ်ခဲ့တဲ့ပုံစံ (ဥပမာ)လေး ကို ကျွန်တော်တို့ အနုပညာသမားတချို့ အောင်မြင်ပြီဆိုရင် ကျင့်သုံးလေ့ရှိတော့ အဲဒီလို စိတ်ရှိတဲ့ အနုပညာသမားတချို့အတွက် ရင်ထဲအမြဲရှိနေတဲ့ ကြောင်လေးတစ်ကောင် နာမည်က 'တက်ကြောင်' ပါ။

ဒီလိုပြောလို့ စုန်းပြူး အနုပညာသမားတချို့ကတော့ စိတ်ဆိုးနိုင်ပါတယ်။ ဒါက လည်း ထုံးစံတစ်ခုပါပဲ။ ကျွန်တော်ရေးပြတာ မမှားတဲ့ ကိစ္စလေးတွေဆိုတာ သေချာလို့ မကြောက်မရွံ့ ဆက်ရေးရပါတော့မယ်။

အဆိုတော်ပေါက်စ (နာမည်ကြီးခါစ) တစ်ယောက် စတိတ်ရှိုးတစ်ခုအသွားကားပေါ်မှာ ရှေ့ဆုံးကနေ ၂ ခုံတွဲ ထိုင်ခုံမှာ ၁ ယောက်စီ ထိုင်ပြီး (သူ့လူ ၅ ယောက်ပါလာသေး) သူ့ထက် နာမည်ကြီး စီနီယာကျတဲ့ အဆိုတော်တွေ၊ ဖြိုင်တူ ခေတ်ပြိုင် အဆိုတော်လေးတွေအစား သူ့ရဲ့ မရှက်မကြောက် နေရာဦးရဲ့တဲ့ စိတ်ဓာတ်ကို ချွတ်ဆိပ်ဆုတောင်း ပေးချင်လာမိပါတယ်။ အဲဒါလည်း 'တက်ကြောင်' ပါ။ နာမည်ရဖို့ ကြိုးစားခါစမှာ အောက်ကနေရသမျှ နာမည်ကြီးတော့မယ်၊ နာမည်ကြီးပြီဆိုမှ ရင်ထဲ ကျိတ်ထားရတဲ့ ကြောင်ချင်စိတ်ကို လွှတ်ပေးရတဲ့ သူ့အဖြစ်ကို တခြားစိတ်ဆိုးတဲ့ အဆိုတော်မလေးတစ်ယောက်နဲ့ ပြဿနာဖြစ်မှာစိုးလို့ ကျွန်တော့်ထိုင်ခုံ သူ့ကိုပေးပြီး ဟိုးနောက်မှခပ်အေးအေးသွားနေခဲ့ပါတယ်။ တကယ်လည်း ကျွန်တော်က နောက်မှာပဲ လူ မထိုင်ချင်တဲ့ခုံမှာပဲ ထိုင်လေ့ရှိပါတယ်။

ဒါကို မန်နေဂျာကြီးက အားနာပြီး အတင်းရှေ့မှာ ထိုင်ဖို့နေရာပေးလေတော့၊ အဲဒီအဆိုတော်က မရှက်ပေမဲ့ ကျွန်တော်ကတော့ သူ့အစား ရှက်လို့ နေရာဖယ်ပေးလိုက်ရတာသိမယ်မထင်ပါဘူး။ ဒါကြောင့် နောင် တက်လာမယ့် အနုပညာရှင် ညီငယ် ညီမငယ်တွေ 'တက်ကြောင်' မဖြစ်ရအောင် ဂရုစိုက်စေချင်သလို လက်ရှိလောကထဲမှာရှိတဲ့ နာမည်ကြီးတွေ ဘယ်သူ 'တက်ကြောင်' ဆိုတာလဲ သေသေချာချာ သတိထားကြဖို့ အကြံပေးချင်ပါတယ်။ (အံ့မယ် တချို့ဆို ရေသန့်တောင် တံဆိပ်မှားပေးလို့ မသောက်ဘူးဆိုပဲ)

မင်းသားတစ်ယောက် နာမည်ကြီးတုန်း မြို့ထဲက နာမည်ကြီး လက်ဖက်ရည်မသောက်ရရင် မဖြစ်ဘူးဆိုပြီး 'ကြောင်' လို့ ရှူတင် မန်နေဂျာက လက်ဖက်ရည်ဝယ်နိုင်းတာ၊ ဝယ်ပေးတဲ့သူ (ကျွန်တော့် သူငယ်ချင်းက) ၈ မိုင်က တွေ့ကရာ လမ်းဘေးဆိုင်မှာဝယ်၊ အချိန် မကြာကြာအောင် စကားထိုင်ပြောပြီးမှ ရှူတင်ရှိရာ မင်္ဂလာဒုံသချိုင်းသွားပို့တော့ မင်းသားက အားရပါးရ သောက်ပြီး 'အခုမှ ခေါင်းကိုက်ပျောက်တော့' ဆိုပြီး လက်ဖက်ရည်ဆိုင်နာမည် လက်မထောင် အော်နေလို့ သူ့နောက်ကွယ်မှာ ဝိုင်းဟားကြတဲ့အကြောင်း ကျွန်တော့်ကို ပြောဖူးပါတယ်။ ဒါလည်း တက်ကြောင် တစ်မျိုးပါ။

သူဖျား ကားနဲ့သွားတဲ့ခရီး သူက လေယာဉ်နဲ့မှ၊ သူများတွေ လေယာဉ်စီးပြီဆိုလည်း လေကြောင်းလိုင်း မတူမှဆိုတဲ့ တက်ကြောင်တစ်မျိုးကိုလည်း ကျွန်တော် ကြုံဖူးပါတယ်။ အဲဒီလို ဒီဇာကြောင်လို့ သူ့အတွက် ကောင်းသွားတယ်ဆိုရင် ကျန်တဲ့ တက်ကြောင်ကိုးကွယ်သူတွေ ဗဟုသုတရအောင် ဆရာ့ ဆရာတွေရဲ့ ရင်ဖွင့်စကားတွေကို စာမျက်နှာတွေ ပေါ်မှာတော့ မတွေ့ဖူးပါဘူး။ ပရိသတ်ရှေ့မှာတော့ ပုံစံတစ်မျိုးနဲ့ ရိုကျိုးပြ၊ ပရိသတ်ကွယ်သွားတာနဲ့ (ဘဝတူ အလုပ်သမားတွေကို) နင်းနိုင်း၊ နှိပ်နိုင်း၊ ပျော်တော်ဆက်နိုင်း၊

အနိုင်ကျင့်နေတဲ့ တက်ကြောင်မျိုးတွေလည်း ရှိတတ်ပါတယ်ဆိုရင် 'တက်ကြောင်' ပြဿနာ ရှင်းလောက်ပြီး ထင်ပါရဲ့။

စာရေးနေရင်း သတိရတာတစ်ခုက အဆိုတော်တချို့ဟာ မင်းသား၊ မင်းသမီး ဖြစ်နိုင်တဲ့ ရုပ်ရည်ရှိလို့၊ ဝါသနာပါလို့၊ သရုပ်ဆောင်ချင်တာ မဟုတ်ဘဲ နာမည်ကြီးပြီး စီးပွားရေးချောင်းရပြီဆိုရင် အနည်းဆုံး ဗွီဒီယိုမှာ ဝင်သရုပ်ဆောင်ချင်တဲ့ ဝါသနာကလည်း ပိုးထလွန်းလို့ 'ကြောင်' ဖြစ်ရရှာသူတွေအတွက် သူငယ်ချင်းတစ်ယောက်ရဲ့ မှတ်ချက်က လည်း မှတ်သားစရာပါ။

အဆိုတော် ၉၉ ရာခိုင်နှုန်းက မင်းသား၊ မင်းသမီး လုပ်ချင်သလို၊ မင်းသား၊ မင်းသမီး ၉၉ ရာခိုင်နှုန်းကလည်း သီချင်းဆိုချင်တယ်တဲ့။ ဝါသနာကို တားလို့မရပေမဲ့ ကီး မဝင်တဲ့ မင်းသမီး၊ မင်းသားက အဆိုတော်လုပ်သင့်သလားဆိုတာ စဉ်းစားစေချင် သလို၊ မလှလှအောင် ပြင်ဆင် ဓာတ်ပုံရိုက်ပြီး ပရိသတ်ကို ပြရတဲ့ အဆိုတော်တချို့အနေနဲ့ ရုပ်ရှင်သဘောအရ ငါးစိမ်းသည်လို၊ ဆိုက်ကား နင်းတဲ့သူလို စုတ်စုတ်ပြတ်ပြတ်ဝတ်ပြီး သရုပ်ဆောင်ရမယ်ဆိုရင် ပရိသတ်ကို ပြရဲသလား ဆိုတာ စဉ်းစားထားဖို့လို့ပါတယ်။

အဲဒီလို သရုပ်ဆောင်ဖို့ ဝါသနာ မပါဘဲ လှရင်ပြီးရော ဆိုပြီး ဓာတ်ကောင်စရိုက်နဲ့ ဘာမှမဆိုင်တဲ့ အဝတ်အစားအပြင်အဆင်တွေနဲ့ ရုပ်ရှင်ဗွီဒီယို လောကထဲ ဝင်ရင် နာမည်ပို ကြီးမလာဘဲ ပိုပြီးသာ ယေ်သွားမှာပါ။

အဲဒီမှာပဲ နောက်ထပ် ကြောင်တစ်ကောင် ထပ်ပေါ်လာပါတော့တယ်။ အဲဒီကြောင် ကတော့ 'ကျကြောင်'ပါ။ အနုပညာသမားတစ်ယောက် နာမည်လည်းကြီးပြီးပြီ၊ လူလည်း စိတ်ဝင်စားပြီးပြီ၊ နောက်မှာ တခြားအနုပညာရှင်တစ်ယောက်လည်း အသစ်ပေါ်လာပြီ၊ သူ့နေရာယယ်ပေးရပြီဆိုတာနဲ့ (တချို့ အနုပညာသမားတွေ မဟုတ်ပါ) ထူးဆန်းရင်ပြီးရော အတင်းအကျပ် ကာလေးဆန်ဆန် လူအာရုံစိုက်မယ့် သီချင်းတွေ၊ ပေါကြောင်ကြောင် အပြုအမူတွေ၊ ပရိသတ်ရဲ့ စိတ်ဝင်စားမှုခံရအောင် တမင်လုပ်တဲ့ ကိစ္စရပ်တွေ၊ ဖန်တီးပြီး ငြိမ်းခါနီး ဆီမီး ပြန်တောက်လာမလားလို့ ကြိုးစားကြတာတွေ တွေ့ဖူးပါတယ်။

တချို့ကြတော့လည်း အောင်မြင်တုန်းက မြှောက်စားမှုတွေကို သာယာပြီး မအောင် မြင်တော့တဲ့အချိန်မှာ ရေလိုက်လွဲ၊ မူးယစ်ဆေးဝါးသုံးပြီး ဘဝကိုမပျက် ပျက်အောင် ကိုယ်တိုင် ဖျက်ကြပါတော့တယ်။ တချို့ကျတော့လည်း လက်ရှိနာမည်ရှိသူထက် ပိုက်ဆံပို ယူမယ်ဆိုပြီး မတန်တဆ ယုံကြည်မှုလွန်ကဲ၊ ဘယ်သူမှ မငှားလည်း ငုတ်တုတ်ထိုင်နေ မယ်ဆိုပြီး ဖွတ်အတင်း အဆင်းလမ်းကို ခပ်မြန်မြန်လျှောက်ကြပါတယ်။ (အနုပညာကြေး အရ နည်းလို့မဟုတ်ဘဲ အတ္တကြောင့် သူများထက် ပိုက်ဆံပိုယူသူများကိုသာ ဆိုလိုပါ တယ်)

တချို့ကြတော့ လက်ရှိနာမည်ရှိတဲ့ ကလေးတွေ၊ ကြိုးစားတဲ့ ကလေးတွေနဲ့ ငါတို့ အဆင့်မတူဘူးဆိုပြီး အဆင့်အတန်းခွဲတဲ့ပုံစံတွေနဲ့ တိုက်ခိုက်ကြတာတွေလည်း ကြုံဖူးပါတယ်။ ကျရှုံးခြင်းဒဏ် (တကယ်တော့ လောကဓံ) မခံနိုင်တဲ့ ကျရှုံးမှုကိုကြောက်ပြီး အလွဲလွဲ အမှားမှားသော ဆုံးဖြတ်ချက်တွေနဲ့ ရှိနေကြတဲ့ အနုပညာသမားတချို့ရဲ့အဖြစ်ကိုတော့… 'ကျကြောင်' လို့ပဲ အမည်တပ်ပေးလိုက်ရပါတော့တယ်။

တကယ်ဆို သူ့ရဲ့ကျရှုံးခြင်းကို ပြန်ဆန်းစစ်ကြည့်ရမှာပါ။ 'ငါ… ကတိတည်တည်လုပ်ဖူးလား၊ အလုပ်နဲ့ပတ်သက်သူတွေကို စိတ်ဒုက္ခပေးဖူးလား'… စသဖြင့် အဖြစ်တွေကို မြင်သိပြီး အမှားတွေ ရှောင်၊ တကယ့်လက်တွေ့မှာ အလုပ်ပြန် လုပ်၊ ကြားကနေ မြှောက်ပေးမယ့်၊ ညာဝါးမယ့် ဘော်ဒါတွေကို ဖယ်ထုတ်ဖို့ မကြိုးစားဘဲ ကိုယ့်အနေအထိုင်ကတော့ နဂိုအတိုင်း လုပ်ပြချင်တာက များနေရင် ဆင်ခေါင်း မွေး မချိုနိုင်ဆိုသလို 'ကျရှုံးခြင်း' ဆိုတဲ့ ကြောင်ကို တစ်ချိန်ချိန်မှာ တွေ့ကြရမယ်ဆိုတာ အနုပညာရှင်တိုင်း သိထား၊ ကာကွယ်ထားသင့်ပါတယ်။

အဲဒီဒဏ်ကို တည်တည်ငြိမ်ငြိမ်နဲ့ ကျော်ဖြတ်သွားခဲ့ ပုဂ္ဂိုလ်ဆရာသမားတွေဆီက လေ့လာထားသင့်ပါတယ်လို့ အကြံပေးချင်ပါတယ်။ ကျွန်တော်လည်း အဲဒီလိုမဖြစ်အောင် အခုကတည်းက လေ့လာနေပါတယ်။

ဒါဆိုရင် တတိယမြောက် ကြောင်ကရော ဘာလဲဆိုပြီး မေးစရာဖြစ်လာပါပြီ။ အဲဒီမှာပဲ တတိယမြောက်ကြောင်ရဲ့ နာမည်က 'အလယ်ကြောင်'ပါတဲ့။ အဲဒီလို နာမည်ကြီးစ အဆင့်ကနေ တည်ငြိမ်ပြီ၊ ကိုယ့်နာမည်လည်း ကိုယ်ထိန်းနိုင်ပြီ၊ ကိုယ့်နေရာ သေချာပြီဆိုရင် အလုပ်တွေလုပ်၊ ပိုက်ဆံတွေရှာ၊ အိမ်ထောင်ပြု၊ ငွေတွေစု၊ လူတစ်လုံး သူတစ်လုံးဖြစ်အောင် ကြိုးစားတယ်၊ အနုပညာသမားအားလုံး အလယ်အလတ်အဆင့်မှာ ဆက်ဆံရတာ အဆင်ပြေ၊ အလုပ်လုပ်ရတာလည်း အဆင်ပြေတယ်လို့ပြီး တီးဝိုင်းမန်နေဂျာ တစ်ယောက်က ပြောခဲ့ဖူးပါတယ်။ ဒီလို 'အလယ်ကြောင်' ကတော့ အနုပညာသမား တိုင်းရှိသင့်တဲ့၊ မွေးထားသင့်တဲ့ ကြောင်ပါ။ အဲဒီကြောင်လေးကိုပဲ တစ်သက်လုံး ချစ်ပြီး မွေးထားပါ။

'တက်ကြောင်' နဲ့ 'ကျကြောင်'ကိုတော့ ဖြစ်နိုင်ရင် ကိုယ့်အနားမပြောနဲ့၊ အိမ်အရိပ်တောင် မနင်းစေဖို့ သေသေချာချာ ခြံစည်းရိုးခတ်ထားကြပါလို့ နာမည်ကြီးတဲ့၊ ကြီးလာနိုင်တဲ့၊ ကြီးဖို့ကြိုးစားနေတဲ့ အနုပညာရောင်းရင်းမိတ်ဆွေအားလုံးကို စေတနာနဲ့ အသိပေးလိုက်ရပါတော့တယ်။

ဒီဆောင်းပါးဖတ်ပြီး ဘယ်လိုသဘောရလဲလို့ တခြားဂျာနယ်တွေကလည်း အနုပညာသမား တချို့ကို အတို့အစောင်း မေးခွန်းတွေနဲ့ မေးပြီး ကျွန်တော့်ကို မပစ်ကြပါနဲ့။

ကျွန်တော်က 'အလယ်ကြောင်' ပါ။ ဒါမှမဟုတ်… လည်လွန်းတဲ့ အလည်ကြောင်ပါ။ ရှောင်တတ်ပါတယ်။

Lazy Club က ထွက်သွားလို့ ဆောင်းပါးထဲ နာမည်ထည့် မရေးတော့ဘူးလား လို့ လင်မယားနှစ်ယောက်လုံး တက်ညီလက်ညီ ရန်တွေ့သွားတဲ့ မန်နေဂျာ(လက်ထောက်) ကိုမင်းမင်းဦးတို့ ဇနီးမောင်နှံအတွက် အမှတ်တရပါ။

ကြောင်သုံးကောင် ပြဿနာက သူ့စိတ်ကူး၊ သူ့စကားပါ။ ကျွန်တော်ချရေးပြလို့ စိတ်ဆိုးသူများ၊ အပြစ်တင်ချင်ရင် သူ့ဆီသွားကြပါ။ ရန်တွေ့ကြပါ။ ကျောက်မြောင်းမှာ နေပါတယ်။ ဟဲ ဟဲ… ကျေနပ်ပြီလား။

နံနက်ခင်း သတင်းဂျာနယ်

၁၁-၈-၂၀၁၀

❑



## ကျွန်တော်နဲ့ ဓာတ်ပုံချစ်သူများ ပြဿနာ

ဓာတ်ပုံပညာကို တကယ်တန်ဖိုးထားသလို ဓာတ်ပုံဆရာဖြစ်ချင်စိတ်နဲ့ တကယ့် ဝါသနာရှင်တွေ ရှိပါတယ်။ ဓာတ်ပုံဆရာကြီးတွေရဲ့ ပညာကို စနစ်တကျ သင်ကြားပြီး ဓာတ်ပုံပြိုင်ပွဲဝင်၊ ဓာတ်ပုံဆုတွေယူပြီး နာမည်တစ်လုံးရလာကြတဲ့ ဓာတ်ပုံဆရာလေးတွေနဲ့ တကယ့် ပရော်ဖက်ရှင်နယ် ဓာတ်ပုံဆရာကြီးတွေကို ကျွန်တော် ခင်မင်သိကျွမ်းဖူးသလို ဓာတ်ပုံပညာကို လေ့လာပေမဲ့ တိုးတိုးတိတ်တိတ် အပျော်တမ်းဘဝနဲ့ ကျေနပ်နေတဲ့ မိတ်ဆွေတွေလည်း ရှိပါတယ်။

အဲဒီလိုပုဂ္ဂိုလ်တွေကြားမှာ မပါဝင်ဘဲ တချို့တချို့သော ဓာတ်ပုံချစ်သူတွေနဲ့ ခရီးသွားကြရင်း၊ နိုင်ငံခြားသွားကြရင်း ဆုံခဲ့ကြခဲ့ရလေသမျှ၊ ကျွန်တော်ခံစားခဲ့ရသမျှ ဒီတစ်ခါတော့ စာဖတ်ပရိသတ်တွေ အပျင်းပြေစေဖို့ ကျွန်တော့်ခံစားချက်လေးတွေကိုလည်း ရင်ဖွင့်ချင်တဲ့စိတ်နဲ့ 'ဓာတ်ပုံချစ်သူများ ပြဿနာ' ဆိုတဲ့စာစုလေး ရေးလိုက်ရပါတော့တယ်။

တကယ်လို့ စာဖတ်ပရိသတ်တွေက ဒီစာစုထဲက အကြောင်းအရာမျိုးနဲ့ ကြုံခဲ့ဖူးရင် ကျွန်တော့်ဒုက္ခကို မျှဝေခံစားနိုင်ကြမှာဖြစ်ပြီး၊ မကြုံဖူးသေးရင်တော့ ကျွန်တော်ရေးပြတဲ့ ပုဂ္ဂိုလ်မျိုးတွေနဲ့ နောင်အခါမှာ ကြုံဖူးဆုံဖူးခဲ့ရင် ကြိုတင်ပြင်ဆင်နိုင်ဖို့ သင်ခန်းစာတစ်ခုလို့ပဲ သဘောထားစေချင်ပါတယ်။

တကယ်လို့များ ဒီလိုစာစုထဲက ပုဂ္ဂိုလ်တွေလို တကယ်ပဲ ဖြစ်နေတယ်ဆိုရင်တော့ ကျွန်တော်မြင်တဲ့ ရှုထောင့်တစ်ခုကနေ... ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်တယ်လို့ သဘောထားကြီးကြီးထားပေးကြပါလို့ တောင်းပန်ချင်ပါတယ်။

ကဲ... စကြရအောင်။ မကြာသေးခင်က DVD နိုင်ငံခြားရုပ်ရှင်ကားတစ်ကား ဝယ်ခဲ့ပါတယ်။

ကမ္ဘာကျော် ဟာသမင်းသားကြီး (သူရဲ့ ဇာတ်ကောင်နာမည်က Mr.Bean) ရဲ့ ရုပ်ရှင်ကားကြီးတစ်ကားဖြစ်တဲ့ (Holiday) 'ဟောလီးဒေး' ရုပ်ရှင်ကို ကြိုက်လွန်းလို့ DVD တစ်ချပ် (မြန်မာစာတန်းထိုး) ထွက်ချိန်မှာ ဝယ်ပြီး အခေါက်ခေါက် အထပ်ထပ် ကြည့်မိတယ်။ Mr. Bean က လူ့လောကကြီးမှာရှိတဲ့ လူတချို့ကို သရော်ပြီး သူကိုယ်တိုင်ဝင် သရုပ်ဆောင်ပြတဲ့ အခန်းကို ကြိုက်လွန်းလို့ ဖောက်သည်ချပြပါရစေ။

သူက အားလပ်ရက်ခရီးထွက်လာရင်း ဘူတာရုံမှာ သူလမ်းလျှောက်နေတဲ့ပုံ သူ့ ဗီဒီယိုကင်မရာနဲ့ ရိုက်ချင်လို့ ရထားစီးခရီးသည်တစ်ယောက် ရထားပေါ်မတက်ခင် သူ့ကို ရိုက်ပေးဖို့ ကင်မရာပေးပြီး အိုက်တင်ခံ ဗီဒီယိုရိုက်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့စိတ်ကြိုက်ပုံ မရဘဲ အနှောင့်အယှက်အဖြစ် ဖြတ်သွားဖြတ်လာ ခရီးသည်တွေ ရှုခင်းထဲကိုရောက်ရှိနေတာ တွေ့ရှိနေလို့ပါ။ ဒါကြောင့် ဗီဒီယိုရိုက်ပေးတဲ့သူကို အထပ်ထပ်ပြန် ရိုက်ခိုင်းရင်း သူ့ကိစ္စပြီးလို့ သူ ရထားပေါ်တက်တော့ ရထားက ထွက်၊ ဓာတ်ပုံရိုက်ပေးတဲ့ ခရီးသည်က ရထားမမီဘဲ ကျန်ခဲ့ရာက စတဲ့ဇာတ်လမ်းပါပဲ။ အပြင်လောကမှာ သူ့လို တခြားသူ ဒုက္ခရောက်အောင်၊ စိတ်အနှောင့်အယှက်ဖြစ်ရအောင် ဒုက္ခပေးတတ်တဲ့ ဓာတ်ပုံချစ်သူတွေ Mr. Bean တွေ ရှိတယ်ဆိုတာကို သရော်တဲ့ ပြကွက်ကလေးနဲ့ သရုပ်ဆောင်ပြခဲ့တာပါ။ ဒီတော့မှာပဲ နှစ်ပေါင်းများစွာ ကိုယ်ခံခဲ့ရတဲ့ ဖြစ်ရပ်တွေနဲ့ ပြန်စဉ်းစားကြည့်မိပြီး သရော်တဲ့ ပညာဆိုတာ ဒါပဲလို့ ကွင်းကွင်းကွက်ကွက် သိလာရပါတော့တယ်။

ကျွန်တော့်အဖြစ်က ဒီလိုပါ…။

နိုင်ငံခြားခရီးစဉ်တစ်ခု သွားခဲ့တဲ့ချိန်တုန်းက ဖြစ်ခဲ့တာပါ။ နှစ်တော့ နည်းနည်းကြာခဲ့ပါပြီ။ အဲဒီနိုင်ငံက အေးအေးချမ်းချမ်းနဲ့ တကယ့်ကို လှလှပပရှုခင်းတွေကို လိုက်ပြတဲ့ မြို့ခံတွေရဲ့ စေတနာကြောင့် ကျွန်တော့်လို ရှုခင်းလှလှပပကို ဓာတ်ပုံလည်း မှတ်တမ်းတင်ချင်၊ မျက်စိနဲ့လည်း အဝကြည့်တဲ့ သူအတွက် ကြည့်မဝ၊ ရှုမဝဖြစ်ပြီး သေသေချာချာ ကြည့်နေမိခဲ့ပါတယ်။ ကိုယ့်အာရုံ ခံစားမှုနဲ့၊ ကိုယ်ရှုခင်းလှလှနဲ့ အထိမ်းအမှတ် အဆောက်အဦးကို ငေးနေတုန်း အဆိုတော်မလေးတစ်ယောက်က ကျွန်တော့်ကို စကားတစ်ခွန်းလာ ပြောပါတယ်။ ကျွန်တော်လည်း သူ့စကားကို ဂရုစိုက်နားထောင်မိတော့မှာ စိတ်ထဲက ဒေါသ ထွက်သွားမိသလို၊ သူ့ရဲ့ ပြောရဲတဲ့ သတ္တိကိုလည်း ချီးကျူးလိုက်မိပါတယ်။ သူက "ကိုနိုင်ဇော် … သမီး ဓာတ်ပုံရိုက်တဲ့အထဲ ကိုနိုင်ဇော် ဝင်ပါနေလို့ ခဏထွက်ပေးပါ" … တဲ့။ တကယ်ဆို ကျွန်တော်က သူ ဓာတ်ပုံရိုက်နေတုန်း ဝင်ပါတာမဟုတ်ဘဲ သူ့ဘာသာသူ တခြားနေရာက အဲဒီနေရာမှာ အိုက်တင်လုပ်၊ ဓာတ်ပုံရိုက်ခံဖို့ မြို့ခံတစ်ယောက်ကို ကင်မရာပေးပြီး (ဂျာနယ်တွေမှာ ဖူဖို့) ကြိုတင်ကြံစည်ကာ မဆီမဆိုင် နဂိုက မတ်တတ်ရပ်နေတဲ့သူကို ဖယ်ပေးပါဆိုပြီး (သူ့ဓာတ်ပုံ မလှစီးလို့) အားမနာ လျှာမကျိုး ပြောလာ

ဘာပါ။ သူ့ကို ကျွန်တော့်စိတ်ထဲ ဓာတ်ပုံမှာတော့ လှပေမဲ့ စိတ်ဓာတ်ကတော့ ဓာတ်ပုံနဲ့ ပြောင်းပြန်အချိုးကျတဲ့သူလို့ပဲ တွေးပြီး သူ့ကင်မရာမြင်ကွင်းထဲက ကိုယ်မပါအောင် အမြန် သွက်ပေးခဲ့ရပါတော့တယ်။ ဒါကတော့ ဓာတ်ပုံလှပြီး စိတ်မလှသူ ဓာတ်ပုံချစ်သူတစ်ယောက်နဲ့ ကြုံဖူးတဲ့ ကိုယ်တွေ့ဖြစ်ရပ်ပါ။ (ဘယ်သူလဲလို့ မမေးကြနဲ့နော်… ဂျာနယ်လစ်တွေလည်း စာနယ်ဇင်းပွဲမှာ ကပ်မမေးကြနဲ့ … ဟဲဟဲ)

တစ်ခါကတော့ နိုင်ငံခြားလေဆိပ်တစ်ခုမှာ မြို့ခံတွေနဲ့ အနုပညာရှင်တွေ နှုတ်ဆက်ကြရင်း မြို့ခံတစ်ယောက်က အဝေးက ရပ်နေတဲ့ ကျွန်တော့်ကို "ကိုနိုင်ဇော်… အစ်ကိုနဲ့ အမှတ်တရ ဓာတ်ပုံရိုက်ချင်လို့" ဆိုပြီး ပြောလာခဲ့ပါတယ်။ လေယာဉ်တက်ခါနီး မြို့ခံလူငယ်ရဲ့စကားကို တန်ဖိုးထားတဲ့ ကျွန်တော် ခရီးဆောင်အိတ်တွေချပြီး သူ့ဆီ ထွက်ခဲ့ပါတယ်။ သူ့အနားရောက်ချိန်မှာ တခြား အနုပညာရှင် ညီငယ်တစ်ယောက်က ရုတ်ဘရက်ဝင်လို့ သူနဲ့ပခုံးဖက်ပြီး ဓာတ်ပုံရိုက်ဖို့ပြင်နေချိန်နဲ့ ကြုံသွားပါတယ်။ ကျွန်တော်လည်း ရုတ်တရက် နောက်ပြန်ဆုတ်ရမလား၊ သူတို့နဲ့ ဓာတ်ပုံဝင်ရိုက်ရမလား၊ ချက်ချင်းမစဉ်းစားနိုင်ခင် ကိုယ့်ညီလိုခင်ရတဲ့ အဆိုတော်လေးက "ကိုနိုင်ဇော် ကျွန်တော်တို့နှစ်ယောက်တည်း ရိုက်ချင်လို့ ပြန်ထွက်ပေးပါ" ဆိုပြီး ပြောင်ကျကျ ဖွင့်ပြောပါတော့တယ်။ ကျွန်တော့်စိတ်ထဲ ဓာတ်ပုံရိုက်ဖို့ ခေါ်တဲ့သူကခေါ်၊ မောင်းထုတ်တဲ့သူက မောင်းထုတ်၊ တကယ်ညီလက်ညီ အရှက်ခွဲဖို့ တိုင်ပင်ထားသလား ထင်ရအောင် ခံစားမိခဲ့ရပါတယ်။ တကယ်ကတော့ ကျွန်တော်တို့ တီးဝိုင်းအဖွဲ့တွေ အမှတ်တရဓာတ်ပုံရိုက်ချိန် သူပြေးဝင်လာရင် တီးဝိုင်းအဖွဲ့သားအားလုံး သူနဲ့ အရင်ရိုက်ပြီး သူကျေနပ်မှ တီးဝိုင်းအဖွဲ့သားတွေ ဓာတ်ပုံရိုက်ခဲ့ကြဘာပါ။ ဘယ်သူမှ မထိနိုက်အောင် ဘယ်သူ့ကိုမှ မောင်းမထုတ်ခဲ့ကြပါဘူး။ ဓာတ်ပုံလှလှတစ်ပုံရဖို့ လူတစ်ယောက်ကို အရှက်ခွဲတတ်တဲ့ သူ့လိုဓာတ်ပုံဝါသနာရှင် မဖြစ်အောင် ကိုယ့်ဘက်က ဖန်းတီးခဲ့သမျှ ကိုယ့်အလှည့်ကျမှ မောင်းထုတ်ခံရလေခြင်းဆိုပြီး ခံစားရပါတော့တယ်။

ကျွန်တော့်စိတ်အထင် နာမည်ကြီးအနုပညာသမားတချို့ ကိုယ့်အနုပညာကလွဲပြီး တခြားသော အနုပညာအလုပ်တစ်ခု ပြောင်းလုပ်ချင်ပြီ (စိတ်ထွက်ပေါက်ပေးသလို) ကိုယ့်အလုပ်ကို ငြီးငွေ့ပြီး တခြားအလုပ်ပြောင်းလုပ်ချင်ပြီဆိုခဲ့ရင် ပထမဆုံး လုပ်လေ့ရှိဘာ ဓာတ်ပုံကင်မရာကောင်းကောင်းဝယ်ပြီး ဓာတ်ပုံတွေရိုက်၊ ဒီဂျစ်တယ်ကင်မရာဖြစ်လေတော့ … ဖလင်ဖိုးလည်း မကုန်၊ သူ့အပေါင်းအသင်းတွေကို သူရိုက်ခဲ့တဲ့ပုံတွေပြ၊ သူ့ဆီက အကျိုးအမြတ်ယူတဲ့ မိတ်ဆွေတွေက သူ့ရိုက်ချက်က ဘယ်လိုမိတယ်၊ ဘယ်လိုနိုက်တယ် မြှောက်ပင့်ပေးကြရင်း သူ့စိတ်ထဲ သူ့ကိုယ်သူ ဓာတ်ပုံဆရာတစ်ယောက်၊ ဓာတ်ပုံပညာရှင်၊ ဝါသနာရှင်တစ်ယောက်လို ထင်သွားကြတယ်လို့ ထင်မိပါတယ်။ (အဲဒီ

အထဲမှာ မင်းသား (ကို)လွင်မိုး မပါပါဘူး။ သူက တကယ့်ဓာတ်ပုံဆရာပါ…) ဒါကြောင့် အဲဒီပုဂ္ဂိုလ်တွေအနေနဲ့ သူ့ကိုယ်သူ ဓာတ်ပုံပြန်အရိုက်ခံချင်တာကြောင့် သူ့ကင်မရာယူပြီး ရိုက်ပေးမိတဲ့သူတွေအနေနဲ့တော့ Mr. Bean ရုပ်ရှင်ကားထဲက ရထားမမီဘဲ ကျန်ခဲ့သူလို ဖြစ်သွားခဲ့ရတာတွေ ကျွန်တော်ကိုယ်တိုင် ကြုံခဲ့ဖူးပါသေးတယ်။

အဲဒါကတော့…။

အနုပညာရှင်တစ်ယောက်ကတော့ ကျွန်တော့်ကို ဒေသတစ်ခုမှာ သူ့ကင်မရာ (အပျော်တမ်းကင်မရာ) ပေးပြီး ဓာတ်ပုံတစ်ပုံရိုက်ပေးပါဆိုလို့ ကျွန်တော်ကလည်း ရိုက်ပေးလိုက်ပါတယ်။ ပန်းချီပညာမှာ အခြေခံကစလို့ နေရာအထားပို အရိုပ်ကျမယ့်နေရာ၊ အရောင်အတွဲအစပ်တွေ သင်ခဲ့ပြီး ပန်းချီဆုတောင် ရခဲ့ဖူးတဲ့ ကျွန်တော် (သူ့ကင်မရာကို ကြည့်ပြီး) သေသေချာချာရိုက်ပေးလိုက်ပါတယ်။ အဲဒီပုဂ္ဂိုလ်လေးက ကျွန်တော်ရိုက်ပေးချိန် အိုက်တင်အပြည့်လုပ်ပြီး ကင်မရာကိုပြန်ယူတော့ ကျေးဇူးတင်စကားပြောမယ် ထင်ထားမိတာ… "အစ်ကိုရိုက်တာ မကောင်းဘူး၊ နောက်တစ်ပုံထပ်ရိုက်ပေးဦး" လို့ အားမနာပါးမနာ ပြောပါတော့တယ်။ ကျွန်တော်လည်း အဲဒီ Mr. Bean လက်သစ်လေးရဲ့ ဓာတ်ပုံဒဿနကို တော်တော်လန့်သွားပြီး သေသေချာချာ ဂရုစိုက် ပြန်ရိုက်ပေးလိုက်တော့ သူ့ကင်မရာ Display ကို ပြန်ကြည့်ပြီး ခေါင်းခါလည်ခါနဲ့ သူမကြိုက်တဲ့ အမူအရာ သေသေချာချာပြပြီး ဘာမပြောညာမပြော ထွက်သွားပါတော့တယ်။ တကယ်တော့ ဓာတ်ပုံတစ်ပုံနဲ့ လူမှုရေးအရကူညီပေးတဲ့မိတ်ဆွေတစ်ယောက် ဘယ်ဟာက ပိုအရေးကြီးသလဲ ဆိုတာ သူတွေး တတ်သလိုတွေးပြီး ဓာတ်ပုံဘက်ကို ရွေးချယ်ခဲ့တဲ့ပုဂ္ဂိုလ်လေးကြောင့်လည်း Mr. Bean ရုပ်ရှင်ထဲက ဇာတ်ဝင်ခန်းကို ကျွန်တော် ဖွဲ့လမ်းခဲ့တာဖြစ်နိုင်ပါတယ်။

ဒီလိုအနုပညာရှင်တွေတင်မက ကိုယ့်အတီးသမားတချို့ပါ အခုနောက်ပိုင်း ဓာတ်ပုံဝါသနာရှင်တွေဘာဝ ရောက်မှန်းမသိ ရောက်ပြီး ဓာတ်ပုံရိုက်နိုင်း၊ ပြီးတော့ ဓာတ်ပုံကင်မရာ ပြန်ကြည့်ပြီး ကိုယ့်ကိုယ်ဘယ်လို ရိုက်ရမလဲ ပြန်သင်ပေးတဲ့ ဓာတ်ပုံဆရာလက်သစ်တွေ များမှန်းမသိ များလာလို့ နောက်ပိုင်း ခရီးသွားချိန်တွေမှာ အလကားနေရင်း အစော်ကား မခံနိုင်တော့ပါဘူး။ ဒါကြောင့် ကျွန်တော် ဓာတ်ပုံရိုက်ချိန်တိုင်း လူတွေနဲ့ ခပ်ဝေးဝေး နေနိုင်သမျှနေပြီး ကိုယ့်ဘာသာကိုယ် Timmer ချိန်၊ Triport အသေးတစ်ချောင်းဝယ်ပြီး ဓာတ်ပုံရိုက်ရပါတော့တယ်။ မြို့ခံလူငယ်တွေထဲက ကိုယ့်ကို ရိုက်ပေးမယ့်သူရှိခဲ့ရင်တော့ ခရီးသွားဆောင်းပါးထဲထည့်ဖို့ ဓာတ်ပုံ အရိုက်ခံရမိပါတယ်။ ခက်တာက ဂျာနယ်စာမျက်နှာပေါ်ကို တင်ရမယ့် ကျွန်တော် ဓာတ်ပုံရိုက်ပေးသူကို နားလည်မှုအပြည့်နဲ့ ကြိုက်သလို ရိုက်ပါတော့ …လူပါရင် ပြီးပြီလို့ … စရင်းနောက်ရင်း ဓာတ်ပုံအရိုက်ခံခဲ့မိတာပါ။

ဒါနဲ့တောင် တချို့သောပုဂ္ဂိုလ်တွေက ကျွန်တော့်ကို ဒီလိုအကူအညီပေးပါသေးတယ်။

တစ်နေ့ ကျွန်တော်ခရီးသွားရင်း အထိမ်းအမှတ်နေရာတစ်ခုရှေ့မှာ ရပ်နေတုန်း အဆိုတော်လေးတစ်ယောက်က… အစ်ကို ငြိမ်ငြိမ်လေးရပ်နေ၊ ကျွန်တော် ဓာတ်ပုံရိုက်ပေးမယ်ဆိုပြီး သူ့ကင်မရာနဲ့ ချိန်နေပါတယ်။ သူ့စေတနာကို အသိအမှတ်ပြုပြီး ကျွန်တော်က ရပ်နေချိန်မှာ… သူက ဘယ်လိုရပ်ပါ၊ ဘယ်လိုနေပါဆိုပြီး သင်ပေးပါတယ်။ အားလုံး အိုကေပြီဆိုတော့မှ သူက ဓာတ်ပုံရိုက်လိုက်ပါတယ်။ ကျေးဇူးတင်ကြောင်းပြောမလို့ ကျွန်တော်ဟန်ပြင်တုန်း သူက ပြေးလာပြီး… အစ်ကို့ကို ကျွန်တော်ရိုက်ပေးတဲ့ပုံအတိုင်း ကျွန်တော့်ကို ပြန်ရိုက်ပေးပါလို့ ပြောပြီး ကျွန်တော်ပုံကို ဖွင့်ပြပြီးတော့မှ နောက်ကာရွှေခင်းနဲ့ ကျွန်တော် ခြေထောက် ဘယ်လောက်ထားရမယ်၊ ဦးခေါင်းနောက်က ဘယ်အရာဝတ္ထု ပေါ်ရမယ်… စသဖြင့် ရှင်းပြပြီး ကိုယ့်ကိုကင်မရာပေး သူက မတ်တတ်ရပ် ဓာတ်ပုံရိုက်ခံဖို့ ပြင်ပါတော့တယ်။ ကျော့ချမှ ဓားပြဖြစ်မှန်းသိခဲ့ရသလို ကိုယ့်ကိုယ်ကိုယ် လူလည်လို့ ထင်ခဲ့တဲ့ ကျွန်တော်… ခုမှပဲ သူ့ဓာတ်ပုံလှဖို့ ကျွန်တော် အခြောက်တိုက်မော်ဒယ်ဘွိုင်း ဖြစ်ခဲ့ရတဲ့ ဘဝရောက်ရမှန်း အဲဒီတော့မှ သိခဲ့ရတာလည်း ရှိခဲ့ပါတယ်။

တစ်နေ့မှာတော့ ကိုယ်နဲ့ခင်မင်ပြီး အသက်မွေးဝမ်းကျောင်း ဓာတ်ပုံပညာရှင်လည်း ဖြစ်၊ တကယ်လည်း ဓာတ်ပုံနဲ့ပတ်သက်ပြီး နိုင်ငံရပ်ခြားမှာ သင်တန်းဆင်းလက်မှတ်ရ ထားသူတစ်ယောက်ကို ကျွန်တော် အဲဒီကိစ္စ စကားမိစပ်ရင်း ပြောဖြစ်တော့ အဲဒီပုဂ္ဂိုလ်က အူလှိုက်သည်းလှိုက် ရယ်ပါတော့တယ်။ ပြီးတော့ သူရိုက်ပေးခဲ့ရတဲ့ ကိုယ့်ကိုယ်ကိုယ် ဓာတ်ပုံပညာရှင်လို့ ထင်နေသူ တချို့အနုပညာရှင်တွေဟာ… ဇီဇာကြောင်ပြီး ကင်မရာ မှန်ဘီလူးတောင် မရွေး၊ မကိုင်၊ မထိဘဲ သူတို့လိုချင်တဲ့အတိုင်း ဓာတ်ပုံရိုက်ပေးရတဲ့ ကိစ္စတွေကို သူက ပြန်ရင်ဖွင့်ပါတော့တယ်။ တကယ်ဆို တစ်ယောက်နဲ့တစ်ယောက် အယူအဆ၊ အထားအသို၊ ဆုံးဖြတ်ချက် မတူကြတဲ့ ဓာတ်ပုံပညာရှင်အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် နားလည်မှုအပြည့်နဲ့ မော်ဒယ်လ်တစ်ယောက်တည်းကို လူ (၅၀) လောက် ကိုယ့်ရှုထောင့်အရ၊ ကိုယ့်အတွေးနဲ့ ကိုယ့်အယူအဆနဲ့ ရိုက်၊ ဝါရင့်သမ္ဘာရင့် ဓာတ်ပုံပညာရှင်တွေက အကဲဖြတ်ဆုပေးတဲ့ စနစ်တွေနဲ့ ဓာတ်ပုံပြိုင်ပွဲတွေ ကြုံဖူး၊ ကြားဖူး၊ ကြည့်ဖူးသမျှ အခုလို အဏ္ဏဝါကိုရှေ့တန်းတင်၊ ကိုယ်တစ်ယောက်တည်းကြိုက်ဖို့ ကိုယ့် ဘာသာဆုံးဖြတ်ပြီး ကိုယ့်ဘာသာကိုယ်တော့ မရိုက်၊ တခြားသူကို ကင်မရာပေး စေတနာ နဲ့ ရိုက်ပေးသူကိုတော့ အပြစ်တင်တဲ့အထိ ဓာတ်ပုံချစ်သူတွေ များပြားလာတဲ့ အနုပညာ လောကထဲ ဒီလိုစိတ်ဓာတ်တွေ ဟိုအရင်က မဖြစ်ခဲ့၊ မကြုံခဲ့၊ မကြားခဲ့ရသမျှ ဒီခေတ်မှာ ဘာကြောင့်ပေါ်လာရသလဲဆိုတာ ဆွေးနွေးကြည့်မိပါတယ်။ နောက်ဆုံးမှ နှစ်ယောက်သား အဖြေတစ်ခုရခဲ့ပါတော့တယ်။ တရားခံက facebook ပါ။ ကိုယ့်ဓာတ်ပုံကို ကိုယ်တစ်

ယောက်တည်းကြည့်ရတဲ့ ဓာတ်ပုံအယ်လ်ဘမ်ဓော်က အဲဒီဓာတ်ပုံတစ်ပုံအတွက် ဇီဇာကြောင်ခဲ့သူတွေဟာ facebook ဆိုတဲ့ အင်တာနက်ပေါ်က မိတ်ဆွေတွေ ကိုယ့်ဓာတ်ပုံကိုကြည့်ကြရင် လှချင်ပချင်တဲ့စိတ်ကို ရှေ့တန်းတင်ရာကနေ ဖြစ်တာလို့ပဲ သုံးသပ်မိခဲ့ပါတယ်။ ကိုယ့်ကို ဓာတ်ပုံရိုက်ပေးခဲ့တဲ့ အနီးကမိတ်ဆွေကိုတော့ ကျေးဇူးမတင်၊ အဝေးကမိတ်ဆွေတွေကိုတော့ လှလှပပမြင်စေချင်တာကြောင့် ဒီလိုဖြစ်ရတယ် ထင်မိပါတယ်။ (ဒီအချက်ကြောင့် မဟုတ်ခဲ့ရင်တော့ အတွက်ကြီးလို့ပဲ ထင်ပါတယ်) ဒါကြောင့် စာဖတ်သူတွေလည်း facebook ဆိုတဲ့ လူမှုကွန်ရက်ရဲ့ ဓာတ်ပုံဖမ်းစားမှုကို လက်ခံပါ။ ကူညီပြီး ဓာတ်ပုံရိုက်ပေးတဲ့သူတွေရဲ့ အစစ်အမှန်မျက်နှာတွေကိုလည်း မညစ်နွမ်းအောင်၊ အရောင်မစွန်းထင်းအောင် တုံ့ပြန်နိုင်ကြတဲ့ ဓာတ်ပုံချစ်သူတွေ ဖြစ်နိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ရပါတော့တယ်။ ကျွန်တော်ကတော့ ခဲမှန်ဖူးတဲ့ စာသူငယ်လို ဓာတ်ပုံကင်မရာမြင်တိုင်း ကြောက်နေမိပါတော့တယ်...။

ကမ္ဘာကျော် Aerosmith တီးဝိုင်းက အဆိုတော် (Steve Tyler) သူ့ ဂျပန်ဆိုင်မှာ လာစားလို့ အမှတ်တရဓာတ်ပုံတွဲရိုက်တာ... သူ့ပုံသာပါပြီး စတိဗ်တိုင်လာရဲ့ ခေါင်းမပါဘဲ၊ ကိုယ်လုံးပဲပါအောင် လက်စွမ်းပြခဲ့တဲ့ ဓာတ်ပုံချစ်သူ သူ့ဇနီးရဲ့အကြောင်းကို ရယ်စရာပြောပြခဲ့တဲ့ ဘော်စတွန်မြို့က ကိုဘော်ဘီအတွက် အမှတ်တရ...

နန့်ကပ်ခင်း သတင်းစာဂျာနယ်

၁၂.၁၀.၂၀၁၁

❑



## ကျွန်တော်နဲ့ လေးဘီးကား ပြဿနာ

လွန်ခဲ့တဲ့ ၃ နှစ်လောက်က ကျွန်တော့် သူငယ်ချင်းတစ်ယောက်က… ကားမောင်းရင်း မီးပွိုင့်မှာ မီးနီမိလို့ မစောင့်ချင်ဘူးဆိုရင် အမြန်ဆုံး မီးပွိုင့်ကားတန်းထဲ ဖြတ်ဝင်မောင်းပြီး လိုရာခရီးအမြန်နိုင်သွားတဲ့နည်းတစ်ခုကို ပြောပြခဲ့ဖူးပါတယ်။

သူပြောတာက "လေးဘီးကားတွေ ရှိမယ့်နေရာကိုသာ မျက်စိလျှင်လျှင်နဲ့လိုက်ရှာ၊ မီးပွိုင့်မှာ တန်းစီနေတဲ့ လေးဘီးကားတွေ တွေ့ပြီဆိုရင် ပျော်ပေတော့။ ကားတန်းရှည်ထဲ ဝင်မစီနဲ့၊ မီးပွိုင့်မှာ မီးနီချိန် မယောင်မလည်နဲ့ ဘေးက ချောင်းနေ၊ မီးစိမ်းပြီဆိုတာနဲ့ လေးဘီးကားရှေ့က အတင်း ဖြတ်ဝင်မောင်း၊ လေးဘီးကားတွေက အထနှေးတော့ ငါတို့ကားတွေ သူတို့ရှေ့က စိတ်ကြိုက်ဝင်မောင်း။ သူ့အရှိန်ယူနေတာနဲ့ မထွက်နိုင်သေးခင် ဖြတ်ဝင်လို့ရတယ်" ဆိုပြီး သူ့ရဲ့ မီးပွိုင့်အနိုင်ကျင့်တဲ့စနစ်ကို ရှင်းပြခဲ့ဖူးပါတယ်။ ကျွန်တော်ကတော့ ကိုယ့်ကို TV ထဲမှာ၊ VCD ထဲမှာမြင်ဖူးလို့ နာမည်တပ်ပြီး အော်ဆဲခံရမှာ ကြောက်တာကြောင့် ပုံမှန်တန်းစီပြီးသာ မီးပွိုင့်ကို ဖြတ်တတ်ပါတယ်။ အချိန်မရလို့ လုဝင်ရမယ်ဆိုလည်း (လက်ရှိကားက အင်ဂျင်ပါဝါ ပိုကြီးလို့) တော်ရုံကားလောက်တော့ အေးအေးဆေးဆေး ကျော်တက်နိုင်တာကြောင့် ကိုယ့်ကိုအန္တရာယ်မပေးမယ့် ကားဆိုတာ သေချာမှ အတင်းဖြတ်ဝင်တာကိုတော့ ဝန်ခံပါတယ်။

ကျွန်တော့်သူငယ်ချင်းရဲ့ အခေါ်အဝေါ်အရ (weak zone) လို့ နာမည်ပြောင်ပေးထားတဲ့ လေးဘီးကားခပ်စုတ်စုတ်တွေ အခုမကြာသေးခင်ကမှ ကံထပုံများ ကြောက်ခမန်းလိလိဖြစ်ခဲ့ရပါတော့တယ်။ ကားအဟောင်း နံပါတ်အနိမ့်တွေ မကြာခင် ဖျက်သိမ်းတော့မယ်လို့ ကောလာဟာလ မကြားရတွက်တိုင်း ရင်ခုန်ခဲ့ရတဲ့ ကားအဟောင်းပိုင်ရှင်တွေ မထင်မှတ်ဘဲ အလှည့်အပြောင်းမှာ ကားသွင်းခွင့် ပါမစ်ထုတ်ပေးပြီး ကားအသစ်နဲ့

လဲစီးခွင့်ရမယ်ဆိုတဲ့အမိန့် သတင်းစာမှာ ပါလာချိန်ကစပြီး လေးဘီး၊ ဖယ်မလီယာ၊ လိုင်းခုံးကား စသဖြင့် နံပါတ်အနိမ့် ကားပိုင်ရှင်တွေ မရွယ်ဘဲ ဇော်ကဲမင်းဖြစ် ဆိုတဲ့စကား အတိုင်း ချက်ချင်း ဈေးကွက်မှာ အပေါ်ရောက်သွားပါတော့တယ်။

အရင်က ၁၀၊ ၁၅ သိန်းတောင် ဈေးမရှိတဲ့ ကားအဟောင်းတွေ နေ့ချင်း၊ ည ချင်း သိန်း ၉၀ ကျော်သွားပြီး တကယ့် ကားအကောင်းစား သိန်းထောင်ချီတန်တဲ့ ကား နံပါတ် အသစ်ကြီးတွေက ချက်ချင်း သိန်းရာနဲ့ချီ ထိုးကျသွားတာကြောင့် 'အောက်ကားက အပေါ်ကားဖြစ်၊ အပေါ်ကားက အောက်ကားဖြစ်' သွားလို့ အရင်က လေးဘီးဆိုပြီး မီးပွိုင့်မှာ အတင်းဖြတ်ဝင်ခဲ့တဲ့ သူငယ်ချင်း၊ အခုတော့… လေးဘီးကားတွေက သူ့ကားကို ယုန်နဲ့လိပ် အပြေးပြိုင်ပွဲဝင်သလို ဘယ်လိုမှ နိုင်ခြေမရှိတဲ့ လိပ်က ယုန်ကို နိုင်လိုက်ပြီ လို့တောင် တင်စားလိုက်ချင်ပါတော့တယ်။ ကားပွဲစားတချို့၊ ခင်မင်တဲ့ ကားဝယ်ရောင်း တချို့နဲ့ လက်ဖက်ရည်ဆိုင်ထိုင်ချိန်၊ လေးဘီး၊ လိုင်းခုံးကားအဟောင်းတွေရဲ့ ကံကြမ္မာကို ပွဲစားတွေက မကျေနပ်အသံနဲ့ 'လေးဘီးကားတွေ သေခါနီးမှ အတောင်ထပေါက်တယ်' ဆိုလို့ ကျွန်တော့်မှာ သူတို့ပေးတဲ့ ဥပမာကို ရယ်လို့မဆုံး ဖြစ်ခဲ့ရပါတယ်။

သူတို့စကားတွေကလည်း တကယ့်အဆန်းတွေပါ။ ဓာတ်ဆီဆိုင်မှာ လေးဘီးနဲ့ ရုပါဆလွန်းကားပိုင်ရှင်နှစ်ဦး ဆီထုတ်ရင်း အလဲလှယ်ကိစ္စပြောမိတာ၊ ရုပါဆလွန်းပိုင်ရှင် က ကားချင်း (တည့်) လဲမယ်၊ အခုချက်ချင်း ကားသော့ပြောင်းကိုင်ပြီး ယူမလားဆိုတော့ လေးဘီးသမား (ပိုင်ရှင်) က စဉ်းစားပြီး မလဲရဲလို့ ငြင်းလိုက်ရတဲ့ သတင်းကို လွန်ခဲ့တဲ့နှစ် ပတ်ကျော်ကသာကြားမယ်ဆိုရင် အဲဒီလေးဘီးပိုင်ရှင်ကို ရူးနေပြီဆိုပြီး စိတ်ကျန်းမာရေး ဆေးရုံကို ပို့ကြမှာသေချာတယ်။ အခုအချိန် ရက်ပိုင်းအတွင်းမှာ လေးဘီးကားပိုင်ရှင်က မရူးဘူး၊ သူ့ဆုံးဖြတ်ချက်မှန်တယ်လို့ တော်တော်များများထောက်ခံကြမှာပါ။

လေးဘီးကားတွေကို အရင်ကမရခဲ့တဲ့ ဈေးနဲ့ ရောင်းကြ၊ ဝယ်ကြတဲ့ အခုအချိန် မှာ လေးဘီးပေါက်ဈေးနဲ့ ပတ်သက်ပြီး ကြားရတဲ့သတင်းတစ်ခုကလည်း ရယ်စရာဖြစ် နေပါတယ်။ လေးဘီးကား (၂ က) နံပါတ်ကို သိန်း ၃၀ ပဲပေါက်ပြီး၊ (၈ နံပါတ်)ကို သိန်း ၉၀ ပေါက်နေလို့ အရင်က နံပါတ်မြင့်လေ ဈေးမြင့်လေဖြစ်ရတဲ့စနစ်က အခု နံပါတ်နိမ့်လေ ဈေးမြင့်လေဖြစ်ခဲ့ရပါတော့တယ်။ (ပွဲစားတွေပြောကြတဲ့ဈေးနော်…)

တကယ်တော့… ဒီစနစ်ဟာ ကားဟောင်းတွေကို ဖျက် သိမ်းပယ်ဖျက်မယ့်အစား ကားအသစ်နဲ့ အစားထိုးပြီး ပါမစ်ပေးလို့ (ငွေသွင်းဖို့ ပိုက်ဆံ သာရှိခဲ့ရင်) ရန်ကုန်မြို့မှာ ကားတွေလည်း အသစ်စီးရ၊ နှိုက်ရှိနေတဲ့ ကားအရေအတွက်နဲ့ သွင်းခွင့်ပေးမယ့် ကားစီးရေ မတိမ်းမယိမ်းဖြစ်နေလို့ လမ်းပိတ်မယ့် ပြဿနာလည်း တတ်နိုင်သလောက် ထိန်းထားပြီး

သားဖြစ်၊ ဆင်းရဲတဲ့ကား၊ အနိမ့်ပိုင်ရှင်တွေလည်း ကားအသစ်တွေ မဝယ်နိုင်တောင် ပါမစ်ရောင်းစားပြီး အကျိုးရှိတာကြောင့် ကျွန်တော်ကတော့ ဒီစနစ်ကို ကျေနပ်ပါတယ်။ ကိုယ်စီးနေတဲ့ကားတွေ မထင်မှတ်ဘဲ ထက်ဝက်လောက် ဈေးထိုးကျပေမဲ့လည်း ကား အသစ်ဝယ်နိုင်တာကြောင့် မုဒိတာပွားပါတယ်။ (ဤမှန်သော သစ္စာစကားကြောင့် ချယ်ရီ ဝက်ဂွန်ကားအသေးတစ်စီးလောက် ကျွန်တော့်ကို သက်ဆိုင်သူတွေ ဒီစာဖတ်ပြီး လက် ဆောင်ပေးရင်လည်း မငြင်းဘဲ လက်ခံမှာပါ… ဟဲဟဲ)

တယ်လီဖုန်းတုန်းကလည်း ၁၅ သိန်းပေါက်ဈေးကို ၂၂ သိန်းပေးပြီး ဝယ်ခဲ့ရတာ ပါ။ အခုလို ၅ သိန်းဖုန်းတွေပေါ်လာလို့ ပြည်သူတွေ တယ်လီဖုန်းကိုယ်စီကိုင်ကြတာတွေ့ တိုင်း ကိုယ့်တုန်းက ပိုက်ဆံပိုပေးရတယ်ဆိုတဲ့ စိတ်မျိုး မဖြစ်ခဲ့ဘဲ နိုင်ငံခြားမှာလို ငွေ သောင်းဂဏန်းနဲ့ ဖုန်းရခဲ့ရင်တောင် ကိုယ့်နိုင်ငံကပြည်သူတွေ နိုင်ငံတကာအဆင့်မီပြီ ဆိုပြီး ဝမ်းသာမှာပါ။ (ဒီတစ်ခါတော့ သစ္စာမဆိုချင်တော့ပါဘူး၊ ဖုန်းလက်ဆောင်ထပ်ရရင် တောင် ပြောခက လက်ဆောင်မှမရတာ… ဟဲဟဲ)

ဒီလို ကားအပေါင်းတွေကို ကားအသစ် သွင်းခွင့်ပြုမယ့် သတင်းမထွက်ခင်မှာ လေးဘီးကား နံပါတ်အနိမ့် ခပ်စုတ်စုတ်ကို ပိုင်တဲ့ အဒေါ်ကြီးက သူ့ကား ၉ သိန်းနဲ့ ရောင်းမယ်ကြော်ငြာထားတာ ဘယ်သူမှ မဝယ်ကြလို့ သတင်းစာမှာ ကြေညာချက်ပါတဲ့ မနက်အစောကြီး ကားဝယ်မယ့်ဆရာက သတင်းသိပြီးသားမို့ အိမ်တံခါးလာခေါက်ပြီး ဝယ်ပါတယ်တဲ့။ အဒေါ်ကြီးက ရောင်းမယ်ပြောတုန်းက မဝယ်ဘဲ အခုလိုအစောကြီး တံခါးလာခေါက်ဝယ် လို့ စိတ်ဆိုးမာန်ဆိုးနဲ့ ၁၂ သိန်းရမှ ရောင်းမယ်ဆိုပြီး (သတင်း မသိသေးခင်) ဈေးကိုင်လိုက်ပါတယ်။ ပွဲစားက ကားစာအုပ်ကိုယူကြည့်၊ နာမည်မှန်တာနဲ့ လက်က မချတော့ဘဲ ချက်ချင်းငွေချေလိုက်လို့ ဝမ်းသာမယ်မှ မကြာသေး၊ သတင်းစာမှာ ကြေညာချက်ပါလာမှ သူ့ကား ၅၀ သိန်းပေါက်ဈေးရှိသွားပြီဆိုတာသိပြီး ဝမ်းနည်းပက် လက်ဖြစ်ပါသတဲ့။ တချို့ကျတော့လည်း အဲဒီသတင်းမထွက်ခင် မနက်မှာ အချောင်ရတယ် ဆိုပြီး သိန်း ၁၅၀နဲ့ ဝယ်တဲ့ကား နေ့လယ် သိန်း ၇၀ လောက်ပဲဖြစ်သွားတော့ ချက်ချင်း သိန်း ၈၀ ရှုံးသွားကြသလို သိန်းထောင်ချီတန်တဲ့ ကားတွေကလည်း ထက်ဝက်လောက် ဈေးကျသွားလို့ ပိုက်ဆံရှိသူတွေ၊ ကားအကောင်းစားကြီးတွေ လက်ထဲမှာ ပိုက်မိနေသူတွေ ကလည်း သူ့တိုရဲ့ အရှုံးကို ပြန်ကာမိအောင် ပွဲစားတန်းကိုလာပြီး သူတို့ပိုင်တဲ့ SURF တွေ၊ ပရာဒိုတွေ၊ ပါဂျဲရိုးတွေပေါ်မှာထိုင်၊ စ၊ ဆ၊ က နံပါတ် လေးဘီး၊ လိပ်ခုံးကားတွေ၊ ဖယ်မလီယာတွေ ဝယ်ချင်တယ်လို့ လက်ကိုဖုန်းတွေနဲ့အော်ပြီး ကိုယ်စီးတဲ့ မိမိခံကားကြီး တွေပေါ်က ကားအဝယ်ရှာကြတဲ့ ပုံစံတွေကလည်း ရယ်စရာဖြစ်နေမှန်း မသိကြတဲ့

ရယ်စရာတွေပါ။ သူငယ်ချင်းအဆိုတော်တစ်ယောက်က မြေစိုက်ကားအဟောင်းတွေ ရသလောက် ဝယ်ချင်တယ်၊ (လမ်းပေါ်မှာ မသွားလည်းရကယ်၊ လိုင်စင်သာရှိပါစေ) ဆိုပြီး ဝယ်ဖို့စုံစမ်းပါတယ်။ စချင်တဲ့တစ်ယောက်က ရပ်ကွက်ထဲမှာရှိတယ်ဆိုတော့ ဝမ်းသာအားရ မေးပါတယ်။ ဘယ်လောက်ပေးရမလဲတဲ့။ ဒီတော့မှ စချင်တဲ့သူက အကွက်တွေ့သွားပြီး အဲဒီကားက မြေစိုက်သမှ အမိုးနဲ့မြေကြီးထိနေပြီ၊ ကားက မြေကြီးထဲ ကျွံနေလို့ဆိုမှ စမှန်းသိပါတော့တယ်။

ဒီလို လေးဘီးကားဈေးကွက်၊ ဘောက် (စ်) ဝက်ဝွန်းကားနံပါတ်အနှိပ်တွေ ဖျက်သိမ်းမှာဖို့ ကားပါမစ်ရမယ့် သတင်း၊ ကားအသစ်ဝယ်ခွင့်ရတဲ့ သတင်းတွေကြားမှာ လေးဘီးကားမောင်းတဲ့ ကားဆရာတွေ ဒုက္ခကလည်း ကားပိုင်ရှင်တွေက ကားပါမစ်ရောင်းပြီး အမြတ်အစွန်းရတဲ့ ပိုက်ဆံယူကြလို့ သူတို့ခမျာ ကားမရှိတော့တာကြောင့် အလုပ်လက်မဲ့ဖြစ်ကြသူတွေလည်း ရှိကြတယ်ဆိုတဲ့ သတင်းဂျာနယ်တစ်စောင်မှာ ဖတ်ရပြန်ပါတယ်။ ဒီလိုဆိုတော့လည်း လေးဘီးကားတွေနဲ့ ဈေးရှေ့မှာ ကုန်ပစ္စည်းတင်ဖို့စောင့်နေရှာတဲ့ လေးဘီး ကားဆရာကြီးတွေအတွက် သနားမိပါတယ်။ ဒါပေမဲ့ ကားပိုင်ရှင်အုံနာတွေလည်း သူတို့ရတဲ့ ပိုက်ဆံထဲက လေးဘီးကားဆရာကြီးတွေကို မနစ်နာအောင် တတ်နိုင်သမျှ ကူညီပေးကြမှာပဲလို့ မြေသိမ့်တွေးလိုက်မိပါတယ်။ (တကယ်လည်း ဆင်းရဲသူကို ကူညီပေးကြဖို့ ကားအုံနာတွေကို တိုက်တွန်းပါတယ်)

ဒီလိုဖျက်သိမ်းပြီး ကားပါမစ်အသစ်ရဖို့အတွက် ကားအိုကားဟောင်းတွေကို လိုက်ဝယ်ပေးတဲ့ပွဲစားတွေရဲ့ အမူအကျင့်တစ်ခုကလည်း ရယ်စရာဖြစ်နေတာကို ကြားသိခဲ့ရပြန်ပါတယ်။ လေးဘီးကားအဟောင်း နံပါတ်အနှိပ်ကို ကားပါမစ်အသစ် လိုချင်လို့ ဝယ်ဖို့ လာကြည့်တဲ့ ကားပွဲစားတွေက ရောင်းမယ့်ဈေး မေးပြီးတာနဲ့ လေးဘီးကားရဲ့ ဘော်ဒီသံပြားကို လက်နဲ့ခေါက်ကြည့်ပြီး ပတ်တီးရိုက်ထားမထား စမ်းကြည့်ပါတယ်။ တကယ့်တော့ လေးဘီးကား ဝယ်ပြီးတာနဲ့ ဖျက်သိမ်းမယ့်အထဲ ထုချေပြီး သံရည်ကျိုစက်ထဲ (နိုင်ငံခြားမှာလို) ပို့မှာ သိလျက်နဲ့ ကားပွဲစားစိတ်က ယောင်ယမ်းပြီး သံပြား ကောင်း မကောင်း ခေါက်ကြည့်တာကြောင့် ကားပိုင်ရှင်က ဆဲဆိုမေတ္တာပို့မှ သူ့အမှား သူသိပြီး ပွဲစားလည်း ဒီလိုဆက်မလုပ်တော့တာမျိုးပါ။

လေးဘီးထက်ဆိုးတာက အခုတလော 'အန်စာတုံး' လို့ ခေါ်နေကြတဲ့ ကားအကောင်းစားကြီးတွေပါ။ အဲဒီကားလှလှ နိုင်နိုင်သန့်သန့်ကြီးတွေ၊ တောင့်တောင့်တင်းတင်းနဲ့ မီးရထားစက်ခေါင်းကြီးလို ခန့်ခန့်ညားညား၊ လိုချင်သူပေါတဲ့ ဒီလို ကားကြီးတွေကို အချိန်ကာလတစ်ခုအတွင်း ဝယ်စီးကြ၊ ပြန်ရောင်းဖို့ဝယ်ထားကြတဲ့သူတွေရဲ့ ဒုက္ခက



လည်း မသေးလှပါဘူး။ ဒီလိုကားကြီးတွေကို အခုတော့ ဒဏ်ကြေး (ဒေါ်လာ ၂ သောင်း ကျော် ဆောင်ရမယ်) လို့ စည်းကမ်းထုတ်လိုက်တာကြောင့် ကားဈေးကလည်း ကျ၊ ဒေါ်လာလည်း ထပ်ပြီးပေးရနဲ့ အနိစ္စတုံးကားပိုင်ရှင်တွေဘဝက အနိစ္စတုံးအလိုမှန်ခံရသလို ဖြစ်ကုန်တော့တာပါပဲ။ အနိစ္စတုံးတို့ရဲ့ သဘာဝအတိုင်း ဂဏန်းကြီးနံပါတ် ၆ ကနေ နောက်တစ်ခါလှိမ့်တော့ နံပါတ်တစ် ဖြစ်ကြရပါတော့တယ်။ ကျွန်တော်ကတော့ ကိုယ်မစီး နိုင်သေးတဲ့ ကားကြီး စီးရရင် ကောင်းမှာပဲဆိုပြီး သွားရည်ကျသမျှ အခုတော့ ဒေါ်လာ သောင်းဂဏန်းထပ် မပေးနိုင်တဲ့ဘဝမို့ အဲဒီကားကြီးက ကိုယ့်ကိုမရွေးခဲ့တာကိုပဲ ကျေးဇူး တင်ရမလိုဖြစ်ရပါတော့တယ်။

ဒီမှာပဲ သူငယ်ချင်းတစ်ယောက်က ဒီလိုလောကဓံအကြောင်း ဖွင့်ဆိုချက်အသစ်တစ် ခုပြောပါတယ်။ 'အနိစ္စတုံးကားကြီးရဲ့ အဆင့်က အရင်တုန်းကဆို လေးဘီးနဲ့ဘာဆိုင် လို့လဲ။ အခုတော့ အနိစ္စတုံးက အောက်ရောက်၊ လေးဘီးက အပေါ်ပြန်တက်၊ ဒါပေမဲ့ လေးဘီးကလည်း သူ့ကိုယ်သူတန်ဖိုးမြင့်သွားတယ်ဆိုပြီး ပျော်မနေနဲ့၊ သူလည်း ဖျက်ဆီး ရမယ့်အချိန်ကျရင် သံရည်ကြိုစက်ထဲပို့ပြီး ထုချေကာ (အနိစ္စတုံး)လို လေးထောင့်သံပုံး ဖြစ်ရဦးမှာ' ဆိုတဲ့စကားအကြောင့် ကျွန်တော်တို့ အနုပညာလောကထဲက အောင်မြင်မှု ရတာကို ယစ်မူးပြီး မိုးမမြင် လေမမြင်ဖြစ်၊ ပိုက်ဆံချမ်းသာသူတွေရဲ့ မြှောက်စားမှုကို ခံရပြီး အရင်ဘဝမေ့ချင်တဲ့ အနိစ္စတုံးလို၊ လေးဘီးလို တချို့သော အနုပညာရှင်တွေကိုများ ရည်ညွှန်းလေသလားဆိုပြီး ကိုယ့်ကားအဟောင်းလေး စိတ်ချမ်းသာလက်ချမ်းသာမောင်း ရင်း စဉ်းစားခန်းဝင်နေမိပါတော့တယ်။

(မင်းသားလည်းဖြစ်ချင်၊ အဆိုတော်လည်းဖြစ်ချင်၊ ကောင်မလေးတွေလည်း ပိုင်း ချင်၊ အသစ်အဆန်း ဆေးဝါးတွေနဲ့လည်း ခေတ်မီချင်၊ သီချင်းတိုက်ဖို့တော့ အချိန်မရှိတဲ့ အနုပညာလောကထဲက စုန်းပြူးများအတွက် အမှတ်တရ…)

နံနက်ခင်း သတင်းစာဂျာနယ်

၅.၁၀.၂၀၁၁

❑



## ကျွန်တော်နဲ့ လတ်တလော ဆင်ဆာမူဝါဒ ပြဿနာ

ကျွန်တော့်ဆောင်းပါးတွေ ဂျာနယ်စာမျက်နှာပေါ်မှာ အဆက်အသွယ်ပြတ်ခဲ့ရတဲ့ အချိန်အတွင်း၊ ကျွန်တော် စာမရေးနိုင်ခဲ့တဲ့ ခရီးတွေသွားဖြစ်ပေမဲ့ အင်တာနက်ကရော၊ ရန်ကုန်ပြန်ရောက်ချိန်မှာပါ ဂျာနယ်သတင်းစာတွေ ပြန်ဖတ်ရတော့၊ အခုတလော ပွဲဆူနေတဲ့ သတင်းတစ်ပုဒ်ကို သတိထားမိခဲ့ပါတယ်။

အဲဒါကတော့ မြန်မာဗီဒီယိုကား တချို့ရဲ့ ဆင်ဆာမူဝါဒ လျှော့ပေါ့မှုအပေါ်မှာ ဇာတ်လမ်းကောင်းအောင် ဖန်တီးမှုထက်ပိုပြီး မြန်မာ့ယဉ်ကျေးမှုနဲ့ မညီ၊ မောင်နဲ့နှမ၊ သားနဲ့အမိ မကြည့်သင့်တဲ့အခန်းတွေပါလာလို့ နယ်ပယ်ပေါင်းစုံက ဝိုင်းဝန်းပြီး ဝေဖန်ထောက်ပြကြတဲ့ သတင်းတွေဖြစ်နေတာ သတိထားမိပါတယ်။

ဆင်ဆာမူဝါဒ တင်းကျပ်လို့ ဖြေလျှော့ပေးပါဆိုပြီး ဝိုင်းတောင်းဆိုကြတဲ့ အနုပညာသမားတွေ၊ တကယ် ဖြေလျှော့ပေးတော့လည်း ဇာတ်လမ်း ဇာတ်ကွက်ထက် အညီအဟောက်တွေ ရိုက်ပြကြမှာ ကြိုတင်ပြီးစိုးရိမ်မိတဲ့လို့ (ကိုယ့်လူမျိုးအကြောင်း ကိုယ်သိလွန်းလို့) သတိပေးဆောင်းပါးတွေတောင် ရေးခဲ့ဖူးပါတယ်။

ဥပမာ စာပေကင်းလွတ်ခွင့် ပေးလိုက်လို့ ပလေးဘွိုင်းမဂ္ဂဇင်းဆန်ဆန် မကြာခင်က ထုတ်ဝေခဲ့တဲ့ကိစ္စကို ကျွန်တော်ထောက်ပြခဲ့ဖူးပါတယ်။ အဲဒီထောက်ပြတဲ့ ဆောင်းပါးပါပြီး မကြာခင် (တိုက်ဆိုင်တာပဲဖြစ်မှာပါ) အဲဒီမဂ္ဂဇင်းလည်း ထုတ်ဝေခွင့် ပိတ်ခံလိုက်ရတယ်လို့လည်း သိရပါတယ်။

အခုလည်း မြန်မာဗီဒီယိုဇာတ်ကား တချို့မှာ ညစ်ညမ်းတဲ့ဇာတ်ဝင်ခန်းတွေကို ထည့်သွင်းလာတယ်လို့ သိရတာကြောင့် ကိုယ့်အိမ်မှာ ကလေးတွေရယ်ရရင်ပြီးရော၊ ကြည့်ရတဲ့ ဇာတ်ကားတွေထဲ အဲဒီကားတွေ ပါလာမှာတောင် ကြောက်လာမိပါတယ်။

အဲဒီပြဿနာမှာ ပါဝင်နေတဲ့ မင်းသမီးလေးတစ်ယောက်ရဲ့ ဖုဇ်ဘွတ်ခ်ကတစ်ဆင့် 'မြန်မာ ကားတွေမှာ အဲဒီအခန်းတွေပါလို့ မကြည့်ရဲရင် နိုင်ငံခြားကားလည်း မကြည့်ကြနဲ့' ဆိုပြီး ပြန်ရှင်းပြထားတာဖတ်လိုက်ရလို့ ကျွန်တော်ကြုံဖူးတဲ့ ဟာသလေးတစ်ခုနဲ့ သွားသတိ ရမိပါသေးတယ်။

တစ်ခါက နိုင်ငံခြားမှာ session သွားတီးခဲ့ရတုန်းကပါ။ သီချင်းတိုက်ကြတော့ ဘေ့စ်သမားက ကျွန်တော်တို့လို ပရော်ဖက်ရှင်နယ် ဂီတသမားမဟုတ်ဘဲ သာမန်တီးတတ် သူတစ်ယောက်ဖြစ်နေပါတယ်။ ဒါကြောင့် ကီးဘုတ်သမားနဲ့ ကျွန်တော်ကသူ့ကိုညှာပြီး တီးရခက်တဲ့ သီချင်းတွေမှာ ကီးကိုရှပ်၊ ဖလက်ကီးတွေနဲ့မတီးတော့ဘဲ သာမန်ကီးတွေနဲ့ သာ တီးပေးကြပါတယ်။ (ဥပမာ F Sharp ဆိုရင်၊ F နဲ့တီး၊ D Flat ဆိုရင် D နဲ့တီး) စသဖြင့် သူလက်ကွက် ကိုင်တွယ်ရလွယ်ကူအောင် ညှာပြီးတီးပေးကြပါတယ်။

ခက်တာက အဆိုတော်ပြဿနာပါ။ သူကလည်း သူဆိုနေတဲ့ကီးထက် နည်းနည်း နိမ့်ရင်၊ မြင့်ရင် ဆိုရခက်တော့ အဆိုတော်ရှေ့မှာ ကီးအမှန်အတိုင်းတီးသလိုနဲ့ မျက်နှာ ရိပ်မျက်နှာကဲပြပြီး ဘေ့စ်သမားရဲ့အခက်အခဲကို ကူညီပေးကြရပါတော့တယ်။

အဆိုတော်က သူဆိုရတာ သိပ်ပြီးအဆင်မပြေလို့ ကျွန်တော်နဲ့ ကီးဘုတ်သမားကို မသင်္ကာဖြစ်နေပါတယ်။ ကျွန်တော်တို့လည်း ခပ်တည်တည်နဲ့ ကီးအမှန်မတီးဘဲ ဘေ့စ် သမား တီးနိုင်ဖို့ ကူညီပေးရပါတယ်။

Key Change တာကို မပိုင်တဲ့ဘေ့စ်သမားကလည်း သူ့ကိုသနားလို့ ဘေးကနေ ခက်တဲ့ကီးတွေကို ရှပ်၊ ဖလက် ဆိုတဲ့ အနိမ့်အမြင့် ကီးတွေအစား၊ ပုံမှန် C.D.E.F စသဖြင့် အဆိုတော် မသိအောင် တီးပေးနေတဲ့ ကျွန်တော်တို့ နှစ်ယောက်ကိုကြည့်ပြီး သူပါ မယုံသင်္ကာဖြစ်လာပါတော့တယ်။ နုတ်စာရွက်ထဲမှာ $E^b$(အီးဖလက်)ဆိုတဲ့ သီချင်း ကို ကျွန်တော်နဲ့ ကီးဘုတ်ဆရာက လွယ်ကူအောင် E နဲ့တီးတော့ သူ့ဘေ့စ်ဂစ်တာကို ပြန်ငုံ့ကြည့်လိုက်၊ သူ့နုတ်စာရွက်မှာရေးထားတဲ့ E ဖလက် ဆိုတဲ့ ကီးကိုကြည့်လိုက်၊ တကယ့်တီးကြည့်တော့ $E^b$ မဟုတ်ဘဲ E ဖြစ်နေလို့ အူကြောင်ကြောင်ဖြစ်လိုက်နဲ့… သူကပါ ကျွန်တော်တို့ကို မယုံသင်္ကာဖြစ်ပြီး အဆိုတော်ရှေ့မှာ 'ကျွန်တော်ဂစ်တာ Tunning (အသံအလျှော့အတင်း စနစ်) ကြောင်နေတယ်၊ အသံမှားနေတယ်ဆိုပြီး လုပ်ပါလေရော။

ကျွန်တော်တို့လည်း နဂိုကမှ အဆိုတော် မသိအောင် သူ့ကိုကူညီပြီး လိမ်တီးပေးနေ တာ၊ သူက လိုက်မတီးအရိပ်အကဲမကြည့်ဘဲ Tunning မှားနေပါတယ်ဆိုပြီး လုပ်တော့ အဆိုတော်မသိအောင် မျက်စိမှိတ်ပြလည်းမရ၊ ပြူးပြလည်းမရနဲ့ ဒုက္ခတွေ့ပါတော့တယ်။ အဲဒီမှာ (ဂစ်တာမတီးတတ်တဲ့) အဆိုတော်ကပါ 'ကျွန်တော်ဆိုလို့ သိပ်မကောင်းဘူးဖြစ်

နေတယ်" ပြောလာပါတော့တယ်။ တစ်ခါ လိမ်မိပါတယ်၊ တစ်ခါပေါ်တာပဲ… ဖြစ်တော့မှာမို့ ဘော့စ်သမား အူကြောင်ကြားကို အဆိုတော် မမြင်အောင် 'တီးစရာရှိ တီး။ ငါတို့မင်းကို တီးလို့ အဆင်ပြေအောင် လိမ်ပေးနေတာ'လို့ အထာနဲ့ သူ့ခါးကို ဂစ်တာဖလက်တံနဲ့ ကျိတ်ပြီး ထိုးလိုက်ပါတယ်။ ဆရာသမားက 'ယားတယ်' ဆိုပြီး ထအော်လို့ ကျွန်တော်တို့ နှစ်ယောက်လည်း ကျိတ်ရယ်၊ အဆိုတော်ကလည်း ကျွန်တော်တို့ကို မသင်္ကာဖြစ်၊ ဘော့စ်သမားကလည်း သဘောကိုမပေါက် ဖြစ်ရပါတယ်။

အခုအဖြစ်ကလည်း မြန်မာ့ရုပ်ရှင်ဗီဒီယိုကားတွေမှာ ညစ်ညမ်းတဲ့အခန်းတွေရိုက်ချင်တဲ့ ကိုရွှေဒါရိုက်တာ၊ အဲဒီအခန်းပါရင် ဘုမသိ၊ ဘမသိ ဝါသနာရှင် သရုပ်ဆောင်မိန်းကလေးတွေ အရှက်တကွဲ အကျိုးနည်းနဲ့ဖြစ်ရမှာ၊ နဂိုကမှာ အဲဒီအခန်း မပါတာတောင် 'သရုပ်ဆောင်သင်တန်းပေးမယ်၊ အိမ်မှာလာ ညအိပ်' ဆိုတဲ့ ကိုရွှေဒါရိုက်တာလက်သစ် (လက်ဟောင်းသမား) ကြီးတွေရဲ့လက်ထဲ ကောင်မလေးတွေ အမြန်ဆုံးရောက်စေမယ့် ခြင်ထောင်ခန်းတွေ ရိုက်ခွင့်မပေးဖို့ ဂျာနယ်လစ်တွေ၊ မီဒီယာတွေ၊ ပြည်သူလူထုတွေရဲ့ စေတနာနဲ့ သတိပေးတာ၊ သူ့ခါးကို ဂစ်တာဖလက်တံနဲ့တို့ပြီး အထာနဲ့ 'နင်မသိရင် အသာနေ' ဆိုပြီး သတိပေးကာမှ 'ယားတယ်'လို့ ဘော့စ်သမား ထအော်သလို မင်းသမီးပေါက်စရဲ့ ဖေ့စ်ဘွတ်ခ်မှတ်ချက်က ဖြစ်နေပါတော့တယ်။

မိန်းကလေးတွေ အဖော်အချွတ်ခန်းတွေ ရိုက်သင့်၊ မရိုက်သင့်… ကိုယ်တိုင်က မျိုးရိုးကောင်း၊ မိဘအုပ်ထိန်းမှုကောင်းသူ၊ အရှက်အကြောက်တရားရှိသူဆိုခဲ့ရင် မရိုက်မှာသေချာပေမဲ့ ဘေးကမြှောက်ပင့်ပြီး လှော်ကြတဲ့ ဆရာသမားတချို့နဲ့လည်း သူတို့ခွင်ဝင်ဖျက်သူ မဖြစ်စေချင်လို့ အထာနဲ့သတိပေးသူတွေ၊ မော်ဒယ်မလေးရဲ့ ဖေ့စ်ဘွတ်ခ်မှာ ရေးသလို မြန်မာကားမှာ အဲဒီအခန်းတွေမကြည့်ချင်ရင် နိုင်ငံခြားကားတွေလည်း မကြည့်ကြနဲ့ဆိုတဲ့ မှတ်ချက်ဟာတော့ တကယ့်ကို မှတ်သားလောက်ပါပေတယ်။

သူတို့အသက်အရွယ်၊ သူတို့ရဲ့အတွေ့အကြုံနဲ့ဆိုရင် လူ့လောကကြီးဟာ အရမ်းကို ရှုပ်ထွေးနေလို့ စေတနာနဲ့ သတိပေးမိပေမဲ့ တစ်ခါတစ်ခါ မတော်တရော် ဗီဒီယိုဖိုင်တွေ အင်တာနက်မှာ တွေ့လာရတော့…'သူတို့တွေကို လျှော့တွက်မိတာ ငါမှားတယ်၊ တကယ်တော့ သူတို့လေးတွေ အတောင်စုံရုံမက၊ အတောင်မပါဘဲ လေထီးနဲ့တောင် ခုန်ချတတ်နေပါရောလား' ဆိုပြီး အံ့ဩမိရပါတယ်။

တစ်ခါ မြန်မာဗီဒီယိုကားတွေ ၁၈ နှစ်အောက် မကြည့်ရဆိုတဲ့ ဓနစ်လုပ်ရင်ကောင်းမယ်ဆိုပြီး အသက်ခွဲခြားပါ၊ အဲဒီအခန်းတော့ မဖြတ်နဲ့ဆိုတဲ့ ပုဂ္ဂိုလ်တချို့ရဲ့ အဆိုတင်သွင်းမှုမျိုးလည်း စိတ်မကောင်းခြင်းကြီးစွာဖြတ်ရပြန်ပါတယ်။ အဲဒီလို 'အနုပညာ လွတ်လပ်ခွင့်

အတွက် ရဲရဲဝံ့ဝံ့တောင်းဆိုကြတဲ့ ဒါရိုက်တာတွေ၊ သူတို့ရဲ့ အခဆိုကို သူတို့လေးစားရတဲ့ နိုင်ငံရေးခေါင်းဆောင် (ဒေါ်အောင်ဆန်းစုကြည်)နဲ့ အရင်တိုင်ပင်သင့်တယ်။ ဒါမှ ကျွန်တော်တို့ စကားနားမထောင်သူတွေ အမေစုတားမှ ရတော့မှာဆိုပြီး အမေစုနဲ့ခြောက်မှ ကြောက်လေမလား၊ ဆင်ဆာလျှော့ပေါ့မှုကို ခုတ်ရာတခြား၊ ရှရာတလွဲ လုပ်ပြချင်သူတွေအတွက် 'အမေစု ကယ်ပါဦး' လို့သာ ဆုတောင်းမိပါတော့တယ်။

လွတ်လပ်စွာ အကုန်လုပ်ကြမယ်ဆိုရင် ကျွန်တော်တို့ အနုပညာလောကကြီးနဲ့ အနုပညာသမားဆိုတာ မျက်နှာဘယ်မှာထားရမလဲ မသိဖြစ်ကြရတဲ့ နေ့တစ်နေ့ဟာ မဖိတ်ခေါ်ဘဲ အသေအချာ ရောက်လာပါလိမ့်မယ်။ ကံကောင်းတာတစ်ခုက ညစ်ညစ်ပတ်ပတ်ဆဲဆိုပြီး တရားဝင်သီချင်းခွေတွေ မထွက်သေးလို့ ညစ်ညစ်ပတ်ပတ်အသံတွေ သီချင်းထဲထည့်တဲ့ ဆရာတွေ အခုထိ တရားဝင်အခွေဖြန့်ချိတဲ့ဆိုင်တွေမှာ မတွေ့ရ၊ မကြားရသေးတာကိုပဲ ဂီတလောကအတွက် သာဓု နှစ်ခါခေါ်ရမလိုဖြစ်နေပါတယ်။

တချို့ကလည်း နှုတ်ခမ်းချင်း နမ်းကြတဲ့ အခန်း မရိုက်ရလို့ 'မြန်မာတွေ အပြင်မှာရော၊ အဲဒီလိုမလုပ်ကြဘူးလား' ဆိုပြီး ဗလာချီ ကိုယ့်လူမျိုးကိုယ် ပုတ်ခတ်တာလည်း ဖတ်ရပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး တခြားသူတွေ ဘယ်လိုတုံ့ပြန်ကြသလဲဆိုတာကို ကျွန်တော် မသိပေမဲ့ ကျွန်တော်ကတော့ ကိုယ်လည်း လူမိုက်လုပ်မပြောချင်လို့ ကာတွန်းဆရာကြီး (ဦး) ဘဂျမ်းကိုပဲ လူမိုက်ဝှားတယ်ပြောချင်ပြော၊ ဆရာတင်ပြီး ဆရာကြီးပြောတဲ့ စကားနဲ့ပဲ ဥပမာပေးလိုက်ရပါတော့တယ်။

တစ်ခါက ဆရာကြီးသော်တာဆွေ ဆောင်းပါးတစ်ပုဒ်ထဲမှာ ရယ်စရာဆိုပြီး ခွေးထီးနဲ့ခွေးမ အချစ်ကြမ်းတဲ့အကြောင်း သဘာဝကျကျ ရေးလိုက်ပါတယ်။ ဟာသစာရေးဆရာဆိုတော့ လမ်းဘေးက ခွေးလေခွေးလွင့်နှစ်ကောင်ရဲ့ အချစ်ပြဿနာကို အပျိုမလေးက ခိုးကြည့်တဲ့အမြင်နဲ့ ရေးလိုက်တာ၊ သရုပ်ဖော်ပုံရေးဖို့ ကာတွန်းဆရာကြီး ဦးဘဂျမ်းဆီရောက်တော့ ဆရာကြီးက ဖြုတ်လိုက်ဖို့ အကြံပေးပါတယ်။ စာရေးဆရာသော်တာဆွေ (သူက ကျွန်တော်အကြိုက်ဆုံး စာရေးဆရာပါ)က 'ဆရာကြီး... အဲဒီကိစ္စက လမ်းဘေးမှာ တကယ်လည်း ခွေးတွေဖြစ်နေတဲ့ကိစ္စပဲ၊ လူကြီးလူငယ်တွေလည်း လမ်းမှာ သွားရင်းလာရင်း မြင်တွေ့နေကြတာပဲ။ အပျိုမလေးတွေ မကြည့်ချင်သလိုနဲ့ ခိုးကြည့်ကြတာပဲ' ဆိုပြီး ဆင်ခြေတက်လိုက်တာကို အလက်ာကျော်စွာ ကာတွန်းဆရာကြီး (ဦး) ဘဂျမ်းက 'ကိုရင့်စကားမှာထဲက ခိုးကြည့်တယ်ဆိုတာ ပါနေပြီပဲ။ လူမြင်မတော်တဲ့ ဟာတွေကို သူတို့ဘာသာ ဘာလုပ်လုပ်၊ မမြင်ကွယ်ရာမှာ ဖြစ်သင့်တာကို ရပ်ကွက်နှင့်လူအားလုံးရဲ့ မြင်ရတဲ့စာမျက်နှာပေါ်မှာ မတင်သင့်ဘူး' ဆိုတဲ့ ဆုံးမစကားကြောင့် ဟာသစာရေးတဲ့

ဆရာဿော်တာဆွေ အမှန်မြင်ပြီး အဲဒီအကြောင်းမရေးတော့ဘဲ ဖြုတ်လိုက်တယ်ဆိုတဲ့ အကြောင်းအရာလေး ဆရာဿော်တာဆွေရဲ့ ဆောင်းပါးတစ်ပုဒ်မှာ ဖတ်ခဲ့ရပါတယ်။ ဆိုတော့ကာ… အမျိုးကောင်း သားသမီးတွေ ကြည့်သင့်တဲ့နေရာ၊ အစီအစဉ်တွေမှာ အဲဒီလို နှုတ်ခမ်းချင်း နမ်းတာ၊ (မြန်မာလူမျိုးတွေ ကိုယ်တိုင် ဝင် သရုပ်ဆောင်သင့်၊ မသင့်ကို ဒါရိုက်တာဆရာသမားတို့ပဲ စဉ်းစားကြည့်တော်မူကြပါ)

ဆရာကြီး (ဦး) ဘဂျမ်းကတော့ ခေတ်အဆက်ဆက်က အလွဲအချော်တွေကို သူ့ရဲ့ကာတွန်းနဲ့ ထောက်ပြခဲ့သလို မြန်မာတွေရဲ့ လူမျိုးဂုဏ်သိက္ခာအတွက်လည်း ကာကွယ်ပေးခဲ့ပါတယ်။ တခြားလူမျိုးတွေဘာဖြစ်နေနေ၊ ကိုယ့်လူမျိုးတွေ မနစ်နာစေချင်တဲ့ ပုဂ္ဂိုလ်မျိုးထဲမှာ ဦးဆောင်ခဲ့တဲ့ ဆရာကြီးလို ပုဂ္ဂိုလ်မျိုးတွေ အရည်အတွက်နည်းလာပြီး မြန်မာဆိုတာ နှုတ်ခမ်းချင်း နမ်းပြသင့်တယ်… သတ်မှတ်ပြီး အချစ်ခန်းတွေရိုက်သင့်၊ တယ်။ မြန်မာကားများ လင်မယားအိပ်တဲ့အခန်း၊ မကြည့်ရဲရင် နိုင်ငံခြားကား မကြည့်နဲ့ ဆိုသူတွေကို ဆရာကြီး (ဦး) ဘဂျမ်းသာ သက်ရှိထင်ရှားရှိခဲ့ရင် တုတ်ကောက်နဲ့ လိုက်ရိုက်လေမလား၊ ဘယ်လိုကာတွန်းမျိုးနဲ့ သရုပ်ဖော်ပြဦးမလဲ… ကျွန်တော်တစ်ယောက်တည်း စိတ်ထဲက ပုံဖော်နေမိပါတော့တယ်။ ·

ဆင်ဆာမူဝါဒ လျှော့ပေါ့မှုအပေါ် ကောင်းတဲ့ဘက်က အသုံးချနိုင်စေချင်တဲ့ စေတနာအမှန်နဲ့ ဆုတောင်းနေမိပါတော့တယ်။

"တို့ဆီက ဘောလုံးသမားတွေ၊ ဂစ်တာသမားတွေဟာ ဘောလုံးပညာ၊ ဂစ်တာပညာတွေကိုတော့ အတုမယူဘဲ နိုင်ငံခြားက တက်ထူးထိုးတာကိုသာ ပြိုင်ပြီးအတုယူနေကြတယ်" လို့ ပြောဖူးတဲ့ သူငယ်ချင်းတစ်ယောက်အတွက် အမှတ်တရ…

နံနက်ခင်း သတင်းစာဂျာနယ်

၂၆-၆-၂၀၀၃

❑



## ကျွန်တော်နှင့် ဆီးဂိမ်းသီချင်းပြဿနာ

အခုတလော ဂျာနယ်လစ်တွေ၊ စာနယ်ဇင်းတွေနဲ့တွေ့တိုင်း ခေတ်စားနေတဲ့ မေးခွန်းက လာမယ့်ဆီးဂိမ်းအတွက် ဘယ်လိုကူညီဖို့အစီအစဉ်ရှိသလဲဆိုတဲ့ မေးခွန်းပါပဲ။ ဒီလို မေးသံတွေ ကြားရတိုင်းလည်း ကိုယ့်ဘာသာကိုယ် စိတ်ထဲက ရယ်ချင်နေမိပါတယ်။

လက်တွေ့မှာ စကားလုံးလှလှတွေနဲ့ဖမ်းစားကြတဲ့ လောကကြီးရဲ့ နောက်ကွယ်က လူတွေအကြောင်းလည်း သိနေလို့၊ ဆီးဂိမ်းကိုအကြောင်းပြုပြီး ကောင်းမှုကုသိုလ်တွေ ရသွားအောင် ကြိုးစားနေကြတဲ့ နာမည်၊ ဂုဏ်သတင်း၊ ငွေကြေးတစ်ခုခု အမြတ်ရအောင် ကြိုးစားနေကြတဲ့ အနုပညာရှင်တွေထဲ (တချို့ကတော့ နိုင်ငံအတွက်လုပ်ကြတာလည်း ပါပါတယ်... ရာနိုင်နှုန်းကတော့ အနည်းနဲ့အများ ကြိုက်သလိုတွေးကြည့်ပါ...) ကျွန်တော်က တိုင်းပြည်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်ခွင့်ရရင် ကျေနပ်ရမယ့်အစား ဒီဆောင်းပါးရဲ့ ခေါင်းစဉ်ကိုက Sea Game သီချင်း ပြဿနာဆိုလာတာကြောင့် ဘာပြဿနာလဲဆိုတာက မေးခွန်းထုတ်ချင်စရာကောင်းနေပါပြီ။

ဆီးဂိမ်းပြိုင်ပွဲကြီးကျင်းပဖို့ လ အနည်းငယ်လိုတော့ချိန်အထိ ဆီးဂိမ်းသီချင်းဆိုတာ မည်မည်ရရဖွင့်သံ၊ လိုက်ဆိုသံ (ကျွန်တော်ကြားမိသလောက်) သိပ်မတွေ့၊ သိပ်မကြားရလို့၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်နိုင်ငံမှာ အဖွဲ့အစည်းတွေဖွဲ့၊ ကော်မတီတွေဖွဲ့၊ သီချင်းပြိုင်ပွဲတွေလုပ်၊ အကောင်းဆုံးသီချင်းရွေး၊ အချိန်ကုန်လူပင်ပန်း၊ ငွေကုန်ခံပြီး လုပ်ကြရသလောက် လူတိုင်းပါးစပ်ဖျားရေပန်းစားတဲ့ သီချင်းတစ်ပုဒ်တလေမျှ မည်မည်ရရ ချမပြနိုင်သေးတာ၊ (ဆုပေးတာကတော့ သူတို့ ရွေးချယ်မှုပေါ့) လူတွေပါးစပ်ဖျား ရေပန်းစားတဲ့သီချင်းတစ်ပုဒ် (ဥပမာ WAKA WAKA လို) မကြားရသေးတာ အချိန်နီးလာတာနဲ့အမျှ စိတ်ပူစရာပါ။ ရယ်စရာအနေနဲ့ တွေးမိတာက ကော်မတီလည်း မဖွဲ့၊ ပြိုင်ပွဲလည်း မလုပ်တဲ့

သူ့ဘာသာ သူရေးပြီး၊ လူတိုင်းပါးစပ်ဖျားရောက်အောင် ရေးစပ်သီဆိုခဲ့တဲ့ အကော်ဒီယံ ဦးအုန်းကျော် (ကွယ်လွန်)ကို 'မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်' ဆိုတဲ့ သီချင်းအတွက်နဲ့ တမလွန်က နိုးပြီးတောင် ရွှေဆုပေးသင့်တယ်လို့ တွေးနေမိပါတယ်။ တစ်ခုတော့ စဉ်းစားမိတာက ပြီးခဲ့တဲ့ကမ္ဘာ့ဖလားပြိုင်ပွဲသီချင်း 'WAKA WAKA' ရဲ့ အဆိုရှင် ရှကီရာ အောင်မြင်မှုအကြောင်းနဲ့ အဲဒီသီချင်းဟာ အဆိုပြိုင်ပွဲ၊ သီချင်းရေးပြိုင်ပွဲ၊ တစ်ကမ္ဘာလုံးသိအောင်လုပ်ပြီး ဆုပေးနာမည်ကြီးလာတာလား၊ ဒါမှမဟုတ် တကယ့် ပရော်ဖက်ရှင်နယ် တေးရေးဆရာနဲ့ နာမည်ကြီးအဆိုတော်၊ နာမည်ကြီးဂီတပညာရှင်တွေရဲ့ ကြိုးစားပမ်းစား အကောင်းဆုံးဖန်တီးမှုကို ကမ္ဘာက လက်ခံသွားတာလားဆိုတာ တွေးနေမိပါတယ်။

တစ်ခါတစ်ခါ ပြိုင်ပွဲဆိုတာ ဝါသနာရှင်တွေအတွက် မျှော်လင့်ချက်တစ်ခုဖြစ်ပေမဲ့ အသက်မွေးဝမ်းကျောင်း ဂီတပညာရှင်တွေပါ ဝင်ပြိုင်ကြရင် တရားမမျှတာဘဲ ရယ်စရာဖြစ်တတ်လွန်းလို့ ဝါသနာရှင်တွေအတွက် ပြိုင်ပွဲကို ပရော်ဖက်ရှင်နယ် ဂီတပညာရှင် အဆိုတော်၊ တေးရေး၊ ဂီတသမားတွေ၊ ဝင်မရှုပ်သင့်ဘူးလို့လည်း ရိုးသားစွာခံယူမိပါတယ်။ ဒါဆိုရင် ကိုနိုင်ဇော်တီးထားတဲ့ သီချင်း၊ ညီရာသရေးပြီး ဖြူဖြူကျော်သိန်းဆိုထားတဲ့ 'မိုးယံလွင့်ပျံလက်ခုပ်သံ' က နှစ်သိမ့်ဆုရထားတာကြတော့ ဘာပြောဦးမလဲ၊ နှစ်သိမ့်ဆုရလို့ ဝမ်းမသာဘူးလား… စသဖြင့်မေးကြတဲ့ မိတ်ဆွေအပေါင်းအသင်းတွေကလည်း ရှိကြပါတယ်။ ဒီလို နာမည်ကျော်အဆိုတော် ဖြူဖြူကျော်သိန်း၊ နာမည်ကြီးတေးရေး ညီရာသ၊ ဂီတ စီမံခန့်ခွဲသူ ကျွန်တော်၊ ဟာမိုနီအဲဗားဂလိတ် (မထရေးစီတို့အဖွဲ့) အတီးပညာရှင်လေးဖီး ကလပ်တီးဝိုင်း စတဲ့အစုအဖွဲ့က ပြိုင်ပွဲဝင် သီချင်းတွေထဲမှာ နှစ်သိမ့်ဆုရတယ်ဆိုတာ ခုနကရေးသလို ဝါသနာရှင်တွေရဲ့ ပြိုင်ပွဲကို အတင်းဝင် အနိုင်ကျင့်နေသလိုဖြစ်နေတယ်လို့ ကျွန်တော်ခံစားရပြီး ဒီနှစ်သိမ့်ဆုရတဲ့သီချင်းအကြောင်း သတင်းစာထဲက ဖတ်ရချိန်၊ ကျွန်တော် ဘာလုပ်ရမှန်းမသိ ဖြစ်ရပါတော့တယ်။ ကျွန်တော်သိသလောက် ပရော်ဖက်ရှင်နယ် ဂီတသမားက ပြိုင်ပွဲဝင်စရာမလိုပါဘူး၊ (Pro တွေပြိုင်ရမယ့်ပွဲသတ်သတ်ဆိုရင်တော့ တစ်မျိုးပေါ့) အခုလိုပြိုင်ပွဲမှာ နှစ်သိမ့်ဆုရတဲ့သီချင်း တီးခတ်မိတဲ့ ကျွန်တော်၊ အဲဒီသီချင်းနဲ့ ပါဝင်ပတ်သက်မိပုံ အချိန်ကာလကို ပြန်သတိရမိပြီး အဲဒီအကြောင်းလေး စာဖတ်ပရိသတ်ကို ရှင်းပြလိုက်ရင် နှစ်သိမ့်ဆုပြဿနာလည်းသိ၊ ကျွန်တော့်ခံစားနေရတဲ့ ဆီးဂိမ်းသီချင်းလည်း အကောင်ပြမှု အရိပ်မြင်တတ်တဲ့ သက်ဆိုင်ရာလူကြီးတွေ သိချင်လည်းသိပါစေတော့လို့ အားခဲပြီး ကလောင်ကိုင်ရပါတော့တယ်။

xxx

လွန်ခဲ့တဲ့ တစ်နှစ်လောက်က ကျွန်တော့်ဆီ ဖုန်းတစ်ခု ဝင်လာပါတယ်။ ဖုန်းဆက်

သူက အဆိုတော်၊ တေးရေး 'ဩရသ' ပါ။ သူက သူရေးတဲ့သီချင်းတစ်ပုဒ် တီးပေးဖို့ ကမ်းလှမ်းရင်း အဲဒီသီချင်းကို ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်မယ့် ဦးစင်ရော်မောင်မောင် အပ်တာလို့လည်း ပြောပါတယ်။ ဩရသက သီချင်းပဲရေးပြီး ဂီတမှူးတာဝန်ရော၊ စီမံခန့်ခွဲတာရော၊ အဆိုတော်ရော ဦးစင်ရော်မောင်မောင်နဲ့ ညှိနှိုင်းပြီးသာလုပ်ပါတော့ ဆိုလာတာကြောင့် ကျွန်တော် ဦးစင်ရော်မောင်မောင်နဲ့ ဆက်သွယ်ပြီး အဲဒီသီချင်းတစ်ပုဒ်ကို လူကြိုက်တဲ့သီချင်းဖြစ်အောင် ဆိုမယ့်အဆိုတော်ကို ရှာဖွေပေးရပါတော့တယ်။

ပထမ အဆိုတော်ကြီးဇော်ဝင်းထွဋ်နဲ့ ဖြူဖြူကျော်သိန်းကို စုတွဲဆိုနိုင်းမယ်ဆုံးဖြတ်၊ ဖုန်းဆက်ပြောရင်း ကိုညီထွဋ် (ဇော်ဝင်းထွဋ်) က ထုံးစံအတိုင်း အလုပ်မအားတာကြောင့် ဖြူဖြူကျော်သိန်းတစ်ယောက်တည်း Single ဆိုတာ ပိုမိုက်မယ်လို့ ဆုံးဖြတ်၊ ဦးစင်ရော်မောင်မောင်နဲ့ညှိတော့ သူဘက်ကသဘောတူပါတယ်။ ဒါကြောင့် ဖြူဖြူ့ဆီ ဖုန်းဆက်အကျိုးအကြောင်းပြောတော့ ပထမ သိပ်မတက်ကြွပေမဲ့ သီချင်းလာပို့လိုက်မယ်၊ ငါ အကောင်းဆုံးဖြစ်အောင် တီးပေးမယ်၊ နားထောင်ကြည့်လို့မှာပြီး ကလေးတစ်ယောက်နဲ့ သူ့အိမ်ကို သီချင်းပြနိုင်းရပါတော့တယ်။

သီချင်းနားထောင်ပြီးတော့ ဖြူဖြူကျော်သိန်း (အဲဒီအချိန်တုန်းက သုဂီတအစည်းအရုံးအတွင်းရေးမှူး မဟုတ်သေးလို့ အချိန်ဘယ်လောက်ကြာပြီလဲဆိုတာကိုသာ စဉ်းစားကြည့်ပါ) ကိုယ်တိုင်ချက်ချင်း စတူဒီယိုကို လိုက်လာပြီး ကျွန်တော်နဲ့တွေ့၊ သီချင်းကိုကြိုက်လို့ ဆိုမယ်ဆုံးဖြတ်၊ ကီးချိန် (အသံချိန်ပါတော့တယ်) ဒီသီချင်းကို အဓိကထုတ်လုပ်ဖို့ ဟိုတယ်လုပ်ငန်းရှင်ကြီးတွေက တာဝန်ယူပြီး လှူ့ဆော်ရေးသီချင်း တီးတာဖြစ်လို့ ကျွန်တော်လည်း DEMO ကို ကွန်ဖျူတာနဲ့ သေသေချာချာလုပ်၊ လေးစီးကလပ်ကလည်း ကမ္ဘာကျော်သီချင်း WAKA WAKA တီးသလိုပုံစံမျိုးဖြစ်အောင် ခက်ခက်ခဲခဲတီး၊ ဂစ်တာ 'ဆိုလို' မှာလည်း မြန်မာအငွေ့အသက် တီးလုံးကို အနောက်တိုင်းဂီတနဲ့ (ဘိုဆန်ဆန်) နှံတီးခဲ့ပါတယ်။ (အဲဒီအချိန်က သီချင်းပြိုင်ပွဲတောင် ကော်မတီမဖွဲ့ရသေးဘူး ထင်ပါတယ်)

မဲရုံတို့၊ စည်းလုံးခြင်းအတွက် သီချင်းတို့၊ သွေးကစကားပြောသည်…တို့လို ပြည်သူတွေကြားမှာ ဖွင့်မယ့် လှူ့ဆော်ရေးသီချင်းဖြစ်ဖို့ ကျွန်တော်ဦးဆောင်ပြီး ဖန်တီးခဲ့သလို ိုအပ်တဲ့ ဟာမိုနီအသံရဖို့ နဝရတ်စတူဒီယိုကို သွားညှိနှိုင်း၊ နောက်ဆုံးအသံအချောဖြစ်ဖို့ ကိုကျော်ဇေယျနဲ့တွေ့)၊ လက်ခုပ်သံတွေကအစ ကိုယ်တိုင်ရှာဖွေပြီး ဖန်တီးခဲ့ရပါတယ်။

ဒီအထိလည်း အဲဒီသီချင်းက ပြိုင်ပွဲဝင်ဖို့သီချင်းမဟုတ်သလို၊ ကျွန်တော့်ကို ပြိုင်ပွဲ မဝင်ဘူးလားလို့မေးရင် "မင်းရူးနေသလား၊ ငါက ပြိုင်ပွဲဝင်ရမယ့် ဂီတသမားလား"

တောင် ပြန်မေးမိမှာပါ။ ပရိသတ်မကြိုက်ရင် ပြိုင်ပွဲဝင်၊ ဆုရလည်း အလကားပါ။ ပရိသတ်ကြိုက်ပြီး ဆုမရတဲ့ အနုပညာသမားတွေ ရိုက်သတ်လို့မကုန်တဲ့ မြန်မာနိုင်ငံကြီးထဲမှာ အရည်အသွေး မှန်မှန်ကန်ကန် မသိတဲ့ ဆုရွေးချယ်ပွဲကြီးတွေထက် လမ်းဘေးမှာ တွေ့ရတဲ့ သာမန်လူတစ်ယောက်က ကြိုက်တယ်ပြောရင်တောင် ပိုကျေနပ်မိပါသေးတယ်။

ဒီလိုနဲ့ အဲဒီသီချင်းကို အမ်တီဗီရိုက်မယ်ဆိုပြီး အလုပ်အပ်တဲ့ ဦးစင်ရော်မောင်မောင်ဘက်က ဘာမှမလုပ်ရသေးချိန်၊ ကျွန်တော်တို့လေးဖီးနဲ့ ဖြူဖြူကျော်သိန်းက စတိတ်ရှိုးတွေမှာ အဲဒီသီချင်းတောင် စင်ပေါ်မှာဆိုနေပါပြီ။ အဲဒီလိုဆိုဖြစ်တာကလည်း နိုင်ငံတော်သီချင်းတီးလုံးကို Intro မှာ ကျွန်တော် Arrangement လုပ်ထားတာ သဘောကျလို့ဆိုပြီး ဖြူဖြူကလည်း ပြောဖူးပါတယ်။ အဲဒီသီချင်းအပ်ပြီးကတည်းက မတွေ့ဖြစ်ခဲ့ဘဲ အမေရင်းက ပျောက်၊ မွေးစားအမေက ကလေးကို လူ့လောကထဲ ကြီးပြင်းလာအောင် သုတ်သင်ကျွေးမွေးခဲ့ရသလို တာဝန်ယူခဲ့ရတဲ့ ကျွန်တော် ဒီသီချင်းကို လှုံ့ဆော်ရေး သီချင်းခွေထဲမှာ ယူသုံးမယ်ဆိုပြီး ဖုန်းဆက်တဲ့ ကော်မတီဝင် ဆရာသမားတစ်ယောက်နဲ့လည်း ဖုန်းအကြာကြီးပြောရင်း ဒီတာဝန်ပေးတဲ့ ဦးစင်ရော်မောင်မောင်နဲ့ ညှိနှိုင်းပါလို့ ရှင်းပေးခဲ့ရပါသေးတယ်။

ရိုက်ကူးစရိတ် သိန်း ၄၀ က ၆၀ အထိသုံးပြီး မူရင်းတီးခတ်တဲ့ ဂီတသမားကိုတော့ တစ်ပြားတစ်ချပ်မှ မပေးချင်တဲ့ ကော်မတီပုဂ္ဂိုလ်ရဲ့ စကားသံကိုလည်း သေချာနားထောင်ပြီး တိုင်းပြည်အတွက် အဲဒီသီချင်းလှူဆိုရင် လှူပါမယ်၊ ခင်ဗျားတို့က သိန်းပေါင်းမြောက်များစွာ အစိုးရဆီကထုတ်ပြီး နှစ်ပြားတစ်ပဲ အလကားပေးပါပြောလို့ပြော၊ ပြိုင်ပွဲဝင်သီချင်းတွေနဲ့ပေါင်းပြီး အခွေထုတ်တဲ့အထဲ ထည့်မယ်၊ ပြိုင်ပွဲဝင်သီချင်းအဖြစ်တော့ ဒီသီချင်းကို အဖြစ်မခံနိုင်ပါဘူး၊ လှုံ့ဆော်ရေးသီချင်းအတွက် တိုင်းပြည်ကို အလကားပေးရင် ခွင့်ပြုပါတယ်။ ကြားထဲကသာ ဖြတ်စားလျှပ်စား မလုပ်ကြပါနဲ့လို့ ရင်ထဲကဆန္ဒနဲ့ ညှိနှိုင်းပေးခဲ့ပါတယ်။ တစ်ခါ ဒီသီချင်းရဲ့ သံစဉ်နေရာအနည်းငယ်က နိုင်ငံခြားသီချင်းနဲ့ နည်းနည်းတူနေလို့ ပြောင်းပေးပါဆိုလာတာကြောင့် ည ၁၀ နာရီ မိုးရွာထဲ ဖြူဖြူကျော်သိန်း ပြန်ဆိုပေးချိန် ကျွန်တော်သွားနေပြီး၊ အသံပြောင်းပေးခဲ့ရပါသေးတယ်။

ဩရသက နေပြည်တော် ရောက်နေလို့ ဆရာ စိတ်ကြိုက်လုပ်ပါဆိုပြီး ဖုန်းနဲ့ မစပါသေးတယ်။ တကယ်တော့ လှုံ့ဆော်ရေးသီချင်းဆိုတာ ပြိုင်ပွဲဝင်သီချင်းမှ မဟုတ်တာ ဘာကိစ္စနဲ့ လှုံ့ဆော်ရေးသီချင်းကို ကော်မတီဝင်ဆိုသူတချို့က ဝေဖန်နေတာလည်း ကျွန်တော် နားမလည်နိုင် ဖြစ်ရပါတယ်။ နိုင်ငံအတွက် ဒီသီချင်းကို ရွေးချယ်လိုက်ပြီဆိုရင်တော့ တစ်မျိုးပေါ့။ အခုဟာက သူများမွေးထားတဲ့ ကလေးကို ဘေးအိမ်ကလူက

သူကြိုက်တဲ့ အင်္ကျီဝတ်ပေးပါဆိုပြီး မိဘကို အမိန့်ပေးနေသလိုပါပဲ။ လှုံ့ဆော်ရေးသီချင်းထဲမှာ သံစဉ်တွေတာမဆိုထားနဲ့၊ လုံးဝကော်ပီသီချင်းတောင်ရှိတာကြတော့ အဲဒီကော်မတီဝင်တွေ မသိလေကြသလားလို့ ဥပမာတစ်ခုပြောလိုက်ပါရစေ။ မိခင်နဲ့ကလေးစောင့်ရှောက်ရေးသီချင်း 'တို့ချစ်တဲ့ကမ္ဘာ၊ တို့ချစ်တဲ့ကလေးတွေ' ဆိုတာ မိုက်ကယ်ဂျက်ဆင်ရဲ့ 'We are the World'ပါ။

ပြောချင်တာက ကျွန်တော်တို့ လှုံ့ဆော်ရေးသီချင်းကို ပြိုင်ပွဲဝင်သီချင်းခွေထဲ အတင်းပါဖို့ အားပေးနေတဲ့ သူတို့ချင်း ပြဿနာတွေကြားထဲ ငထွားခါးနာ ဆိုသလို ကျွန်တော် ကြားညှပ်ရာကနေ လွန်ခဲ့တဲ့တစ်ပတ် ညတစ်ညမှာ တေးရေး 'ဩရသ'က ကျွန်တော့်ဆီ ဖုန်းဆက်လာပါတယ်။ 'ဆရာ ၂၁ရက်ည ဆီးဂိမ်းသီချင်းဆုပေးပွဲ ကျွန်တော့်ကို ဖိတ်ထားတယ်။ ငွေ ၁၀ သိန်းလည်း ဆုချီးမြှင့်မယ်ပြောတယ်။ ဆရာ တက်မှာလား' ဆိုပြီး ပြောပါတယ်။ ကျွန်တော်က နိုင်ငံတော်က ဒီသီချင်းသုံးမယ်ဆိုပြီး ရွေးတယ်ဆိုရင်တော့ ငါတို့ကို ဖိတ်မှာပေါ့၊ အခုဟာက ဖုန်းလည်း မဆက်၊ (အဲဒီသီချင်းအခွေထဲထည့်ဖို့ကြတော့ ကော်မတီတာဝန်ရှိတဲ့ ဆရာသမားက နာရီဝက်ကျော်လောက် ဖုန်းဆက်နေတာကြုံနေကျမို့) သူလိုတော့ ဖုန်းဆက်ပြီး၊ ဆုပေးပွဲကျ ဖုန်းမဆက်တာ သူ့ထုံးစံပဲဆိုတဲ့ အတွေးနဲ့ ကိုယ့်အလုပ်ကိုယ်သာ လုပ်နေမိပါတယ်။

နောက်တစ်နေ့ သတင်းစာဖတ်တော့ ဩရသကို နှစ်သိမ့်ဆုပေးလိုက်တယ်ဆိုတော့မှ ငါတို့တီးတဲ့သီချင်းက ပြိုင်ပွဲလည်းမဝင်ဘဲ ဘယ်လိုနှစ်သိမ့်ဆုရတာလဲ... မစဉ်းစားတတ်အောင် ဖြစ်ရပါတော့တယ်။ ငါတို့က တစ်နိုင်ငံလုံးကြားနေတဲ့သီချင်း၊ တီးတဲ့သူ၊ ပြိုင်ပွဲဝင်ပြိုင်ပြီး နှစ်သိမ့်ခံရတယ်ဆိုတာ ရှက်တတ်တယ်လို့ ခံယူရင် ရှက်စရာကြီးပါ။ (ပြိုင်ဘက်တွေကလည်း Proချင်းဆိုရင်တော့ တစ်မျိုးပေါ့) အခုဟာက ကိုယ်ဖန်တီးတဲ့သီချင်းကို ဆုပေးတဲ့ အခမ်းအနားလည်း ဂီတပညာရှင်ကို မဖိတ်၊ ပေးတဲ့ဆုကလည်း ပြိုင်ပွဲဝင်တဲ့ နှစ်သိမ့်ဆု ဖြစ်လိုဖြစ်၊ (တစ်ခုခုတော့ မှားနေတာ သေချာပြီလို့) မှတ်ထင်လိုက်မိပါတယ်။

ဖန်တီးတော့ အစအဆုံး နေပူမိုးရွာ မရှောင် ကိုယ်က တာဝန်ယူပေး၊ ပေးတဲ့ဆု ၁၀ သိန်းကိုတော့ တေးရေးဩရသကို ပေးလိုပေး၊ (တကယ်ဆို ဟော်လိုဂစ်တာ တစ်လုံးတီးပြီး ဩရသဆိုပြတဲ့သီချင်း သူတို့ကော်မတီဝင်တွေ ကြားဖူးတယ်ဆို ထားပါတော့) အခုလို သီချင်းတစ်ပုဒ်လုံး တီးခတ်ထုတ်လုပ်ထားတဲ့ အဆိုတော်ဖြူဖြူကျော်သိန်းလည်း မဖိတ်၊ ဂီတဖန်တီးသူ ကျွန်တော့်လည်း မဖိတ်၊ (ကျွန်တော် ဒီသီချင်းဖန်တီးတာ မသိလို့ဆိုရင်တော့ သက်သေပြစရာ ဖုန်းမှတ်တမ်းတွေ ထုတ်ပြရမလိုဖြစ်နေပါတယ်)ငွေ ၁၀

သိန်းလည်း မလိုချင်ပါဘူး။ ဂီတကို ဖန်တီးတဲ့ပညာရှင်ကို အသိအမှတ်ပြုကြောင်း စာရွက်အဖြူလေးပဲ ပေးပါစေဦး၊ ဂုဏ်ယူဝမ်းမြောက်စွာ လက်ခံမိမှာ သေချာပါတယ်။ အခုတော့ တလွဲတချော် ဆီးဂိမ်းသီချင်းကြောင့် ဖြိုင်ပွဲမဝင်ဘဲ ဘုမသိဘမသိ နစ်သိမ့်ဆု ရခဲ့တဲ့ ကိုယ်ဖန်တီးခဲ့တဲ့ သီချင်းလေးကိုပဲ သနားရမလို၊ ဂုဏ်ယူရမလို ဖြစ်နေမိပါတော့ တယ်။ ငယ်ငယ်က ပုံပြင်တစ်ပုဒ်ထဲမှာ ရှင်ဘုရင်ဆီ ငါးအကြီးကြီးဆက်သတဲ့ တံငါသည် ကို ရှင်ဘုရင်က လိုချင်တဲ့ဆုတောင်းပါလို့ တောင်းပါသတဲ့။ (တံခါးမှူးက သူ့ကိုတစ်ဝက် ပေးရမယ်လို့ ဝင်ခွင့်ပေးစဉ်က ညှိထားလို့ပါ) အခုလည်း ဒီသီချင်းလေးတစ်ပုဒ် လှူဆော် ရေးတီးပေးတာ အသိအမှတ်လည်း အပြုမခံရလို့ ဒီဆောင်းပါးဖတ်ပြီး သက်ဆိုင်ရာ အားကစားဝန်ကြီးဌာနကလူတွေ သိခဲ့လို့ "ဘာဆုတောင်းမလဲ ကိုနိုင်ဇော်" လို့ မေးခဲ့ရင် ကျွန်တော့်ကို ကြိမ်ဒဏ် ၁၀၀ ရိုက်ပါ။ ဒါပေမဲ့ အသိအမှတ်ပြု စာရွက်တစ်ရွက်တောင် ဖိတ်ကြားပြီး မပေးခဲ့လို့ တာဝန်ရှိသူတွေကိုပဲ အဲဒီကြိမ်ဒဏ်ကို လွှဲလာလိုက်ပါလို့သာ တောင်းဆိုလိုက်ချင်ပါတော့တယ်။ အနုပညာရှင်ဆိုတိုင်း အဆိုတော်နဲ့ တေးရေးကိုသာ ဦးစားပေးကြတဲ့ခေတ် ဘယ်တော့ကုန်မှာလဲလို့ ဂစ်တာသမားကျွန်တော့်မှာ... မဲ့မဲ့ ဆုတောင်းနေမိပါတော့တယ်။

နံနက်ခင်း သတင်းစာကျွန်ုပ်

၉-၁၀-၂၀၀၉

❑



## ကျွန်တော်နှင့် ကွန်မြူနစ်ပြဿနာ

ခေါင်းစဉ်ဖတ်လိုက်ရလို့ နိုင်ဖော်တစ်ယောက် ဂီတအကြောင်း၊ အဆိုတော်တွေအကြောင်း ရေးနေရာက ဘယ်လိုကဘယ်လို နိုင်ငံရေးတွေ၊ ကွန်မြူနစ်အကြောင်းတွေ ခေါတော်မီ ဝင်ရေးနေပြန်ပြီလဲလို့ အထင်တော် မလွဲကြဖို့ စာဖတ်သူတွေကို ကြိုတင်မေတ္တာရပ်ခံပါရစေ။

ကျွန်တော်ပြောချင်တဲ့ ကွန်မြူနစ်ဆိုတာ နိုင်ငံရေးလုပ်မှ၊ လက်နက်ကိုင်တိုက်ပွဲဝင်မှ ကွန်မြူနစ်ဆိုပြီး ထင်နေကြတဲ့ ခေတ်ကြီးမှာ ဘာလက်နက်မှလည်း မကိုင်၊ ဘာနိုင်ငံရေးမှလည်း စိတ်မဝင်စားဘဲ ကွန်မြူနစ်ဖြစ်နေကြသူတွေ၊ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ အမြဲထိတွေ့ဆက်ဆံနေရလို့ သူတို့နဲ့ကြုံတိုင်း ကျွန်တော်ခံစားရမှုတွေကို ဒီတစ်ပတ်တော့ 'ကွန်မြူနစ်ပြဿနာ' ဆိုတဲ့ စာစုလေးနဲ့ ပရိသတ်တွေဆီ ရေးသားတင်ပြလိုက်ရတာပါ။

မကြာခင်တစ်ရက်က နာရေးကိစ္စတစ်ခု ကျွန်တော့်ကားနဲ့ ရေဝေးသုသာန်လိုက်ပို့မယ်ဆိုတော့ ငယ်သူငယ်ချင်းတစ်ယောက်က ဖုန်းဆက်ပြီး သူလည်း ကားကြုံလိုက်ချင်ပါတယ်ဆိုလို့ နာရေးအိမ်က ဟီးနိုးကားနဲ့မလိုက်စေဘဲ ကျွန်တော့်ကားနဲ့ ခေါ်သွားခဲ့ပါတယ်။ ဒရမ်မာနဲ့ ဘေ့စ်သမား ငယ်သူငယ်ချင်းနှစ်ယောက်လည်း ပါပါတယ်။

ကျွန်တော့်ဘေးမှာ အမြဲပါတဲ့ ကားတစ်လှည့်စီမောင်းပေးသူ ဝပ်ရှော့ဆရာ (ဆရာမောင်) နဲ့ တခြားသူငယ်ချင်းတစ်ဦးစုပြီး ရေဝေးအသုဘသွားပို့တော့ ရယ်စရာတွေပြောကြရင်း 'သံအမတ်ကြီး' ဆိုတဲ့ ဝေါဟာရတစ်ခုလည်းကြားရလို့ မေးကြည့်မိတယ်။

မိတ်ဆွေတွေထဲမှာ ယောကျ်ားက မိန်းမစိတ်ဖြစ်နေသူ၊ 'အုံ့ပုန်း' လို သန်သန်မာမာကြီးနဲ့ မတ် (အခြောက်) ဖြစ်နေလို့ 'သံအမတ်ကြီး' ဆိုပြီး တင်စားပြောတာဖြစ်နေပါ

တော့တယ်။ ဒါကြောင့် ဒီစာဖတ်မိသူတွေလည်း ကိုယ့်ကို (သံအမတ်ကြီး) ဆိုပြီး ခေါ်ကြရင် … နည်းနည်းတော့ သဘောကြိုပေါက်အောင် သတိပေးလိုက်တာပါနော်။

ဒီလို နာရေးကို ပျော်ပျော်ပါးပါး သွားချိန်သွား၊ ရေဝေးရောက်တော့ နာရေးရှင်ရဲ့ အသိုင်းအဝိုင်းက ကြီးလို့ ကားတွေပိတ်ပြီး ပြန်မရဖြစ်၊ တစ်နာရီလောက် စောင့်ပြီးမှ ပြန်လို့ရတာနဲ့ ကျွန်တော်တို့ အားလုံး အလာတုန်းကလိုပဲ ပြန်ခဲ့ကြပါတယ်။

အပြန်လမ်းမှာ သူငယ်ချင်းအားလုံး ညနေစာ တစ်ခုခုစားကြဖို့ ကျွန်တော် ဒကာခံမယ် ဆုံးဖြတ်ပြီး လမ်းမကြီးတစ်ခုပေါ်မှာရှိတဲ့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ကြပါတယ်။

ကားပါကင်ကလည်း ကောင်း၊ လေကလည်း တိုက်၊ ဝင်းနဲ့သီးသန့်မို့ အားလုံး ကိုယ်စားချင်တာ မှာစားကြချိန်၊ တောင်ရောက်မြောက်ရောက်နဲ့ ဂီတလောကရဲ့ ရယ်စရာတွေ ပြောကြရင်း ကျွန်တော်လည်း နောက်ထပ် 'စင်ပေါ်ကအလွဲများ' စာစုအတွက် အချက်အလက်တွေထပ်ရလို့ ဝမ်းသာနေတုန်း ကျွန်တော့် ငယ်သူငယ်ချင်း ပုဂ္ဂိုလ်တစ်ယောက်က သူစားနေတဲ့ မုန့်ဟင်းခါးထဲက ဘူးသီးကြော်တွေပြပြီး…

'အေးစက်နေတာပဲ၊ မုန့်ဟင်းခါးကလည်း စားဖူးသမျှထဲမှာ အညံ့ဆုံး၊ ဒီလိုစုတ်ပြတ်နေတဲ့ မုန်းဟင်ခါးကို မသိလို့စားမိတာ'… ဆိုပြီး ပယ်ပယ်နယ်နယ် ဝေဖန်ပါတော့တယ်။

သူစားတဲ့အချိန်မှာ ညနေ ၅ နာရီလောက်ဆိုတော့ တော်ရုံမုန့်ဟင်းခါးမရတော့တဲ့အချိန်၊ သူမှာစားတဲ့ဟင်းကလည်း အေးနေ၊ မုန့်ဟင်းခါးက မကောင်းတာလည်း ဖြစ်နိုင်ပေမဲ့ သူငယ်ချင်းတွေ ဗိုက်ဆာနေမလားဆိုပြီး စေတနာနဲ့လည်း ကျွေးရသေးတကာယ်ဆို ပိုက်ဆံမကုန်ချင်ရင် သူတို့အိမ်ပြန်ပို့ပြီးမှ ဆိုင်တစ်ဆိုင် သွားစားရင် ရလျက်သားနဲ့ အခုလို မုန့်ဟင်းခါးကျွေးမိလို့ ပက်ပက်စက်စက် ဝေဖန်ခံရတာကြားလိုက်ရတော့ ကျွန်တော့်မှာ ကိုယ့်ကားနဲ့ ဒီဆိုင်ခေါ်လာမိတာ အပြစ်တစ်ခုလို ခံစားနေပါတော့တယ်။

တစ်ဆက်တည်းမှာပဲ ဆရာသမားက သူ့ရှေ့မှာစားနေတဲ့ ဒရမ်သမားရဲ့ ပဲပလာတာကိုကြည့်ပြီး 'ပဲပလာတာဆိုတာ ဒီလိုပဲပြုတ်တွေနဲ့ မလုပ်ရဘူးဆိုတာ မသိတဲ့ တော်တော်ညံ့တဲ့ဆိုင်' ဆိုပြီး ထပ်ဝေဖန်ပါတော့တယ်။ ပဲပလာတာ မှာစားတဲ့ သူငယ်ချင်းက အရိပ်အကဲသိသူဆိုတော့ ကျွန်တော့်အပေါ် အားနာပြီး 'ငါကြိုက်လို့ ငါစားတာ … မင်းနဲ့ ဘာဆိုင်လဲ' ဆိုပြီး ဘုတောလိုက်တော့မှ အားလုံး ဝိုင်းရယ်ကြပါတော့တယ်။

ကျွန်တော့်ကတော့ စာရေးဆရာပီပီ ဒီဝေဖန်တဲ့ပုဂ္ဂိုလ်ရဲ့ နောက်ကြောင်းလည်း သိသူဖြစ်နေလို့ သူ့ကို 'အဲဒီစကားဝိုင်းမှာ နာမည်လှလှတစ်ခုပေးလိုက်ပါတယ်။

"မုန့်ဟင်းခါး ကွန်မြူနစ်၊ ပဲပလာတာ ကွန်မြူနစ်" ဆိုတော့ သူငယ်ချင်းတွေက အဓိပ္ပာယ်မေးကြပါတယ်။

ကျွန်တော်သိရသလောက် နိုင်ငံရေးလောကမှာ ကွန်မြူနစ်ဆိုတာ အစွန်းရောက်တဲ့အဓိပ္ပာယ်နဲ့ သုံးကြတာပါ။ အခုလည်း သူထင်တာသာ အမှန်၊ သူသိတာသာအမှန်၊ သူစားဖူးတာသာ အကောင်းဆုံးဆိုတဲ့ သဘောထက် ပိုတဲ့ ကျွန်တော့်သူငယ်ချင်းက မုန့်ဟင်းခါးဆိုင် ဖွင့်ရောင်းသူဖြစ်နေပါတယ်။ ဒါကြောင့် မုန့်ဟင်းခါးရဲ့သဘောတရား၊ ဖော်မြူလာကို သူ အစအဆုံးသိပြီး သူ မကြိုက်ပေမဲ့ ကာလံဒေသံ သူများမှာစားတဲ့အချိန်၊ သူနဲ့ဘယ်သူတွေ ဘယ်လိုထိုင်ကြတယ်ဆိုတာ မသုံးသပ်တဲ့ သူ့ဆိုင်က မုန့်ဟင်းခါးနဲ့ အရာရာ နှိုင်းယှဉ်ပြီးဆုံးဖြတ်၊ အစွန်းရောက်တဲ့အပြင် သူ့မုန့်ဟင်းခါးဆိုင်ဘေးမှာလည်း ပဲပလာတာဆိုင်က ရှိနေလို့ ပဲပလာတာအကြောင်းပါ သူသိပေမဲ့ အပြင်လောကတစ်ခုလုံးက သူ့ဖော်မြူလာနဲ့ မတူလေ၊ လက်မခံလေဖြစ်ပြီး အကြီးအကျယ် ပြစ်တင်ရှုတ်ချနေလို့ ဒီပုဂ္ဂိုလ်ကို ကျွန်တော်က "မုန့်ဟင်းခါး ကွန်မြူနစ်၊ ပဲပလာတာ ကွန်မြူနစ်"ဆိုပြီး နာမည်ပေးလိုက်တဲ့အကြောင်း ရှင်းပြလိုက်တော့မှ အားလုံးသိသွားကြပါတော့တယ်။

ကျွန်တော်တို့ကျင်လည်တဲ့ ပတ်ဝန်းကျင်မှာ ကိုယ်စီးတဲ့ ကားကမှ အကောင်းဆုံး၊ ကိုယ်ဝတ်တဲ့ ဖိနပ်ကမှ အကောင်းစား၊ ကိုယ်ကိုင်တဲ့ပိုက်ဆံအိတ်ကမှ အကောင်းဆုံး၊ ကိုယ်နားထောင်တဲ့ ဂီတကမှ အကောင်းဆုံး စသဖြင့် ကိုယ်ကြိုက်တာကို နားမထောင်တဲ့၊ မကြိုက်တဲ့သူ၊ ကိုယ်လက်ခံထားတဲ့ အယူအဆကို လက်မခံသူဟာ အလကားကောင်၊ ကိုယ်အားပေးတဲ့ ဘောလုံးအသင်းက လွဲလို့ တခြားအသင်းတွေ အလကားဆိုပြီး အစွန်းရောက်ကြသူ၊ ဘောလုံးကွန်မြူနစ်၊ အဝတ်အစားကွန်မြူနစ်တွေ အများကြီးရှိပါတယ်။

အဆိုတော်တစ်ယောက်ကြတော့ ဖုန်းကွန်မြူနစ်ပါ။ သူကိုင်တဲ့ဖုန်းအကြောင်း ဆော်ဒယ်လ် ဘယ်လောက်ပဲမြင့်ကြောင်း၊ အခုမှ အသစ်ထွက်တာဖြစ်ကြောင်း၊ မှတ်ဘွတ်ခ်မှ ဖုန်းမှဖုန်း ဖြစ်နေလို့ ဖုန်းကွန်မြူနစ်လို့သာ တင်စားလိုက်ချင်ပါတော့တယ်။

ဒီလို အစွန်းရောက်ကွန်မြူနစ်ဆိုတာ ဒီနိုင်ငံထဲမှာ နိုင်ငံရေးလောကတင်မကဘဲ တခြားလောကမှာပါရှိနေချိန်၊ ထူးထူးခြားခြား နောက်ထပ် ကွန်မြူနစ်တစ်ယောက်နဲ့ ကျွန်တော် ပေါင်းမိပါတော့တယ်။ အဲဒီပုဂ္ဂိုလ်က မနက်မိုးလင်းကမိုးချုပ်၊ မျက်စိနှစ်လုံးပွင့်တာနဲ့ ဂစ်တာမှဂစ်တာ။ ဘယ်လိုဂစ်တာက ဘာPick-upတွေပါတယ်၊ ဘယ်လို သစ်သားနဲ့လုပ်ထားတယ်ကစပြီး ဂစ်တာအကြောင်းတစ်ခုပဲ မမောတမ်း မပန်းတမ်း ပြောပါတော့တယ်။

လက်ဖက်ရည်ဆိုင် ဘယ်အချိန်ထိုင်ထိုင်၊ တခြားလူမှုရေးအကြောင်း ပြောမိရင် "ကျွန်တော်က သူများကိစ္စကို စိတ်မဝင်စားဘူး၊ ဝေလည်း မဝေဖန်ဘူး ဆိုပြီး ဘုတောပါ

တော့တယ်။ သူများအကြောင်း သူမပြောပေမဲ့ တခြားသူပြောနေလည်း ဝင်လည်း မခွေးနွေး၊ ထောက်လည်း မထောက်ခံ၊ တိတ်တိတ်ဆိတ်ဆိတ် ငုတ်တုတ်ထိုင် ဆန္ဒပြနေပါတော့တယ်။ ဘယ်နေရာမှာတွေ့တွေ့ ဂစ်တာအကြောင်းပဲပြော ဂစ်တာတစ်ခုပဲ သူ့ဘဝထဲမှာ ရှိနေတယ်လို့ ထင်မှတ်ရအောင် တစ်သက်လုံးပဲ ဂစ်တာတီးပြီး အသက်မွေးဝမ်းကျောင်း ရပ်တည်နေတဲ့ ကျွန်တော်လိုလူတောင် သူနဲ့တွေ့ချိန် ဂစ်တာအကြောင်းချည်းပဲ ပြောနေလို့ တော်တော်ကို ကြောက်ကြောက်လန့်လန့် ဖြစ်မိပါတယ်။

သူက ဂစ်တာတွေလည်း ပြုပြင်တဲ့အလုပ် (ဝါသနာအရ) လုပ်လို့ သွားရပေမဲ့ ဂစ်တာတစ်ခုတည်း မရပ်မနားပြောတဲ့သူ့ကို ကျွန်တော်တို့ သူမသိအောင် နာမည်ကိုက်ပေးဖြစ်တာက ဂစ်တာကွန်မြူနစ် ဆိုတဲ့နာမည်ပါ။ ဆရာသမားက စတိတ်ရှိုးလိုက်ကြည့်ချင်ပါတယ်ဆိုပြီး ပူဆာလို့ လားရှိုးသိန်းအောင် ဖျော်ဖြေပွဲ MCC ခန်းမမှာ တီးခတ်ချိန် ခေါ်သွားပါတယ်။ အပြန်မှာ ကျွန်တော့်ဂစ်တာသံက တိုးနေတယ်၊ Emperor အဖွဲ့တီးချိန်ကျမှ ကျယ်သွားလို့ အသံစက်ကိုင်တဲ့ ဆရာတွေသူတို့နဲ့ အဆင်ပြေသူကို ကောင်းအောင်လုပ်တယ်၊ ကျွန်တော့်ကျတော့ တမင် တိုးထားတယ် ဆိုပြီး ကျွန်တော့်ဘက်က မကျေမနပ်ဖြစ်နေပါတော့တယ်။

ကျွန်တော်လည်း မဟုတ်ကြောင်း၊ ကျွန်တော်တီးတဲ့ သီချင်းတွေက Country တွေမို့ တီးဝိုင်းက လိုသလောက်ပဲ ပါဝါသုံး တီးလို့ဖြစ်ကြောင်း၊ Emperor တီးတဲ့ "လားရှိုးသိန်းအောင်" သီချင်းတွေက Rock တွေဖြစ်လို့ ကျယ်ကျယ်လောင်လောင်တီးလို့ ကျယ်သွားတာဖြစ်ကြောင်း ရှင်းပြရပါတယ်။

(မုံရွာက ဆရာသမားတွေနဲ့ မန္တလေး လားရှိုးသိန်းအောင်ပွဲမှာ ပြန်တွေ့ချိန်၊ သူတို့ကလည်း Sky Net မှာ အဲဒီပွဲကြည့်ပြီး အဲဒီလိုပဲ ထင်ကြောင်း ပြောကြပါတယ်။ လူတိုင်းပြောတာကြားလာတော့ ကျွန်တော့်ပါ အူကြောင်ကြောင်ဖြစ်ရတဲ့အထိပါ)

ဒီလို လားရှိုးသိန်းအောင်ပွဲ လိုက်ကြည့်လည်း စက်ကိုမကျေနပ်၊ တခြား စတိတ်ရှိုး ၂ ပွဲ၊ ၃ ပွဲလိုက်ကြည့်တိုင်းလည်း စက်ကို မကျေနပ်၊ အသံထွက် မကောင်းကြောင်း၊ ကျွန်တော့်ဂစ်တာသံ ထွက်သင့်သလောက် မထွက်ကြောင်း စသဖြင့် အမြဲ ခံစားနေရတဲ့ သူကို ကြားလာတော့ ကျွန်တော် သနားမိပါတော့တယ်။

သူက နိုင်ငံခြားကိုလည်း သွားဖူးသူ၊ သင်္ဘောသားအလုပ်လည်း လုပ်ခဲ့ဖူးသူ၊ ဂီတအကြောင်းလည်း သိ၊ ဂစ်တာလည်း တီးတတ်၊ ဂစ်တာတွေလည်း ပြင်တတ်နေတော့ အရာရာနားလည်တဲ့ စိတ်နဲ့သာလိုက်ပြီး စတိတ်ရှိုးကြည့်နေမယ်ဆိုရင် ဘယ်စတိတ်ရှိုးသွားကြည့်ကြည့် ပျော်နိုင်မှာမဟုတ်ကြောင်း၊ သူ့အရပ်နဲ့သူ့ဇာတ် ကရတဲ့ပွဲလို ကိုယ့်နိုင်ငံထဲ

မှာအဆိုတော်၊ အတီးသမားသာ ဖြစ်ချင်ကြပြီး စက်ဆရာဖြစ်ချင်တယ်ဆိုပြီး အနုပညာသမား ဘယ်နှယောက်တွေ့ဖူးသလဲ မေးရပါတော့တယ်။ သူကိုယ်တိုင် မလုပ်တဲ့အလုပ်ကို ဝင်လုပ်နေသူတွေ ညှံ့ရင်တောင်မကျေနပ်ရင် ကိုယ်တိုင် ဝင်မလုပ်ဘဲ မကောင်းဘူးချည်း ပြောနေလို့ သဘာဝ မကျကြောင်း' ရှင်းပြရပါတော့တယ်။

ဒါကြောင့် အရာရာကို သိနားလည်တဲ့စိတ်နဲ့ ဆုံးဖြတ်မယ်ဆိုရင် ဘယ်စတိတ်ရှိုးမှ မကြည့်နဲ့ဆိုပြီး ပြောရမလောက် ခေါင်းမာတဲ့ ဂစ်တာကွန်မြူနစ်တစ်ယောက်ကို တွေ့ခဲ့၊ ပေါင်းသင်းခဲ့ရတဲ့ ကျွန်တော်ကရော ဘယ်လိုလူလဲ၊ သူနဲ့မတည့်တဲ့ လူဆိုတာနဲ့ ကွန်မြူနစ်ဆိုတဲ့ တံဆိပ်ကပ်တတ်တဲ့ အရင်အစိုးရမျိုးလားလို့ မေးကြမှာကိုလည်း သိနေပါတယ်။ ဒါကြောင့် ကျွန်တော်ဘာလဲဆိုတာ ရှင်းပြခွင့်ပြုပါ။

×××

နယ်မြို့တစ်မြို့မှာ ပွဲတော်တစ်ခုသွားတီးနေတုန်းကပေါ့။ နောက်ဆုံးနေ့ ကိုယ့်တီးဝိုင်းပြီးသွားလို့ စိတ်အေးလက်အေး စာဖတ် အနားယူနေချိန်မှာ တခြား တီးဝိုင်းတစ်ခုက မပြီးသေးလို့လား၊ အခုမှ စတီးတာလားမသိရဘဲ အသံတွေကြားရပါတော့တယ်။ ဟိုတယ်ခန်းထဲမှာ မီသားစုတီဗီကြည့်နေချိန်၊ ကျွန်တော် စာဖတ်ပေမဲ့ အဲဒီတီးဝိုင်းက အဆိုတော်နာမည်ကြေညာလိုက်တာနဲ့ အဲဒီအဆိုတော် စင်ပေါ်တက် ဘာသီချင်းဆိုမှာလဲဆိုတာကို တီးနေကျ ကျွန်တော်သိနေလို့ ဒရမ်မာသမားရဲ့ အချက်ပေးသံ စပြီဆိုတာနဲ့ ကျွန်တော် ထင်တဲ့ သီချင်းဟုတ်၊ မဟုတ် နားထောင်မိတော့ ထင်တဲ့အတိုင်းပါ။

တစ်ယောက်နှစ်ပုဒ်ဆိုရင်း နောက်သီချင်း ဘာဖြစ်မလဲ၊ အဖွင့်ကို အမြန်သီချင်းဆိုပြီးရင် အနှေးသီချင်းတစ်ပုဒ်ဆိုတော့မှာ ကြိုသိနေသလို တချို့အဆိုတော်တွေ Notes ဘယ်နှရွက်ရှိသလဲတောင် ခန့်မှန်းလို့ရတဲ့ ကျွန်တော်၊ ဒုတိယဆိုတဲ့သီချင်းလည်း ထင်တဲ့အတိုင်း ဖြစ်နေပြန်ပါတယ်။

နောက်တစ်ယောက်နာမည် ကြေညာချိန်၊ အဆိုတော်တက်လာပြီဆိုတာ သိချိန်၊ ဒရမ်သံအချက်ပေးတာ နည်းနည်းမြန်နေရင်လည်း အလကားနေရင်း ဒီသီချင်းကို ဘာလို့ ဒီလောက်မြန်အောင် တီးရသလဲဆိုပြီး မချင့်မရဲဖြစ်မိသလို၊ ဂစ်တာ Solo ရောက်တော့မယ်ဆိုရင်လည်း ဂစ်တာသမား ဘယ်လို ပုံစံတီးမလဲ၊ ကီးဘုတ်သမား ဘာလို့ အသံမပြောင်းသေးတာလဲ… စသဖြင့် ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေ စိတ်ထဲက ကြိုသိပြီး မနေနိုင်မထိုင်နိုင်ဖြစ်၊ ပါးစပ်ကလည်း တောက်တခေါက်ခေါက်ဖြစ်နေမိလို့ ကျွန်တော့်အမျိုးသမီးလည်း ကျွန်တော့်ရဲ့ လုပ်ရပ်အပေါ် တော်တော်စိတ်ညစ်နေပါတယ်။

အချိန်ကြာလာတော့ ကျွန်တော် အဲဒီအသံတွေကြားနေရရင် အလကားနေရင်း အကုသိုလ်ပွားနေလို့ အကောင်းဆုံးနည်းလမ်းတစ်ခု ရှာတွေ့သွားပါတော့တယ်။ အဲဒါကတော့ ရေချိုးခန်းထဲဝင်၊ တံခါး အလုံပိတ်၊ ဘာသံမှ မကြားရတာ သေချာမှ ရေချိုးဇလုံထဲဝင်အိပ်ပြီး စာအုပ်တစ်အုပ်ကို စိတ်အေးလက်အေးဖတ်နိုင်လို့ ကျွန်တော့်ကိုယ် ကျွန်တော် နာမည်ပေးရရင် ကျွန်တော်ဟာ "စတီတ်ရှိုးကွန်မြူနစ်" ပါလို့ ပြောရင် စာဖတ်ပရိသတ်တွေ ကျေနပ်နိုင်ကြမယ်လို့ အရိုးသားဆုံး ထင်မြင်မိပါတော့တယ်။

ဘယ်လိုပဲ ဂစ်တာအကြောင်းတွေပြောပြော၊ မဖောနိုင် မပန်းနိုင် လက်ဖက်ရည်တိုက်ပြီး ဂစ်တာသမားကို ဂစ်တာအကြောင်းတွေ လာလာပြောပြတဲ့ နာမည်ရင်း ကိုရိုး…၊ ဂစ်တာကွန်မြူနစ်လို့ သတ်မှတ်ပြီး ကျွန်တော် ပေးထားတဲ့နာမည် 'သခင်စိုး' အတွက် အမှတ်တရ…

နံနက်ခင်း သတင်းစာကျွန်ုပ်

၂၂·၅·၂၀၀၃

❑



## ကျွန်တော်နှင့် ဗရိုးရှိုးပြဿနာ

ဒီနှစ် သင်္ကြန်နားနီးလေ ဂီတသမားတွေ ရပ်ဝန်းမှာ ဂီတပွဲ မရကြလို့ ညည်းတွားကြတဲ့ အသံတွေ၊ ပွဲရတဲ့ တချို့အဆိုတော်တွေကလည်း စီဒီနဲ့ဆိုကြလို့ တီးဝိုင်းသမားတွေ မလိုတော့သလောက်ရှိကြရတဲ့ သတင်းတွေက Hot ဖြစ်နေပါတယ်။ ကျွန်တော်လည်း လူထဲကလူပဲမို့ နည်းနည်းတော့ လှုပ်ခတ်ပေမဲ့ သင်္ကြန် မတီးဖြစ်လည်း ကိုယ့်အိမ်မှာ ဒီတစ်နှစ် ကလေးတွေနဲ့ နေခွင့်ရပြီဆိုတဲ့စိတ်နဲ့ သိပ်မခံစားခဲ့ရပါဘူး။

ဒါပေမဲ့ တယ်လီဖုန်းနဲ့တစ်မျိုး၊ လူကိုယ်တိုင် စတူဒီယိုမှာတွေ့ကြတဲ့ အဆိုတော်ကြီးငယ်တွေရဲ့ သင်္ကြန်ဖြစ်ရင် သူတို့ကိုခေါ်ပါဆိုတဲ့ အသံတွေကြားနေရတော့ အဆိုတော်တွေရဲ့ဖီလင်ကို နည်းနည်းတော့ သဘောပေါက်မိပါတယ်။ သူတို့က တစ်ခါဆိုပြီး စင်ပေါ်ကဆင်း၊ အနိုပ်မှာ ထိုင်ချင်ထိုင်၊ ဒါမှမဟုတ် ရေသွားကစားချင်ကစား၊ သိပ်မပင်ပန်းလှပေမဲ့ ကျွန်တော်တို့ အတီးသမားဘဝက ပွဲစက ပြီးတဲ့အထိ (အနည်းဆုံး) မနက်-ည ၆ နာရီလောက် ၃-၄ ရက်ဆက်တိုက် တီးရလို့ ပွဲပြီး ဟိုတယ်ပြန်ချိန် အိပ်ရာထဲမှာ တကယ့်ကို လူမမာလို တုံးလုံးပတ်လက်ဖြစ်ကြရတဲ့ သင်္ကြန်ရက်တွေမို့ ပွဲမတီးရလည်း အရင်နှစ်တွေ များစွာခံစားခဲ့ရတဲ့ ခံစားမှု၊ ဒီနှစ်တော့ လွတ်မြောက်ပြီဆိုပြီး ကောင်းတဲ့ဘက်က တွေးစိတ်ဖြစ်မိပါတယ်။

သူများတွေထက် ကျွန်တော်က သင်္ကြန် မတီးဖြစ်တာ ပိုပျော်တယ်လို့ ရေးရင် မယုံသူတချို့ ရှိနိုင်လို့ ရှင်းပြချင်ပါတယ်။

အဲဒါက ရှေ့လ (မေ ၁၀ ရက်နေ့) မှာ အမေရိကားကို ကျွန်တော် တတိယအခေါက်သွားတီးရမှာမို့ စတူဒီယိုမြောက်တစ်ကိုယ်တော် (Instrumental) ခွေ ၆ လပိုင်းထွက်နိုင်ရေး ပရိုဂျူဆာလက်ထဲ မေ ၁၀ ရက်မတိုင်ခင် ပေးရမယ့်တာဝန်ကလည်းရှိ၊

လက်ရှိမှာလည်း စာရေးရတဲ့အလုပ်၊ တီးဝိုင်းနဲ့တီးရတဲ့ အလုပ်၊ တစ်ကိုယ်တော် ကွန်ပျူတာနဲ့တီးရတဲ့အလုပ် စသဖြင့် နေ့စဉ်ရက်ဆက် ပြဿနာကြားထဲ သင်္ကြန်ပိတ်ရက် ၅ ရက်က ကျွန်တော့်တစ်ကိုယ်တော် တီးလုံးသံစဉ် စီဒီထွက်နိုင်ဖို့ အိမ်မှာကြိုးစားတီးရမယ့် အလုပ်တွေရှိသလို ၂၀၁၁ အမေရိကားခရီးစဉ် နံနက်ခင်းဂျာနယ်မှာရေးခဲ့တဲ့ အပိုင်း ၆ ခုလောက်ကို အသစ်တွေ ထပ်ရေးပြီး ၂၀၁၁ အမေရိကား ခရီးစဉ် စာအုပ်ရေးတော့မယ်လို့လည်း ဆုံးဖြတ်ထားလို့ သင်္ကြန်ရက်တွေဟာ ကျွန်တော့်အတွက်တော့ အားလပ်ရက်လို့ မဆိုနိုင်ပါဘူး။

တစ်ခါ နှစ်တိုင်း အိမ်နဲ့ခွဲ၊ မိသားစုနဲ့ခွဲပြီး ခရီးထွက်ရ၊ တီးရခတ်ရ၊ ဒီနှစ်တော့ ကလေးတွေနဲ့ အမျိုးသမီးနဲ့ ရေပက်ခံထွက်ရင်လည်း တကယ့်ကို ပျော်စရာသင်္ကြန်ဖြစ်ရဦးမှာပါ။ ဒါကြောင့် သင်္ကြန်နားနီးလာလေ၊ သူများတွေရဲ့ သင်္ကြန်ပွဲမရတဲ့ သတင်းတွေ၊ ပွဲရတဲ့သူတွေကလည်း ခရီးထွက်ကြဖို့ စိုင်းပြင်းနေကြတဲ့ သတင်းတွေ၊ ကျွန်တော့်ရင်ကို အထူးအခြားအဖြစ် မလှုပ်ခတ်နိုင်ခဲ့ပါဘူး။ ဒီလိုမလှုပ်ခတ်နိုင်ပေမဲ့ လှုပ်ခတ်သူတွေရဲ့ ပြဿနာတချို့ကတော့ ကျွန်တော့်ကို လာပြီးနှိုးဆွတာကို ခံစားရပါတယ်။

ဂျာနယ် ဆရာတချို့ပါ။ သူတို့တွေက ကျွန်တော့်ဆီ ဖုန်းဆက်ပြီး အစ်ကိုဒီနှစ် သင်္ကြန်ဘယ်မှာ တီးမှာလဲဆိုပြီး မေးကြပါတယ်။ ကျွန်တော်လည်း ဒီနှစ်တီးဖို့ အဆင်မပြေနိုင်ဘူး၊ အခုထိတော့ မဏ္ဍပ် မရှိသေးပါဘူးဆိုပြီး ဖြေပါတယ်။ သူတို့စိတ်ထဲ ကျွန်တော် လျှို့ဝှက်ထားတယ်များ ထင်ကြသလားမသိဘူး။ အစ်ကိုတို့တီးဝိုင်း ဘယ်မြို့မှာတီးမှာ ဘယ်တော့သိရမလဲဆိုပြီး ကျွန်တော်သင်္ကြန်တီးဝိုင်း ရမယ့်အချိန်ကို မေးပါတယ်။ ကျွန်တော်က 'မသိရသေးပါဘူး၊ ကျွန်တော်ကိုယ်တိုင်လည်း သင်္ကြန်တီးရင် ပိုက်ဆံရလို့ တီးချင်ပေမဲ့ ဒီနှစ်က အပြိုင်အဆိုင် ခေါ်ကြငှားကြတဲ့ အရင်သင်္ကြန်တွေလို မဟုတ်လို့ ဘယ်နေ့သိရမယ်လို့ မပြောနိုင်သေးပါဘူး' ဆိုပြီး ကိုယ်အလုပ်မရတာကိုတောင် မယုံသင်္ကာ ပုလိပ်စစ်စစ်နေသူ ဂျာနယ်ဆရာတွေကို ရှင်းပြပါတယ်။ ဂျာနယ်ဆရာတော်တော်များများက ဒီအခြေအနေလောက်ပြောပြရင် ကျွန်တော့်ကို နားလည်ပေးနိုင်ပေမဲ့ ဂျာနယ်ဆရာမလေး တစ်ယောက်ရဲ့စကားကြောင့် ကျွန်တော့်မှာ စိတ်ဆိုးရအခက်၊ ရယ်ရအခက်ဖြစ်မိပါတယ်။

သူက 'အစ်ကို… အခု အလုပ်မရှိသေးလည်း မြန်မြန် လက်ခံလိုက်ပါ၊ ညီမတို့ ဂျာနယ်က ဖောင်ပိတ်တော့မှာမို့ အစ်ကိုတီးရမယ့်နေရာသိချင်လို့ပါ။ ဘယ်နေ့အစ်ကိုတို့ အလုပ်ရမှာလဲ' ဆိုပြီး မေးမြန်းမှုကြောင့် 'ဒါဆို ငါ့မမေးနဲ့၊ ဘုရားသခင်ဆီသွားပြီး အင်တာဗျူးလုပ်ကြ' ဆိုပြီး ပြောရမတတ် အလုပ်မရှိသူကို ဘယ်တော့အလုပ်ရမလဲ မြန်မြန်ပြောလို့ဆိုခဲ့တဲ့ ဂျာနယ်လစ်မလေးရဲ့ ရွှေဉာဏ်တော်ကို မှတ်မှတ်ရရ

ဖြစ်နေမိပါတယ်။

သကြင်္ချန်နားနီးချိန် ပြောစမှတ်တွင်ရတဲ့ နိုင်ငံပိုင်သတင်းစာထဲက ရွှေဥဏ်တော်စူးရောက်သူရဲ့ အရေးအသားကလည်း (ကိုယ်တိုင်မဖတ်ရသေးပေမဲ့) ကြားနေရပါတယ်။ ကမ္ဘာကျော်တီးဝိုင်း (MLTR) ကို လာကြည့်တဲ့ ပရိသတ်ထက် မင်းသားတစ်ယောက်ရဲ့ free show ဖျော်ဖြေပွဲက ပရိသတ် ပိုများတယ်ဆိုပြီး ပိုက်ဆံနဲ့ကြည့်တဲ့ရှိုးနဲ့ အခမဲ့ရှိုးကို (နှိုင်းယှဉ်ပြထားလို့) သူဒီလောက်တောင် မသိဘဲ နိုင်ငံပိုင်သတင်းစာမှာ ဘာလို့ရေးခွင့်ရနေသလဲ စဉ်းစားမရဖြစ်မိပါတယ်။ ကျွန်တော့် မိတ်ဆွေတစ်ယောက်က (ခပ်ရိုင်းရိုင်းပြောပေမဲ့ ဥပမာပေးရမှာတော့ အားနာပါတယ်) မကောင်းတဲ့ မိန်းကလေးတစ်ယောက်တောင် သူ့ခန္ဓာကိုယ်ရင်းရတဲ့အတွက် ပိုက်ဆံယူတယ်၊ သူသာ (ကျွန်မကို) အခမဲ့ (ရပါတယ်) ဆိုပြီး ကြေညာလိုက်ရင် သူ့အိမ်ကို အပြေးအလွှားလာကြတဲ့ ပရိသတ်ကြောင့် အိမ်ပြိုသွားနိုင်တယ်၊ ဒီလောက်ဆိုရင် အခကြေးငွေလွှားပေးကြည့်ရတဲ့ ပရိသတ်နဲ့ အခမဲ့ကြည့်ခွင့်ရတဲ့ ပရိသတ်အရေအတွက် ကွာခြားမှု သိသင့်ပါတယ်။

အခုဟာက ကမ္ဘာကျော်တီးဝိုင်းကို မင်းသားလောက် လူလာမကြည့်ဘူးဆိုပြီး ရေးနေလို့ အခမဲ့ရှိုး ပြဿနာတွေက ကျွန်တော်တို့ ဂီတသမားတွေဟာ တစ်ခါတစ်ခါ သိုးတွေနဲ့ တူတယ်လို့ တင်စားချင်မိပါတယ်။ သိုးဆိုတာ တစ်ကောင်ကိုသတ်ဖို့ ရုံထဲခေါ်လိုက်ရင် နောက်ကကောင်တွေ အားလုံးအထဲမှာ သူတို့ကို ဘာလုပ်မလဲစဉ်းစားတော့ဘဲ အတင်း တန်းစီဝင်ကြသလိုပါပဲ။ အဆိုတော်တွေ၊ ဂီတသမားတွေ၊ နိုးကူးခွေနှိပ်စက်လို့ နာလန်မထူဖြစ်ကြရပေမဲ့ စတိတ်ရှိုးသီဆိုပြီး အသက်မွေးဝမ်းကျောင်းလုပ်ရင်း ကျားကန်နေကြရတာပါ။

ကိုယ့်သီချင်းခွေကို ပိုက်ဆံမပေးဘဲ dowmload လုပ်ပြီး နားထောင်ချင်သူ၊ အင်တာနက်ဆိုင်ကနေ MP3 အခမဲ့ကူးပြီး နားထောင်ချင်သူတွေကြားထဲ ဝါသနာကိုရှေ့ဘင်ပြီး အရှုံးမပေးဘဲ အနုပညာတွေ ဆက်ဖန်တီးမယ်ဆိုတဲ့ စိတ်မျိုးနဲ့ ခရီးဆက်ကြချိန်၊ ကြောခင်ကာလအတွင်းမှာ ပရိုမိုးရှင်းပွဲတွေ၊ ကုမ္ပဏီပွဲတွေရဲ့ ကြော်ငြာဆိုပြီး အခမဲ့ရှိုး ဆိုကြတဲ့ခေတ်ရောက်ခဲ့ပါသေးတယ်။ ကုမ္ပဏီက ငွေကြေးပေးငှားပေမဲ့ ပုံမှန်ပွဲကာနီသရိုက်တွေက ပိုက်ဆံနဲ့ ရှိုးပြပွဲသွင်းလို့မရဖြစ်ကြတော့ တဖြည်းဖြည်းချင်း စတိတ်ရှိုးပွဲလုပ်မယ့် ကန်ထရိုက်တွေပါ လျှော့ပါးပြီး ခွေလည်းမရောင်းရ၊ စတိတ်ရှိုးလည်း မဆိုရတဲ့ဘဝ ရောက်မှန်းမသိ ရောက်လာပါတော့တယ်။ ဒါပေမဲ့လည်း အဲဒီအခမဲ့ပွဲတွေ၊ ကံစမ်းမဲလက်မှတ်နဲ့၊ ဖိတ်စာနဲ့ ကြည့်ခွင့်ရတဲ့ပွဲတွေဟာ ပရိသတ်အလွန်ဆုံး ၃-၄ ထောင်အပြင် ပိုမကြည့်တဲ့ပွဲတွေမို့ လူသိပ်မသိလှပေမဲ့ အခုနောက်ပိုင်း တီဗီချန်နယ်တစ်ခုက ဖရီးရှိုး

လုပ်ပြီး Live ပြလာချိန်၊ ဂီတသမားတွေ ပျော်ပျော်ရွှင်ရွှင်၊ ကိုယ့်သီချင်း၊ ကိုယ့်အသံ၊ ကိုယ့်ရုပ်ကိုတစ်နိုင်ငံလုံးက တီဗီတွေမှာ ကြည့်ရပြီဆိုပြီး ပျော်ပျော်ရွှင်ရွှင် ဆိုကြတီးကြပါတော့တယ်။ ဒီလိုတစ်နိုင်ငံလုံးကို ဖရိုးပြတဲ့အစီအစဉ်ကြောင့် ကိုယ်ပိုက်ဆံတစ်ခါရပေမဲ့ တစ်နိုင်ငံလုံးကကိုယ့်ကို တစ်ခါတည်းနဲ့ အကုန်သိသွားပြီး နောက်တစ်ခါ လုပ်စားလို့မရအောင် ရိုးအီသွားတတ်ပါတယ်။ ဥပမာ ပြီးခဲ့တဲ့နှစ်က နိုင်ငံရပ်ခြားက အဆိုတော်ကြီးတစ်ယောက် မြန်မာပြည်ပြန်ရောက်လာပြီး သီချင်းဆိုပြချိန် တစ်နိုင်ငံလုံးက ရုတ်ရုတ်သဲသဲကြည့်ကြပေမဲ့ နောက် ၃-၄ လ ပြန်ရောက်လာပြီး ပွဲပြန်လုပ်တော့ လူစိတ်ဝင်စားမှုနည်းသွားတာ ဒီနှစ်မှာ ထပ်လုပ်တော့ တချို့ မသိကြတာတွေက နှစ်ပေါင်းများစွာစတိတ်ရှိုးပွဲတွေ၊ နိုင်ငံအနှံ့ဆိုခွင့်တီးခွင့်ကို တစ်ကြိမ်တည်း ရုပ်သံလိုင်းမှာ အခမဲ့ပြမိလိုက်တာကြောင့် သူ့ကို ပိုက်ဆံပေးကြည့်မယ့် ပရိသတ်ချက်ချင်းအများကြီးကနေ အနည်းလေးဖြစ်သွားရတဲ့ အချက်လည်း အဓိကကျပါတယ်လို့ သုံးသပ်မိပါတယ်။ ဒါတောင် သူ့ပွဲက ထိုင်ခုံလက်မှတ်နဲ့ ရောင်းတဲ့ပွဲပါ။

အခုဒီဘက်အချိန်ကာလမှာတော့ အဆိုတော်တချို့ကလည်း အခမဲ့ရှိုးဆိုပြီး တစ်နိုင်ငံလုံးကို တိုက်ရိုက်ပြတော့ သူတို့သီချင်းတွေကို ရိုးအီအောင် နိုးကူးဒီဗီဒီ ဝယ်ကြည့်ကြမယ့် ပရိသတ်အတွက် သူတို့စတိတ်ရှိုးလာဆိုပြဖို့ မလိုသလောက်ဖြစ်သွားပါပြီ။

လူဆိုတာ အတက်ကို ခက်ခက်ခဲခဲတက်ရသလောက် အဆင်းမှာတစ်ခါတည်း ဘီးတပ်ပေးလိုက်သလို ချက်ချင်း 'ဗလာအဆိုတော်' တွေဖြစ်သွားကြတာ သေသေချာချာ မသုံးသပ်ဘဲ 'ချက်ချင်းနာမည်ကြီးရေး' 'တို့အရေး' ဆိုတဲ့စိတ်နဲ့ ဦးဆောင်သူက ဦးဆောင်သလို နောက်လိုက်ကလည်း သိုးတွေလိုလိုက်ကြတဲ့ အခြေအနေအတွက် သက်ပြင်းများနီးချိန် ကျွန်တော်မပျော်နိုင်ဖြစ်ရပါတော့တယ်။ ပရိသတ်ကို အခမဲ့ မဖျော်ဖြေချင်တဲ့သဘောမဟုတ်ရပါ။ ရုပ်သံလိုင်းတွေက ကြော်ငြာနဲ့ ထိန်းထားလို့ အခမဲ့ပြလည်း သူတို့ဝင်ငွေ မထိခိုက်နိုင်ပေမဲ့ အနုပညာသမားအဆိုတော်တွေကတော့ (ဥပမာ) တင်မောင်ဆန်းမင်းဝင်း၊ ဖိုးချစ်၊ ဟန်ဇော်မိုးဝင်းတို့လို ရုံဇာတ်အဆင့်ကနေ ချက်ချင်းကြီး ဘုရားပွဲမှာ ဗလာဇာတ်ကသူတွေအဖြစ် ဘုမသိဘမသိထိုးကျသွားပါတော့တယ်။

တချို့သော အကွက်မြင်သူ အနုပညာသမားတချို့ကတော့ ကျွန်တော်မြင်တဲ့ အမြင်ထက် ပိုပြီးမြင်တတ်လို့ ထင်ပါရဲ့၊ ရိုက်ကူးရေးလုံးဝမလုပ်ဘဲ ထိန်းထားကြတာလည်း တွေ့ရပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း လူထဲကလူပဲမို့ ဗလာပွဲလည်း တီးဖူး၊ ရုံပွဲလည်း တီးဖူးခဲ့တဲ့ဘဝမှာ နောင်ဂီတသမားတွေ အမှန်တရားသိကြပါစေလို့ ဒီစာစုလေး ရေးပြလိုက်ရပေမဲ့ အချို့သောပုဂ္ဂိုလ်တွေရဲ့ ဖရိုးရှိုးအပေါ် ပုတ်ခတ်တယ်လို့ အထင်ခံ

ရမှာလည်း ကြောက်မိပါတယ်။ အဆိုတော်လေးတစ်ယောက် နာမည်ကြီးခဲ့စဉ်က သူ့သူငယ်ချင်း တေးရေးဆရာလေးကပါ မြောက်ကြွမြောက်ကြွဖြစ်ပြီး အလုပ်ကို တွတွတန်တန်မလုပ်၊ ပရိက္ခရာအခပ်တဲ့သီချင်း၊ ပိုက်ဆံယူပြီးသား သီချင်းကို မရေးဘဲ အပျော်အပါးကိစ္စတွေနဲ့ အချိန်ကုန်နေတာမြင်ရတဲ့ ကျွန်တော် မနေနိုင်လို့ ဆုံးမစကားပြောလိုက်ပါတယ်။

'မင်းသူငယ်ချင်းအဆိုတော် နာမည်ကြီးတုန်း မင်းသေသေချာချာကြိုးစားပါလား၊ နာမည်ရအောင် သီချင်းတွေရေးပါလား၊ တကယ်လို့ မင်းသူငယ်ချင်းအဆိုတော် နောင်တစ်ချိန် မြောင်းထဲရောက်သွားရင် မင်းဘယ်လိုလုပ်မလဲ' ဆိုပြီး တိုးတိုးတိတ်တိတ်ဆုံးမမိပါတယ်။ တေးရေးဆရာသမားလေးကတော့ ပြုံးပြုံးလေးနဲ့ 'ကျွန်တော်ပါ မြောင်းထဲလိုက်သွားပါမယ်' ဆိုတဲ့အတိုင်း ဒီဘက်နှစ်တွေမှာ သူတို့နှစ်ယောက်လုံး မတွေ့ရတော့လို့ သူတို့ ပြောခဲ့တဲ့စကားလို ကျွန်တော်ကိုယ်တိုင်လည်း အခမဲ့ရှိုးတွေတီးရုံမှတစ်ပါးတခြားလုပ်စရာမရှိတဲ့ ဂီတသမားတွေခေတ်ရောက်ခဲ့ရင် မြောင်းထဲရောက်ပါစေ၊ တီးရင်ကောင်းမလားဆိုပြီး အလုပ်မရှိတဲ့ သကြံန်ရက်တွေအတွက် စိတ်ကူးထဲမှာ တွေးချင်ရာတွေးနေမိပါတော့တယ်

'သကြံန်မှာ သီချင်းမဆိုရရင် သတ်သေမှာပဲ' ဆိုသူ အဆိုတော်မတစ်ယောက်အတွက် အမှတ်တရ…

**နိုနက်ခင်း သတင်းစာဂျာနယ်**

**၂၄-၄-၂၀၀၇**

❑



# ကျွန်တော်နှင့် ဖွန်ကြောင်ပြဿနာ

'ဗယ်လင်တိုင်းဒေး' ဆိုတဲ့ နှစ်စဉ် ဖေဖော်ဝါရီ ၁၄ ရက်နေ့တိုင်းမှာ အလုပ်ကိစ္စနဲ့ စတူဒီယိုသွားရင်း လမ်းတစ်လျှောက်မှာ စုံတွဲတွေကို တွေ့ရတဲ့ကျွန်တော်ဟာ သူတို့ရဲ့ ချစ်သူတို့ဘာသာဘာဝ ပျော်ရွှင်မှုတွေကိုကြည့်ပြီး ကိုယ်ပါ သူတို့လို ပြန်ငယ်ချင်စိတ် ပေါက်မိပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ဗယ်လင်တိုင်းဒေးဆိုတဲ့ ချစ်သူများနေ့ ကို မသိကြဘဲ 'ဖေဖော်ဝါရီ ၁၂ ပြည်ထောင်စုနေ့' နဲ့ 'ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့' ဆိုပြီးသာ သိကြတယ်။ ဒီခေတ်မှာတော့ ချစ်သူများနေ့ကိုပဲ သိကြပြီး ပြည်ထောင်စုနေ့၊ ဗိုလ်ချုပ်မွေးနေ့တွေကို ဂရုမပြုမိသူ စုံတွဲတချို့တွေရဲ့ ဖက်ရှင်ကိုပါ သတိထားကြည့်မိတော့ တီရှပ်လည်း အတူတူဝတ်၊ ဖက်ရှင်လည်းအတူတူ၊ ချစ်ကြည်လွန်းလို့ ဆင်တူဝတ်ကြတဲ့ စုံတွဲလေးတွေကိုကြည့်ပြီး ကျွန်တော့်သူငယ်ချင်းတွေ ထဲက ကျွန်တော့်ကိုဒုက္ခပေးတဲ့နေရာမှာ ဗိုလ်စွဲထားတဲ့ သူငယ်ချင်းရဲ့ အချစ်နတ် ဖမ်းစားခံ ရမှုတွေကို သတိရမိပြီး ဗယ်လင်တိုင်းနေ့အထိမ်းအမှတ် (တကယ်တော့ အဲဒီရက်က ကျော်သွားပါပြီ) ရေးဖို့ စိတ်ကူးမိပါတော့တယ်။

သူ့လိုပဲ အချစ်နတ်ဖမ်းစားခံရသူတွေ အများအပြားလည်း ရှိနိုင်တာမို့ လူ့လောက ထဲမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ရယ်စရာလေးလို့ပဲ သဘောထားပြီး ဖတ်ရှုပေးကြပါလို့ မေတ္တာရပ်ခံရင်း ရေးသားတင်ပြလိုက်ရပါတော့တယ်။

ကျွန်တော့်သူငယ်ချင်းက တက္ကသိုလ်တက်တော့ တစ်ခန်းတည်းအတူတူတက်သူ မို့ လူချင်း မခွဲနိုင်မခွာရက် ဖြစ်ရလောက်အောင် ရင်းနှီးသလို ကျွန်တော် အလုပ်အကိုင် မရှိစဉ် ကာလတွေမှာလည်း သူ့ဆီမှာပဲကပ်ပြီး စားသောက်ရပါတယ်။ ဒီကောင်ရဲ့ ထူးခြား တဲ့ အရည်အသွေးတွေက အများကြီးရှိပါတယ်။ သူ့ကုန်စုံဆိုင်လေးကို ကျွန်တော့်အိမ်က

နိုင်းလိုက်လို့ သွားဝယ်ရင် (ဒါမှမဟုတ်) အိမ်ကိုသူလာပို့ရင် ဝယ်သမျှပစ္စည်း (သူငယ်ချင်း အချင်းချင်း) ဆိုပြီး နည်းနည်းမှ အပိုမပေးသလို၊ ဈေးလည်း မလျှော့ပါဘူး။

သူဘယ်လိုနေရာမှာ ပိုက်ဆံသုံးသလဲဆိုတော့ သူကြိုက်တဲ့ကောင်မလေးတွေ ပိုးပန်းတဲ့အခါ အဖော်လိုက်ပေးရင် ကျွေးမွေး ဒကာခံတဲ့နေရာမှာသာ ပိုသုံးပါတယ်။ ဒီအတွက် ကျွန်တော့်ကို အတင်းအရှော့မော့ ခေါ်ပါတော့တယ်။ ကိုယ်ကလည်း တက္ကသိုလ်ကျောင်းသားဖြစ်ခါစ၊ ကျောင်းပိတ်လို့ အလုပ်မရှိ၊ အကိုင်မရှိ၊ ဝင်ငွေမရှိဖြစ်နေချိန် သူစိတ်ချမ်းသာအောင် မြှောက်ပင့်ပြောပြီး သူကျွေးသမျှ အမြတ်ပဲလို့ သဘောထားနေရချိန်ပါ။

လက်ဖက်ရည်ဆိုင် ကောင်တာထိုင်တဲ့ ကောင်မလေးကို ပိုးပန်းချင်လို့ မနက်ရော၊ ညပါ လက်ဖက်ရည်ဆိုင် သွားသွားထိုင်ဖို့ ကျွန်တော့်ကို အမြဲလာခေါ်ပါတယ်။ ဒီလိုလာလာခေါ်တာကို ကျွန်တော့်အဖေက ခွင့်ပြုပေမဲ့ စစ အရေးအခင်းဖြစ်နေချိန်၊ လမ်းတိုင်းလိုလိုမှာ သစ်ပင်တွေနဲ့ပိတ်၊ ဝါးကပ်တွေကာနေကြတဲ့ ကာလဖြစ်လို့ လက်ဖက်ရည်ဆိုင်ထိုင်ဖို့ လာခေါ်တာကို တကယ်တော့ အဖေက သိပ်စိတ်မချချင်ပါဘူး။

အခြေအနေက ဒီထက်ပိုဆိုးပြီး သေနတ်သံတွေ တဒိုင်းဒိုင်းကြားက သူပိုးနေတဲ့ကောင်မလေးရဲ့ လက်ဖက်ရည်ဆိုင်တံခါးပိတ်ပြီးရောင်းတဲ့အထဲ ဝင်ထိုင်ပြီး ဖွန်ကြောင်ဖို့ ကျွန်တော့်ကိုလာခေါ်ချိန်မှာ ကျွန်တော်အဖေက 'မင်းသူငယ်ချင်း လက်ဖက်ရည်ဆိုင်ကိုသေနတ်သံတွေကြားမှာတောင် သွားထိုင်တာ၊ လက်ဖက်ရည်တော်တော်ကြိုက်တဲ့ကောင်ပဲ' လို့ တကယ်မသိလေသလား၊ ရွဲ့ပြောသလားမသိ၊ မှတ်ချက်ချပါတယ်။

ဒါပေမဲ့ အချစ်နတ်ဖမ်းစားခံရသူကြီးကတော့ ရွှေသွားတဝင်းဝင်းနဲ့ တဟဲဟဲရယ်ရင်း အတင်း လာခေါ်ပါတယ်။ (ဒီကောင်က တရုတ်လူမျိုးပါ၊ နှစ်ပေါင်းများစွာ ဘွဲ့လာကြတော့ ဒီကောင် ဘယ်သွားသလဲ စောင့်ကြည့်ရင် 'သူဘယ်ကောင်မလေးကို ကြိုက်နေလဲ' တန်း ပြောနိုင်တဲ့အထိ ကျွန်တော် သူ့အကြောင်းသိလာပါတယ်) ဒီကောင်ဆိုင်တဲ့ဆိုင်ရဲ့ ဘေးပတ်ဝန်းကျင် (ဒါမှမဟုတ်) အဲဒီဆိုင်ထဲမှာ သူကြိုက်တဲ့ကောင်မလေး ဘစ်ယောက် ကျိန်းသေရှိပါတယ်။ ဒီလိုသိရတဲ့အကြောင်းက ကျွန်တော်နဲ့ ကျွန်တော့်နီးလက်ထပ်ပြီး သူတို့တိုက်ရဲ့ အပေါ်ထပ်မှာငှားနေချိန်က စပါတယ်။

ကျွန်တော့်ဆီလာတဲ့ သူငယ်ချင်းကို ဒီကောင်က လမ်းထောင့်မှာတွေတော့ (သူ့နဲ့သည်း ခင်နေလို့) 'လက်ဖက်ရည်တိုက်ပါရစေ' ဆိုပြီး အတင်းဧည့်သည်လုယူပါတော့တယ်။ ကျွန်တော့်သူငယ်ချင်းလည်း ကျွန်တော့်ဆီမရောက်ခင် အခုလို ဒီကောင်အတင်းလက်ဖက်ရည်တိုက်ပါမယ်ဆိုပြီးပြောတာ အားနာတာကြောင့် လက်ဖက်ရည်ဆိုင် ထိုင်မယ်ဆိုတော့ သူထိုင်နေတဲ့ အနီးအနားက ဆိုင်သေးသေးလေးထဲ အတင်းခေါ်ပါတော့တယ်။

ဒီကောင်ကြိုက်နေတဲ့ ကောင်မလေးဖွင့်တဲ့ ဆိုင်ဆိုတာ မရိပ်မိတဲ့သူငယ်ချင်းက ကျွန်တော်နဲ့တွေ့တော့ "ငါကို လက်ဖက်ရည် အတင်းတိုက်ချင်လို့ပါပြောပြီး ခေါ်သွားတာ၊ လက်ဖက်ရည်ဆိုင်မဟုတ်ဘဲ လက်ဖက်သုပ်ဆိုင်လေး ဖြစ်နေတယ်။ ကော်ဖီမစ်ပဲရတယ်" လို့ပြောမှ ဒီကောင် အဲဒီဆိုင်ရှင်ကောင်မလေးကို ကြိုက်ပြီး လက်ဖက်သုပ်ဆိုင်ထဲ ခဏခဏ ဝင်လို့ မရတာကြောင့် လမ်းပေါ်လာတဲ့ သူ့ကို အတင်း ဆွဲသွင်းပြီး ဖွန်ကြောင်တာကို ကျွန်တော်ရှင်းပြလိုက်မှ သဘောပေါက်သွားပါတယ်။

ဒီလိုလက်ဖက်သုပ်ဆိုင်ကကောင်မလေးကို ကြိုက်နေတဲ့ကောင်ဟာ မနက်ခင်း တစ်ခုမှာတော့ ကျွန်တော်နဲ့ တွေ့ရောဆိုပါစို့။ သူဝတ်ထားတဲ့ တီရှပ်က အနီရောင်ပါ။ ကျွန်တော်လည်း သူ့နဲ့စကားပြောပြီး ကျွန်တော့်ကားမောင်းထွက်လိုက်တော့ အဲဒီဆိုင်က ကောင်မလေးက အနီရောင်တီရှပ်လေးနဲ့ပါ။ ချစ်သူဆိုတာ ရည်းစားမဖြစ်သေးပေမဲ့ စိတ်ချင်း တိုက်ဆိုင်တတ်သားပဲဆိုပြီး ကျွန်တော် မှတ်ချက်ချလိုက်ပါတယ်။

နောက်တစ်နေ့ ကောင်မလေးက လိမ္မော်ရောင်တီရှပ်၊ ဒီကောင်ကလည်း လိမ္မော်ရောင်။ နောက်တစ်နေ့ ကောင်မလေးက အပြာရောင်၊ ဒီကောင်ကလည်း အပြာရောင် ဆိုတော့ တိုက်ဆိုင်တာ မဖြစ်နိုင်မှန်းသိပြီး ဒီကောင် ဝရန်တာကနေ မနက်လင်းတာနဲ့ ကောင်မလေးဝတ်ထားတဲ့ အင်္ကျီအရောင်ကို လှမ်းကြည့် (အရှက်မရှိ) အဲဒီ အရောင်လိုက် ပြီးဝတ်၊ မျက်နှာပြောင်ပြောင်နဲ့ ဖွန်ကြောင်နေမှန်း ကျွန်တော်ရိပ်မိသွားပါတယ်။

ဒီကောင့်ကို အဲဒီကိစ္စမေးတော့မှ စပ်ဖြီးဖြီးနဲ့ ဝန်ခံပါတယ်။ အပြင်လောကမှာ လည်း အသက်ကြီးကာမှ မိန်းမနဲ့အင်္ကျီ ဆင်တူဝတ်သူ၊ ဖွန်ကြောင်ကြီးတွေမြင်တိုင်း ဒီကောင့်ကို အမြဲသတိရမိပါတယ်။

ဒီကောင်ရဲ့ အကျင့်တစ်ခုက ကောင်မလေးခပ်ချောချောတွေပြီဆိုရင် ကျွန်တော့်ကို ပြောသလိုနဲ့ ကောင်မလေး သူ့ကို အထင်ကြီးအောင် အော်ကြီးဟစ်ကျယ်ပြောလေ့ရှိပါ တယ်။ ဥပမာ "ဟေ့ကောင် နိုင်ဇော်၊ ငါ့အဖေက ငါ့ကို အမေရိကားသွားခိုင်းနေတယ်၊ မသွားရင် ငါ့မှာရည်းစား မရှိဘဲနဲ့ဒီမှာ အိမ်ထောင်ပြုရမယ်တဲ့၊ ငါမှ မကြိုက်တာ ဘယ်လိုလုပ်ရမလဲ" စသဖြင့် ဘေးကကောင်မလေးတွေ သူ့ကိုမကြည့်ကြည့်အောင် ပေါက်တတ်ကရတွေ ပြောတဲ့ဝါသနာရှိတယ်။

သူက အဲဒီ မဟုတ်ကဟုတ်က စကားတွေကို မရယ်မပြုံးခပ်တည်တည်နဲ့ ပြောလာ တော့ ရယ်ချင်လာတဲ့ ကျွန်တော်လည်း ကောင်မလေးတွေ ရှိလာပြီဆိုရင် ဒီကောင်နဲ့ ခပ်ဝေးဝေး နေရပါတော့တယ်။

ဒီကောင် ရည်းစားတစ်ယောက် အသက် ၄၀ ကျော်မှ ရလာတဲ့အကြောင်းကလည်း ရယ်စရာပါ။ ကောင်မလေး ခပ်ငယ်ငယ်တစ်ယောက်ကို စက်ဘီးပေါ်တင်ပြီး လမ်းထဲ

ပတ်စီးနေတာ ကားပေါ်ကမြင်ရတဲ့ ကျွန်တော် ဒီကောင် (လူပျိုကြီး) ဘဝတော့ လွတ်ပြီ ကျွတ်ပြီဆိုပြီး သူ့အတွက် ဝမ်းသာမိနေပါတယ်။ ကျွန်တော်က မိန်းမနဲ့ကလေးနှစ်ယောက် အဖေဖြစ်ပြီး မိသားစုဘဝတစ်ခုဖြစ်နေချိန်မှာ ဒီကောင့်ကို ယောင်လည်လည်မဖြစ်စေချင်လို့ ညနေခင်းလက်ဖက်ရည်ဆိုင်ရှေ့ ဒီကောင်ဖြတ်သွားတုန်း လက်ဖက်ရည်ခေါ်တိုက်ရင်း သူ့ရည်းစားကောင်မလေးအကြောင်း မေးကြည့်မိတယ်။

ဒီကောင်က တော်တော်စိတ်ပျက်လက်ပျက်ဖြစ်တဲ့လေသံနဲ့ ရှင်းပြပါတယ်။ သူ့အိမ်နားက ကောင်မလေးပါတဲ့။ စီးပွားရေးလုပ်ငန်းကြီးတစ်ခုက ဖွင့်ထားတဲ့ဆိုင်က ဝန်ထမ်းကောင်မလေးကို ဒီကောင် (ရှေ့မှာ ရေးခဲ့သလို) အဲဒီနား ကွက်ကြည့်ကွက်ကြည့်ဖွန့်သွားကြောင်းရာက ကောင်မလေးက ဒီကောင့်အကြောင်းသိသွားပြီး အချဉ်ဖမ်းပြန်ကြိုက်လိုက်ပုံရပါတယ်။ ဘာကြောင့် ဒီလိုပြောနိုင်သလဲ၊ သူများသားသမီးကိုဆိုပြီး ဆန္ဒမစောလိုက်ပါနဲ့။ ဒီကောင် ကောင်မလေးကို ရည်းစားဘဝမှာ တစ်နေ့ ကောင်မလေးအိမ်စရိတ်ခုနစ်ထောင် ပုံမှန်ပေးရပါတယ်။ မနက်ဆိုရင်လည်း မြို့စွန်ကကောင်မလေးဆီ သူ့တက္ကစီကားနဲ့ သွားကြိုရပါတယ်။ မနက်ကောင်မလေးစားဖို့ လက်ဖက်ရည်၊ ပေါက်စီ ပူပူနွေးနွေးဝယ်ပြီး သွားပို့ပေးပါတယ်။ ညနေ အလုပ်ပြီးတာနဲ့ သူ့တက္ကစီကားနဲ့ အိမ်ပြန်ပို့ပေးရပါတယ်ဆိုပြီး ငိုသံပါကြီးနဲ့ ရင်ဖွင့်ပါတယ်။

ကောင်မလေးက အခုလို အိမ်စရိတ်တောင်းတာ ရည်းစားဘဝမို့ ခုနစ်ထောင်နဲ့ ကျေနပ်တာ၊ အိမ်ထောင်ပြုရင် တစ်ရက်တစ်သောင်းခွဲ သူ့အိမ်အတွက်ပေးရမယ်ဆိုလို့ သူတက္ကစီမောင်းနေတဲ့ ပိုက်ဆံနဲ့ ရည်းစားဆီ ပုံမှန်ပေးနိုင်ဖို့ အပြေးအလွှား ပင်ပင်ပန်းပန်း ပိုက်ဆံရှာနေရတဲ့ သူ့ဘဝကို ကျွန်တော် တော်တော်လေး သနားသွားမိပါတယ်။ ကောင်မလေးက သူ့သူငယ်ချင်းဆိုပြီး ကောင်လေးတစ်ယောက်နဲ့ လျှောက်သွားရင်လည်း သူ့ကားနဲ့လိုက်ပို့ပေးရပါသေးတယ်။ ပိုက်ဆံချမ်းသာလို့ ကီပင် (Keeping) ထားတတ်တဲ့ သူဌေးတွေအကြောင်း ကြားဖူးသမျှ ချစ်သူရည်းစားကောင်မလေးကို တစ်နေ့စျေးဖိုး ခုနစ်ထောင်ပေးရတဲ့ ဒီကောင့်အတွက် ကျွန်တော် နားမလည်နိုင်အောင်ဖြစ်ရပါတော့တယ်။

မြင်သမျှ ကြားရသမျှ ပေါက်တတ်ကရ ဖွန့်ကြောင်ပြဿနာတွေနဲ့ လုံးထွေးနေတဲ့ ဒီကောင့်အကြောင်း တစ်နေ့ သူ့အမေက ကျွန်တော့်ကို ရင်ဖွင့်ပါတော့တယ်။

'သားသူငယ်ချင်းကိုလည်း နည်းနည်းတော့ မေးကြည့်ပေးပါဦး၊ မိတ်ဆွေတစ်ယောက် သိမ်ကြီးဈေးမှာ နှင့်သား ပုစွန်ခြောက်သုံးပိဿာဝယ်နေတယ်လို့ အန်တီ့ကို ပြန်ပြောတယ်။ သူဝယ်တဲ့ ပုစွန်ခြောက် သုံးပိဿာထဲက တစ်ကောင်တောင် အန်တီတို့ စားရပါဘူး။ အိမ်ကိုလည်း ယူမလာဘူး။ ဘယ်ကောင်မကို သွားပေးနေလဲမသိဘူး' ဆိုပြီး စိတ်ပျက်လက်ပျက် ရင်ဖွင့်ပါတော့တယ်။

ကျွန်တော်လည်း ငယ်သူငယ်ချင်းရဲ့ အကြောင်းသိသူပီပီ ဒီကောင်လုပ်ချလိုက်ပြန်ပြီလို့ တွေးရင်း သူနဲ့တွေ့ချိန် အကျိုးအကြောင်းမေးရပါတော့တယ်။

ဒီကောင်က စပ်ဖြဲဖြဲနဲ့ "ငါနောက်ထပ် ကောင်မလေးတစ်ယောက်နဲ့ ရည်းစားဖြစ်နေပြီ" ဆိုပြီး ပြန်ဖြေပါတယ်။ ကျွန်တော်လည်း ဒါဆို ပုစွန်ခြောက်သုံးပိဿာက သူ့အိမ်အတွက်လားဆိုတော့ "သူ့အိမ်အတွက်မဟုတ်ဘူး၊ ကောင်မလေးကို ကုန်စုံဆိုင်ထောင်ပေးထားတာ" လို့ ဝင့်ဝင့်ကြွားကြွား ပြန်ဖြေပါတယ်။ ကျွန်တော်လည်း သူ့အမေနဲ့တွေ့ချိန် "အန်တီသားက သူ့ကောင်မလေးကို ကုန်စုံဆိုင်ဖွင့်ပေးထားတာ" လို့ အမှန်အတိုင်း သတင်းပေးချင်ပေမဲ့ အဘွားကြီး စိတ်ဆိုးမှာကြောက်လို့ လိမ်ညာပြောရပါတော့တယ်။ ဒါပေမဲ့လည်း သူ့ကိုမွေးထားတဲ့ အမေမို့ သားထက်ပိုလည်ပြီး သိသွားပုံရပါတယ်။

တစ်ညနေ ကျွန်တော်အိမ်ပြန်လာချိန် အဘွားကြီးက ရယ်ရယ်မောမောနဲ့ "နင့်သူငယ်ချင်း ကားဂိုဒေါင်ထဲမှာ ငိုနေတယ်တယ်၊ သွားကြည့်ပါဦး" ဆိုပြီး လှမ်းပြောပါတယ်။

တစ်ဖက်သားကတော့ ရယ်နေချိန်မှာ သူကငိုနေတာ ထူးဆန်းနေလို့ "ဘာဖြစ်လို့လဲ" မေးကြည့်တော့ "သူ့ကောင်မကို ကုန်စုံဆိုင်ဖွင့်ပေးထားတာ။ အဲဒီကောင်မက သူ့ဆိုင်ဘေးက ဈေးရောင်းတဲ့ကုလားနဲ့ လိုက်ပြေးသွားလို့ ဒီကောင်ထိုင်ငိုနေတာ" ဆိုတဲ့ သတင်းကြားရတဲ့ကျွန်တော် ဖွန်ကြောင်ကြီး သူငယ်ချင်းရဲ့အဖြစ်ကြားရလို့ ငိုရမလို၊ ရယ်ရမလို ဘယ်လိုနှစ်သိမ့်ရမလဲ အဖြေရှာလို့မရဘဲ ဒီကောင်နောက်ထပ် ရည်းစားအသစ်တွေ့ပြီး ဘယ်လိုပြဿနာကို ကျော်ဖြတ်မလဲဆိုတာသာ အမြဲစောင့်ကြည့်နေမိပါတော့တယ်။

တက္ကသိုလ် ကျောင်းနေဖက်၊ ဆိုးဖော်ဆိုးဖက်၊ ရည်းစားကို ဂစ်တာမတီးတတ်ဘဲ ပိုးပန်းချင်လို့ အမှောင်ထဲမှာပုန်းပြီး ကျွန်တော်သူ့အတွက် ဂစ်တာတီးပေးခဲ့ရသူ သူငယ်ချင်းလူပျိုကြီးတစ်ယောက်အတွက် အမှတ်တရ…

နံနက်ခင်း သတင်းစာဂျာနယ်
၆.၃.၂၀၀၀

❑



## ကျွန်တော်နှင့် ရုပ်ရှင်သီချင်းပြဿနာ

ဒီကိစ္စကို ရေးသင့်တယ်ထင်ပြီး ရေးဖို့ အချိန်အခါစောင့်ခဲ့တာကြာပါပြီ။
ကိုယ်လိုချင်တဲ့ အပင်တစ်ပင် ပေါက်စေချင်ရင် မြေကြီးပေါ်ကို သစ်စေ့ကလေး တစ်စေ့ ချလိုက်မှ ကိုယ်ရှင်သန်စေချင်တဲ့ သစ်ပင်တစ်ပင် ဖြစ်လာမှာ အသေအချာမို့ ရုပ်ရှင် သီချင်းအသစ်၊ ဗီစီဒီ၊ ဓာတ်ကားသီချင်းအသစ်တွေ ပေါ်ထွက်စေချင်တဲ့စေတနာနဲ့ ဂီတ အစည်းအရုံးရဲ့ အစည်းအဝေးတိုင်းလိုလို၊ ရုပ်ရှင်သီချင်းအသစ်တွေရဲ့ သီချင်းအသုံးပြု ကြပုံပြဿနာကို "ကျွန်တော်တို့ ညှိနှိုင်း ဖြေရှင်းရေးအဖွဲ့"က ညှိနှိုင်းပေးရင်း သိခဲ့ကြရတဲ့ အဖြစ်တွေနဲ့ သုံးသပ်ပြီး နောင်တစ်ချိန်မှာ စည်းစနစ်ကျဖို့ ကိုင်တွယ်သင့်ပြီလို့ အကြံပေး လေးရှိခဲ့ပါတယ်။

အဲဒီပြဿနာတွေထဲက ဥပမာတစ်ခု စာဖတ်ပရိသတ်တွေ သိသင့်တယ်ထင်ပြီး ရေးပြပါရစေ...

လွန်ခဲ့တဲ့ ၃ နှစ်ခန့်က နာမည်ကြီး အဆိုတော်ရဲ့ သီချင်းတစ်ပုဒ်ကို ရုပ်ရှင်တစ်ကား ထဲမှာ ခွင့်မတောင်းဘဲထည့်သုံးထားတယ်ဆိုပြီး တိုင်စာတစ်စောင် ညှိနှိုင်းရေးအဖွဲ့ဆီ ရောက်လာပါတယ်။ တကယ်ဆို ကျွန်တော်တီးခဲ့တဲ့ သီချင်းတွေ မြောက်များစွာကို ဘီစီကပြန်လွှင့်ပြချိန်၊ ဗီစီဒီဓာတ်ကားတွေထဲမှာ သုံးထားမှန်း ကြည့်ရမှ ကျွန်တော်က သိရနေပေမဲ့ ကိုယ်က စမလုပ်ချင်လို့ နှုတ်ပိတ်နေခဲ့ပါတယ်။

အခုကိစ္စကို တေးရေးက သူ့ကိုပိုက်ဆံမပေးဘဲသုံးလို့တိုင်...၊ အဆိုတော်က သော့ တေးရေးရတာကို မှုယူဆိုတဲ့အဆိုတော်မို့ တေးရေးရဲ့တိုင်ကြားမှုအရ ရုပ်ရှင်ကုမ္ပဏီ နဲ့ ကိုယ်စားလှယ်ကိုဖိတ်ခေါ်ပြီး ဂီတအစည်းအရုံးမှာ ညှိနှိုင်းပေးခဲ့ရပါတယ်။ ကုမ္ပဏီ ဘက်က တေးရေးကိုပေးဖို့ ပိုက်ဆံပါကြိုတင်ယူလာတာကြောင့် အခက်အခဲမရှိဘဲ ဖြေ

ရှင်းရေး ပြီးဆုံးချိန်၊ ကုမ္ပဏီဘက်က တာဝန်ခံ အစ်ကိုကြီးကို လူချင်းလည်း လေးစား သမှုနဲ့ မေးလိုက်မိပါတယ်။

'အစ်ကို... ဒီသီချင်းကို အစောကြီးထဲကဝယ်ပြီးသုံးရင် ကျွန်တော်တို့လည်း အလုပ်မရှုပ်၊ အစ်ကိုတို့လည်း အတိုင်မခံရ၊ ပြဿနာလည်းမရှိ ဖြစ်ရမှာ။ ဘာလို့ စောစောထဲက မဝယ်တာလဲ' လို့ စပ်စုလိုက်တယ်။ အဲဒီဆရာက ဒီသီချင်းက ကြိုဝယ်ထားဖို့ ရိုက်ကွင်း မစခင်... 'မင်းသား... ဘယ်သီချင်းသုံးချင်လဲ' မေး၊ မင်းသားက သူကြိုက်တဲ့ သီချင်းပြောတာနဲ့ စီဒီလိုက်ရှာ၊ မတွေ့ရင်ဆိုင်ကသွားဝယ်ပြီး ရိုက်ရတာဖြစ်နေလို့ မင်းသားစိတ်တိုင်းကျတဲ့ သီချင်းကို ဒါရိုက်တာလည်း ပုတ်ပြတ်စနစ်နဲ့ ကုမ္ပဏီက ပိုက်ဆံအပြတ်ယူရိုက်တော့ သီချင်းကိစ္စအတွက် ဘယ်သူ့ဆီက သွားဝယ်ရမှန်း လည်း မသိ၊ ရိုက်ကွင်းက နောက်တစ်နေ့မှာ နောက်ပြဿနာတွေနဲ့ ရှုပ်နေတော့ သီချင်း ဝယ်ဖို့လည်းသတိမရကြဘဲ ကုမ္ပဏီကို အဲဒီကားအပ်၊ ကုမ္ပဏီကလည်း သူတို့ဆီရောက် လာတဲ့ ရုပ်ရှင်ဇာတ်ကား (ဗီစီဒီဇာတ်ကား)ကို အားလုံး ပိုက်ဆံပေးပြီးပြီလို့ထင်ပြီး ရုံတင်၊ ဗီစီဒီကို နယ်တွေဖြန့်၊ အခုလိုမကျေနပ်လို့ တိုင်တော့မှ ရုပ်ရှင်ကုမ္ပဏီက ဘုမသိဘမသိနဲ့ မင်းသားကြိုက်တဲ့သီချင်း၊ ဒါရိုက်တာက ပုတ်ပြတ်ပိုက်ဆံယူရိုက်တဲ့ဇာတ်ကားကို ကုမ္ပဏီပြဿနာ မဖြစ်အောင် ရှင်းရတဲ့အဖြစ် ရောက်ရပါတော့တယ်' လို့ရှင်းပြတာကြောင့် ဒီလိုအဖြစ်မျိုးမဖြစ်အောင် အနုပညာရှင် (ဂီတပညာရှင်)တွေရဲ့ သီချင်းတွေကို ခွင့်ပြုတဲ့ လက်မှတ်ပါမှ အဲဒီဗီစီဒီ၊ ရုပ်ရှင်တွေ ဆင်ဆာတင်သင့်တယ်ဆိုပြီး ဂီတအစည်းအရုံးက တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို အဖြစ်မှန်သိအောင် ဂီတအစည်းအရုံး ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ရဲ့ တင်ပြမှုကြောင့် ဆင်ဆာတင်တဲ့အချိန်၊ အဲဒီဗီစီဒီ၊ ရုပ်ရှင်ထဲကပါတဲ့ သီချင်းတွေရဲ့ အနုပညာရှင်တွေ ခွင့်ပြုချက်လက်မှတ်ပါရမယ်ဆိုတဲ့ စည်းကမ်းချက်လေး တစ်ခု အဖြေရှာတွေ့ခဲ့လို့ ကျွန်တော်တို့ ဂီတလောကသားတွေ အမြဲဖြစ်ရတဲ့ ပြဿနာတစ်ခု တော့ ပြီးဆုံးပြီလို့ ဝမ်းသာရမယ်မကြံသေးဘူး၊ နောက်ထပ်ပြဿနာတစ်ခု ထပ်ကြုံရပါ တော့တယ်။ အဲဒါက သီချင်းအသုံးပြုခ ခွဲဝေရေးပုံစံပါ။

ဟိုတယ်ကြီးတစ်ခုမှာ ညစာစားပွဲတစ်ခုတက်ဖို့ ဂျာနယ်ကြီးတစ်စောင်ကဖိတ်လို့ ကျွန်တော် တစ်ယောက်တည်းသွားတော့ ကျွန်တော် မသိကျွမ်းတဲ့ ပုဂ္ဂိုလ်ကြီးတချို့နဲ့ ထိုင်ခွင့်ရပါတယ်။ အဲဒီအထဲက ဆရာတစ်ယောက်က သူတို့အချင်းချင်း ပြောနေကြတဲ့ စကားကို မရည်ရွယ်ဘဲကြားရတဲ့ကျွန်တော် မနေနိုင်တော့ဘဲ အားနာနာနဲ့ ဝင်ပြီးရှင်းပြရ တဲ့အဖြစ် ရောက်ခဲ့ရပါတော့တယ်။

အဲဒီဆရာသမားက 'အခုသီချင်းတစ်ပုဒ်ကို အသုံးပြုဖို့ ဂီတအစည်းအရုံးက ခွဲဝေ ထားတဲ့စနစ်က အလွှာငါးလွှာလုံးခွဲယူရမယ်တဲ့။ ကျွန်တော်လည်း WIPO (ဝိုက်ပို)

သင်တန်းမှာ တစ်ခါမှမကြားဖူးပါဘူး။ သူတို့လက်ထက်မှ မဆီမဆိုင် အတီးသမားတွေကို ပိုက်ဆံထပ်ပေးရတယ်" ဆိုတဲ့စကားက ရိုးရိုးလူတစ်ယောက်ပြောရင် ကျွန်တော် ခွင့်လွှတ်နိုင်ပေမဲ့ အခုလို သင်တန်းအတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်က ပြောလာတာကြောင့် ရိုးရိုးသားသားပဲ ဝင်ရှင်းပြရပါတော့တယ်။

အန်ကယ်၊ ဒါကဒီလိုရှိပါတယ်။ သီချင်းတစ်ပုဒ်ကစပြီး ဖန်တီးကတည်းက မြန်မာနိုင်ငံမှာ ဘယ်နေရာမှာ သုံးမယ်၊ ဘယ်လောက်ယူဆိုတဲ့ စည်းကမ်းမျိုး၊ အနုပညာသမားတွေ အချင်းချင်း ဟိုးအရင်ကတည်းက စာချုပ်စာတမ်း မလုပ်ထားကြတာများပါတယ်။ အတီးသမားတွေက အဆိုတော်ရဲ့သီချင်း တေးရေးတစ်ယောက်ရဲ့ သီချင်းကို ပရိသတ်ပါးစပ်ဖျားရောက်ဖို့ သူတို့ရင်ထဲက ဂီတတွေနဲ့ထပ်ပြီး အမွှမ်းတင်ရပါတယ်။ ဥပမာ စိုင်းဆိုင်မောဝ်ရဲ့သီချင်း (အဲဒီသီချင်းကတော့ copy ထင်ပါရဲ့)"ရှမ်းပဲပုပ်ကလေး ကျွန်တော်" ဆိုတဲ့သီချင်း အင်ထရို "ဆိုမီဆို… ဒိုရေ…မီ ရေမီဆိုမီ… ရေရေမီရေဒိုလာဆိုဒို" (Note ရဲ့အသံထွက်ပါ) ဆိုတဲ့ သံစဉ်က သီချင်းထဲမှာ မပါပါဘူး… တူရိယာပညာရှင်ရဲ့ သီးသန့် အားထုတ်မှုပါ။ သီချင်းရေးသူရဲ့ သံစဉ်ကိုမယူဘဲ အတီးပညာရှင်ကိုယ်တိုင်က အားထုတ် ရှာဖွေတီထွင်တဲ့ သံစဉ်ကို အောင်မြင်သွားတဲ့သီချင်းနဲ့ အတူတူ လူသိသွားပြီဆိုခဲ့ရင် အဲဒီသီချင်းကို ဘယ်လိုပဲပြန်တီးတီး… အဲဒီ intro, solo ကို တီးခတ်တဲ့ပုဂ္ဂိုလ်တွေကို မူပိုင်တီးခတ်သူအနေနဲ့ အသိအမှတ်ပြု အသုံးပြုခပေးကြရပါတယ်။ ဥပမာ မိုက်ကယ်ဂျယ်ဆင်က Beat it solo ကို Van Hallen (ဂစ်တာသမားကောင်း)ကို ခေါ်ပြီးတီးလို့ အဲဒီသီချင်း ဘယ်သူသုံးသုံး မိုက်ကယ်ဂျက်ဆင် (ဒါမှမဟုတ်) တေးရေးတစ်ဦးတစ်ယောက်တည်း မရနိုင်ပါဘူး။ **သီချင်းတစ်ပုဒ်ကို မဂ္ဂဇင်းမှာ ပြန်ဖော်ပြရင်တောင် အဲဒီသီချင်းရဲ့အောက်မှာ ဘယ်သူတွေပိုင်တယ်ဆိုတဲ့အကြောင်း၊ အတီးပဒေသာတွေရဲ့ နာမည်တွေနဲ့ အတိအကျဖော်ပြထားတဲ့ ဂစ်တာမဂ္ဂဇင်းတွေ ကျွန်တော်မှာ ဗီရိုတစ်လုံးစာ ရှိပါတယ်။** ဒါကြောင့် အတီးသမားကို ပေးခွင့်မရှိဘူးဆိုတဲ့ကိစ္စ အရှင်းကြီးပါ။ ဒီလိုပေးရတာက ဒီအတီးသမားတွေက တီးပိုင်း တစ်ပိုင်းလုံး၊ အဆိုတော်ပါ အဖွဲ့လိုက်မို့ပေးတယ်ဆိုရင်လည်း session အတီးသမားတွေကို (ဥပမာ မက်ဒေါနားလို) ပေါ့ပ်အဆိုတော်နောက်က တီးပေးရတဲ့ အမည်မသိပညာရှင်တွေကို စတီးကတည်းက တစ်ခါပဲပိုက်ဆံပေးမယ်၊ အသေအချာညှိနှိုင်းပြီးမှ စာချုပ်စာတမ်းနဲ့ တီးခိုင်းမှသာ အဲဒီသီချင်းဘယ်နေရာသုံးသုံး အတီးသမားကို ပေးစရာမလိုဘူးလို့… အသေအချာပြန်ပြောခဲ့ရပါတယ်။

အခုမြန်မာနိုင်ငံက အတီးသမားတွေက ခေတ်အဆက်ဆက်က ပိုက်ဆံအနည်းဆုံးချိုး အဆိုတော်၊ တေးရေးတွေလောက်မှ လူသိမများဘဲ နောက်ကွယ်ကနေခဲ့ရသူတွေ

ကျွန်တော်တို့ခေတ်မှ ဇီစီဒီတွေ၊ Live Show တွေကြောင့် ပရိသတ်က သိခွင့်ရခဲ့တာပါ။ (မယုံရင် Aces Band ရဲ့ ဘေ့(စ်)ဂီတာသမား ဆလိုင်းဇာလျှမ်းကို အစုမြင်ရင် သိကြလို့လား) ဒီလို အနေဆင်းရဲ၊ အစားဆင်းရဲတဲ့ အတီးပညာရှင်ကြီးတွေရဲ့ လက်ရာတွေကို ယူသုံးပြီး သူတို့ကိုတော့ အနုပညာကြေး အသုံးပြုခွင့်မပေးချင်ဘူးဆိုတော့ သူတို့တီးခတ်ခဲ့စဉ်ကာလက အဲဒီသီချင်းတွေကို ကြိုက်ရာနေရာမှာသုံးမယ်၊ အတီးသမားတွေ ပိုက်ဆံထပ်ယူခွင့်မရှိဘူးဆိုတဲ့ စာချုပ်လည်းမရှိ၊ သီချင်းတော့ ကြိုက်သလိုသုံးမယ်၊ ပိုက်ဆံပေးစရာမလိုဘူးဆိုတဲ့ ဆုံးဖြတ်ချက်မျိုး အနုပညာရှင်တွေကို ကာကွယ်ပေးတဲ့ ဥပဒေတွေ မရှိနိုင်ပါဘူး။

တကယ်လို့ ရှိခဲ့မယ်ဆိုရင်တောင် အနုပညာသမားတွေရဲ့ ကိုယ်စားလှယ်ဥပဒေပညာရှင်တွေ၊ WIPO(ဗိုက်ပို) လို့ မူပိုင်ခွင့်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့အစည်းတွေက လိုအပ်ချက်တွေကို update ဖြစ်အောင် ကာကွယ်ပေးရမှာပါ။ **အခုလို အရင်ကလည်း စာချုပ်မရှိ၊ အကာအကွယ် မရခဲ့တဲ့ အတီးသမားတွေ မူပိုင်ခွင့်ဥပဒေ ပေါ်လာမှ ပေးစရာမလိုဘူးလို့ ဆုံးဖြတ်ပေးမယ်ဆိုရင်** အဲဒီဥပဒေရဲ့ ဟာကွက်ပျောက်ကွက်အနေနဲ့ အရပ်ဆိုး အကျည်းတန်သွားမှာ မလိုလားလို့… ကျွန်တော်တို့လိုဂီတပညာရှင်တွေလည်း ပါ၊ ဥပဒေတတ်ကျွမ်းနားလည်တဲ့ သူတွေလည်း ပါတဲ့ ဂီတအစည်းအရုံးမှ အစည်းအဝေးတွေခေါ်၊ တိုင်ပင်ပြီး အလွှာ ငါးလွှာ (ရေး၊ ဆို၊ တီး၊ စက်မှု၊ ထုတ်လုပ်) ခွဲဝေယူဖို့ ဆုံးဖြတ်ဖြစ်ခဲ့ပုံ၊ အထက်လူကြီးတွေကလည်း သဘောတူခဲ့ပုံ၊ တေးရေးဆရာတွေရဲ့ ကုန်ကြမ်းသီချင်းတွေကို ကုန်ချောသီချင်းဖြစ်အောင် အတီးပညာရှင်တွေရဲ့ အနုပညာစွမ်းအား၊ အတတ်ပညာစွမ်းအားနဲ့လှသီများခဲ့တဲ့ သီချင်းတချို့နဲ့ ဥပမာပြပြီး အနုပညာမူပိုင်ခွင့်အကြောင်း ဥပဒေဘာသာရပ်နဲ့ (Thesis တင်ခဲ့သူ) ကျွန်တော်က အချက်ကျကျ ရှင်းပြတော့ အဲဒီဆရာလည်း လက်ခံသွားပုံရပါတယ်။

ဒီလိုရုပ်ရှင် ဇီစီဒီဇာတ်ကားတွေရဲ့ သီချင်းမသုံးခင် ကြိုတင်ဝယ်ရတဲ့ စနစ်ကို မလုပ်ချင်ကြဘူး၊ နာမည်ကြီးသီချင်းတစ်ပုဒ်ရဲ့ မူလကြိုးစား အားထုတ်ခဲ့သူ မူပိုင်ပညာရှင်တွေကို မဝယ်ချင်ဘူး၊ တေးရေး၊ အတီးသမား၊ အဆိုတော်… စသဖြင့်ကို ပိုက်ဆံ မပေးနိုင်ဘူး၊ မပေးချင်ဘူးဆိုရင် တေးရေးဆရာတစ်ယောက်တည်းဆီက ကြိုက်ချေ့ သီချင်းဝယ်၊ အစဆုံး စတူဒီယိုမှာပြန်တီး၊ တခြား နာမည်သင့်ရုံရှိတဲ့ အဆိုတော်ကို ပြန်ဆိုခိုင်းမလား၊ ကုန်ကျစရိတ်ချင်း မတိမ်းမယိမ်းပဲကွာမှာပါ။ ဒီလိုမှမလုပ်ချင်ဘူးဆိုရင်တော့ ကိုယ့်စိတ်ကြိုက် သီချင်းရေးဆရာ အသစ်မွေး၊ အဆိုတော်အသစ်မွေး၊ တီးဝိုင်းအသစ်ကိုတင်ပြီး ရုပ်ရှင်ဇာတ်ဝင်တေး အသစ်ဖန်တီးကြမယ်ဆိုရင်လည်း အနုပညာ

ရှင်အသစ်တွေအတွက် အစွမ်းပြစရာ နေရာတစ်ခုပေါ်လာနိုင်လို့ သူတို့ရဲ့ လမ်းလည်း ပွင့်သွားနိုင်သလို ရုပ်ရှင်နဲ့လိုက်ဖက်တဲ့ သီချင်းရေးနိုင်ခဲ့သူ (ဥပမာ စန္ဒရားဦးလှထွန်းတို့လို) ဂီတပညာရှင် အသစ်တွေလည်း ရုပ်ရှင်၊ ဗီစီဒီဇာတ်ကားတွေက တစ်ဆင့်ထပ်မွေးဖွားဖို့ မရဲတရဲရည်ရွယ်ပြီး ရုပ်ရှင်သီချင်းအသုံးပြုရင် အသုံးပြုခွင့်တောင်းရတဲ့ စနစ်လေးကို ကျွန်တော်တို့ ဂီတအစည်းအရုံးက ဦးဆောင်ပြီးကျင့်သုံးခဲ့ရပါတော့တယ်။

အဲဒီလိုကျင့်သုံးလိုက်လို့ ရုပ်ရှင်သီချင်းတွေ တီးခွင့်ရတဲ့ အတီးပညာရှင်တချို့က တောင် ကျွန်တော်တို့ကို ကျေးဇူးမတင်ဘဲ အရက်မူးမူးနဲ့ (တယ်လီဖုန်းက တစ်ဆင့်) ဆဲဆိုကြိမ်းမောင်းတာ ကျွန်တော်ခံခဲ့ရပါတယ်။ အဲဒီစနစ်လေး အသက်ဝင်သွားချိန်မှာတော့ သက်ဆိုင်ရာအနုပညာရှင်တွေ အားလုံး၊ ရုပ်ရှင်၊ ဗီစီဒီ၊ ဒီဗီဒီဇာတ်ကားတွေ အသုံးပြုချင်လို့ အလကားပဲပေးပေး၊ ကျွန်တော်တို့က ဝင်ရှုပ်စရာမလိုဘဲ ခွင့်ပြုချက်လက်မှတ်လေးသာပါပါစေ၊ ငွေကြေး ဘယ်လောက်ရရ၊ မချုပ်ကိုင်ဘဲ ဂီတသမားအခွင့်အရေး တစ်ခုတည်းရဖို့ လိပ်ပြာသန့်သန့်နဲ့ လုပ်ပေးခဲ့တာကြောင့် ဂီတအလွှာပေါင်းလွှာလုံး အသီးအပွင့်တွေစပြီး ခွဲဝေသုံးစွဲခွင့်ရခဲ့ပါပြီ။ ဒီအတွက်လည်း ကျေးဇူးတင်စကား ဘယ်သူမှမပြောလည်း ရပါတယ်ဆိုတဲ့ စိတ်နဲ့ နေနိုင်ခဲ့ပါတယ်။ ဒါဆို အသစ်အသစ်သောအနုပညာရှင်တွေ ဒီစနစ်ကြောင့် အကျိုးရှိရဲ့လား၊ စိတ်ပူမိခဲ့သမျှ ဗီဒီယိုသမားတွေရဲ့ စကားဝိုင်းတစ်ခုမှာ သူတို့ချင်းပြောတဲ့ စကားတစ်ခွန်းကြောင့် ကျွန်တော်တစ်ယောက်တည်း ကျိတ်ပြီးပျော်ခဲ့ရပါတယ်။ 'အခုဗီစီဒီဇာတ်ကားတွေမှာ ရိုးရိုး သီချင်း အမြဲကြားရပြီး ရိုးရိုးနာမည်ကြီးလာတယ်' 'နေတိုးနေရာမှာ ရိုးရိုးက အမြဲဆိုပေးဘယ်' ကစပြီး 'လာစရုကိုလည်း အလုပ်တွေ လက်မလည်အောင် ဇာတ်ဝင်သီချင်းတွေ အပ်ကြတယ်' စသဖြင့် အဆိုတော်၊ တေးရေး၊ တီးဝိုင်းတွေရဲ့ အနုပညာသစ်တွေ ဖန်တီးပြနိုင်ဖို့ မြေလွတ်မြေရိုင်းတွေက အနုပညာတောအုပ်ကြီးတစ်ခု ဝေဝေဆာဆာ ဖြစ်လာတော့မယ့် မကြာသောအချိန်တွေကို မျှော်ကြည့်ရင်း… မဆီမဆိုင် ဟိုးအရင်က ဘောလုံးသမား 'စိုးမြတ်မင်း' တို့လူငယ်တွေ နာမည်မကြီးခင်အချိန်၊ သန်းတိုးအောင်တို့၊ ဝင်းအောင်၊ ကြည်လွင်စတဲ့ ဘောလုံးသမားကြီးတွေရဲ့ ခြေစွမ်းနဲ့ ယှဉ်ပြီး မျိုးဆက်ဟောင်းတွေရဲ့ ခြေစွမ်းကိုပဲကြိုက်ခဲ့အားပေးခဲ့ရတဲ့ ကျွန်တော့်အဖြစ်ကို ဘောလုံးသမားမျိုးဆက်သစ်တွေ ပေါ်ထွန်းလာအောင် လူဟောင်းတွေ နေရာအစားထိုးဖို့ နည်းပြပေးခဲ့ကြတဲ့ ဆရာတွေရဲ့ စိတ်နဲ့ နှိုင်းယှဉ်ပြီး တော်တော်လေးရက်မိသလိုဖြစ်ခဲ့ရပါတော့တယ်။

တကယ်တော့ ဘောလုံးကွင်းကြီးက အမြဲရှိနေမှာပါ။ မျိုးဆက်သစ်တွေကို မျိုးဆက်ဟောင်းတွေနဲ့ လဲလှယ်မယ့်အချိန် နောက်မကျဖို့ အငြိုငြင်ခံပြီး တာဝန်ယူမယ်

ဘောလုံးအသင်းနည်းပြတွေရဲ့ ကြိုတင်အမြော်အမြင်ရှိမှုဆိုတဲ့ဘက်ကို အခုတော့ ကျွန်တော် နားလည်ခဲ့ပါပြီ။

ကိုနိုင်ဇော့်တီးလုံးတွေကို ကျွန်တော်စေတနာနဲ့ ဗီစီဒီဇာတ်ကားတွေထဲမှာ သုံးပေးတာလို့ (ကိုယ့်ဆီက ပိုက်ဆံသူ့ဆီ ပြန်မပေးရတာတောင် ကျေးဇူးတင်ရမလိုဖြစ်ခဲ့ရတဲ့) ဒါရိုက်တာ လက်သစ်တစ်ယောက်အတွက် အမှတ်တရ…

နံနက်ခင်း သတင်းစာဂျာနယ်

၁၀-၈-၂၀၁၁

❑





သူများတွေ ဒုက္ခရောက်တဲ့အကြောင်း ရယ်စရာကိစ္စတွေ အမြဲရေးလေ့ရှိတဲ့ ကျွန်တော်…၊ သူများ အချစ်ရေးပြဿနာတွေ အမြဲ ရေးလေ့ရှိတဲ့ ကျွန်တော်…၊ ဒီတစ်ပတ်တော့ ကျွန်တော်ငယ်ငယ်တုန်းက ပိုးခဲ့ပန်းခဲ့ရတဲ့ ကောင်မလေးတစ်ယောက်အကြောင်း (မိန်းမ မသိအောင်နိုးပြီး) ရေးပြရတော့မယ်အချိန် ကျရောက်လာခဲ့ပါပြီ။

ဒီလိုရေးဖြစ်ဖို့ ဖန်တီးခဲ့ရတာက ကျွန်တော်တို့ အ·ထ·က (၄) ပုဇွန်တောင်ရဲ့ ကျောင်းအုပ် ဆရာမကြီး (ဒေါ်) ခင်ရီးမြင့်နဲ့လည်း နည်းနည်းတော့ သက်ဆိုင်လို့ပါ (ဆရာမကြီးပုံကို ဓာတ်ပုံထဲမှာလည်း တွေ့ရမှာပါ) ဆရာမကြီးက ကျွန်တော် သူငယ်တန်း ကနေ ဆယ်တန်းပထမနှစ်အထိ ကျောင်းအုပ်ကြီး တာဝန်ကို ထမ်းဆောင်ခဲ့သူပါ။ အရပ်က လည်း မြင့်၊ ဥပဓိရုပ်ကလည်း ခံ့ခံ့ညားညား။ ဒါတင်မက အရိုက်ကလည်း ဘာကြမ်း သလဲ မမေးပါနဲ့။ ကျောင်းသားတွေ အရှိုးမပြေဘူးထင်ရင် သူ့ရုံခန်း ဖြတ်သွားချိန် ဆံပင်ရှည်ရင် ဆံပင်ကိုမိအောင် လှမ်းဆွဲပြီး ကျောင်းသားနဲ့တူအောင်၊ စည်းကမ်းရှိအောင် စနစ်တကျ ဆုံးမလေ့ရှိပါတယ်။ ဒါကြောင့် သူ့ကို ကြောက်ကြသလို ကျောင်းအပေါ်မှာ သံယောဇဉ်ကြီးတဲ့ အမေရင်းတစ်ယောက်လိုလည်း ချစ်ကြပါတယ်။ ကျောင်းသားတွေ မြောက်မြားစွာကို အုပ်ချုပ်ခဲ့တာတောင် သူ့တပည့်တွေရဲ့ နာမည်အားလုံးနီးပါး မှတ်မိ တဲ့အထိ မှတ်ဉာဏ်ကောင်းလွန်းသူပါ။ ကျွန်တော် ဂီတသမားဖြစ်လာခဲ့ရတဲ့ အကြောင်းထဲ ၇၀ ရာခိုင်နှုန်းလောက်ပါဝင်ခဲ့တဲ့ 'အ·ထ·က (၄) ပုဇွန်တောင်ဘင်ခရာအဖွဲ့' ကို ၇ တန်းကျောင်းသားအရွယ်မှာ ဝင်ပြီး ကမ္ဘာသုံးသင်္ကေတ၊ အရှေ့တိုင်းသင်္ကေတ Notes တွေနဲ့ ဂီတပညာသင်ကြားပေးခဲ့တာကလည်း ဆရာမကြီးရဲ့ အနုပညာမြေတောင်မြှောက် ပေးချင်စိတ်နဲ့ ဘင်ခရာအဖွဲ့တွေတည်ထောင်၊ ကျောင်းကပွဲကျောလပ်၊ သူ့တပည့်တွေကို

အနုပညာဘာသာရပ်တစ်ခုကို တတ်မြောက်စေချင်တဲ့ စေတနာကြောင့် ကျွန်တော်ရဲ့ ငယ်ဘဝ ဂီတ အခြေခံ ရေခံမြေခံ ကောင်းအောင် ပျိုးထောင်ပေးခဲ့တာလို့ ခံယူမိပါတယ်။ ဒီလို အနုပညာကိုချစ်တဲ့ ကျောင်းသားတွေကို စည်းကမ်းနဲ့ပတ်သက်ရင် ခွင့်မလွှတ်တဲ့ ကျောင်းအုပ် ဆရာမကြီး (ဒေါ်)ခင်ရီးမြင့် လက်ထက်မှာ ဆရာမကြီးက ကျွန်တော့်ကို သတိတရဖြစ်စေခဲ့တဲ့အကြောင်းတစ်ခု ရှိပါတယ်။

အဲဒါကတော့ စာတော်လို့လည်း မဟုတ်၊ ဂီတပညာတော်လို့လည်း မဟုတ်၊ လူချစ်လူခင်များလို့လည်း မဟုတ်၊ အဘက်ဘက်က ညံ့ဖျင်း၊ ကျောင်းအမြဲ ပြေး၊ ရန်ဖြစ်၊ ပြဿနာတွေတက်၊ သူများတွေကို စတတ်နောက်တတ်လွန်းလို့ အမြဲ အတိုင်ခံ အရိုက်ခံရ၊ လမ်းသရဲပုံဖမ်းပြီး ပုဆိုးရှည်ရှည်ဝတ်၊ ဆံပင်ရှည်ထားချင်တဲ့ ကျွန်တော့်ကို နားရင်းအုပ်ဆုံးမခဲ့ရတဲ့ ထူးခြားမှုတစ်ခုကြောင့်ပါ။ အဲဒီထူးခြားမှုက အခုစာတစ်ပုဒ်ဖြစ်လာမယ့် 'ငယ်ချစ်ပြဿနာ' ကြောင့်ပါ။

ဆယ်တန်းနှစ်မှာ ကျွန်တော် ကိုးတန်းကျောင်းသူ ကောင်မလေးတစ်ယောက်ကို မတွေ့မနေနိုင်၊ မမြင်ရရင် ရူးတော့မတတ် ဖြစ်နေမိခဲ့ပါတယ်။ သူငယ်ချင်းတွေကလည်း မြှောက်ပင့်ပေးသူရော၊ တားတဲ့သူရော စုံနေပါတော့တယ်။ တားရတဲ့အကြောင်းရင်းက ကောင်မလေးရဲ့အစ်ကိုတွေက ကျွန်တော့်သူငယ်ချင်းတွေ ဖြစ်နေလို့ပါပဲ။ (ကျွန်တော် အဲဒီကောင်မလေးကို ကြိုက်တုန်းက ကျွန်တော့်သူငယ်ချင်းရဲ့ ညီမမှန်း လုံးဝမသိခဲ့ပါ) ဒါကြောင့် ကျောင်းသွားကျောင်းပြန် ကောင်မလေး လာမယ့်လမ်းမှာ ထိုင်စောင့်၊ ကြိုတင်ရေးသွားတဲ့ ရည်းစားစာလိုက်ပေး၊ စကားလိုက်ပြော စသဖြင့် နည်းမျိုးစုံနဲ့ အချစ်သူရဲကောင်းကြီး လုပ်ခဲ့ပါတော့တယ်။ သူငယ်ချင်းဖြစ်တဲ့ သူ့အစ်ကိုတွေက ကျွန်တော်နဲ့ စကားများပြီး ထိုးမယ်၊ ကြိတ်မယ် ဖြစ်ရတာလည်း ခဏခဏပါ။ ခက်တာက ကျွန်တော်က အဲဒီကောင်မလေးကိုမှ အရူးအမူး ဖြစ်နေတာမို့ ဘယ်သူ့ကိုမှ မကြောက်တော့ဘဲ 'ဘယ်သူဖျက်ဖျက် မပျက်စေရဘူး' ဆိုတဲ့စကားနဲ့အညီ သူ့အစ်ကိုတွေနဲ့ ရန်ဖြစ်လည်း နောက်မဆုတ်၊ ကောင်မလေးက စိတ်ဆိုးမာန်ဆိုး မောင်းထုတ်လည်း နောက်မဆုတ်၊ သူ့ကိုကြိုက်နေတဲ့ ကျောင်းသားတွေနဲ့ သူ့အတွက် ရန်ဖြစ်လည်း နောက်မဆုတ်တဲ့ဘဝ ရောက်ရပါတော့တယ်၊ (ဒီဆောင်းပါးရေးနေတုန်းတောင် ငယ်ငယ်ကချစ်ရတဲ့အကြောင်း ရေးမိလို့ကိုယ့်မိန်းမကို နည်းနည်းအားနာလာပါတယ်… ဟဲ… ဟဲ…)

ဒီလိုနဲ့ ကိုယ့်ကို ဘယ်လိုမှ စိတ်မဝင်စားဘူးဆိုတာသိလာလို့ ကိုယ်ချစ်တဲ့ ကောင်မလေး သနားအောင် ပြန်ချစ်အောင် ဘယ်လိုလုပ်ရမလဲ စဉ်းစားရင်း မိုးသည်းသည်းရွာတဲ့ ညနေခင်းကျောင်းလွှတ်ချိန်မှာ အကြံတစ်ခုရခဲ့ပါတော့တယ်။

အဲဒီအကြံက ကိုယ့်မှာထီးမပါပေမဲ့ မိုးတိတ်အောင်မစောင့်ဘဲ ကောင်မလေးသနား သွားအောင် မိုးရေထဲကြွက်စုတ်လို ရေစိုပြီး သနားအောင်လုပ်ဖို့ ဆုံးဖြတ်ခဲ့လိုက်တာပါ။ ထီးပါတဲ့ သူငယ်ချင်းနှစ်ယောက်ကို ကိုယ့်လွယ်အိတ်ပေးပြီး ကောင်မလေးအခန်း လွှတ်တဲ့ အချိန် ကျောင်းပေါက်ဝကို မြင်ရတဲ့နေရာက သွားစောင့်နေမိပါတော့တယ်။

မိုးကလည်း ပိုသည်းလာပါတယ်။ အဲဒီအချိန် ကောင်မလေးက ထီးလေးဆောင်း ပြီး ထွက်လာပါတယ်။ ပုံမှန်ဆိုရင် သူ့အမေလာကြိုတဲ့ ရုံးကားအပြာရောင် T 2000 ကြီးပေါ်တက်ပြီး ပြန်သွားလေ့ရှိတာမို့ ဒီနေ့လည်း ကိုယ့်ကိုမကြည့်ကြည့်မိအောင် တွေ့ မယ့်နေရာမှာစောင့်နေမှ။ ဖြစ်ချင်တော့ အဲဒီနေ့က သူ့အမေလာမကြိုဘဲ သူ့အိမ်ကို လမ်းလျှောက်ပြန်ကာ (ထူးထူးဆန်းဆန်း) တွေ့ရပါတော့တယ်။ အဲဒီလို လမ်းလျှောက် ပြီး မိုးရွာထဲ ထီးလေးနဲ့ပြန်တဲ့ ကောင်မလေးကို ရတဲ့အခွင့်အရေး လက်လွှတ်မခံသင့် ဘူး ဆုံးဖြတ်ပြီး မိုးရွာထဲစကားလိုက်ပြောဖို့ သူငယ်ချင်း (စည်သူနဲ့ ရဲကျော်သူ) ကို ပြောလိုက်ပါတယ်။ သူတို့နှစ်ယောက်က ကျွန်တော်ရဲ့ ခပ်ဝေးဝေးကနေ လိုက်လာကြ ပါတယ်။ ကောင်မလေးက မိုးသည်းထဲ ကျွန်တော် စကားလိုက်ပြောတာကြောင့် သူ့ရဲ့ ထီးလှလှလေးနဲ့ကာပြီး လမ်းဆက်သွားပါတယ်။ ကျွန်တော်က ဟိုဘက်က စကားလိုက် ပြော၊ ဒီဘက်က စကားလိုက်ပြော။ ကောင်မလေးက "မလိုက်နဲ့နော်…" လို့ ပြန်ပြော ပါတယ်။ ကျွန်တော်က သူနေတဲ့ရပ်ကွက်အထိ လိုက်မယ်လို့ ခွတ်ပြောရင်း မိုးရွာထဲ ဘေးက လိုက်သွားပါတယ်။ သူ့အစ်ကိုတွေ တွေ့ရင် အထိုးခံရမယ်လို့ ခြောက်လည်း ကျွန်တော်က လှည့်မပြန်ဘဲ ဖွဲကောင်းကောင်းနဲ့ ဆက်လိုက်သွားပါတယ်။

ပုစွန်တောင်ပန်းခြံရှေ့ကနေ တပ်မြေရပ်ကွက်ထဲလမ်းကူးသွားတဲ့ သူ့ဘေးက ကျွန် တော်…၊ သူမလိုက်ဖို့ပြောတဲ့ကြားက လိုက်ဖို့ဆုံးဖြတ်ချိန်၊ အဲဒီခေတ်ကာလက နာမည် ကြီးလူမိုက်တွေ ခေတ်စားတဲ့ အချိန်မို့ လက်သံပြောင်တဲ့ "တပ်မြေသား" လူမိုက်တွေ ကောင်မလေးကို ပိုးပန်းနေတာလည်း သိလို့၊ ရန်ပွဲဖြစ်နိုင်မယ်ဆိုတာသိပေမဲ့ ဖြစ်သမျှ ရင်ဆိုင်မယ်ဆိုပြီး ကားလမ်းကူးခဲ့ပါတယ်။

သဲကြီးမဲကြီး ရွာတဲ့ မိုးရေတွေကြားထဲ အရေးထဲအရာပေါ်ဆိုသလို ကား အနီညိုရောင် (ပတ်ပလစ်ကာလား၊ ဆန်နီလား) မမှတ်မိတော့တဲ့ ကားခေါင်းခန်းထဲက လူကြီးတစ်ယောက်က ကျွန်တော့်ကို လက်နဲ့လှမ်းခေါ်နေတာ တွေ့လိုက်ရတယ်။ မိုးသည်း ထဲမှာ ကားပျက်တဲ့ကားဆရာကလည်း တစ်မှောင့်လို့ စိတ်ဆိုးပေမဲ့ သူ့ကားဝင်တွန်း ပေးဖို့ ခေါ်နေတာလည်း တွေ့နေရလို့ "ဘာလုပ်ပေးမှာလဲ" လို့ မေးလိုက်ပါတယ်။

ဖြစ်ချင်တော့ အဲဒီပုဂ္ဂိုလ်ကြီးက…

'မင်း… ငါ့တူမကို ဘာ လိုက်နှောင့်ယှက်နေတာလဲ' လို့ ပြောပြီး ကျွန်တော့်ကို ကားတံခါးဖွင့် ဆင်း၊ ရန်ရှာမယ့်ဟန် ပြင်ပါတယ်။

ကျွန်တော်လည်း ရုတ်တရက် ကြောင်တောင်တောင်ဖြစ်သွားချိန် ကားနောက်ခန်းထဲက သူ့အမေ ဆင်းလာပြီး သူ့သမီးကို ကားပေါ်တက်စေပါတော့တယ်။ ကောင်မလေးက ထီးပါလျက်သားနဲ့ ကားပေါ် တက်သွားချိန် ကြွက်စုတ်လို မိုးရေတွေစိုရွှဲနေတဲ့ ကျွန်တော်ကတော့ သူဦးလေးကြီးရဲ့ ဒေါသကနေ လွတ်မြောက်ဖို့ အမြန်ဆုံးပြေးထွက်ခဲ့ရပါတော့တယ်။

သူငယ်ချင်းတွေကလည်း ပြဿနာဖြစ်ပြီဆိုတာ သိလိုက်ကြပါပြီ။ နောက်တစ်နေ့ ကျောင်းသွားတက်တော့ ကျွန်တော့်သူငယ်ချင်းတွေက 'ကျောင်းရှေ့မှာ သူ့အစ်ကိုမင်းကို ထိုးဖို့ စောင့်နေတယ်၊ မသွားနဲ့၊ ရှောင်နေ' ဆိုပြီး စေတနာနဲ့ လာပြောကြပါတယ်။ အဲဒီနေ့ ကျွန်တော့်သူငယ်ချင်း 'ရဲသူရ' ရဲ့အိမ်လိုက်သွားပြီး တစ်နေကုန် အခန်းအောင်း နေရပါတော့တယ်။ ၃၉ လမ်းနဲ့ ဗိုလ်ချုပ်လမ်းထောင့်က တိုက်အိမ်လေးရဲ့ အပေါ်ထပ်မှာ တစ်နေကုန် ပြဿနာပေါင်းစုံ ပိုင်းရံစေတဲ့ ကောင်မလေးကိုမှ ချစ်မိတဲ့ ကျွန်တော် အဆိုတော်မွန်းအောင်ရဲ့ "မိုးလုံးမှိုင်း" အခွေတစ်ခွေကိုပဲ အေးဆိုဒ်၊ ဘီဆိုဒ် လှည့်ပြီး နားထောင်နေရပါတော့တယ်။ အဲဒီအထဲကမှ အပြစ်အားလုံးကို ငါ့အပေါ် ပုံလိုက်တော့ ဆိုတဲ့ သီချင်းကိုတော့ လက်ရှိကိုယ့်အခြေအနေနဲ့ တိုက်ဆိုင်နေလို့ အရမ်းကြိုက်သွားမိပါတယ်။ အခုလည်း အဲဒီသီချင်းခွေဖွင့်ပြီးဆိုရင် အဲဒီသီချင်းရောက်ရင် ကိုယ့်မိန်းမ မသိအောင် ငယ်ငယ်က ကောင်မလေးကို တိတ်တခိုးသတိရမိတတ်ပါတယ်။

ဒီလိုနဲ့ ကျောင်းတစ်ရက်ပြေးပြီးလို့ နောက်တစ်ရက်မှာတော့ ကျောင်းက အတန်းပိုင် ဆရာမက 'ဆက်ဆက်ကျောင်းတက်ပါ' လို့ သူငယ်ချင်းတွေကတစ်ဆင့် မှာလိုက်ပါတယ်။ အတန်းပိုင်ဆရာမကတော့ ကျွန်တော့်ကို ဆိုးလွန်းလို့ ချစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ရန်ဖြစ်ချင်လည်းဖြစ် ကျောင်းတက်ရပါတော့တယ်။ ကျောင်းရှေ့မှာ သူ့အစ်ကိုနဲ့ တွေ့တော့လည်း မကျေမနပ်ကြည့်တာခံပြီး ကျောင်းထဲဝင်ရပါတော့တယ်။ ဒီလိုနဲ့ အတန်းထဲ ရောက်လို့ အတန်းတက်တာနဲ့ ကျောင်းအုပ်ဆရာမကြီး (ဒေါ်) ခင်ရိုးမြင့်က ကျွန်တော့်ကို ခေါ်နေတယ်ဆိုပြီး အတန်းပိုင်ဆရာမနဲ့အတူတူ ဆရာမကြီးရုံးခန်း သွားရပါတော့တယ်။ ရုံးခန်းထဲရောက်တော့ ဆရာမကြီးရှေ့မှာ သူ့အမေက ငိုလို့…။ ကောင်မလေးလည်း ရှိပါတယ်။

ဆရာမကြီးက 'အထက်တန်းကျောင်းသားဖြစ်ပြီး စာမကြိုးစားဘဲ ကောင်မလေးကို မိဘဆွေမျိုးတွေရှေ့မှာတောင် လိုက်စကားပြောတဲ့ အပြစ်အတွက် ဘယ်လိုအပြစ်ပေးရ

မလဲ' လို့ မေးပါတယ်။ အရှုံးသမား ကျွန်တော်ကတော့ ခေါင်းငိုက်စိုက်ချပြီး 'ဆရာမ ကြီးပေးတဲ့အပြစ် ခံပါ့မယ်' လို့ ပြောလိုက်ပါတယ်။

ဆရာမကြီးက 'မိဘတွေကို တိုင်စာပို့ရမလား' လို့ ပြောတော့ ဆယ်တန်းကျောင်း သားဖြစ်ပြီး စာမကြိုးစားဘဲ အချစ်ကိစ္စစိတ်ဝင်စားတယ်ဆိုတဲ့အကြောင်း အမေနဲ့ အစ်ကို အစ်မတွေ မသိစေချင်လို့ 'တိုင်စာမပို့ပါနဲ့ ဆရာမကြီး၊ ကျွန်တော်တို့ ရိုက်ချင်သလောက် ရိုက်ပါ… ခံပါ့မယ်' လို့ သူ့အမေနဲ့ ကောင်မလေးရှေ့မှာ ကျွန်တော်လက်နက်ချသူလို ခေါင်းငုံ့ပြီး ဖြေလိုက်ပါတယ်။

ကျွန်တော်လည်း ကိုယ့်အပေါ် လုံးဝမချစ်တဲ့ ကောင်မလေးအတွက် 'စိတ်ချပါ၊ ကျွန်တော် နောက်ကို ဘယ်တော့မှ မနှောင့်ယှက်တော့ပါဘူး' လို့ ကတိပေးပြီး သူတို့ ရှေ့မှာ ဝန်ခံချက်ထိုးရပါတယ်။ ပြီးတော့ သူတို့ရှေ့မှာပဲ အရိုက်ခံရပါတယ်။ ဆရာမကြီး ကလည်း ကျောင်းစာစိတ်မဝင်စားတဲ့ ကျွန်တော့်ကို စာကြိုးစားဖို့ အခုလိုခံဝန်ကတိစာ ရေးခိုင်း၊ တင်ပါးကို ရိုက်ပြီး အပြစ်ပေးပြီးချိန်မှာ ကျွန်တော် ခေါင်းငိုက်စိုက်ချရုံးခန်းထဲက ထွက်ခဲ့ပြီ။

စာသင်နှစ်တစ်နှစ်လုံး ဆရာမကြီးဆုံးမသလို စာပဲဖိကြိုးစားပါတော့တယ်။ ကောင် မလေးရှိနိုင်မယ့် နေရာတွေလည်းမသွား၊ သူနဲ့လည်း မဆုံဖြစ်အောင် သတိထားနေရင်း ကျွန်တော်ရဲ့ မေ့မေ့ပျောက်ပျောက်ဖြစ်အောင် ကြိုးစားနေခဲ့ရတဲ့ ငယ်ငယ်က 'ငယ်ချစ်' ပြဿနာကို အခုမှ စာရေးဖို့အကြောင်း ဖြစ်လာရပါတော့တယ်။ အကြောင်းက ၂၀၁၂ ဩစတြေးလျခရီးစဉ်အတွက် မယ်(လ်)ဘုန်းမြို့မှာ စတိတ်ရှိုးတီးချိန် ပရိသတ်ထဲက အန်တီတစ်ယောက်က ကျွန်တော်က အ·ထ·က (၄) ပုစ္စန်တောင် ကျောင်းသားဆိုပြီး ဆက်စကားပြောပါတယ်။ သူက 'ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ရီးမြင့်၊ အသက် ၈၉ နှစ်တောင် ရှိပြီ။ ဆရာမကြီးအတွက် လက်ဆောင်ပစ္စည်းလေး ထည့်ပေးလိုက်ချင်လို့ ယူသွားပေးမလား' ဆိုပြီး မေးလာပါတယ်။

ကျွန်တော်လည်း ကိုယ့်ကျောင်းအုပ်ဆရာမကြီးအတွက် 'ဘာပဲပေးပေး ယူသွား ပေးပါမယ်' ဆိုပြီး ကတိပေးလိုက်ပါတယ်။ အဲဒီအန်တီက နို့မှုန့်တွေနဲ့ လူကြီး အသုံး အဆောင်တွေ ထည့်ပေးလိုက်ပါတယ်။ အဲဒီပစ္စည်းတွေကို ယူ၊ ရန်ကုန်ပြန်ရောက်ချိန် ဆရာမကြီးဆီကို ဖုန်းဆက်ပြီး ကျွန်တော့်နာမည်ပြော၊ ဆရာမကြီးအတွက် လူကြုံပါးလိုက် တဲ့ပစ္စည်းတွေ လာပေးချင်လို့ပါဆိုတော့ ဆရာမကြီးက ရယ်ရယ်မောမောနဲ့ သူ့တပည့် ကို 'နိုင်ဇော်… ငါကတော့ တွေ့ချင်လို့ စောင့်နေတာ… အခုလာခဲ့' လို့ ဝမ်းသာအား ရပြောတာကြောင့် ကျွန်တော် ဆရာမကြီးအိမ် ရောက်ခဲ့ရပါတယ်။ အိမ်မှာတစ်ယောက်

တည်းနေတဲ့ ဆရာမကြီး (ကူညီပေးတဲ့ ညီမတစ်ယောက်တော့ တွေ့ပါရဲ့) ကျွန်တော်ကို ဂစ်တာတီးတာ၊ သူ့အခွေတွေ၊ TV တွေမှာ တွေ့ပြီး (စာရေးတာတော့ သူမသိပါ) သူ့တပည့်အတွက် အောင်မြင်တာ ဝမ်းသာကြောင်းနဲ့ ငယ်ငယ်က ကျောင်းသား ဘင်ခရာတပ်ဖွဲ့ကို အခက်အခဲအမျိုးမျိုးကြားက မဖြစ်ဖြစ်အောင် လုပ်ခဲ့ရကြောင်း၊ အ.ထ.က (၄) ပုစွန်တောင် ဘင်ခရာတပ်ဖွဲ့က မွေးထုတ်လိုက်တဲ့ ကျွန်တော့်ကို ဝမ်းသာအားရ ပြောပါတယ်။ သူနဲ့စကားလက်ဆုံကျရင်း ကျွန်တော်နေခဲ့တဲ့ ဝတ်ကျောင်းလမ်း၊ အိမ်နံပါတ် ၅၀ တောင် မှတ်မိနေတာ အံ့အားသင့်လောက်အောင် တွေ့ရပါတယ်။ ဒီလိုနဲ့ ပြန်ခါနီး ဆရာမကြီးက ကျွန်တော့်ကို သူမှတ်မှတ်ရရဖြစ်ခဲ့တဲ့ ငယ်ချစ်ပြဿနာကိစ္စလေး သတိတရနဲ့ ပြန်ပြောပါတယ်။ ကျွန်တော်လည်း အခုတော့ အိမ်ထောင်ကျပြီးပြီ၊ သားတစ်ယောက်၊ သမီးတစ်ယောက်တောင် ရနေခဲ့ပါပြီလို့ 'ငယ်ချစ်ပြဿနာ' ဖြစ်ခဲ့ရတဲ့ အတိတ်ကိစ္စလေးတွေကို လွမ်းလွမ်းဆွေးဆွေးရှင်းပြခဲ့ရပါတယ်။ ကျွန်တော့် အိမ်သူသက်ထားရဲ့ နာမည်ကိုလည်း ဆရာမကြီးကို သေသေချာချာ ပြောပြခဲ့ပါတယ်။ (သူကလည်း ဆရာမကြီး တပည့်ပါပဲ) ဆရာမကြီးကို နှုတ်ဆက်ကန်တော့ပြီး ပြန်ခဲ့တဲ့ လမ်းမှာတော့ အတိတ်က ကျွန်တော် ပုန်းခိုနေခဲ့ရတဲ့ တိုက်ခန်းလေးတွေ၊ မိုးရွာထဲပြန်လှည့်ပြေးခဲ့ရတဲ့ လမ်းတွေ အရာရာအားလုံးကို ကျောခိုင်းထွက်ခဲ့တဲ့ ကျောင်းရှေ့က ခရေပင်ကြီးနေရာတွေ၊ အဆိုတော် မွန်းအောင်ရဲ့ သီချင်းတွေ ခပ်ဝါးဝါး ပြန်မြင်ယောင်ပြီး အိမ်ကို ပြန်ခဲ့ရပါတော့တယ်။ အိမ်ပြန်ရောက်ရင် အဲဒီကိစ္စတွေ ဆရာမကြီးနဲ့ ပြောဖြစ်ခဲ့တယ်လို့ ကိုယ့်အိမ်သူသက်ထားကို ဖွင့်ပြောရမလားဆိုတာကိုလည်း တွေးနေမိပါတယ်။

ဒါပေမဲ့လည်း ကျွန်တော်ဇနီးက–

'ငယ်ငယ်တုန်းကကိစ္စတွေ ဘာလို့လျှောက်ပြောတာလဲ…၊ အမေကလည်း ကြိုက်မှာ မဟုတ်ဘူး' လို့ ပြောမှာ သိနေလို့ ငယ်ချစ်ပြဿနာကို ဒီစာစုလေးနဲ့ပဲ အလွမ်းဖြေရပါတော့တယ်။

ဒီစာစုလေးကို မကြာခင် အသက် ၉၀ ပြည့်တော့မှာဖြစ်တဲ့ အ.ထ.က (၄) ပုစွန်တောင် ကျောင်းအုပ်ဆရာမကြီး (အငြိမ်းစား) (ဒေါ်) ခင်ရီးမြင့်အတွက် အမှတ်တရ ရေးခဲ့ပါတယ်။

နံနက်ခင်း သတင်းစာဂျာနယ်

❑



## ကျွန်တော်နဲ့ သင်္ဘောသားပြဿနာ

မကြာသေးခင် လပိုင်းက 'သင်္ဘောသား အလွဲများ' ဆိုပြီး ကျွန်တော့်မိတ်ဆွေ အပေါင်းအသင်း သင်္ဘောသားတွေရဲ့ ရယ်စရာအဖြစ်အပျက်တွေ သူတို့ရဲ့ စိတ်ခံစားမှုတွေကို နံနက်ခင်းဂျာနယ်ပရိသတ်ကြီးသိနိုင်စေဖို့ တင်ပြခဲ့တာ မှတ်မိကြဦးမယ်ထင်ပါတယ်။

အဲဒီဆောင်းပါးကြောင့် 'သင်္ဘောသား'မိတ်ဆွေတွေအပြင် လူချင်းမသိသူသင်္ဘောသားတွေကပါ ကြိုက်နှစ်သက်ကြောင်း တွေ့တိုင်းဝမ်းသာအားရ လာပြောကြလို့ ဝမ်းသာရသလို ကျွန်တော့်ယောက်ဖဖြစ်တဲ့ သင်္ဘောအရာရှိနဲ့ ပြန်တွေ့ချိန်မှာ သူ့ဆီက သိရတဲ့ တချို့ကိစ္စလေးတွေရယ်၊ မိတ်ဆွေသင်္ဘောသားတွေဆီက ဇာတ်လမ်းအသစ်တွေရယ် ထပ်သိခွင့်ရခဲ့လို့ ဒီတစ်ပတ်တော့ 'သင်္ဘောသားပြဿနာ' ဆိုတဲ့ ခေါင်းစဉ်လေးနဲ့ ကျွန်တော့်စာစောင့်မျှော်ဖတ်ရှုသူတွေ ကျေနပ်နိုင်ဖို့ ကြိုးစားပမ်းစား တင်ဆက်လိုက်ရပြန်ပါတယ်။

ကျွန်တော့်မိတ်ဆွေ သင်္ဘောသားကပ္ပတိန်တစ်ယောက်နဲ့ ပြန်ဆုံချိန်၊ သူက (ရယ်စရာလည်း ပြောနေကျမို့) သူတို့ခေတ်က သင်္ဘောတက်ဖို့လိုအပ်တဲ့ စာရွက်စာတမ်းတွေ (အတု)လုပ်ပြီး နောက်ဆုံးအဆင့် ဆီးလ်တံဆိပ် နှိပ်ရတော့မယ်ဆိုရင် နိုင်ငံခြားသင်္ဘောကုမ္ပဏီကို မြန်မာနိုင်ငံရေကြောင်း အောင်လက်မှတ်တံဆိပ်တုံးအစား 'ဦးချိန်တီ' လျက်ဆားပုလင်းရဲ့ အဖုံးကို မင်နဲ့သုတ်ပြီး နှိပ်တယ်လို့ ကြိတ်ကြိတ်ဖန်ဖန် သင်္ဘောသားတံဆိပ်တုံးအကြောင်းသိခဲ့ရသလို နောက်သင်္ဘောသားတစ်ယောက်ကတော့ ရွှေတိဂုံဘုရားလမ်းက မြန်မာဆေးတိုက်တစ်ခုရဲ့ အဖုံးက ဂမုန်းနှစ်ကောင်နဲ့မို့ ခန့်ခန့်ညားညားဖြစ်တယ်ဆိုပြီး အဲဒီဆေးပုလင်းအဖုံးကို တံဆိပ်တုံးလို စာရွက်စာတမ်းတွေမှာနှိပ်ပြီး နိုင်ငံခြားသင်္ဘောကုမ္ပဏီတွေဆီ မြန်မာပြည်က အောင်လက်မှတ်တွေပါလို့ ရုပ်တည်တည်နဲ့ ပြပြီးလိမ်ညာသင်္ဘောတက်ကြရတယ်လို့ သူတို့တွေရဲ့ အရင်ခေတ်တွေဆီကအဖြစ်တွေကို သတိတရ ပြောပြကြပါတယ်။

သင်္ဘောသားမိတ်ဆွေတစ်ယောက်ကတော့ "လူဆိုတာ မြေပေါ်မှာ နေရတာကွ၊ မြေပေါ်မှာ နေရတဲ့လူက ရေထဲသွားအလုပ်လုပ်ရတယ်ဆိုတော့ ငါတို့ဘဝကို စဉ်းစားကြည့်ပေါ့" လို့ ကြေကြေကွဲကွဲ ရှင်းပြပါတယ်။ တချို့ကျတော့ သင်္ဘောပေါ်က ဆင်းလာချိန်၊ ရှာဖွေတဲ့ငွေလေးနဲ့ ပွဲစားယောင်ယောင်၊ ဒရိုက်ဘာယောင်ယောင် အလုပ်လုပ်ကြပြီး အချိန်နည်းနည်းကြာလာတော့ အလုပ်ကလည်း အဆင်မပြေ၊ ဓနကလည်း သိပ်မကြည်ဖြူတော့လို့ သင်္ဘောပေါ် မတက်ချင်၊ တက်ချင် ပြန်တက်ပြီး တဖြည်းဖြည်းနဲ့ သူတို့ရဲ့ ငယ်ရွယ်နုပျိုမှုတွေကို အချိန်နဲ့လဲလှယ်ဖြစ်ရင်း သားသမီးတွေကြီးပြင်းလာချိန်မှ ပြန်ရောက်လာတဲ့ သင်္ဘောသားကြီးတွေလည်း တွေ့ဖူးပါတယ်။ သူတို့အသက်နဲ့ ရင်းပြီး ရေထဲမှာနေခဲ့ရချိန်တွေအကြောင်း လူတိုင်းလိုလို သိကြပေမဲ့ သင်္ဘောသားဝတ္ထုတွေမှာ လှိုင်းတွေလေတွေကြား အသက်စွန့်လုပ်ကြရတဲ့အကြောင်းတွေ သိနိုင်ပေမဲ့ ကျွန်တော့်သင်္ဘောသား မိတ်ဆွေတစ်ယောက်ပြောဖူးတဲ့ ဇာတ်လမ်းမျိုးကျတော့ ကြားဖူးသူနည်းပါလိမ့်မယ်။

ကျွန်တော်မိတ်ဆွေ သင်္ဘောသားကတော့ သူ့ရဲ့လက်ပေါ်မှာ သေဆုံးသွားတဲ့ မြန်မာသင်္ဘောကပ္ပတိန် (သူကြီး) တစ်ယောက်အကြောင်း ဒီလိုပြောပြဖူးပါတယ်။

သူရဲ့အထက် အရာရှိသင်္ဘောကပ္ပတိန်က အစိုးရရေကြောင်းဌာနကလာတဲ့ သူဖြစ်လို့ နည်းနည်းတော့ မောက်မာပါသတဲ့။ သူတို့ကတော့ သူတို့ရဲ့ ကပ္ပတိန်ဘယ်လိုပဲ အပေါက်ဆိုးဆိုး သည်းညည်းခံပြီး အလုပ်လုပ်ကြရပေမဲ့ သူ့လက်အောက်က သင်္ဘောသားတစ်ယောက် (သူကလည်း မြန်မာပါပဲ) ကတော့ အနိုင်ကျင့်ခံရတာ လုံးဝ သည်းမခံနိုင်တော့ဘဲ ပင်လယ်ပြင်ကျယ်ကြီးထဲ သင်္ဘောမောင်းနေချိန် မနက်ခင်းတစ်ခုမှာ သင်္ဘောကပ္ပတိန် စက်ခန်းထဲက အဆင်းကိုစောင့်ပြီး ဓားမြှောင်နဲ့ ထိုးပါတော့တယ်။ သင်္ဘောကပ္ပတိန်လည်း ဓားမြှောင်တန်းလန်းနဲ့ အော်ဟစ်ပြီး သူတို့ဆီရောက်လာတော့ သူတို့အားလုံး လန့်ဖျပ်ပြီး အနီးဆုံးထွက်လာခဲ့တဲ့နိုင်ငံကို ရေဒီယိုနဲ့အကြောင်းကြားပြီး ကပ္ပတိန်ရဲ့ အသက်ကို ကယ်ဖို့ ကြိုးစားကြပါတယ်။ မကြာခင် ကမ်းကပ်ရင် ဆေးရုံပို့ပေးပါမယ်လို့ စကားနဲ့ဖျောင်းဖျချိန်၊ ကပ္ပတိန်ကတော့ ငါးတစ်ကောင် ကုန်းပေါ်တင်ထားသလို ဖျပ်ဖျပ်လူးခံစားရပြီး ၁၀ မိနစ်လောက်မှာ သူ့လက်ထဲမှာပဲ အသက်ထွက်သွားတယ်လို့ စိတ်မကောင်းစရာပြောပြပါတယ်။ ဓားနဲ့ထိုးတဲ့ သင်္ဘောသားကတော့ သူအဖမ်းခံမယ်လို့ ပြောပြီး ခပ်အေးအေးပဲ စားသောက်ခန်းထဲမှာ ဘီယာထိုင်သောက်နေတယ်လို့ ပြောပါတယ်။ သင်္ဘောကမ်းကပ်တော့ ကြည်ကြည်သာသာနဲ့ အဖမ်းခံခဲ့တယ်လို့လည်း သိရပါတယ်။

သူတို့သင်္ဘောသားတွေ ရေထဲနေရတဲ့အချိန်ကြာလာရင် အိမ်ပြန်ချင်တဲ့ ဝေဒနာရယ်၊ မကျေနပ်စိတ်ရယ်၊ အရက်သေစာသောက်စားမိချိန်၊ စိတ်လွတ်ကိုယ်လွတ်ဖြစ်ပြီး သေကြကျေကြတဲ့ကိစ္စလေးတွေလည်း ယောက်ဖဖြစ်သူက ဒီလိုပြောပြဖူးပါတယ်။

သင်္ဘောသားတစ်ယောက် ဘီယာ ၂၄ လုံးတစ်နေ့ကုန်သောက်ပြီး အမူးလွန်ချိန် ညမှာ သူမကျေနပ်တဲ့ သင်္ဘောအထက်အရာရှိရဲ့ တံခါးကိုသွားခေါက်ပြီး အိပ်ချင်မူးတူး တံခါးထဖွင့်တဲ့ အရာရှိကို ပုဆိန်နဲ့ခုတ်တဲ့အကြောင်းကြားဖူးလို့ ညအိပ်ချိန် တံခါးလာခေါက်ရင် ဘယ်သူ့ကိုမှ ချက်ချင်းတံခါးဖွင့်မပေးရဘူးဆိုတဲ့ အချက်လေးကလည်း တရားဥပဒေနဲ့ထိန်းချုပ်တဲ့ လုံခြုံရေးကင်းမဲ့တဲ့ ပင်လယ်ပြင်ထဲနေရတဲ့ သူတို့ဘဝတွေက သင်ခန်းစာအသိလေးတစ်ခုတော့ ကျွန်တော်ရလိုက်မိပါတယ်။

ဒီလို သင်္ဘောပေါ်က ရာဇဝတ်မှုတွေ၊ ထိုးကြခုတ်ကြတဲ့ကိစ္စတွေကိုမှ ကြောက်တဲ့ ကျွန်တော့်ယောက်ဖသင်္ဘောသားရဲ့ ဇာတ်လမ်းတစ်ခု သူပြောပြမှသိခွင့်ရတာကတော့ သူတို့သင်္ဘောပေါ်က တိုင်းရင်းသားလူငယ်လေးတစ်ယောက်ကြောင့် ဒီဇာတ်လမ်းလေး ဖြစ်လာရတာပါ။ အဲဒီ လူငယ်လေးက ကြို့ကြို့နိုင်နိုင်နဲ့ လက်ဝှေ့သမားပုံစံမျိုးပါ။ သူက ကျွန်တော့်ယောက်ဖကို တော်တော်လေးစားရှာပါတယ်။

တစ်ည ပင်လယ်ပြင်ကျယ်ကြီးထဲ တစ်ယောက်တည်း သင်္ဘောမောင်းနေသူ ကျွန်တော့် ယောက်ဖဆီ အဲဒီကောင်လေး မပြောမဆိုရောက်လာပါတယ်။ သူ့လက်ထဲမှာလည်း သံပိုက်ကို ချွန်မြနေအောင်သွေးပြီး ချွန်ထားတဲ့ (ဆန်အိတ်ထိုးတဲ့ပိုက်ပုံစံ) မျိုးကြီးတွေ့ လိုက်ရလို့ အရင်က ကြားခဲ့ဖူးတဲ့ မကျေနပ်တဲ့ပြဿနာကို ညကျမှ တစ်ယောက်ချင်း သတ်ကြတဲ့ပုံစံမျိုးများဖြစ်လေ မလားတွေးကြောက်မိပေမဲ့ သူနဲ့လည်း ဘာတစ်ခုမှ ပြဿနာမရှိဘဲ အဲဒီပုဂ္ဂိုလ်လေး ကိုယ်တိုင် ခင်မင်ချင်လို့ လာမိတ်ဆက်ပြီး မိတ်ဆွေဖြစ်ခဲ့ရလို့ စိတ်ငြိမ်ငြိမ်ထားပြီး မေးလိုက်ပါတယ်။

'ညီလေး မင်းလက်ထဲက အချွန်ကြီးကဘာလုပ်မလို့လဲ' ဆိုတော့ ဒီည 'လူသတ်မလို့' ဆိုပြီး ပြန်ဖြေလို့ပိုလန့်သွားပါတော့တယ်။ သူနဲ့နှစ်ယောက်တည်းရှိချိန် လူသတ်မလို့ ပြောသလို မရဲသော်လည်းပြေးခဲ့စေဆိုပြီး 'ဘယ်သူ့ကိုသတ်မှာလဲ' လို့မေးလိုက်တော့ 'ခင်ဗျားကို' လို့ ပြောလေမလားလို့ ကြောက်ကြောက်နဲ့ နားထောင်နေမိခဲ့ပါသတဲ့။ ဆရာသမားလေးက သူနဲ့အတူတူလုပ်ရတဲ့ အထက်အရာရှိ (စက်ချုပ်) သင်္ဘောစက်ပိုင်းဆိုင်ရာလူကြီး (နိုင်ငံခြားသား) ကို ဒီည သတ်မယ်လို့ ပြောပါတယ်။ ဒီတော့မှ သူ့ကိုသတ်မှာ မဟုတ်မှန်းသိရလို့ ကြောက်စိတ်ပြေပေမဲ့ တခြားလူတစ်ယောက်သေရတော့မှာ သိလိုက်ရလို့ ခပ်တွေတွေဖြစ်နေတဲ့ လူငယ်လေး လူမသတ်ဖြစ်အောင် ချော့မော့ပြီး ဖျောင်းဖျရပါတော့တယ်။ ဒါပေမဲ့ တစ်ဖွတ်ထိုးစိတ်ဓာတ်နဲ့ ပုဂ္ဂိုလ်လေးကတော့ လုံးဝလက်မခံဘဲ အပြတ်ရှင်းမယ်ဆိုပြီး ပြောနေပါတယ်။ ဒါကြောင့် ဘာအတွက်နဲ့ လူသတ်မှာလဲဆိုပြီး အကြောင်းရင်းမေးတော့ အဲဒီလူငယ်လေးက စက်ချုပ်လူကြီးက မနက်မိုးလင်း

တိုင်း သူကောင်းကောင်းမွှန်မွှန် နှုတ်ဆက်ပါလျက်နဲ့ သူ့ကိုဆဲတယ်လို့ပြောပါတယ်။ ဒီလိုနေ့စဉ် ရက်ဆက်စော်ကားခံရတာ မကျေနပ်လို့ ဒီညတော့ အဲဒီပုဂ္ဂိုလ်အခန်းတံခါး ခေါက်ပြီး ဖွင့်တာနဲ့သံပိုက်ချွန်နဲ့ရင်ဘတ်ကို ထိုးမယ်ဆိုပြီးပြောပါတယ်။ အဲဒီမှာတင် ဒီကောင်လေး တကယ်လုပ်မှာသိတဲ့ ကျွန်တော့်ယောက်ဖလည်း ဘယ်လိုဆဲသလဲ ထပ်စုံ စမ်းရပါတော့တယ်။ (တကယ်တော့ သူ့ကို လေးစားတဲ့ အကြောင်းရယ်၊ မြန်မာအချင်း ချင်းဖြစ်နေတာရယ်၊ ရာထူးကလည်း သူ့ထက် ကြီးတာရယ်ကြောင့် မေးလို့ရတာပါ) အဲဒီကောင်လေးက ပြောပါတယ်တဲ့။ 'ကျွန်တော် မနက်မိုးလင်းလို့ သဘော်စက်ခန်းထဲ ဝင်မိပြီဆိုရင် Good Morning ဆိုပြီး စက်ချုပ်နိုင်ငံခြားသားကို အမြဲနှုတ်ဆက်ပါတယ်။ (အဲဒီပုဂ္ဂိုလ်က အက်စ်တိုးနီးယားနိုင်ငံသားလို့ သိရပါတယ်) ဒါကို အဲဒီပုဂ္ဂိုလ်ကြီးက How is your life ဆိုပြီးဆဲတယ်' လို့ ဒေါသတကြီးနဲ့ ပြန်ဖြေပါတယ်။ အဲဒီမှာ ခေါင်းစားသွားတာက ကျွန်တော့်ယောက်ဖပါ။ ဟိုပုဂ္ဂိုလ်ကြီးပြန်ဖြေတဲ့ အင်္ဂလိပ်စကားမှာ ဘာတစ်ခုမှာဆဲတဲ့ အဓိပ္ပာယ်မပါဘဲ ဘာဖြစ်လို့ ဆဲတယ်ပြောရသလဲဆိုပြီး စဉ်းစားတော့မှာ အဲဒီလူငယ်လေးက ကျောင်းစာ ၄ တန်းအဆင့်နဲ့ ကျောင်းထွက်၊ အောင်လက်မှတ်အတု တွေနဲ့ သဘော်တက်ခဲ့သူဖြစ်နေလို့ ဘာတစ်ခုမှနားမလည်ဘဲ အဲဒီ How is your life ဆိုတဲ့စကားကို ဆဲတယ်ဆိုပြီး သူ့ဘာသာသူ အထင်လွဲနေတာပါ။ ဒါပေမဲ့ ဘယ်လိုရှင်း ပြပြ အဲဒီစကားဟာ ဆဲတာပါဆိုပြီး အထင်လွဲ၊ သွားသတ်မယ်ဆိုပြီးသာ တွင်တွင်ပြောနေ ပါတယ်။ ဘယ်လိုမှ ရှင်းပြလို့မရတဲ့ အဆုံး သူ့သံချွန်ကြီးနဲ့ ကိုယ့်လာထိုးမှာစိုးလို့ အဲဒီလို သတ်မယ်ဆိုရင် အရက်နည်းနည်း ထပ်သွားသောက်ဆိုပြီး မြှောက်ပေးလိုက်ပါ တော့တယ်။ အဲဒီမှာ သူတစ်ပါးအသက်ကို ဖြစ်တဲ့နည်းနဲ့ ကယ်ဖို့ဆုံးဖြတ်ထားတဲ့ ကျွန်တော့်ယောက်ဖတော်လည်း သူ့မှာရှိတဲ့ အင်္ဂလိပ် မြန်မာ Dictionary တွေပြန်ရှာ အင်္ဂလိပ်စကားပြော စာအုပ်တွေပြန်လှန်ပြီး အဲဒီစကားလုံးက ဆဲတာမဟုတ်ဘူးဆိုတာ ရှင်းပြဖို့လိုက်ရှာပေမဲ့ အဲဒီစကားလုံးကိုတော့ လုံးဝမတွေ့ပါဘူး။ သိပ်မကြာခင်ပဲ ခုနက ပုဂ္ဂိုလ်လေး အရက်သွားသောက်ရာကနေ သဘော်ပေါ့ကိုင် ခန်းထဲတက်လာပါတယ်။ သူ ထားခဲ့တဲ့ သံပိုက်ချွန်ပြန်လာယူချိန် နောက်ဆုံး မျှော်လင့်ချက် အနေနဲ့ လူတစ်ယောက်ကို ကယ်ဖို့ အဘိဓာန်စာအုပ်ထုတ်ပြီး 'ညီလေး အစ်ကိုနည်းနည်းတော့ ရှင်းပြပါရစေ ဒီမှာကြည့်ပါ How ဆိုတာ ဘယ်လိုလဲ၊ is ဆိုတာ ဖြစ်သည်၊ your ဆိုတာ မင်းရဲ့ life ဆိုတာ ဘဝ၊ အဲဒီစာလုံး ၄ လုံး ဆက်စပ်ကြည့်လိုက်ပါ။ ဘယ်မှာဆဲတဲ့စကားပါလို့ လဲ' ဆိုပြီး နောက်ဆုံး မျှော်လင့်ချက်နဲ့ ရှင်းပြလိုက်ပါတယ်။

ကောင်လေးလည်း သူဖတ်တတ်တဲ့ မြန်မာစကားလုံးနဲ့ အဘိဓာန်စာအုပ်ထုတ်ပြီး သေသေချာချာရှင်းပြမယ့်သူ အခုမှ တွေ့သွားတာမို့ 'အစ်ကိုရယ်၊ ကျေးဇူးတင်လိုက်တာ

ဒါဆို ဒီစကားဟာ မနက်တိုင်း ကျွန်တော့်ကိုဆဲတာ မဟုတ်ဘူးပေါ့၊ ကံကောင်းလို့ အထင်လွဲပြီး လူသတ်မိတော့မလို့၊ အခုလိုရှင်းပေးတာ ကျေးဇူးတင်ပါတယ်” ပြောပြီး ချက်ချင်း လက်အုပ်ချီကန်တော့တောင်းပန်၊ အဲဒီသံပိုက်ချွန်ကြီးလည်း အပ်ခဲ့ပြီး ပြန်သွားတော့မှ သက်ပြင်းချရပါတော့တယ်လို့ ကျွန်တော်ယောက်ဖဖြစ်သူက ရှင်းပြပါတယ်။

ဒီလို သူ့စကားကို အရေးတယူနားထောင်ပေးတာကလည်း အဲဒီကောင်လေး သင်္ဘောပေါ် စရောက်ချိန်၊ ဂီတဝါသနာကြီးလွန်းလို့ အဲဒီကောင်လေးက ဂစ်တာသမား ကျွန်တော့်ကို တီးခတ်တာ ကြိုက်နှစ်သက်တယ် တဖွဖွပြောနေချိန်၊ နိုင်ဇော်ယောက်ဖ ဒီသင်္ဘောပေါ်မှာရှိတယ်၊ မိတ်ဆက်ပေးစေချင်ရင် ဘီယာ ၂ လုံးတိုက်ရမယ်ဆိုတဲ့ မြန်မာ သင်္ဘောကပွဲတိန်ကို တကယ်ဘီယာ ၂ လုံးတိုက်ပြီး မိတ်ဆက်ပေးစေတဲ့အဖြစ်နဲ့ ကျွန်တော့် ယောက်ဖကို ကျွန်တော့်ကိုယ်စား ခင်မင်မှုကြောင့်သာ လူသတ်မယ့်သူက ဆုံးမစကားနား ထောင်တာဖြစ်မယ်လို့ ထင်မိလိုက်ပါတယ်။ ဒါက ပြဿနာမဟုတ်ပေမဲ့ ကျွန်တော့် ယောက်ဖက ဆက်ပြောပါတယ်။ “ကိုနိုင်ဇော်ကို အဲဒီကောင်လေးက ရန်ကုန်ရောက်ရင် တွေ့ချင်လို့ သူနဲ့မိတ်ဆက်ပေးပါဆိုပြီး ပြောနေတယ်။ သင်္ဘောက အတူတူဆင်းခဲ့ကြတာ။ ရန်ကုန်လေဆိပ်မှာလမ်းခွဲတော့ သူက ကိုနိုင်ဇော့်ဆီလိုက်ပို့ပေးပါလို့ ပြောနေတယ်။ ဘယ်နေ့ခေါ်ခဲ့ရမလဲဆိုတဲ့စကားကြားချိန်မှာ အဲဒီဖိလစ်ပိုင်လူလေး နားလည်မှုလွဲစေခဲ့တဲ့ အင်္ဂလိပ် အခေါ်အဝေါ်အသုံးအနှုန်းတွေများ ကိုယ့်ဘာသာထည့်ပြောမိလို့ သူ့ကိုဆဲတယ်လို့ ထင်သွား ရင်၊ သူ့သံပိုက်ချွန်ပြဿနာလည်း ကြောက်မိလို့ အနည်းဆုံး 'How is your life' ဆို တဲ့ စကားယောင်လို့တောင် သူ့ရှေ့မပြောမိမယ့်အချိန်၊ မြန်မာစကားလုံးစစ်စစ်ပဲ အင်္ဂလိပ် အသုံးအနှုန်းတစ်လုံးတလေမှ ညှပ်မပြောမိအောင် လေ့ကျင့်ပြီးတဲ့အချိန်မှ အဲဒီကောင်လေး ကိုခေါ်ခဲ့ပါလို့ပဲ ကြောက်ကြောက်နဲ့ အဖြေပေးလိုက်ရပါတော့တယ်”

သံလိုက်အိမ်မြှောင်နဲ့ ကြယ်တွေကြည့်ပြီး ကိုလံဘတ်စ်တို့၊ ဗာစကိုဒဂါးမားတို့လို သမုဒ္ဒရာထဲသင်္ဘောဖြတ်မောင်းခဲ့ရတယ်ဆိုတဲ့ ကျွန်တော့်ညီလိုချစ်ရတဲ့ ယောက်ဖ(ကိုတွတ်) အတွက် အမှတ်တရပါ။

နန်းကတ်ခင်း သတင်းစာဂျာနယ်

၇-၁၁-၂၀၀၂

□



## ကျွန်တော်နှင့် ကားအသစ်ဝယ်ယူခွင့်ပြဿနာ

ကျွန်တော်စီးနေတဲ့ မော်တော်ကားလေးဟာ Toyota အမျိုးအစား Saloon ကားလေးပါ။ ဝယ်ယူထားတာ တစ်နှစ်ကျော်ကျော်ပဲရှိသေးပေမဲ့ အစိုးရသစ်ရဲ့ ကုန်သွယ်ရေး မူဝါဒ အသစ်အရ မော်တော်ကားနံပါတ်အနိမ့်တွေအပ်နှံပြီး "စလစ်" လို့ခေါ်တဲ့ ကား တင်သွင်းခွင့်ပေးနေလို့ ကျွန်တော့်ကားအောက် နံပါတ်နိမ့်တဲ့ကားတွေ ဈေး ကမောက်ကမတွေဖြစ် ကုန်ကြတာတွေ့ရသလို ကျွန်တော်ကားလည်း ဝယ်တဲ့ဈေးနဲ့ ပြန်ရောင်းမယ်ဆိုရင်တောင် သိန်း ၅၀ လောက်ရှုံးသွားနိုင်ပါတယ်။

သိန်းရာကျော် ထောင်ကျော်ကားတွေ ဈေးထိုးကျပေမဲ့ လေးဘီးကားတွေ၊ နံပါတ်နိမ့်ကားတွေ ဝယ်မိတဲ့ ကံထူးရှင်တွေကတော့ ၁၅ သိန်း၊ သိန်း ၂၀ လောက်ပေး ဝယ်ထားတဲ့ကားက ချက်ချင်း ကားပါမစ်လိုချင်သူတွေဆီကို ပြန်ရောင်းပြီး သိန်း ၁၁၀ လောက်ရသွားကြလို့ ပျော်ရွှင်နေကြတာတွေလည်း သိပ်မကြာခင်ကာလတွေမှာ တွေ့ခဲ့ရပါ တယ်။

ကျွန်တော်ကားကတော့ "ဗ" နံပါတ်မို့ ကိုယ့်အလှည့် မရောက်သေးတာကြောင့် စိတ်အေးလက်အေး ကားအဟောင်းကိုပဲ စီးနေပါတယ်။ ချွန်တွန်းတချို့ကလည်း ဒီလို ကားအဟောင်းကို ဘာလို့ စီးနေရလဲဆိုပြီး လာမြှောက်ပေးကြတာလည်း ကြုံဖူးပါတယ်။ သူငယ်ချင်းတစ်ယောက်တော့ သူ့ကို ကွမ်းယာဆိုင်မှာ ကွမ်းယာသူက "အစ်ကို ကားမလဲ သေးဘူးလား" ဆိုပြီး ဆရာ လာလုပ်လို့ "အေး လဲမယ်၊ မင်းပိုက်ဆံပေးလေ" ဆိုတော့မှ ပါးစပ်ပိတ်သွားပါတော့တယ်။

ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကတော့ ပြန်ဆုံချိန် မင်းလိုလူမျိုးနဲ့ ဒီလိုကားဟောင်း စီးနေတာ "မင်္ဂလာရေကျော်" သိက္ခာကျတယ်ဆိုပြီး အသားလွှတ်ချပါတယ်။ (မင်္ဂလာရေကျော်ဆိုတာ ကျွန်တော်နေတဲ့ မြို့နယ်ရဲ့ ရပ်ကွက်နာမည်ပါ)

ဒီလိုမြှောက်ပေးတဲ့ဆရာသမားတွေရဲ့ ကျေးဇူးကြောင့် အနုပညာလုပ်ငန်းက ရတဲ့ ငွေကြေးကို ကားအသစ်လဲဖို့ ပိုက်ဆံစုရတဲ့ဘဝ ရောက်ရပါတော့တယ်။ ဘယ်တော့ ကိုယ့်နံပါတ်အလှည့် ရောက်မလဲစောင့်ရင်း ပိုက်ဆံ ကျိတ်စုချိန်၊ ဆီစားသက်သာတဲ့ (1300)ပွိုင့်သရီးလို့ ခေါ်တဲ့ကားလေးတွေ သွင်းမယ်ဆိုရင် ပါမစ်မလိုဘူးဆိုတဲ့ ကြေညာ ချက်ထွက်လာလို့ ကားအဟောင်းစီးသူတွေရဲ့ ကားဟောင်းတွေ သိန်း ၅၀- ၆၀ လောက် အထိ ဈေးတွေထပ်ကျပြီး ကားအသစ်တွေ ရန်ကုန်မြို့ရဲ့ လမ်းတွေပေါ် ဒလဟော လိမ့်ဝင်လာပါတော့တယ်။

၂၀၀၆ ခုနှစ်နောက်ပိုင်းထုတ်တဲ့ကား ပွိုင့်သရီး (အင်ဂျင်ပါဝါ) ကို ပါမစ်မလိုဘဲ သွင်းခွင့်ပြုလို့ အရင်ကမမြင်ဖူးခဲ့တဲ့ ကားအသစ်တွေ ရန်ကုန်မှာမြင်ခွင့်ရလို့ လမ်းတွေကို လည်း ပိတ်ဆို့ပြီး မြို့ထဲ ကားမောင်းရင် အရင်ကထက် အဆပေါင်းများစွာ ခက်ခက်ခဲခဲ အချိန်ကြာကြာ မောင်းလာရပါတော့တယ်။ တစ်ခါတစ်ခါကျတော့လည်း လမ်းတွေပိတ် ရင် ကားရှင်းတဲ့ခေတ်ကိုပြန်လွမ်းမိပြီး အဲဒီလိုခေတ်ကနေ ဒီမိုကရေစီခေတ်ရောက်မှ ကားတွေလည်း မောင်းလို့မရ၊ ဘတ်စ်ကားလည်း သွားလို့မရ၊ လမ်းတွေအပြည့် ကားတွေ နဲ့ ပိတ်နေလို့ အရင်လိုကားရှင်းရင်ကောင်းမှာပဲလို့ (အဆဲခံရရင် ခံရပါစေ) ပြန်တမ်းတ မိပါတယ်။

ကျွန်တော့်သူငယ်ချင်း အကောင်းမြင်သမားတစ်ယောက်ကတော့ ဒီလိုလမ်းပိတ် ဆို့တာ ကောင်းတဲ့အချက်တစ်ခုရှိတယ်။ ရန်ကုန်မြို့လယ်ကောင်မှာ ကားလမ်းဖြတ်ကူးလို့ အရှိန်နဲ့မောင်းလို့ကားတိုက်ပြီး သေတဲ့မသာမရှိတော့ဘူးဆိုပြီး ပြောပါတယ်။ သူ့စကား ကလည်း ခပ်ဟုတ်ဟုတ်လို့ပဲ ပြောရမလိုပါ။ မီးပွိုင့်တိုင်း၊ နေရာတိုင်းမှာ ကားတွေ သိပ်လိုတဖြည်းဖြည်းချင်းမောင်းနေတော့ ဘယ်လိုလုပ်ပြီး အရှိန်နဲ့ကားတိုက်တော့မှာလဲ သို့ တောင်ပြောရမလိုပါ။

အဲဒီလိုကားသစ်တွေကဝင်၊ ကားအဟောင်းပိုင်ရှင်တွေက ရှုံးနေတဲ့ခေတ်မှာ ကား သစ် ဝယ်နိုင်သူတွေရဲ့ ဖက်ရှင်တစ်ခုကလည်း သိသိသာသာ ပေါ်လာပါတော့တယ်။ အဲဒါက ကားအသစ်မှန်းသိအောင် မှန်ရှေ့မှာ မင်အဖြူနဲ့ရေးထားတဲ့ စာသားတွေကြောင့် သူ့ကားက သင်္ဘောက ချထားတဲ့ကားအသစ်၊ နံပါတ်တောင်မရသေးဘူးဆိုပြီး ဂုဏ်ယူ သလို၊ ကားနံပါတ်ပြားတပ်ပြီးတာတောင် အဲဒီစာလုံးတွေကို မဖျက်ဘဲ ခပ်တည်တည်နဲ့ မောင်းနေကြတဲ့ ကားအသစ်တချို့ကိုလည်း ဖက်ရှင်တစ်ခုအဖြစ် တွေ့လာရပါတယ်။

ဒါကြောင့် ကျွန်တော်လည်း ကိုယ့်ကားအဟောင်းကို ခပ်တည်တည်နဲ့ မင်အဖြူ နဲ့ မှန်မှာရေးပြီး ကားအသစ်လို ဆိုင်းမရင်ကောင်းမလားဆိုပြီး ရယ်စရာတွေးမိပါသေး

တယ်။ အဲဒီလိုကားအဟောင်းက အပ်ခွင့်မရလို့ ကားမလဲနိုင်သေးချိန်၊ လူတွေတိုင်း ကားမလဲသေးဘူးလားဆိုပြီး ပိုက်ဆံတစ်ပြားမှ မပေးဘဲ အကြံပေးသူဆရာတွေနဲ့ တွေ့ချိန်၊ သူတို့ရဲ့ စကားတိုက်စစ်ကို တုံ့ပြန်နိုင်ဖို့ စကားတစ်ခု မထင်မှတ်ဘဲရလိုက်ပါတော့တယ်။

အဲဒီစကားကတော့ 'ဂျပန်ကို ကားလှမ်းမှာထားတယ်' ဆိုပြီး မှင်သေသေနဲ့ ပြောလိုက်ရုံနဲ့ မေးတဲ့သူအားလုံးပါးစပ်ပိတ်ပြီး စကားဆက်မပြောတော့လို့ ကျွန်တော် အဲဒီစကားတွင်တွင်သုံး လူလည်လုပ်ပြီး အချိန်ကာလတစ်ခုကို အောင်မြင်စွာကျော်ဖြတ် ခဲ့ရတာ (ရှက်ရှက်နဲ့) ဝန်ခံပါရစေ။

ဒီလိုစပ်ကူးမပ်ကူးကြားကာလတစ်ခုမှာ ကိုယ့်ကားနံပါတ်လဲလှယ်ခွင့်မရသေး သူတချို့လည်း ကိုယ့်ကားရတဲ့ဈေးနဲ့ ရောင်းပြီး ကားအသေးလေးတွေ Show Room က ဝယ်စီးကြတာလည်း ကျွန်တော်တွေ့ရလို့ သူတို့လိုပဲဆီစားသက်သာတဲ့ ကားသေးသေး လေးပဲ ဝယ်လိုက်ရင် ကောင်းမလားဆိုပြီးတောင် စဉ်းစားမိပါသေးတယ်။

ခက်တာက ကျွန်တော့် အလုပ်က ဂစ်တာသမား၊ စတူဒီယိုတစ်ခုသွားတီးရင် ဂစ်တာ ၂ လုံး၊ ၃ လုံးလောက်နဲ့ ဂစ်တာတွေအတွက် လိုအပ်ရင် ကွန်ပျူတာပါသယ်ရလို့ ကားအသေးမှာ အဲဒီပစ္စည်းတွေ ထည့်ပြီးသွားရင် နောက်ခန်း မဆံ့လို့ ကားအသေးမဝယ်ဖို့ ကားအကြောင်းနားလည်သူတချို့က ကန့်ကွက်ကြပါတော့တယ်။ ဒါကြောင့် AD VAN၊ Pro Box တို့လို ကားအလတ်စားတွေ ဝယ်မယ်ဆုံးဖြတ်တော့လည်း အဲဒီကားတွေက TAXI တွေလုပ်နေကြလို့ မဝယ်ပါနဲ့ဆိုပြီး ကန့်ကွက်သူတွေ အလိုလို ပေါ်လာပါတော့ တယ်။

မုန့်ဆီကြော်က ဘယ်မှာနေမှန်း မသိသေး၊ နှုတ်ခမ်းနားနဲ့ တည့်ပါမလားဆိုသူတွေ ရဲ့ စကားနားထောင်ရင်း ကျွန်တော့်ရဲ့ မော်တော်ကား 'ဗ' နံပါတ်အပ်လို့ရပြီဆိုတဲ့ သတင်းဖတ်လိုက်ရတော့ ဒီတစ်ခါ ကားလဲတော့မယ်၊ ကားအသစ်စီးတော့မယ်၊ အရင်က ကိုယ်စီးရမယ့်ကားဆိုတာ အစုတ်တွေပဲလို့ ကိုယ့်ဘာသာလက်ခံတဲ့ စိတ်ကိုဆန့်ကျင်ပြီး ကားအသစ်မှာဖို့ ရဲရဲတင်းတင်းပဲ ကားကုမ္ပဏီပိုင်ရှင် ကျောင်းနေဖက်သူငယ်ချင်းရဲ့ ကုမ္ပဏီသွားပြီး အင်တာနက်က လေလံတွေလှေလာ၊ ကားအမျိုးအစားစုံကြည့်ပြီး ကားအရွေးထတဲ့ ဘဝရောက်ရပါတော့တယ်။

ကိုယ်ဝယ်မယ်ဆုံးဖြတ်လိုက်တာက BELTA ဆိုတဲ့ကားပါ။ ဒါပေမဲ့ နေ့စဉ် လေလံဆွဲပေးတဲ့ ပုဂ္ဂိုလ်လေးတွေရဲ့အပေါ် မျက်စိစုမှိတ်ပြီး အလုပ်ခွင်ထဲမှာ စိတ်ဖြောင့် ဖြောင့် ဂစ်တာမတီးနိုင်ဘဲ နေ့စဉ်လိုလို ကားကုမ္ပဏီကို ဖုန်းဆက်၊ ကိုယ်မှာတဲ့ ကား လား အလုပ်ရှုပ်ခံပြီးမေးရသလို သူတို့က ဖုန်းဆက်ပြီး တခြားကားတစ်စီးတွေ့ထားတယ်

ဆိုရင်လည်း အလုပ်ကနေ အဲဒီကုမ္ပဏီပြေး၊ သူတို့ပြတာကြည့်၊ ဝယ်မယ်ဆုံးဖြတ်လိုက်၊ နောက်တစ်နေ့မနက်မှာ အဲဒီကားမရတော့ဘူး အပြောခံရလိုက်နဲ့ အချိန်ကုန်သလို အလုပ်လည်း ရှုပ်၊ လူလည်း ကားတစ်စီးကြောင့် ရူးချင်သလိုတောင် ဖြစ်မိပါတယ်။

ဒီလိုနဲ့ ကိုယ်ကြိုက်တဲ့အရောင်နဲ့ BELTA ကား လေလံအောင်ပြီဆိုတဲ့ သတင်းကို ကုမ္ပဏီဝန်ထမ်းတစ်ယောက် ဖုန်းဆက်ပြောချိန် တယ်ပာတ်တဲ့ ငါပါလားလို့ လက်ခမောင်း ခတ်မိမလိုဖြစ်၊ စနေ- တနင်္ဂနွေဖြစ်လို့ တနင်္လာမှ ငွေလာသွင်းပါဆိုပြီး အကြောင်းကြား လို့ (ကုမ္ပဏီပိုင်ရှင်က သူငယ်ချင်းမို့ စရန်ငွေ မယူပါ) တနင်္လာနေ့မနက် ဘဏ်က ငွေ ခပ်မြန်မြန်ထုတ်၊ သူ့ဆီ သွားပေးမလို့ ဖုန်းဆက်တော့ ဂျပန်က ငွေစာရင်းစာရွက်မလာ သေးလို့ ခဏစောင့်ပါ ဆိုတာကြောင့် သူတို့ဖုန်းဆက်မယ့် အချိန်မျှော်ရပြန်တော့တယ်။ မော်တော်ကား ဓာတ်ပုံလေးကြည့်ပြီး ကိုယ့်ရည်းစားမျက်နှာမြင်ရသလို စိတ်ကူးယဉ်နေချိန်၊ နောက်တစ်နေ့မှာ ကုမ္ပဏီထပ်ဖုန်းဆက်တော့ အဲဒီကားကို သူများဝယ်သွားပါပြီဆိုတဲ့ အဖြေကြားရလို့ ကျွန်တော့်မှာ အူကြောင်ကြောင်ဖြစ်သွားရပါတော့တယ်။

ဒီလိုလေလံဆွဲတာအောင်တယ်လို့ပဲ သူတို့ပြော၊ ငွေစာရင်းစာရွက်စောင့်ပါလို့လည်း ပြော၊ ပိုက်ဆံလည်းဘဏ်က ထုတ်နိုင်းပြီးမှ မော်တော်ကားသူများယူသွားပါပြီဆိုတော့ ကိုယ့်ကိုချစ်တယ်ပြောပြီးမှ နောက်ယောကျ်ားလေးတစ်ယောက်နဲ့ လက်ထပ်လိုက်သလို ကျွန်တော့်မှာ ဘာလုပ်လို့ဘာကိုင်ရမှန်း မသိ ဖြစ်ရပါတော့တယ်။ (သူငယ်ချင်းတစ် ယောက်ကတော့ "အဲဒီကုမ္ပဏီက မင်းငွေတွေ လိမ်မသွားတာကိုတောင် ကျေးဇူးတင်ရမှာ" ဆိုပြီး ကတ်သီးကတ်သတ်ပြောသွားပါသေးတယ်)

ကျွန်တော်လည်း ဖွဲ့လျှော့ရမလိုဖြစ်ပြီး ဒီလောက်တောင်ပိုက်ဆံပေးတာမရတဲ့ BELTA ကား မဝယ်တော့ဘူးလို့ ဆုံးဖြတ်ချိန်၊ နောက်ကားအမျိုးအစားတစ်မျိုး ပြောင်း မှာဖို့ ဆုံးဖြတ်လိုက်ရပါတော့တယ်။ အဲဒီကားက ကြီးသလို ဆီစားကလည်း သိပ်မသက် သာတဲ့ ၂၀၀၀ အင်ဂျင်ပါဝါရှိတဲ့ (Honda RV) ကားပါ။ ခရီးထွက်ရင်လည်း လူအများ ကြီးစီးလို့ရသလို ဂစ်တာပစ္စည်းတွေလည်း တင်လို့ရပါတယ်။ တောရော၊ မြို့ပါမောင်း လို့ရသလို ရေကြီးတဲ့ ရန်ကုန်လမ်းတွေမှာလည်း ကားအမြင့်က ရေလွတ်ပါတယ်။ ကျွန်တော့်ကားအဟောင်းကို အပ်ပြီး စလစ်ယူ၊ ဂျပန်ကမှာရင် တစ်လကျော်ကျော်ကြာမယ် လို့ သိရလို့ ကုမ္ပဏီတစ်ခုပြောင်းပြီး အင်တာနက်က လေလံဆွဲတော့ ဒီတစ်ခါကျွန်တော် အောင်မြင်သွားပါတော့တယ်။

အဲဒီကားရဲ့ ကျသင့်သမျှ ဂျပန်ကို ပေးချေ၊ ကုမ္ပဏီကို ကားမှာယူမှုအကျိုးဆောင် ခပေးပြီး ကိုယ့်ကားရန်ကုန်ရောက်မယ့်နေ့ကို စိတ်ရှည်လက်ရှည် စောင့်ရပါတော့တယ်။

သူငယ်ချင်းတစ်ယောက်က သူ့ကားမှာထားချိန်၊ ကုမ္ပဏီပိုင်ရှင်က သီချင်းဆို အခွေထုတ်တော့ သူကားမှာထားတဲ့ ပိုက်ဆံတွေနဲ့များ အခွေထုတ်လားဆိုပြီး ရင်တမမဖြစ်တဲ့အကြောင်း ရယ်စရာပြောလို့ ဝိုင်းရယ်မိကြပါသေးတယ်။ သူ့ကိုသာ ရယ်မိပါတယ်။ တကယ်လည်း ကိုယ်မှာလိုက်တဲ့ကုမ္ပဏီပိုင်ရှင်သာ သူ့ကုမ္ပဏီပိုင်ရှင်လို အခွေထုတ်ရင် ကိုယ်ပိုက်ဆံတွေများ ဂျပန်မပို့ဘဲ စီးရီးထုတ်လေမလားလို့ ခံစားရမှာ သေချာပါတယ်။ သူငယ်ချင်းတစ်ယောက်ကတော့ မင်းဆီးကပိုက်ဆံ သိန်း ၄-၅၀ ယူပြီး တကယ်ပြန်ပေးတာက ကားခေတ်ပုံ ၃ ပုံလောက်ပဲဆိုတော့ မတော်တဆလိမ်သွားရင် ကားခေတ်ပုံတစ်ပုံ ၁၅ သိန်းလောက်တန်မယ်ဆိုပြီး မဦးမချွတ်ပြောလို့ ကိုယ့်ကားရန်ကုန်မရောက်သေးလေ စိတ်ပူရလေဖြစ်ပါတော့တယ်။ တကယ်တော့ ကျွန်တော့်သူငယ်ချင်းကားလည်း ရန်ကုန်ရောက်လာသလို ကျွန်တော့်ကားလည်း သီတင်းကျွတ်အပြီးမှာ ရန်ကုန်ကိုရောက်လာပါတော့တယ်။

မကြာခင်မှာပဲ သီလဝါဆိပ်ကမ်းကို ကျွန်တော့်သူငယ်ချင်းနှစ်ယောက်နဲ့ ကားသွားယူရပါတော့တယ်။ ကိုယ့်ကားကို မမြင်ရသေးခင် ကားအေးဂျင့်ကို ကိုယ့်ကားရဲ့ အရောင်မှန်ရဲ့လား၊ တိုက်မိခိုက်မိတာများရှိလား၊ ကားဘက္ကထရီကောင်းသေးရဲ့လား… စသဖြင့်မေး၊ သူကလည်း ကားထုတ်ပေးတဲ့ ဝန်ထမ်းဆီ ဖုန်းဆက်မေးပြီးမှ ကျွန်တော်ပြန်ပြောပြရတဲ့အဖြစ်တွေကလည်း ကိုယ့်ကလေးမွေးပြီးချိန်မှ ယောကျ်ားလေးလား၊ မိန်းကလေးလား၊ အင်္ဂါနေလားမေးရသလို ခံစားမှုမျိုးလိုပဲ ကြိကြိဖန်ဖန် တင်စားလိုက်ချင်ပါတယ်။

တကယ်တမ်း ကိုယ့်ကားကို ထုတ်လာပြီး ကျွန်တော့်လက်ထဲ ကားရောက်ချိန်မှ တစ်လခွဲလောက်စိတ်ပူရတဲ့ ဒုက္ခကင်းပြီးဆိုပြီး စာရွက်စာတမ်းတွေယူ၊ မိတ်ဆွေတစ်ယောက်က ကားတစ်စီး၊ ကျွန်တော်နဲ့ ကျွန်တော်သူငယ်ချင်းက ကားအသစ်မောင်းပြီး သီလဝါဆိပ်ကမ်းက အောင်မြင်စွာ ထွက်ခဲ့ကြပါတယ်။ ကားပစ္စည်းတွေအစုံအလင်၊ အပိုတာယာတွေပါ ပါလို့ ဝမ်းသာအားရပြန်ခဲ့မိချိန် ကားအသစ်လေးကလည်း မောင်းလို့ကောင်း။ အဲယားကွန်းကလည်း စိမ့်နေအောင်အေးတယ်ဆိုပြီး ပျော်နေကြပါတယ်။

အဲဒီမှာ မထင်မှတ်ဘဲ ကျောပိုးအိတ်တစ်လုံးကားပေါ်မှာ ပါလာတာတွေ့ရပါတော့တယ်။ ဂျပန်က ကားရောင်းသူတွေ သူတို့ဆီမှာ ကားရောင်းပြီဆိုရင် ဘာတစ်ခုမှ အလုပ်ရှုပ်ခံ မယူဘဲ ပေးတတ်ကြလို့ သူငယ်ချင်းကလည်း ဖွင့်ကြည့်တော့ ဂျပန်စာရွက်စာတမ်းတွေနဲ့ ကျောပိုးအိတ်ဖြစ်နေပါတယ်။ သူငယ်ချင်းလည်း ဂျပန်ကျောပိုးအိတ်အစစ်ကို သူ့လက်ဆောင်ပေးပါဆိုလို့ ကျွန်တော်ပေးလိုက်ပါတယ်။ အဲဒီထဲက ပစ္စည်းတွေစစ်ကြည့်တော့ လက်ပတ်နာရီအကောင်းစားတစ်လုံး လက်ဆောင်ပါလာလို့ နာရီကြိုက်တဲ့

ကျွန်တော် ပွပေါက်တိုးပါတော့တယ်။ ဒါကြောင့် နာရီကို ကျွန်တော်ယူမယ်၊ ကျောပိုးအိတ်မင်း ယူဆိုပြီး ဝေခြမ်းရေးလုပ်ကြပါတယ်။ နာရီအချိန်တိုက်ဖို့ ကြည့်လိုက်တော့ စံတော်ချိန်က မြန်မာစံတော်ချိန်ဖြစ်နေလို့ အကောက်ခွန်အရာရှိတွေ ကားထဲခေါ်ပြီး နာရီတိုက်ပေးသွားလို့ ဒီဘက်ခေတ်မှာ အကောက်ခွန်က ကားပစ္စည်းတွေယူတယ်ဆိုတဲ့ ကောလာဟလတွေ မယုံကြည်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီလိုနဲ့ ၂ မိုင်လောက် မောင်းပြီးချိန်တယ်လီဖုန်းလာလို့ ပြန်ဖြေလိုက်ပါတယ်။

ကားထုတ်ပေးတဲ့ ကားအေးဂျင့် အကျိုးဆောင်ကောင်လေးဆီကဖြစ်နေပြီး "အစ်ကိုကျွန်တော့်ကျောပိုးအိတ်အစ်ကို့ကားထဲပါလာလို့ ကျေးဇူးပြုပြီး ကားပြန်မောင်းလာပေးပါ" ဆိုတဲ့စကားကြားရမှ ကျွန်တော်တို့နှစ်ယောက်လုံး ကိုယ်နဖူးကိုယ် လက်ဝါးနဲ့ ရိုက်ရမလို၊ ဂျပန်လက်ဆောင်ဆိုတာ မဟုတ်မှန်းသိရလို့ ရယ်ကျဲကျဲနဲ့ပဲ ငါတို့လည်း ဘယ်သူ့အိတ်မှန်းမသိလို့ စဉ်းစားနေတာလို့ ချောလဲရောထိုင်လုပ်ရင်း သူနဲ့ကျွန်တော် ခွဲတမ်းချထားတဲ့ကျောပိုးအိတ်နဲ့နာရီကို သီလဝါကားထုတ်တဲ့နေရာအထိ ပြန်မောင်းရင်း ပိုင်ရှင်ဆီပြန်ပေးချိန် စိတ်ထဲမှာတော့ ဂျပန်ယန်လက်ဆောင်ကိုပဲ စိတ်ဆိုးရမလား၊ အရှက်မရှိသူများပစ္စည်းတွေကို ဂျပန်ကလက်ဆောင်ထည့်ပေးထားတာလို့ ထင်ပြီး ယူချင်မိတာမှတ်ပြီးလားလို့ အရှက်ပြေ ကိုယ့်ဘာသာဆုံးမပြီး ရန်ကုန်မြို့ဆီ ဒုတိယခြောက်ကားပြန်လှည့်ခဲ့ရပါတော့တယ်။

ပိုက်ဆံမရှိချိန်ကာလတွေက ကျွန်တော့်ကား ဆေးမှုတ်ပြီး အမှတ်မထင်တွေ့ချိန် မင်းကားက သဘော်ဆေးတွေ မှုတ်ထားတာလားလို့ ငိငိပြင်ပြင် အထင်သေးခဲ့သူမိတ်ဆွေတစ်ယောက်အတွက် အမှတ်တရပါ…

နံနက်ခင်း သတင်းစာဂျာနယ်

၂၁-၁၁-၂၀၁၂

❑





အခုတလောမြင်တွေရတဲ့ မိန်းကလေး၊ ယောကျ်ားလေး အနုပညာရှင်တချို့အပါအဝင် လမ်းပေါ်မှာတွေ့နေရတဲ့ လူငယ်တွေရဲ့ဖက်ရှင်တွေကိုကြည့်ပြီး ကျွန်တော်ပဲ အသက်ကြီးလာလို့ ခေတ်ကို နားမလည်တာလား၊ လူငယ်တွေရဲ့ ဖက်ရှင်ကပဲ အလွန်အကျွံဖြစ်နေကြပြီလား ဆိုတာကို ဝေခွဲမရနိုင်တော့လို့ ဒီတစ်ပတ် ဖက်ရှင်ရောဂါ ထနေကြတဲ့ သူတချို့ရဲ့ ဝတ်စားဆင်ယင်မှုကို သာမန်လူတစ်ယောက်ရဲ့ အမြင်မျိုးနဲ့ ကျွန်တော်ခံစားမိသမျှ တင်ပြပေးဖို့ ဆုံးဖြတ်လိုက်ရပါတော့တယ်။

မြို့ထဲလမ်းမပေါ်မှာ သွားလာနေကြတဲ့ လူငယ်တွေကို ကားမောင်းရင်း ကားပေါ်က ကြည့်မိချိန်၊ သတိထားမိတာတစ်ခုက မိန်းကလေးတွေ (ကိုရီးယားစတိုင်လ်) ဝတ်ဆင်လာပုံကြပုံပါ။ ဒါကလည်း ကြာလှပါပြီ။ အခုမှလာပြောနေတယ်လို့ အထင်မစောလိုက်ပါနဲ့။ ပြောပြချင်တာက အသားကပ်ဘောင်းဘီ (စကင်တိုက်ပ်) ဖက်ရှင်ကိုပါ။ အဲဒီအသားကပ်ဘောင်းဘီဝတ်စုံက ကိုရီးယားလို တအားအေးတဲ့ရာသီဥတုမှာ ကိုယ်ခန္ဓာအောက်ပိုင်းလည်း အချမ်းလုံ၊ လှလည်းလှ၊ ဖော်ချင်တဲ့မိန်းကလေးတွေအကြိုက် စတိုင်လ်ဖြစ်လို့ ကိုရီးယားမှာ မိန်းကလေးတွေရဲ့ ဖက်ရှင်တစ်ခုဖြစ်ခဲ့တာပါ။

ဒါကို မြန်မာနိုင်ငံလို အပူပိုင်းနိုင်ငံက မိန်းကလေးတွေက အတုခိုးပြီး ကိုရီးယားဖက်ရှင်လို ဝတ်ကြတော့ ရာသီဥတုက တအားပူ၊ အသားကပ်ဘောင်းဘီနဲ့ လမ်းမပေါ်လျှောက်သွားနေကြတာ ကျွန်တော့်မျက်စိထဲ အာစာနည်စန်းစန်းတို့ ဦးမောင်မောင်ဆပ်ကပ်တို့ထဲက စက်ဘီး၊ ဆိုင်ကယ်နဲ့ ကမ္ဘာလုံးအဝိုင်းကြီးထဲ မောင်းပြမယ့် အမျိုးသမီးကျွမ်းဘားသမားတွေ ရန်ကုန်မြို့ထဲ လမ်းလျှောက်နေကြသလို ဖြစ်နေပါတယ်။

တစ်ခါ အောက်က အသားကပ်ဘောင်းဘီနဲ့ အပေါ်အင်္ကျီဝတ်ပြီး လမ်းလျှောက်နေကြတာကလည်း ကမ္ဘာဦးမျောက်ဝံဘဝကနေ လူသားအဖြစ် အဆင့်ဆင့်ပြောင်းလဲလာပုံ

သရုပ်ဖော်ပြထားတဲ့ ပန်းချီကားကို ကြည့်နေရသလိုပါပဲ။ မြင်ကွင်းတစ်ဝက်က ယဉ်ကျေးပြီး တစ်ဝက်က မယဉ်ကျေးတဲ့စတိုင်လ် ဖြစ်နေပါတယ်။ အရေးထဲ သူထက် ပိုဆိုးတဲ့သူတွေ ထပ်ပြီး တွေ့မြင်ရတော့ စိတ်မသက်မသာ ပိုဖြစ်ရပါသေးတယ်။

အဲဒါကတော့ မမလှလှ၊ ဝဝကြီးတွေက သူတို့နဲ့ လိုက်မှန်းမသိ၊ မလိုက်မှန်းမသိ၊ အသားကပ်ဘောင်းဘီကြီးတွေဝတ်ပြီး မြို့ထဲလျှောက်တာတို့၊ အခမ်းအနားပါတီပွဲတက်တာတို့၊ စတိတ်ရှိုးပွဲတွေမှာ ကလေးမလေးတွေနဲ့အပြိုင် ဝတ်လာကြတာပါ။ အဲဒီအသားကပ်ဘောင်းဘီဖက်ရှင်ဟာ ပိန်ပိန်သွယ်သွယ်ကလေးမလေးတွေ ဝတ်တာမြင်ရချိန်၊ ဆဲဝကပ်သမားလို့ပဲ မှတ်ချက်ချလိုက်မိပေမဲ့ သူတို့လို ပုပျက်ပန်းပျက် ကောက်ညှင်းထုပ်လိုစည်းနှောင်ထားသူကြီးတွေက လိုက်ဖက်မှန်းမသိ၊ မလိုက်ဖက်မှန်း မသိ။ပေါင်လုံးတုတ်တုတ်ကြီးတွေနဲ့ အသားကပ်ဘောင်းဘီဝတ်ပြီး အပေါ်အင်္ကျီရှည်နဲ့ သွားနေကြတာမြင်ရတဲ့ ကျွန်တော့်စိတ်ထဲ ခရစ္စမတ်ဘိုးဘိုးကြီး (ဆန်တာကလော့စ် ကြီး) တွေနဲ့သာ တူနေတော့တယ်လို့ အမှန်အတိုင်းထင်မိပြီး အဲဒီလိုဝတုတ်ကြီးတွေ၊ အသား ကပ်ဘောင်းဘီဝတ်တာမြင်တိုင်း နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးအဖြူကြီးတွေသာ သူတို့မျက်နှာမှာ တပ်ပေးချင်စိတ်ပေါက်မိလာပါတယ်။

ဖက်ရှင်နဲ့ပတ်သက်ပြီး ကျွန်တော့်လိုလူက တီရှပ်အနက်တစ်ထည်၊ ဂျင်းဘောင်းဘီတစ်ထည်ရှိရင် လုံလောက်ပြီလို့ ယူဆထားသူဖြစ်လို့ တွေတွေထူးထူးစိတ်မဝင်စားမိပေမဲ့ တကယ့်ကို နိုင်ငံခြားက မော်ဒယ်လ်တွေရဲ့ ဝတ်ပုံဆင်ပုံအတုခိုးပြီး ပွဲလမ်းသဘင်မှာ ဝတ်လာသူတချို့ရဲ့ စတိုင်လ်ကိုကြည့်ပြီး တစ်ခါတစ်ခါ သူတို့မိန်းမတွေ အထင်တကြီးဝယ်၊ ပွဲလမ်းသဘင်မှာဝတ်တဲ့ အင်္ကျီကလည်း တကယ်တမ်း ငါတို့ငယ်ငယ်က ဖတ်ရတဲ့ ကာတွန်းဆရာကြီး (ဦးအောင်ရှိန်) ရဲ့ ဓာတ်လိုက် တောတွင်းသားကြာဇံဝတ်တဲ့ ပန်းတစ်ဖက်ကိုပဲ စလွယ်သိုင်းသလို အင်္ကျီမျိုးပဲ။ ဒီလိုအင်္ကျီမျိုးဈေးကြီးပေးပြီးဝယ်တဲ့ မိန်းမတွေကြာဇံကာတွန်း အခုချိန်အထိမဖတ်ဖူးသေးလို့လား (ဒါမှမဟုတ်) ကြာဇံဖက်ရှင် (တာဇံကိုအတုခိုးပြီး နာမည်ပြောင်းပေးထားတာပါ) ကို ကြိုက်တဲ့ ကြာဇံတွေပဲလားလို့ နာမည်ကြီးအနုပညာရှင်မလေးတွေကို သူတို့ဖက်ရှင်နဲ့ လိုက်ဖက်တဲ့နာမည်ပေးနေမိပါသည်။

တချို့သော မော်ဒယ်လ်မလေးတွေကျတော့လည်း ပွင့်လင်းမြင်သာတဲ့ ဒီမိုကရေစီခေတ်ကြီးမှာ နိုင်ငံရေးသမားတွေရဲ့ တောင်းဆိုမှုကို တလွဲအဓိပ္ပာယ်ကောက်ချက်ချပြီး ငါတို့လည်း ပွင့်လင်းမြင်သာရမယ်ဆိုပြီး အပြိုင်အဆိုင်ဖော်ကြ၊ ချွတ်ကြ၊ သူတို့တစ်ကိုယ်လုံး မဟုတ်က၊ ဟုတ်က နေရာတွေပါ တက်တူးတွေ ထိုးကြ၊ အဲဒီတက်တူးတွေကို မမြင် မြင်အောင် ဖော်ကြတာတွေကို ဂျာနယ်စာမျက်နှာတွေမှာ ကြည့်ရတာများလာတော့ ကျွန်တော်ခင်မင်မိတဲ့ မိတ်ဆွေအချို့က ဒီလိုကျွန်တော့်ကို ပြောပြကြပါတယ်။

"အရင်ခေတ်က ဂျာနယ်မျက်နှာဖုံးတွေမှာ ကောင်မလေးတွေ မပေါ်တပေါ်ပုံစံတွေကြည့်ရတာ ရင်ခုန်ဖို့ကောင်းတယ်။ အခုခေတ်ဂျာနယ်မဂ္ဂဇင်းတွေက မော်ဒယ်လ်တွေက ဖော်လွန်းတော့ ရင်ခုန်စရာမကောင်းတော့ဘူး" ဆိုပြီး သူ့ခံစားချက်ကို ပြောပြပါတယ်။ တကယ်လည်း ပွင့်လင်းမြင်သာလွန်းရင် ရိုးသွားတတ်တာ မသိနားမလည်တဲ့ မော်ဒယ်လ်၊ သရုပ်ဆောင်၊ အနုပညာရှင်လေးတွေ မရိပ်မိလေတော့ ဖော်လေချွတ်လေ ပိုကောင်းလေဆိုတဲ့ စီးပွားရေးသမားတွေ၊ ဓာတ်ပုံဆရာတွေရဲ့ မြှောက်ပင့်မှုအောက်မှာ သူတို့ရဲ့ ခန္ဓာကိုယ်အပေါ်ပိုင်း၊ အောက်ပိုင်းကြီးထွားမှုတွေကို မမြင်မြင်အောင် ဖျစ်ညှစ်သရုပ်ဆောင်ကြတဲ့ မိန်းကလေးတွေရဲ့ အမူအရာက ကျွန်တော့်မျက်စိထဲ ယောက်ျားမောင်ဖြိုင်ပွဲဝင်ဖို့ ဖျစ်ညှစ်ပြရတဲ့ပုံစံမျိုးပဲ မြင်နေမိပါတယ်။

သူတို့ရဲ့ ခန္ဓာကိုယ် ထွားကျိုင်းမှုကို အတင်းကာရော ဖော်လှစ်ပြကြတာကလည်း အနုပညာမဆန်ဘဲ နိုင်ငံခြား ကာတွန်းကားတွေထဲက အပေါ်ပိုင်းကြီးကြီး၊ အောက်ပိုင်းသေးသေးနဲ့ ကြက်မကြီးတွေလိုပဲ ရယ်စရာဖြစ်နေတယ်။ ဒါကြောင့် မိတ်ဆွေတစ်ယောက်ကတော့ ကျွန်တော့်စာထဲမှာ ဒီအချက်လေးတစ်ချက်တော့ ထည့်ရေးပေးပါဆိုပြီး စေတနာနဲ့ အကြံပေးခဲ့ပါတယ်။

ဒီဘက်ခေတ်မိန်းကလေး (အားလုံးကို မဆိုလိုပါ) အနုပညာရှင်တချို့၊ မော်ဒယ်လ်၊ ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော်ကစပြီး ဝတ်စားဆင်ယင်မှုတွေဟာ လက်မောင်း၊ ဗိုက်၊ ပေါင်ကစပြီး တက်တူးတွေထိုးတယ်၊ စကတ်တိုနဲ့နဲ့ဝတ်တယ်၊ အပေါ်ပိုင်းမှာ စွပ်ကျယ်အင်္ကျီဆန်ဆန် အဝတ်တစ်ထွာလောက်ပဲဝတ်ပြီး အဖေ၊ အမေအင်္ကျီဖိုးတတ်နိုင်သမျှ ကုန်ကျစရိတ်နည်းအောင် မိဘကျေးဇူးဆပ်ကြတယ်၊ ပြီးတော့လည်း ဝိုးဖမ်းတဲ့ပိုက်လို အင်္ကျီမျိုးတွေ၊ ဘောင်းဘီမျိုးတွေဝတ်ကြတယ်။ တကယ်တော့ အဲဒီဖက်ရှင်မျိုးတွေ၊ အဲဒီဆံပင်၊ အဝတ်အစား၊ အနေအထိုင်တွေနဲ့ လမ်းဘေးဓာတ်တိုင်ကို ခြေထောက်တစ်ဖက်ထောင်ပြီး ရပ်နေလိုက်ရင် နယူးယော့ခ်တို့လို အမေရိကန်နိုင်ငံလမ်းဘေးမှာ ပိုက်ဆံရှာစားနေတဲ့ အပေါစား 'Call Girl' လို့ပဲပြောရမလား၊ "ကြေးစားမိန်းမ" လို့ပဲ ပြောရမလား၊ မကောင်းတဲ့ အမျိုးသမီးတွေရဲ့ ဖက်ရှင်ကို ဒီနိုင်ငံက ထိတ်ထိတ်ကြဲအနုပညာရှင်၊ မော်ဒယ်လ် သရုပ်ဆောင်တွေက ဘုမသိ၊ ဘမသိ အတုခိုးပြီး လိုက်လုပ်နေကြတယ်။ မယုံရင် (Pretty Woman ရုပ်ရှင်) ပြန်ကြည့်ပါ။ (Show Girl) ရုပ်ရှင်ကြည့်လိုက်ပါ။

ဒါကြောင့် ကျွန်တော့်မိတ်ဆွေက နိုင်ငံရပ်ခြားမှာ တကယ်အဆင့်အတန်းရှိတဲ့ အနုပညာသည်တွေရဲ့ ဖက်ရှင်ကိုပဲ အတုခိုးကြဖို့၊ ဖက်ရှင်ဒီဇိုင်နာဆိုပြီး လမ်းဘေးက စတိုလ်မျိုး ဝတ်ဆင်ပေးသူတွေရဲ့ အတွေးအခေါ် နောက်ကို မြန်မာပြည်က နာမည်ကြီး

မိန်းကလေးတွေ လမ်းမှား မလိုက်စေချင်ကြဖို့၊ နောက်ဆုံး နိုင်ငံခြားမှာ ဘယ်လိုပဲဝတ်ဆင်ပါစေ၊ ကိုယ့်အမျိုးသားယဉ်ကျေးမှုကို ခေတ်အဆက်ဆက်က ထိန်းသိမ်းလာတာ၊ တနယ်ဖင်းလွတ်လပ်ခွင့်၊ ဆင်ဆာလျှော့ပေါ့ခွင့်ရလာတဲ့ ဒီမိုကရေစီခေတ်ဦးကျမှ အနုပညာရှင်အမျိုးသမီးတွေရဲ့ အဖော်အချွတ်တွေကို တစ်နိုင်ငံလုံးက အမျိုးသမီးငယ်တွေ အတုခိုးမှားမှာစိုးတာကြောင့် ကိုယ်ဟာ နာမည်ကျော် မော်ဒယ်လ်လား၊ အဆိုတော်လား၊ ရုပ်ရှင်မင်းသမီးလား၊ ဒါမှမဟုတ် နာမည်ကျော် Pretty Woman လား၊ ကွဲပြားခြားနားတဲ့ ဝတ်စားဆင်ယင်မှုဖြစ်အောင် 'ကျက်သရေရှိဝတ်စုံ' နဲ့ 'ကြက်ဝတ်စုံ' ကွဲပြားခြားနားဆင်ယင်တတ်သူ အနုပညာရှင်တွေ အများအပြားပေါ် ထွက်စေချင်တဲ့စိတ်နဲ့ တိုက်တွန်းသွားတဲ့ မိတ်ဆွေရဲ့ စကားကြောင့် ကျွန်တော် သူ့စေတနာကို လက်ခံနားလည်ပြီး မိန်းကလေးတွေ ဆင်ခြင်နိုင်စေဖို့ တင်ပြရေးသားလိုက်ရတာပါ။

တချို့သော မိန်းကလေးအနုပညာရှင်တချို့ကတော့ သူတို့ရဲ့ဖက်ရှင်ကို ဝေဖန်ထောက်ပြလို့ အရွဲ့တိုက်ပြီး ဒီ့ထက်မက ဖော်လိုက်ချွတ်လိုက်မယ်လို့ ဆုံးဖြတ်လည်း ကျွန်တော်ကတော့ ဝမ်းမနည်းပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ယောကျ်ားလေးတွေရဲ့ စိတ်သဘောသဘာဝကို ဥပမာတစ်ခုနဲ့ နှိုင်းပြချင်ပါတယ်။

ကျွန်တော့်မိတ်ဆွေတစ်ယောက်ကို သူ့အမျိုးသမီးရဲ့ တူမတစ်ယောက်က သူ့ပွဲတက်မယ့်စကတ်ဟာ တိုလွန်းတယ်ဆိုပြီး အဒေါ် (သူ့အမျိုးသမီး) ကဆူနေလို့ သူဦးလေးဖြစ်သူကို 'သမီးစကတ်တိုနေလား' ဆိုပြီး တရားသူကြီး လုပ်ခိုင်းတာပါ။ ဒီပုဂ္ဂိုလ်ကရယ်စရာလည်းပြောတတ်လို့ 'သမီးစကတ်က မိန်းကလေးတွေအတွက် တိုလွန်းပေမဲ့ ယောကျ်ားလေးတွေအတွက်တော့ ရှည်နေသေးတယ်' လို့ ပြောခဲ့သလို မိန်းကလေးတွေကို နမသားချင်း ကိုယ်ချင်းစာစိတ်နဲ့ ဒီဆောင်းပါးကိုရေးမိပေမဲ့ သာမန်ယောကျ်ားစိတ်နဲ့သာဆိုရင် 'နင်တို့ ဘာသာကြိုက်တာဝတ်၊ ဘာမှမဝတ်လည်း ငါ့အပူတစ်ပြားသားမှ မပါဘူး' လို့ ရွဲ့ပြောရမလိုတောင် သူတို့ မခံချင်စိတ်ကို ကျေးဇူးတင်ရမှာပါ။

အခုမကြာသေးခင်က ကျင်းပတဲ့ အကယ်ဒမီပွဲမှာလည်း အမျိုးသမီးတွေထက် အမျိုးသားတွေကလည်း ပိုပြီးလှချင်လေသလားမသိ၊ ရိုးရာဝတ်စုံတိုက်ပုံအင်္ကျီတွေအပေါ် ကိုယ်ရည်သွယ်ရာ၊ နှစ်သက်ရာဒီဇိုင်းတွေဖန်တီးပြီး ဝတ်ဆင်လာကြလို့ 'ခင်ဗျားတို့ဘာသာ အင်္ကျီချွတ်ပြီး အကယ်ဒမီပွဲ ကိုယ်တုံးလုံးနဲ့ တက်ချင်တက်၊ ရိုးရာဝတ်စုံတော့ ကျေးဇူးပြုပြီး မဖျက်ဆီးကြပါနဲ့၊ ခင်ဗျားတို့ရဲ့ ရှောက်တော်စူးရောက်မှုကြောင့် အခုစာသင်ကျောင်းတွေမှာ ကလေးတချို့ သူတို့ရဲ့ ကျောင်းအင်္ကျီအဖြူပေါ် ကနုတ်ပန်းအစိမ်းတွေနဲ့ အဆန်းသွင် နေကြပြီဆိုတာ သိရဲ့လား၊ ကျောင်းသားချင်း အတူတူ တစ်မူထူးချင်လှတဲ့ အတွေး

အခေါ်တွေဟာ ခင်ဗျားတို့ရဲ့ စတန်ထွင်မှု၊ ခင်ဗျားတို့အပေါ်အမြတ်ထုတ်ချင်တဲ့ ဖက်ရှင်ဒီဇိုင်းဆရာတွေရဲ့ အတတ်ဆန်းမှုကနေ အမျိုးသားပညာသင်ကျောင်းတွေမှာ ရိုးသားစွာ ပညာသင်ကြားကြတဲ့ နို့နံ့မစင်သေးတဲ့ကလေး သေးသေးလေးတွေနဲ့ သူတို့ မိဘတွေဆီ ခင်ဗျားတို့ရဲ့ အတတ်ဆန်းမှု တဖြည်းဖြည်းချင်းရောက်နေပြီ။

ဒါကြောင့် ဖက်ရှင်အကြောင်းပြပြီး ရိုးရာဝတ်စုံကို မဖျက်ဆီးချင်ကြပါနဲ့။ တစ်လောကလုံး ခင်ဗျားတို့ကြိုက်သလို လုပ်နိုင်ပါတယ်။ အမျိုးသားဝတ်စုံ တိုက်ပုံအင်္ကျီကိုတော့ ချမ်းသာပေးကြပါ။

သူများထက် ရှူးလို့၊ ထူးလို့ အနုပညာရှင်ဖြစ်ရတာကို ကျွန်တော့်လို ဆံပင်ရှည်ထားသူလည်း လက်ခံပါတယ်။ စိတ်ထဲရှိရင် အကယ်ဒမီပွဲတက်ခဲ့တဲ့ မင်းသမီးတစ်ဦး ဝတ်တဲ့ အပေါ်ပိုင်းရေကူးဝတ်စုံ ဖက်ရှင်နဲ့ အကယ်ဒမီပွဲတက်ချင်တက်၊ နောက်နှစ်မှာ ရေသူမဝတ်စုံနဲ့ အကယ်ဒမီပွဲတက်မယ့် မင်းသမီးတချို့လို အင်္ကျီမပါနိုင်သမျှ မပါအောင်ကြိုးစားချင်သမျှ ကြိုးစား၊ အထက်တန်းကျောင်းကလေးတွေ အင်္ကျီအဖြူပေါ်မှာ အစိမ်းရောင်ပန်းခက်တွေနဲ့ အတုနိုးတဲ့ ဓာတ်လမ်းကစလာပြီမို့ ရှေ့နှစ် အကယ်ဒမီပွဲကျရင်တော့ အမျိုးသားတွေက ရိုးရိုးသားသား တိုက်ပုံလေးတွေနဲ့၊ အမျိုးသမီးတွေကလည်း လုံလုံခြုံခြုံ၊ ကျက်သရေရှိရှိ တက်ပေးကြဖို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ အကယ်ဒမီဖိတ်စာမှာ မှတ်ချက်လေးများ 'dress' ဆိုပြီး formal, informal ရေးပေးခဲ့ရင် ကောင်းမှာပဲလို့ ဖက်ရှင်ရောဂါပြဿနာအတွက် စဉ်းစားခန်းဝင်နေမိပါတော့တယ်။

အ.ထ.က (၄) ပုစွန်တောင် စုံညီပွဲတော်ကပွဲမှာ အမျိုးသားယဉ်ကျေးမှု အဝတ်အစားကို ထိန်းသိမ်းသင့်တဲ့ ပြဇာတ်တိုလေး ကပြကြတဲ့ အထက်တန်းကျောင်းသူ ကျောင်းသားလေးများအားလုံးကို ဒီစာစုလေးနဲ့ ဂုဏ်ပြုပါတယ်။

နံနက်ခင်း သတင်းစာကျွန်ုပ်
၁၆·၁·၂၀၁၃

❑



## ကျွန်တော်နှင့် ဖုန်းငွေဖြည့်ကတ် ပြဿနာ

ပြီးခဲ့တဲ့အပတ်က စာစုလေးရေးပြီး တနင်္ဂနွေနေ့ ဂျာနယ် ဝယ်ဖတ်ပြီးချိန် ရှေ့အပတ်အတွက် ဘာအကြောင်း ရေးရမလဲ စဉ်းစားမရဖြစ်ခဲ့တဲ့ ကျွန်တော်ဟာ ဆရာသော်တာဆွေရဲ့ တင်စားမှုအတိုင်း 'ထန်းသမားစားဖို့ ထန်းပင်က ထန်းနို့' ထွက်ပေးရတယ် ဆိုသလို ကျွန်တော်စာရေးဖို့ အကြောင်းအရာတစ်ခုကလည်း အလိုလိုဖြစ်လာခဲ့ပါတယ်။ ဖြစ်ပုံက ဒီလိုပါ။

ကျွန်တော့်ရဲ့ လက်ကိုင်ဖုန်းကို ငွေကျပ်တစ်သောင်းတန် ငွေဖြည့်ကတ်ဝယ်ပြီး ငွေဖြည့်လိုက်တာက ဩဂုတ်လ ၁၀ ရက်နေ့ပါ။ မှတ်မှတ်ရရ ထိုင်နေကျလက်ဖက်ရည်ဆိုင်မှာ စကားပြောရင်း ငွေဖြည့်၊ ခဲခြစ်ပြီးတော့ ကျွန်တော့်ဆီ မက်ဆေ့ချ်တစ်ခုပြန်ဝင်လာတယ်။ ငွေဝင်သွားပြီဆိုတဲ့အကြောင်းသိရလို့ အဲဒီငွေဖြည့်ကတ်လေးကို အမှတ်တမဲ့ထားခဲ့လိုက်ပါတယ်။

တစ်သောင်းတန် ငွေဖြည့်ကတ်ကို ၉၇၀၀ နဲ့ရောင်းလို့ ကျွန်တော်တို့ ငွေ ၃၀၀ (လက်ဖက်ရည်တစ်ခွက်ဖိုး) သက်သာသလို နောက်ပိုင်း တစ်သောင်းထက်ပိုပြီး ပြောခွင့်လက်ဆောင်မိနစ်တွေ ဝန်ဆောင်မှုပေးတဲ့ (နိုင်ငံခြားကလို) ငွေဖြည့်ကတ်ပြားလေးတွေထွက်လာရင် ကောင်းမှာပဲဆိုပြီးတောင် တွေးနေမိသေးတယ်။

ဒီလိုနဲ့ ၁၀ ရက်နေ့တစ်နေ့လုံး အိမ်မှာ ၁၁ ရက်နေ့ ရိုက်ကူးမယ့် (ကျွန်တော်ရဲ့) စ်တာသင်ခန်းစာ ဒီဗီဒီ အခွေသစ်အတွက် လေ့ကျင့်ခန်းတွေပြန်လုပ်၊ လိုအပ်တဲ့နောက်ခံအသံတွေ တည်းဖြတ်နေရတာကြောင့် တယ်လီဖုန်းကို ၁၀ ကြိမ်ထက်ပို မဆက်ခဲ့ဖြစ်ပါဘူး။ အင်တာနက်ကလည်း နှေးကွေးလွန်းလို့ facebook က စာပို့တဲ့သူတွေရဲ့ စာဖွင့်ဘတ်တာလောက်ပဲ အမြန်လုပ်ပြီး ညပိုင်းမှာဂစ်တာ လေ့ကျင့်ရပါတယ်။

နောက်တစ်နေ့မှာတော့ ဂစ်တာ lesson ခွေ ရိုက်ကူးနေရလို့ "အဲဒီ ဒီဗီဒီကို လွယ်ကူလှေလာ (ကမ္ဘာကျော် ဂစ်တာ) တီးကွက်များစွာ" လို့ နာမည်ပေးထားပါတယ်။ တယ်လီဖုန်းကို တစ်နေ့လုံး မကိုင်နိုင်သလို ကိုယ့်ဆီလည်း ၂ ဦး၊ ၃ ဦးထက် ပိုမဆက်ကြပါဘူး။

ဒီလိုနဲ့ ညပိုင်းအနားယူချိန် အမေရိကားက မိတ်ဆွေတစ်ယောက်က viber နဲ့ အင်တာနက်က ဖုန်းခေါ်ထားတာ တယ်လီဖုန်း အင်တာနက်ဖွင့်ချိန် ရုတ်တရက် တွေ့ရလို့ ချက်ချင်းပြန်ဆက်လိုက်ပါတယ်။ သူကမကိုင်လို့ ဖုန်းပိတ်လိုက်ပြီး မှော့ဘွတ်ခ်ကြည့်နေတုန်း သူ့ဖုန်းပြန်ဝင်လာပါတယ်။ ဒါကြောင့် အမေရိကားအခြေအနေတွေပြောရင်း အင်တာနက်က လိုင်းမကောင်းလို့ သူ့ဘက်ကပြတ်သွားပါတယ်။ ဒါကြောင့် ကျွန်တော်သူ့ဖုန်းကိုပြန်ခေါ်ပြီး စကားပြောနေရင်း ခဏကြာတော့ အင်တာနက်လိုင်းပြတ်သွားပြန်ပါတယ်။ ကျွန်တော်လည်း connection မကောင်းသေးတဲ့ အင်တာနက်လိုင်းတွေကို အဖက်လုပ်ပြီး ဒေါသမဖြစ်တော့ဘဲ အင်တာနက်ကပြန်ထွက်၊ ဖုန်းပြန်ပိတ်ပြီး ကိုယ့်အလုပ်ကိုယ်လုပ်နေလိုက်ပါတယ်။

သိပ်မကြာခင် ကျွန်တော်သိချင်တဲ့ကိစ္စတစ်ခုအတွက် သူငယ်ချင်းတစ်ယောက်ဆီ ဖုန်းခေါ်လိုက်တော့ ကျွန်တော့်ဖုန်းက ငွေနည်းနေလို့ဆက်လို့မရတဲ့အကြောင်း ပြောတာကြားရသလို ငွေ ၂၀၀ ကျပ်ထက်နည်းနေတဲ့အကြောင်း မက်ဆေ့ချ်တစ်ခု ရောက်လာပါတော့တယ်။

အဲဒီမှာတင် ငွေထည့်ထားတာ တစ်ရက်ပဲရှိသေးလို့ ဖုန်းလည်း အခါ ၂၀ ထက် ပို မဆက်ရသေးတာလည်း ကိုယ့်ဘာသာကိုယ်သိတယ်။ (ဆက်ရင်တောင် တစ်ခါဆက် ၂ မိနစ်က အများဆုံးပါ) ဖုန်းကြာကြာဆက်တဲ့သူတွေ မြင်ရင် ကိုယ်ငယ်ငယ်က ဖုန်းခွန်ချိန်၊ ကိုယ့်ရှေ့မှာ ဟန်ဆောင်ပြီး ဖုန်းထုတ်ဆက်ပြတဲ့သူတွေကို မသိစိတ်က မုန်းတီးစိတ်ဖြစ်နေလို့ (ထင်ပါရဲ့) . ကိုယ်လည်း အကြာကြီးဖုန်းမဆက်၊ သူများတွေရှေ့မှာလည်း မလိုအပ်ဘဲ ဖုန်းထုတ်မကိုင်တဲ့အကျင့် ငယ်ငယ်ကတည်းက ပါနေပြီ။ ခုလည်းတွက်ကြည့်တော့ တစ်မိနစ် ၂၅ ကျပ်၊ မိနစ် ၂၀ဆိုရင်တောင် ၅၀၀ ထက်မပိုတာသေချာ၊ အင်တာနက်ကလည်း တစ်နေ့ကုန်ဖွင့်ထားရင်တောင် ၂၀၀၀ကျပ် လောက်ပဲ ကျတယ်ဆိုတာကြားဖူးတဲ့ အခု ခဏလေးအင်တာနက်လိုင်းဖွင့်မိတာ ဘယ်လိုကဘယ်လို ပိုက်ဆံတစ်သောင်းပျောက်သွားတယ်ဆိုတာ မစဉ်းစားမိအောင်ဖြစ်ရပါတော့တယ်။

သိပ်မကြာခင်လပိုင်းက သတင်းစာမှာ တစ်သောင်းတန်ကတ်ဝယ်ပြီး ၅ ထောင်ဖိုးပဲဆက်လို့ရဆိုတဲ့သူတစ်ယောက်ရဲ့ ပေးစာလည်းဖတ်ဖူး၊ ဆက်သွယ်ရေးဘက်ကလည်း ပြန်ရှင်းတာဖတ်ရလို့ သူကမှ ၅ ထောင်ဖိုးဆက်ရသေးတယ်၊ ဘယ်လိုကဘယ်လို ပိုက်ဆံ

ပျောက်သွားမှန်းမသိတဲ့ တယ်လီဖုန်းကတ် ဘာမြူဒါတြိဂံဒေသထဲ ရောက်သွားသလို ခံစားရပါတော့တယ်။ (ဘာမြူဒါတြိဂံဆိုတာ အဲဒီဒေသစက်ဝန်းထဲ ကျရောက်သွားတဲ့ ဝေဟင်ဆို လေယာဉ်၊ ရေပြင်ဆို သင်္ဘောကြီးတွေ ပျောက်ပျောက်သွားတဲ့နေရာပါ)

ဒါကြောင့် မနက်မိုးလင်းလင်းချင်း လက်ဖက်ရည်ဆိုင်ထိုင်ရင်း ကျွန်တော့်တယ်လီဖုန်းကတ်ပဲ ပိုက်ဆံတစ်သောင်းဖိုး ထည့်ထားတာ သေချာသလားပြန်စစ်တော့ ဆက်သွယ်ရေးက တစ်သောင်းထည့်ထားကြောင်း ပြန်ပို့တဲ့ မက်ဆေ့ချ်တွေ့ရလို့ ကျွန်တော်ပိုက်ဆံတစ်သောင်းထည့်တာမှန်ပေမဲ့ ဘယ်လိုကဘယ်လို ပျောက်သွားကြောင်းစစ်ဆေးဖို့ တာဝန်ဖြစ်လာပါတော့တယ်။

ကျွန်တော်ဇနီးက တယ်လီဖုန်း ငွေဖြည့်ကတ်ပြားကို ယူမလာဘဲ လွှင့်ပစ်တတ်တဲ့ အကျင့်ကြောင့် တခြားလူတစ်ယောက်ကောက်ယူပြီး အဲဒီနံပါတ်နှိပ်၊ ပိုက်ဆံကုန်အောင် လုပ်သွားတာလည်း ဖြစ်နိုင်တယ်ဆိုလို့၊ နိုင်ငံခြားမှာ ဒီလိုလုပ်လို့မရတာသိပေမဲ့ ဒီမှာ လုပ်လို့ရ၊ မရ သေသေချာချာမေးပြီး တခြားလူတွေ ကိုယ့်လို မဖြစ်ရအောင် သေသေချာချာ စုံစမ်းမေးမြန်း၊ တနင်္ဂနွေနေ့ထွက်မယ့် နံနက်ခင်းဂျာနယ်ကတစ်ဆင့် ကျွန်တော့်လို ဘုမသိ ဘမသိ ပိုက်ဆံထည့်ပြီး ပျောက်သွားသူတွေကိုယ်စား အဖြေရှာပေးဖို့ ဆုံးဖြတ်ရပါတော့တယ်။

ဒါကြောင့် ကျွန်တော့်ဇနီးရဲ့ ဖုန်းကိုယူပြီး (ဆက်သွယ်ရေးက) သူငယ်ချင်း (လူမို့ကြီး) ဓော်နိုင်ဆီ ဖုန်းဆက်ရပါတော့တယ်။ သူငယ်ချင်းလည်း ကျွန်တော့်ဇနီး သူ့ဆီကို မနက်စောစောဖုန်းဝင်လာတယ်ဆိုပြီး ကျွန်တော်များ ဘာဖြစ်လို့ပါလိမ့် ဆိုတဲ့အတွေးနဲ့ ပျာပျာသလဲ ပြန်ဖြေပါတယ်။ ဒီတော့မှ ကျွန်တော်ဖြစ်နေတဲ့ ပြဿနာကိုရှင်းပြပြီး ငွေတစ်သောင်း မိနစ်အနည်းငယ်ပြောရုံနဲ့ ပျောက်သွားခြင်း ပြဿနာကို မေးရပါတော့တယ်။

သူက တယ်လီဖုန်းငွေဖြည့်ကတ်ကို တခြားတစ်ယောက်ယူထည့်ဖို့ဆိုတာ ကိုယ်ဖြည့်လိုက်တဲ့ ဂဏန်းနံပါတ်မှားပြီးမဝင်ဘဲ အမှားဖြစ်ခဲ့မှဘဲ သုံးလို့ရမယ်ဆိုတာကြောင့် နံပါတ်မှားနှိပ်လိုက်လို့များ ပိုက်ဆံမဝင်တာလား၊ ပိုက်ဆံနည်းနေတဲ့ မက်ဆေ့ချ်ကို (တကယ်လည်းနည်းနေလို့ ငွေဖြည့်ရတာကိုး) ပိုက်ဆံဖြည့်တာ ငွေဝင်တယ်အထင်မှားပြီး သေသေချာချာ မဖတ်မိတာလည်း ဖြစ်နိုင်တယ်လို့ စဉ်းစားမိလို့ မက်ဆေ့ချ်ကို သေသေချာချာ ဖတ်ကြည့်တော့လည်း ရက်စွဲကအမှန်၊ အချိန်ကလည်း အမှန်၊ ကိုယ်ဖုန်းပြောထားတဲ့ နံပါတ်ကလည်း ၁၀ ခု မပြည့်ပါဘူး။ ဒါကြောင့် ဘယ်လိုဆက်လုပ်ရမလဲ မေးတော့ call center ကို ဖုန်းဆက်ပါဆိုပြီး အကြံပေးလို့ သူပြောတဲ့နံပါတ် (---) ကို နှိပ်ပြီး ခေါ်ရပါတော့တယ်။

မနက် ၈ နာရီလောက်ဆို တာဝန်ကျသူရှိပါ့မလား စိတ်ပူမိပေမဲ့ လိုင်းခွဲနာမည်တွေ အလိုအလျောက်ဖြေတဲ့စက်က ဖြေပြီး ဆက်သွယ်ရေးနဲ့ဆိုင်တဲ့ကိစ္စကို လိုင်းခွဲ ၁ ကို နှိပ်ပါဆိုလို့ နှိပ်လိုက်တော့ အမျိုးသားတစ်ယောက်ကကိုင်ပြီး ရည်ရည်မွန်မွန်ပဲ ဖြေပါ တယ်။ တယ်လီဖုန်းငွေဖြည့်ကတ်ကို သုံးပြီးခဲ့လို့ လွှင့်ပစ်ရင် တခြား တစ်ယောက်ကောက် ယူလို့ မရတော့တာ သေချာပါတယ်ဆိုပြီးပြောရင်း တယ်လီဖုန်းကတ်ပြားနဲ့ ပတ်သက်လို့ ဒီဖုန်းနံပါတ်ကိုဆက်ပါဆိုပြီး နံပါတ်တစ်ခုပေးပါတယ်။ ကျွန်တော်လည်း ကျေးဇူးတင် ကြောင်းပြောပြီး တစ်ချိန်လုံးအဖြေသိချင်လို့ဆက်လေ၊ မကိုင်လေ၊ လိုင်းမအားဘူးပြောလေနဲ့ သံသရာလည်နေပါတော့တယ်။

ဒါကြောင့် ငွေဖြည့်ကတ်တစ်ခု တစ်သောင်းနဲ့ထပ်ဝယ်ပြီး ကိုယ့်အိမ်ရှေ့က မိတ် ခွေအန်ကယ်ကြီးနဲ့ အဲဒီကိစ္စပြောရင်း အဖြေရှာနေမိပါတယ်။ အန်ကယ်ကြီးကလည်း အဖြေသိချင်လို့ ဖုန်းဆက်မေးလေ၊ မကိုင်လေနဲ့ နောက်ဆုံးမှာ call center ကိုပြန်ဆက်၊ ခုနက အမျိုးသားလေးပဲ ကိုင်ပြီး အားနာနာနဲ့ မေးရပါတော့တယ်။ အဲဒီပုဂ္ဂိုလ်လေးက ရုံးချိန် မရောက်သေးလို့ ၁၀ နာရီလောက်မှမေးပါဆိုပြီး အကြံပေးပါတယ်။

ကျွန်တော်လည်း ဒီတော့မှ ကိုယ့်ပြဿနာကြောင့် သူများတွေ ရုံးမတက်သေးတာ သတိရပြီး လက်လျှော့လိုက်ပေမဲ့ နိုင်ငံတကာအတွေ့အကြုံများတဲ့ အန်ကယ်ကြီး (သူကသဘောသားပါ) က ကွန်ပလိန်းဖြေရှင်းရတဲ့နေရာတွေက ၂၄ နာရီမဟုတ်ဘူးလား ဆိုပြီးပြောလို့ မြန်မာပြည်မှာတော့ ၁၂ နာရီ ဖြစ်နေပြီထင်တယ်။ ဒါမှမဟုတ် ရုံးချိန်အတိုင်း ၈ နာရီဖြစ်မယ်ထင်တယ်လို့ တွေးမိပါတယ်။ ဒါကလည်း ရုံးချိန်မနက် ၉ နာရီက ညနေ ၅ နာရီအထိ တွက်ထားတာပါ။ အခုလည်း ရုံးဖွင့်ချိန်ထိစောင့်မယ်ဆုံးဖြတ်ပြီး အကြိတ်တုတ်နေချိန် ငွေဖြည့်တဲ့ကတ်ပြားလေးက စာသေးသေးလေးတွေဖတ်ရင်း ကျွန်တော် အကြံတစ်ခုရသွားပါတော့တယ်။ ဒါက ငွေဖြည့်တဲ့ကတ်ပြားမှာ ဆက်သွယ်ရေးရုံးချုပ် ကြီးရဲ့အောက်က တယ်လီဖုန်းနံပါတ်ကလေးကို ဆက်ပြီးမေးကြည့်တာ အကောင်းဆုံးပဲ ငွေဖြည့်ကတ်ပြားပြဿနာ အဲဒီကတ်ပြားပေါ်က ဆက်သွယ်ရမယ့် နံပါတ်ကို မဆက်ဘဲ ဟိုမေးဒီမေးလုပ်မိတဲ့ ကိုယ့်အဖြစ်ကိုပဲ ကိုယ့်နဖူးလက်ဝါးနဲ့ ရိုက်ရမလိုဖြစ်မိပါတယ်။

ဒါကြောင့် အဲဒီကတ်ပြားမှာပါတဲ့ နံပါတ်ကိုအိမ်ပေါ်ရောက်ချိန် နှိပ်ကြည့်တော့ ရှောရှောရှူရှူ ဝင်သွားပါတော့တယ်။ တယ်လီဖုန်းဖြေတဲ့ ကောင်မလေးကို ကျွန်တော် ဖုန်းကတ်ပြားထဲကငွေ တစ်ရက်တည်းနဲ့ ဘာမှမပြောရဘဲ ကုန်သွားလို့ စုံစမ်းတာပါဆိုတော့ ကောင်မလေး (ဖြစ်မယ်ထင်တာပါ) က "ကျွန်မတို့က အပြည်ပြည်ဆိုင်ရာ စာတိုက်ပါ တယ်လီဖုန်းကတ်ပြားမှာ ကြော်ငြာထားတာပါ၊ ဖြေရှင်းဌာနက မဟုတ်ပါဘူး" ဆိုလို့

တယ်လီဖုန်းငွေဖြည့်ကတ်မှာ ကြော်ငြာဖုန်းနံပါတ်တော့ထည့်ပြီး အဆင်မပြေရင် ဆက်သွယ်မေးရမယ့် ဖုန်းနံပါတ်တော့ ထည့်မရေးတဲ့ ရွှေဉာဏ်တော်စူးရောက်သူကြီးတွေကိုပဲ မေတ္တာပို့ရမလိုဖြစ်နေပါတော့တယ်။

ဒါကြောင့် 'အစ်ကို ဒီပြဿနာကို ဘယ်လို ဆက်သွယ်ရမလဲ မသိဖြစ်နေတယ်၊ နောက်တစ်ခါဒီလို မဖြစ်ရအောင် သေသေချာချာစုံစမ်းနေတာပါ' ဆိုပြီး ရှင်းပြတော့ ကောင်မလေးက ခုနက call center က အမျိုးသားပြောတဲ့ ဖုန်းနံပါတ် (ကျွန်တော်ကတော့ ဆက်ရတာများပြီး မကိုင်လို့ အလွတ်တောင် ရနေပါပြီ) နံပါတ်က (၀၁- ၅၅၅၄၇၆၀ ပါ) ပေးလို့ ဆက်လို့ မရပါဘူးလို့ ပြောရပါတယ်။ ကောင်မလေးက 'အဲဒါဆိုရင် (၀၁- ၂၂၉၄၅၂) ဆက်ပါ' ဆိုပြီး ထပ်ပေးပါတယ်။ (နံပါတ်တွေရေးပြရတာက စာဖတ်သူတွေ တယ်လီဖုန်းပြဿနာကြုံခဲ့ရင် ကျွန်တော့်လိုလိုက်မရှာစေဖို့ ဝေမျှပေးတာပါ) ပြီးတော့မှ 'ကျွန်မတို့လည်း အမြဲမှားပြီး ဖုန်းဆက်မေးကြသူတွေကြောင့် အဲဒီနံပါတ် မှတ်ထားရပါတယ်' ဆိုတဲ့စကားကြားရမှ ဘာမဆိုင်ညာမဆိုင် ပြဿနာထဲ ဆွဲသွင်းခံရတဲ့ ကောင်မလေးကို အားနာနာနဲ့ တောင်းပန်ရပါတော့တယ်။

ဒါကြောင့် ဘယ်တော့မှ မကိုင်တဲ့ နံပါတ် (၅၅၅၄၇၆) ကို မဆက်ဘဲ (၂၂၉၄၅၂) ကို ဆက်တော့မှ ကောင်မလေးတစ်ယောက် ဖုန်းကိုင်ပါတယ်။ ကျွန်တော်လည်း အဖြစ်အပျက်အလုံးစုံရှင်းပြပြီး ကျွန်တော်ပိုက်ဆံအလိုလို ဘာမှမပြောရဘဲ ပျောက်ရပုံကနေ အဲဒီကိစ္စကို ဂျာနယ်မှာဆောင်းပါးရေးပြီး ပြည်သူတွေကို ကိုယ့်လိုနောက်ထပ်မဖြစ်ရစေဖို့ ဘယ်လိုလုပ်ပေးမလဲ စဉ်းစားနိုင်အောင် ဂျာနယ်ထဲက စာရေးပြီး အသိပေးမယ်ဆိုတဲ့ အကြောင်းနဲ့ ကျွန်တော်နာမည်နဲ့ အလုပ်အကိုင်ပါပြောပြလိုက်ပါတယ်။

ကောင်မလေးလည်း မှာမှာသလဲနဲ့ 'ဒါဆိုရင် ခဏစောင့်ပေးပါ၊ သူ့ကို ဖုန်းနံပါတ်ပြောပါ၊ ကျွန်တော့်ဆီပြန်ဆက်ပါမယ်' ဆိုတဲ့ကတိကြောင့် နံပါတ်ပေးရင်း ဖုန်းပြန်ချပြီး လုပ်စရာရှိတဲ့အလုပ် ဆက်လုပ်နေမိပါတယ်။

ဒီတစ်ခါတော့ ဆက်သွယ်ရေးပြဿနာကို ပြည်သူသိအောင် တင်ပြခွင့်ရပြီဆိုတဲ့ အတွေးနဲ့ အလုပ်လုပ်နေတုန်း အဲဒီကောင်မလေးဆီက ဖုန်းနံပါတ်နောက်တစ်ခုက ပြန်ဆက်ပါတယ်။ ကျွန်တော်လည်း ဘယ်လိုလုပ်ကြမလဲဆိုတဲ့ အကြောင်းမေးတော့ ကောင်မလေးက ဆက်သွယ်ရေးကွန်ပျူတာက တစ်ဆင့် ကျွန်တော်ဖုန်းပြောတဲ့ နံပါတ်တွေပြန်စစ်ကြည့်တော့ 'အစ်ကို နိုင်ငံတကာ call ဖုန်းခေါ်ထားတယ်' ဆိုလို့ လုံးဝမဟုတ်ရကြောင်း၊ viber ကနေ အင်တာနက်က ဖုန်းပြောတာပါ။ အင်တာနက်အသုံးပြုခကလည်း (၁၀ မိနစ်လောက်အတွင်း) တစ်သောင်းမှ မကုန်တာဆိုပြီး ပြောလိုက်ပါတယ်။ ကောင်မလေး

က "မဟုတ်ဘူး အစ်ကို၊ viber ပြောရင်းနဲ့ free call မဟုတ်ဘဲ အခပေးပြောရတဲ့ ဖုန်းလိုင်းကနေပြောတာဆိုမှ အမေရိကားက သူငယ်ချင်းဆက်တဲ့ ဖုန်းအင်တာနက်လိုင်း ပြန်ကျချိန်၊ ကိုယ့်ဘက်က တယ်လီဖုန်းပုံလေး ပြန်နှိပ်လိုက်တာရယ်၊ အင်္ဂလိပ်လို စာတန်း ကြောင်း ပေါ်လာတာကို သေသေချာချာ မဖတ်ဘဲ နှိပ်လိုက်မိတာရယ်ကို ပြန်သတိရမိ တယ်"။

အမေရိကားကို ငွေတစ်သောင်းကတ်ပြားထဲက ပြန်ခေါ်လိုက်တာ ကိုယ်မသိ လိုက်ဘဲ ပိုက်ဆံပျောက်သွားတယ်ဆိုပြီး ဟိုလူ့ဒီလူ လျှောက်ပြဿနာရှာမိတဲ့ ကိုယ့်အမြင် ကို သတိရသွားလို့ ကောင်မလေးကိုယ့်ကြောင့် အလုပ်ရှုပ်သွားတာ ပြန်တောင်းပန်ရတဲ့ ဘဝ ရောက်ရပါတော့တယ်။

ကောင်မလေးက "အရင်တုန်းက နိုင်ငံခြားကိုခေါ်ရင် ခေါ်လာနဲ့ သွားဆောင်ရမ မဲ့ အခုမြန်မာငွေနဲ့ လက်ခံဖြတ်လိုက်လို့ အစ်ကိုဆက်သွယ်ရေးရုံးကို ခေါ်လာသွား မသွား ရတာ" ဆိုတဲ့ စကားကြောင့် တကယ်ပဲ မြန်မာငွေတစ်သောင်းနဲ့တင် ကိစ္စပြီးသွားတာ ကျေးဇူးတင်ရပါတော့တယ်။ (ကိုယ့်အမှားနဲ့ ကိုယ်ကိုး)

ဒါကြောင့် စာဖတ်သူမိတ်ဆွေအပေါင်းလည်း နိုင်ငံရပ်ခြားကို viber လို့ခေါ်တဲ့ အင်တာနက်အလကားခေါ်လို့ရတယ်ဆိုတိုင်း (ကျွန်တော့်လို) သေသေချာချာမစူးစမ်းဘဲ တယ်လီဖုန်းပုံတွေ့တိုင်း စွတ်မနှိပ်ကြပါနဲ့၊ ပိုက်ဆံတစ်သောင်းလည်း ဖျတ်ခနဲကုန် ဟိုလူ့ဒီလူလည်း မိုးမလင်းသေးခင် လျှောက်ဒုက္ခပေးမိတဲ့ ကျွန်တော့် ပြဿနာကိုပဲ ကောင်လုပ်ပြီး ငွေဖြည့်ကတ်ပြားပြဿနာစာစုလေးနဲ့ သတိပေးလိုက်ရပါတော့တယ်…

ငွေဖြည့်ကတ်ပြားခဲခြစ်တော့ စာလုံးနှစ်လုံးပြဲသွားလို့ အဲဒီဂဏန်းနေရာမှာ အချိန် အကြာကြီး အစားထိုးဂဏန်းတွေရိုက်ပြီး ပိုက်ဆံမဆုံးရှုံးရအောင် Mr. Bean လို အကြံကောင်းသူ မိတ်ဆွေကြီးတစ်ယောက်အတွက် အမှတ်တရ…

နံနက်ခင်း သတင်းစာဂျာနယ်

၂၁·၈·၂၀၀

❑




# ကျွန်တော်နှင့် ဘီကီနီပြဿနာ

အခုတလော နံနက်ခင်းဂျာနယ် ပင်တိုင်စာမျက်နှာ အပါအဝင် ဘယ်ဂျာနယ်ကိုမှ စာမှ မပေးဘဲ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးနေဖြစ်လို့ ဝမ်းသာသူတချို့လည်း ရှိနိုင်ကြသလို မိတ်ဆွေတွေ တကူးတကန့် ကျွန်တော့်ဆီဖုန်းဆက်ပြီး စာမရေးတာ ဘာကြောင့်လဲ မေးလိုမေး၊ တချို့ဆို သတိရလို့ဖုန်းဆက်သလိုနဲ့ နေမကောင်းလို့များ စာမရေးတာလားဆိုပြီး မေးကြလို့ တစ်လလောက် ကျွန်တော် အနားယူနေတာပါလို့ ပွင့်ပွင့်လင်းလင်း ပြောပြရပါတယ်။

တချို့ကြတော့လည်း အပတ်စဉ်ထွက်တဲ့ ဂျာနယ်ဝယ်ပြီးရိုးနဲ့ ကျွန်တော့်ဆောင်းပါး မပါသေးလို့ ရေးပါဦးဆိုတဲ့ တိုက်တွန်းမှုတွေကြား၊ အနားယူချိန်ကလည်း ပြည့်တော့မှာမို့ ကလောင်ပြန်ကိုင်ပြီး ဘယ်အကြောင်းအရာတွေက လက်ရှိကာလထဲမှာ မတော်တရော်တွေ ဖြစ်နေသလဲ၊ တွေ့ခဲ့ရင်တော့ အဲဒီကိစ္စကို သရော်ဖို့၊ တားမြစ်သတိပေးဖို့၊ ကလောင်စွမ်းနဲ့ ပြည်သူတွေကိုယ်စား သူတို့ရင်ထဲက စကားတွေကို တင်ပြပေးဖို့ တာဝန်သိစာရေးဆရာစိတ်က အလိုလို ပြန်ဝင်လာမိပါတယ်။

ဒါပေမဲ့လည်း စာရေးလို့ ကိုယ့်ကို ချစ်ရင်ကောင်းပါရဲ့၊ အမုန်းခံရရင် စာမရေးဘဲ ဘေးကထိုင်ကြည့်နေတာ ပိုကောင်းလေမလားဆိုတဲ့ လူလိမ္မာအတွေးမျိုးလည်း (နည်းနည်း) သတိပေးနေလို့ ခွင့်က တစ်လပြည့်ခါနီးလေ၊ အလုပ်ခွင်ထဲပြန်ဝင်ရင် ကောင်းမလား၊ ခွင့်ဆက်ယူရင်ကောင်းမလား၊ ချီတုံချတုံ ဖြစ်လေနဲ့ စိတ်ထဲကတော့ ရေးရင်ကောင်းမယ်ဆိုပေမဲ့ အသိဉာဏ်က မရေးနဲ့ဆိုတဲ့ ကိစ္စလေးတွေ မြင်ရကြားရတော့ ဆိုင်းသံကြားရင် မကဘဲ မနေနိုင်သူဘဝ ပြန်ရောက်မှန်းမသိ ရောက်ရပါတော့တယ်။

လက်တလော ရေပန်းစားနေတဲ့ကိစ္စကတော့ မယ်ပြိုင်ပွဲဝင်တဲ့ ကလေးမလေးက ဘာနယ်ဇင်းရှင်းလင်းပွဲမှာ ဘီကီနီဝတ်စုံနဲ့ အလှပြလိုက်တဲ့အကြောင်း ဖတ်ရတော့ ကျွန်

တော် တော်တော် စိတ်မကောင်းဖြစ်သွားမိပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီပွဲကြို့သိပြီး ဖိတ်စာရလို့ရှိရင် မယောင်မလည် သွားတက်ပြီး ဦးဦးဖျားဖျား မြန်မာပြည်ရဲ့ ပထမဆုံး ဘီကီနီဝတ် လှလုံးပြပွဲ (တရားဝင်နော်) မကြည့်ရတာ နာလိုက်တာဆိုတဲ့စိတ်နဲ့ ရေရေ လည်လည်ခံစားရပါတယ်။ (တကယ်ပြောတယ်လို့ ထင်ချင်လည်းထင်၊ မထင်ရင်လည်း နွဲ့ပြောတာလို့ ထင်ပေးကြပါ)

အခုတလော ဖာနယ်ဇင်းပွဲဆိုတဲ့ ယဉ်ကျေးမှုကြီး ခေတ်စားလာတဲ့ ရေစီးကြောင်း ထဲ ကျွန်တော်ကိုယ်တိုင် ပွဲတွေတက်၊ စကားတွေပြောရပေမဲ့ အခုလို ဖာနယ်ဇင်းဆရာ ဆရာမတွေခေါ်ပြီး အတွင်းခံ အဝတ်အစား တကယ့်မပေါ်တပေါ်နဲ့ ဂျာနယ်စာမျက်နှာပေါ် ကနေ ပရိသတ်ကိုဖမ်းစားနိုင်မယ်ဆိုတဲ့ အပြုအမူတွေဟာ ဖာနယ်ဇင်းပွဲဆိုတဲ့ ဂုဏ်သိက္ခာ လူကြီးသူမတွေဖိတ်၊ ပညာရှင်တွေဖိတ်ပြီး ကျွန်မတစ်ကိုယ်လုံးကို အားရပါးရ လူကြီးမင်း တို့ကြည့်ကြပါဆိုတဲ့ခေတ် ရောက်သွားပြီဆိုရင် အဲဒီပွဲက ဘယ်လိုရည်ရွယ်ချက်နဲ့ လုပ်ကြ တာလဲဆိုတာ ပွဲစီစဉ်သူတွေကိုရော ကာယကံရှင်မိန်းကလေးကိုပါ မေးခွန်းထုတ်ချင်စရာ ပါ။

ကိုယ်ဖြစ်ချင်တဲ့ကိစ္စက မယ်ရွေးပွဲမို့ မလွဲမသွေ ရေကူးဝတ်စုံနဲ့ ယှဉ်ပြိုင်ရမယ်ဆို တောင် သူများနိုင်ငံရဲ့ပြိုင်ပွဲဝင်ပြိုင်မှ ဝတ်ပြတာကို ခွင့်လွှတ်လက်ခံနိုင်တဲ့ အခြေအနေ (အခုအချိန်) ရောက်နေပါပြီလို့ ကျွန်တော် မရဲတရဲ ယုံကြည်မိပါတယ်။ ဒါပေမဲ့ ဖာနယ်ဇင်း ပွဲဆိုပြီး ကိုယ် တလေးတစားနဲ့ ဖိတ်ပြီး ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ ဧည့်သည် တွေဖိတ်ပြီး ဘီကီနီဝတ်စုံဝတ်ပြတာ ယဉ်ကျေးတယ်၊ ခေတ်မီတယ်၊ ဒါကို ရိုင်းတယ်လို့ မထင်ကြပါနဲ့ဆိုရင် အဲဒီလိုမိန်းကလေးရဲ့ အိမ်ကို ကျွန်တော်တို့ သွားလည်ကြရင် ဘီကီနီ နဲ့ထွက်ပြီး ဧည့်ခံရမှာလား၊ လက်ဖက်ရည်ပွဲတွေကို အဲဒီမိန်းကလေးက ရေကူးဝတ်စုံနဲ့ လာချပေးမှာလားဆိုတာ··· စဉ်းစားကြည့်စေချင်ပါတယ်။

တကယ်လုပ်ရမှာ၊ မလုပ်ရမှာ ခွဲခြားမသိသေးတဲ့ ကလေးမလေးအတွက် ကျွန် တော် အပြစ်တင်မစောချင်ပေမဲ့ တားမြစ်ရမှာလား။ ယဉ်ကျေးမှုဆိုတာ အလကား ခေတ်ကို လွန်ဆန်မှ မိုက်တာဆိုပြီး ဘေးက ပိုင်းဝန်းမြှောက်ပေးကြသူတွေရှိခဲ့ရင် ကျွန်တော် တို့မြန်မာနိုင်ငံမှ မယ်ပြိုင်ပွဲဝင်တာပြသနာမရှိပေမဲ့ လူပုံအလယ် ရေကူးဝတ်စုံနဲ့ နောက် ထပ် လှစွမ်းကောင်း ကလေးမတွေ ထပ်မြင်တွေ့ရမှာကို ကျွန်တော် တော်တော်နားမလည် နိုင်အောင် ဖြစ်ရပါတော့တယ်။

ဒီကိစ္စကို ကြည့်ကောင်းလို့ ကြည့်နေကြတာလား၊ လူလိမ္မာအမျက် အပြင်မထွက် ကြတာဆိုရင် လောလောဆယ်တော့ ကျွန်တော်လူမိုက်ဖြစ်မှာ သေချာပါပြီ။ သူငယ်ချင်



တချို့ကလည်း "မင်းသွားပြီး စာထဲက မရေးလိုက်နဲ့၊ တော်ကြာ ဘီကီနီဝတ်ခွင့်ပိတ်လိုက်ရင် (ရုပ်ရှင်ဆင်ဆာပိတ်သလိုပေါ့…) ငါတို့အားလုံး မကြည့်ရဘဲ တော်နေဦးမယ်" ဆိုပြီး နောက်သလိုပြောင်သလို ပြောကြပေမဲ့ ကျွန်တော့်ရင်ထဲမှာတော့ ဒါ မဖြစ်သင့်ဘူး ဆိုတဲ့ အတွေးနဲ့ တကယ့်ကိစ္စကို အကြောင်းပြုပြီး မဟုတ်ကဟုတ်ကဖြစ်နေတာကြောင့် ဥပမာတချို့လည်း ပြန်သတိရလိုက်မိပါတယ်။

မကြာသေးခင်က ထွက်ခဲ့တဲ့ ရှေးခေတ်ကို ပြန်ရိုက်တဲ့ ဗီဒီယိုကားမှာ မင်းသမီးက ရှေးမင်းသမီးတွေဝတ်သလို နိုင်လွန်စာ အင်္ကျီပါးပါးဝတ်ပြီး အောက်က အတွင်းခံအင်္ကျီကို အမည်းရောင်နဲ့ သူ့အတွင်းက ရှက်ဖိုကြီးငယ်ကို မြင်လို့မကောင်းအောင် လုပ်ပြကြတာ တွေ့ခဲ့ဖူးပါတယ်။ ဒါဆိုရင် ရှေးခေတ်ကလူတွေ ဒီလိုပဲ ဝတ်ကြတာပဲဆိုတဲ့ အကြောင်းပြချက်နဲ့ ကိုယ်ဖော်ချင် ချွတ်ချင်တာကို အကာအကွယ်ယူတာပဲလို့ ကျွန်တော်ရိုးသားစွာ ထင်မိလိုက်ပါတယ်။

တစ်ခါ ငယ်ငယ်က စာတ်သဘင်တစ်ခေတ်မှာလည်း ဘဲလေးအကဆိုပြီး အငြိမ့်မင်းသမီးတွေ အသားကပ်အင်္ကျီ ကျပ်ကျပ်ထုပ်ထုပ်၊ ဘောင်းဘီကျပ်ကျပ်ထုပ်ထုပ်နဲ့ ကော့လန်ပြတာတွေများလာတော့ အဲဒီဘဲလေးအကတို့၊ အားကစားအကတို့၊ အေရိုးဗစ်အကတို့ကို ခွင့်မပြုဘူးဆိုတဲ့ အမိန့်ထုတ်ယူရတဲ့အထိ ဖြစ်ခဲ့ဖူးတာလည်း ကျွန်တော်မှတ်မိနေပါသေးတယ်။

တကယ့်ဘဲလေးအကပညာရှင်၊ အေးရိုးဗစ်ပညာရှင်၊ ကျွမ်းဘားပညာရှင် အမျိုးသမီးတွေအတွက် ထိခိုက်ပေမဲ့ တကယ်တမ်း ရည်ရွယ်ချက် မကောင်းတဲ့လူတချို့ကြောင့် ရည်ရွယ်ချက်ကောင်းတဲ့ အားကစားတွေ နာမည်ထိခိုက်ရသလို အခုလည်း မယ်ပြိုင်ပွဲ တရားဝင်ကျင်းပတဲ့ဝတ်စုံတောင် မြန်မာနိုင်ငံမှာ ဘောင်းဘီအတိုအဆင့်ပဲ သတ်မှတ်ပေးထားတဲ့ အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက် ကျော်လွန်ပြီး (နိုင်ငံတကာပွဲမှာ သွားမပြိုင်ခင်) စာနယ်ဇင်းဆရာတွေကို ဂါရဝပြုတဲ့ပွဲမှာ ဘီကီနီနဲ့ ထိုင်ကန်တော့သလို ဖြစ်နေလေတော့ သက်ဆိုင်ရာလူကြီးတွေအနေနဲ့ မယ်ပြိုင်ပွဲဝင်မယ့် ကလေးမလေးတွေကို သတိပေးသင့်ပြီး (လိုအပ်တာထက်ပိုပြီး)မာလကာသီး မြန်မြန်စားချင်လို့ မြေကြီးပေါ် ပြုတ်ကျအောင်၊ အပင်ကို ဝိုင်းလှုပ်ပေးသူတွေကြောင့် ဘီကီနီစာနယ်ဇင်း ညွှန့်ခံပွဲ ဖြစ်လေသလား၊ မာလကာသီးမကဘဲ ခပ်နုနုနဲ့ သစ်ကိုင်းကို လှုပ်နိုင်းလေသလား၊ နည်းနည်းတော့ ထိန်းသိမ်းသင့်ပြီလို့ ကျွန်တော် ထင်မြင်အကြံပေးချင်မိပါတယ်။

ဒီလိုရေးသားလို့ ကာယကံရှင်မိန်းကလေးနဲ့ သက်ဆိုင်သူတွေ ထိခိုက်နစ်နာစေချင်တဲ့ သဘောမဟုတ်ဘဲ နောင်ဒီလို အစဉ်အလာကြီးဖြစ်လာခဲ့ရင် မြန်မာမိန်းကလေးဆိုတာ

အမေရိကား၊ ဥရောပ၊ ထိုင်း၊ စင်ကာပူက မိန်းမတွေထက်သာတဲ့ လူမျိုး၊ လူလယ်ကောင်တောင် ဘီကီနီနဲ့ နေပြရဲတယ်ဆိုတဲ့ မှတ်ချက်ချခံရမှာ သေချာပါတယ်။ ဟိုနိုင်ငံမှာ ဘီကီနီဝတ်ကြတာရှိကြပေမဲ့ ရေကူးကန်နဲ့ ပင်လယ်ကမ်းခြေမှာပါ။ ဟိုတယ်တွေထဲမှာ၊ နိုက်ကလပ်ထဲမှာ ဝတ်ကြတာကတော့ (အားလုံးသိကြမှာပါ…) ကောင်းမွန်တဲ့မိန်းကလေးတွေ အတုယူစရာ မဖြစ်စေချင်လို့ ဘီကီနီမယ်ပြိုင်ပွဲတွေ ကျင်းပဖို့ တစ်ချိန်မှာ ကိုယ့်နိုင်ငံထဲ ခွင့်ပြုမယ်ဆိုရင်တောင် စင်မြင့်ပေါ်မှာ မဟုတ်ဘဲ အပြင်မှာအသားလွတ် ဘီကီနီယိမ်း ကကြတဲ့အဖြစ်မျိုး မှောင်မရောက်ရလေအောင် တာဝန်ရှိသူတွေ နည်းနည်းတော့ထိန်းကြရင် ကောင်းမှာပဲဆိုတဲ့ အတွေးမျိုးနဲ့ စာမရေးချင်တဲ့အတွေးတွေ ဝင်လာမိပါတော့တယ်။ (မရေးချင်ဘူးဆိုပြီး ရေးဖြစ်ခဲ့တာက ကိုယ့်အပြစ်ပေါ့…)

လိုတာထက်ပိုမှုကြောင့် အမြင်ရိုင်းတတ်တဲ့ ပြဿနာတစ်ခုလည်း မြင်ခဲ့ဖူးတာ ရေးပြချင်ပါသေးတယ်။ မင်းသမီးလေးတစ်ယောက် ဆွမ်းကျွေးတဲ့ပွဲသတင်းဓာတ်ပုံ ဖတ်လိုက်ရပါတယ်။ မင်းသမီးက မြန်မာဆန်ဆန်ဝတ်တာ ပြဿနာမရှိပေမဲ့ (ခုနက ရေးခဲ့သလို) ဇာအင်္ကျီက တကယ့်ကို အသားကပ်၊ အောက်က (မရှိသေ့စကား… အတွင်းခံဘော်လီက အနက်ရောင်ထင်ပါရဲ့) ဂျာနယ်က အဖြူအမည်းမို့ အရောင်ကတော့ သေသေချာချာ မသိရပါ။ ဆရာတော်ရှေ့မှာ လက်အုပ်နှစ်ဖက်ချီပြီး ဆွမ်းကပ်နေတာကြည့်ရတဲ့ ကျွန်တော် မြန်မာဘုန်းတော်ကြီးကို ဆွမ်းကျွေးတဲ့ပွဲမှာ ဘယ်လိုစိတ်ကူးနဲ့ ပဒုမ္မာအင်္ကျီပါးပါးစတိုင် ဝတ်ပြီး ရှေ့ကမြန်မာတွေ ဒီလို ဝတ်ပြီး ငါလည်း မြန်မာဆန်ပြမယ်ဆိုတဲ့ တလွဲဆံပင်ကောင်းတဲ့ ကလေးမအတွက် နားမလည်နိုင်အောင်ဖြစ်ရပါတော့တယ်။ ဘုန်းကြီးဆွမ်းကျွေးတဲ့အချိန် ပိတ်ပါးစအင်္ကျီပါးပါး ဝတ်လိုဝတ်၊ အားကစားအကြောင်းပြပြီး အသားကပ်ဘဲလေးဝတ်စုံနဲ့ ကော့ကော်ကန်ကားလုပ်ပြလိုပြ၊ ရှေးခေတ်ရုပ်ရှင်ပြန်ရိုက်တာဆိုပြီး ဘရာစီယာအနက်ပေါ်က ဇာအဖြူရောင်ပါးပါး ထပ်ဝတ်လိုဝတ်၊ ဓာနယ်ဇင်းဆရာတွေ၊ မီဒီယာတွေ မိတ်ဆက်ပွဲဆိုပြီး ရေကူးဝတ်စုံဘီကီနီနဲ့ အလှဓာတ်ပုံရိုက်ခံသူခံ၊ မြင်သမျှတွေ့သမျှတွေက တကယ့်ကိုအလန်းစားတွေချည်းမို့ ကာတွန်းဆရာကြီး ဦးဘဂျမ်းရဲ့ ရသေ့ကြီး (ဦး) မျောက်ဆိတ်ကာတွန်းတစ်ကွက်ကို ပြန်သတိရမိပြီး ဆရာကြီးရဲ့ ကာတွန်းတွေဟာ ဒီနေ့အထိ ခေတ်မီနေတုန်းပဲ၊ အနုပညာအစစ်ဆိုတာ အိုတယ်မရှိဘူးဆိုပြီး ချီးကျူးမိပါတော့တယ်။

အဲဒီကာတွန်းမှာ ရသေ့ကြီးကို သူ့ရဲ့တပည့် ဖိုးသူတော်က "ရသေ့ကြီးဘုရား ခုနကဖြတ်သွားတဲ့ ဒကာမရဲ့ ဝတ်ထားတဲ့အင်္ကျီ ပါးလွန်းလို့ တပည့်တော် ဒကာမနောက်ကျောဘက်ကြည့်ပြီး ရင်တွေ မတရားခုန်နေပါတယ်။ ရသေ့ကြီးရော… အဲဒီဒကာမ

မြင်လိုက်တယ်မဟုတ်လား" ဆိုပြီး မေးပါတယ်။ ရသေ့ကြီးက "တရားနဲ့ဖြေပေါ့၊ လူဆိုတာ အပုပ်ကောင်တွေ" စသဖြင့်တရားမချဘဲ "နှင်တောင် နောက်ကျောက မြင်လိုက်ရုံနဲ့ ရင်တွေ တဒိတ်ဒိတ်ခုန်ရင် ငါက ရှေ့တည့်တည့်ကမြင်လိုက်ရတာ၊ ရင်တွေ ဟောသလို ဟောသလို ခုန်နေပြီ" ဆိုတဲ့ ကာတွန်းလေးလို့ မကြာခင်ကာလတွေမှာ လွှတ်လပ်စွာမယ် ပြိုင်ပွဲတွေ ကျင်းပခွင့်ပေး၊ မယ်ပြိုင်ပွဲဝင်မယ့် ကလေးမလေးတွေကလည်း တနယ်ဇင်း ရှင်းလင်းပွဲတွေလုပ်ကြပြီး သူ့ထက်ငါပိုပြီး ဘီကီနီတွေဝတ်၊ မော်ကြ၊ ချွတ်ကြ၊ တနယ်ဇင်း ဆရာတွေကို ဂါရဝပြုကြရင် တနယ်ဇင်းဆရာတွေကြား ခပ်တည်တည်နဲ့ လိုက်သွားပြီး ရသေ့ကြီးဦးဖျောက်ဆိတ်နဲ့ တပည့်ဖိုးသူတော်ထက် ဘယ်သူပိုရင်ခုန်ကြမလဲ၊ ကိုယ်တိုင် သိခွင့်ရတော့မယ့် မဝေးတဲ့ကာလကို စောင့်မျှော်နေတာ အကောင်းဆုံးပဲလို့ မယ်ပြိုင်ပွဲတွေ များများလုပ်၊ များများချွတ်ကြမယ့်အချိန်ကိုသာ စောင့်မျှော်နေမိပါတော့တယ်…။

မိန်းကလေးတွေက ရုပ်လှရင် *facebook* မှာ သူတို့ဓာတ်ပုံတင်တယ်၊ ရုပ်မလှရင် စားစရာတွေ၊ ထမင်းတွေ၊ ဟင်းတွေ၊ ဓာတ်ပုံတွေရိုက်ပြီး တင်ကြတယ်ဆိုပြီး မိန်းကလေး တွေအကြောင်း သင်ပေးတဲ့ သူငယ်ချင်းတစ်ယောက်အတွက် အမှတ်တရ…

နန်းခင်း သတင်းစာဂျာနယ်

၂.၁၀.၂၀၁၃

❑



## ကျွန်တော်နှင့် အလှူခံပြဿနာ

ကျွန်တော်တို့ မြန်မာလူမျိုးတွေ အပျော်အပါးကြိုက်ကြတာ၊ လှူကြတန်းကြ၊ ပွဲလမ်းသဘင် အခမ်းအနားတွေမှာ အိုးစည်ဒိုးပတ်နဲ့ ဦးရွှေရိုး ဒေါ်မိုးအကနဲ့ ကထိန်လှည့်ကြတာတွေကို ငယ်ငယ်ကတည်းက စာတွေမှာလည်း သင်ကြရ၊ ခရီးတွေထွက်တိုင်း လမ်းမှာ၊ တောရွာ အလှူလှည့်ကြတာတွေနဲ့ ကြုံရင် တအံ့တသြ ငေးမောကြည့်ကြရသလို မြန်မာလူမျိုးဖြစ်တာ၊ ဗုဒ္ဓဘာသာဝင်ဖြစ်ရတာ ကျေနပ်ပီတိဖြစ်မိပြီး နောင်ဘဝဆက်တိုင်း ဗုဒ္ဓဘာသာဝင်ပဲ ဖြစ်ရပါစေလို့ စိတ်ထဲက အမြဲ ဆုတောင်းနေမိပါတယ်။

ဒီလို အလှူအတန်းကျင်းပကြတာကို ဘေးကနေပျော်ရွှင်ကြရင်းက တဖြည်းဖြည်း အချိန်ကာလကြာလာတော့ အလှူအတန်းက နောက်ရောက်ပြီး အပျော်အပါးကို ရှေ့ရောက် လာကြတာတွေကို စိတ်မသက်မသာ မြင်လာရတဲ့ ကျွန်တော်… ဒီတန်ဆောင်တိုင်ပြီးချိန်၊ တစ်လကျော်ကျော်လောက် လောက်စပီကာတွေ၊ အသံချဲ့စက်တွေနဲ့ ထင်တိုင်းကြဲနေကြတဲ့ အလှူခံတွေရဲ့ လိုတာထက်ပိုပြီး ဆူညံမှုအပေါ်ခံစားရခဲ့သမျှ အတွေ့အကြုံတွေပေါင်းစပ် ပြီး ဒီတစ်ပတ်နံနက်ခင်းဂျာနယ်မှာ အလှူခံပြဿနာဆိုပြီး ခေါင်းစဉ်တပ်၊ စာတစ်ပုဒ် ရေးပြဖို့ ဖြစ်လာပါတော့တယ်။

တန်ဆောင်တိုင် ပွဲတော်ချိန်မရောက်မီ ကျွန်တော့် ဘော်ဒါကြီးတစ်ယောက်က သီတင်းကျွတ်ပြီးတာနဲ့ လှူဝံ၊ မျောက်ဝံ၊ တိုးနယား၊ ကျွဲတွေ ထွက်လာတော့မယ်ဆိုပြီး ပြောပါတယ်။ ကျွန်တော်က သူဘာကိုဆိုလိုသလဲ ချက်ချင်းရိပ်မိပြီး မကြာခင်ကျရောက် တော့မယ့် တန်ဆောင်တိုင်ပွဲမတိုင်ခင် ဒီတစ်နှစ်လည်း ဆိုက်ကားဆရာတွေ ဆိုက်ကား ဂိတ်မှာ အလှူခံ မဏ္ဍပ်ဖွင့်၊ အလှူငွေလက်ခံ (တချို့များ) ဆိုက်ကားဂိတ်မှာ ချက်ပြုတ် စားသောက်၊ လောက်စပီကာ၊ အသံချဲ့စက်နဲ့ အသားကုန်ဖွင့်၊ ဘာသာရေးဆိုတော့

ဘယ်သူမှလည်း မတားရဲ၊ မထိန်းရဲနဲ့ မနက်မိုးလင်းချိန်က ညမိုးချုပ်ချိန်ထိ လွတ်လပ်စွာ အလှူခံကြပါတော့တယ်။

ဘုန်းကြီးကျောင်းလှူဖို့၊ တန်းဖို့ကထိန်ခင်းဖို့ သူတို့ချေးနဲ့စာနဲ့ အလှူခံတာ သာဓု ခေါ်ချင်မိပေမဲ့ နေရာတိုင်း၊ ဆိုက်ကားဂိတ်တိုင်းမှာ အသံချဲ့စက်တွေနဲ့ အလှူခံသလို တချို့ဆိုလည်း ချောက်လို့၊ လှုပ်လို့၊ တိုးနယားလို ဝတ်ပြီး ခေါက်ကဝါးလက်စုပ်လောက်နဲ့ အလှူခံထွက်ကြတာကြည့်ပြီး (အမြင်ကတ်ပုံရတဲ့ ဘိုးတော်တစ်ယောက်က) ဆိုက်ကား သမား အလှူခံမဏ္ဍပ်မှာ ငွေဘယ်လောက် အလှူခံရတယ်ဆိုတာ စာရင်းစစ်မယ့်သူမှ မရှိတာဆိုပြီး ဘုတောတာကြားရလို့ ကိုယ်အတွေးနဲ့ကိုယ် ကျိတ်ရယ်နေခဲ့ရပါတယ်။

ဘော်ဒါကြီးတစ်ယောက်ကတော့ သူတွေ့တဲ့ ဆိုက်ကားဂိတ်အလှူခံဌာနမှာ အလှူငွေဖလားထဲက ပိုက်ဆံကို နှိုက်ပြီး ဈေးဝယ်ချက်ပြုတ်၊ ညကျတော့လည်း အရက်ဝိုင်းဖွဲ့ကြတာ မျက်မြင်ကိုယ်တွေ့ပါဆိုပြီး ဖောက်သည်ချပါတယ်။ တကယ်အလှူအတန်းလုပ်တဲ့ ဆိုက်ကားဆရာတွေ အလှူခံမဏ္ဍပ်တွေလည်းရှိပေမဲ့ ဒီလို စာရင်းမရှိ၊ အင်းမရှိ၊ စာရင်းစစ်မရှိ၊ စီးပွားရေးဆန်ဆန် အလှူခံမဏ္ဍပ်တွေ တစ်နှစ်ထက်တစ်နှစ် နည်းနည်းတော့ များလာပြီဆိုပြီး ခံစားနေမိပါတယ်။

မရှိဆင်းရဲတဲ့သူ အလှူလုပ်တာ မချီးကျူးဘဲ အထင်သေးယိုးစွပ်တယ်လို့ မထင်စေချင်လို့ ဒီအကြောင်းအရာတွေကို မရေးချင်ပါဘူး။ ဒါပေမဲ့ ကိုယ့်ဘာသာကို တခြားဘာသာဝင်တစ်ယောက်က ဝေဖန်ရင် ကျော်မကောင်း ကြားမကောင်း နောင်တွေမဖြစ်ရလေအောင် တတ်နိုင်သမျှ စေတနာနဲ့ ထောက်ပြသတိပေးဖို့ အချက်အလက်တွေ စုဆောင်းရပါတော့တယ်။

အသံချဲ့စက်ကို အပြိုင်အဆိုင်ဖွင့်နေကြတာဟာ အလှူငွေရဖို့ထက် ကိုယ့်အလှူခံမဏ္ဍပ် လူပိုသိအောင်၊ လူကြည့်အောင်၊ ဘေးပတ်ဝန်းကျင်ကို ဂရုစိုက်စရာမလိုဘူးဆိုတဲ့ စိတ်နဲ့ ဘာသာရေးကို အကြောင်းပြုပြီး လုပ်ချင်ရာလုပ်၊ ထင်ရာစိုင်းကြမယ့်လူတွေ (လိုအပ်လို့ အချိန်အခါနဲ့ မွေသီချင်းဖွင့်တာ၊ ၂၄ ပစ္စည်းပဋ္ဌာန်းရွတ်တာ၊ တရားဟောတာ၊ အလှူခံတာက ပြဿနာမရှိသလို) နှစ်ပေါင်းမြောက်များစွာလည်း ကျော်ဖြတ်လာခဲ့ပြီးမှ ဒီဘက်ခေတ်မှာ ကိုယ်ပိုင်မဏ္ဍပ်တစ်ခုစီ လမ်းထိပ်မှာဖွင့်၊ ဆော်ဟစ်ပြီး အလှူခံကြသူတွေ အသံချဲ့စက်သုံးကြ၊ လော်စပီကာသုံးကြသူတွေကို ကျွန်တော်နည်းနည်းပဲ မေးစရာတစ်ခုရှိပါတယ်။ တခြားဘာသာဝင်တွေကို ကျွန်တော်တို့လုပ်သလို လော်စပီကာတွေနဲ့ လမ်းထိပ်တိုင်းမှာ အသံချဲ့စက်တွေဖွင့်ပြီး တစ်လလောက် သူတို့ ဘာသာအတွက် အလှူခံမယ်ဆိုရင် ကိုယ့်ဗုဒ္ဓဘာသာဝင်တွေက လက်ခံနိုင်မှာလား။ မွေမိဋ္ဌာန်ကျကျ စဉ်းစားစေချင်ပါတယ်။

တခြားလူလုပ်တော့ မကြိုက်၊ ငါတို့တော့ လုပ်ချင်တာလုပ်ကြမယ်ဆိုရင် သာယာအေးချမ်းမှု၊ ငြိမ်းချမ်းမှုကို တန်ဖိုးထားတဲ့ ဗုဒ္ဓဘာသာရဲ့ အလှတရား၊ အဆုံးအမတွေဟာ အပျော်လွန်ကဲမှု၊ အသံချဲ့စက်တွေ၊ လော်စပီကာတွေရဲ့ အလွန်အကျွံ ဆူညံမှုအောက်မှာ သူများနားခေါင်းရှုံ့စရာ မဖြစ်စေချင်လို့ ဘုရား၊ ကျောင်း၊ ဘုန်းကြီး စတဲ့ ဗုဒ္ဓသာသနာအတွက် အလှူခံတာမှန်ပေမဲ့ လိုတာထက်ပိုပြီး ကျယ်လောင်ဆူညံတဲ့အသံတွေနဲ့ အလှူခံတာတွေကို နောင်နှစ်တွေမှ စီစစ်ကြပ်မတ်ဖို့ လိုတယ်ထင်မိပါတယ်။

အလှူခံမဏ္ဍပ်က ပြဿနာမရှိပေမဲ့ သီချင်းဖွင့်ချိန် ဖွင့်ရမယ့် အသံအနေအထားကို အနည်းဆုံး ရပ်ကွက်အုပ်ချုပ်ရေးမှူးလောက်က သတ်မှတ်ပြီး စည်းနဲ့ကမ်းနဲ့ အလှူခံကြဖို့ ထိန်းကွပ်ပေးသင့်တယ်လို့ ကျွန်တော်အကြံပေးချင်ပါတယ်။ ဒါဆို ဗုဒ္ဓဘာသာရဲ့ ငြိမ်းချမ်းမှု အဓိပ္ပာယ်လည်း မပျောက်ပျက်စေဘဲ တခြားဘာသာဝင်တွေရဲ့ ကဲ့ရဲ့ဝေဖန်ခံရမှုလည်း ကင်းဝေးသွားနိုင်ပါတယ်။

ကတ်သီးကတ်သတ်ပြောတတ်တဲ့ မိတ်ဆွေတစ်ယောက်ကတော့ ဆိုက်ကားဆရာတွေ ဒီလောက်ချွေးနဲ့စာနဲ့ လှူချင်ရင် တန်ဆောင်တိုင်တစ်လတည်း မဟုတ်ဘဲ တစ်နှစ်လုံး သူတို့ဆိုက်ကားနင်းလို့ရတဲ့ အထဲက အနည်းဆုံး တစ်နေ့ ၅၀၊ ၁၀၀ စသဖြင့် မှန်မှန်စု၊ တစ်နှစ်ပြည့်ရင် ဘယ်သူ့ဆီကမှ အလှူခံစရာလည်း မလို၊ မျောက်ရုပ်၊ လူဝံရုပ်ကြီးတွေနဲ့လည်း အလှူခံမထွက်ဘဲ တိတ်တိတ်ဆိတ်ဆိတ် ဘယ်သူ့အကူအညီမှ မယူဘဲ ကုသိုလ်ရေးလုပ်ကြပါလားလို့ ကန့်လန့်ပြောလို့ သူပြောတဲ့အဓိပ္ပာယ်လည်း မဆိုးဘူးဆိုပြီး အမှတ်ပေးမိပါတယ်။

ဒီနှစ်မှာ ဘယ်ကမှန်းမသိတဲ့သူတွေ အုပ်စုဖွဲ့ပြီး အိမ်တွေရှေ့၊ တီးကြမှုတ်ကြနဲ့ ကျွဲရုပ်၊ လူဝံရုပ်ကြီးတွေနဲ့ လာကြ၊ ဘယ်ကိုမှန်းမသိ ပျောက်သွားကြတော့ ကိုယ့်ရပ်ရွာ ကိုယ့်လမ်းမှာလည်း အလှူခံမဏ္ဍပ်ရှိလျက်နဲ့၊ အာဂန္တုအလှူခံတွေကလည်း မှိုလိုပေါက်၊ ဆိုက်ကားဂိတ်ကလည်း အသံကုန်ဖွင့်အလှူခံနဲ့ တကယ့်ကို မတွေးရဲအောင် ဖြစ်ခဲ့ရပါတယ်။

ကျွန်တော့်မိတ်ဆွေကြီး (အယ်ဒီတာချုပ်) တစ်ယောက် အိမ်ခန်းငှားချင်လို့ အိမ်ရှာပေးပါဆိုပြီး အကူအညီ တောင်းပါတယ်။ ကျွန်တော်လည်း တတ်နိုင်သမျှ သူလိုချင်တဲ့ မြေညီထပ်အခန်းကို သူပြောတဲ့ငွေကြေးနဲ့ ပွဲစားတစ်ယောက်ကို ရှာခိုင်းရပါတော့တယ်။ ပွဲစား အစ်မကြီးက အိမ်ရပြီဆိုပြီး ချိန်းလို့ အဲဒီအိမ်ရှေ့ ကျွန်တော်တို့ သွားကြည့်ကြတော့ တကယ့်ကို လေဝင်လေထွက်ကောင်းပြီး သပ်သပ်ရပ်ရပ် တိုက်ခန်းလေးမို့ ကျွန်တော်တို့ သဘောကျသွားကြပါတယ်။ အဲဒီအခြေအနေမှာ ဆရာသမားက ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာရာက တစ်စုံတစ်ခုကို တွေ့သွားပြီး အဲဒီအိမ်ကို မယူ

ဆုံးဖြတ်ပါတော့တယ်။

သူတွေ့တာက အိမ်ရှေ့တည့်တည့်မှာ ဓမ္မာရုံနဲ့ သူနေမယ့်တိုက်ခန်းကို တည့်တည့် ချိန်ထားတဲ့ လော်စပီကာကြီးမို့ ကျွန်တော်ကို လက်ညှိုးထိုးပြပြီး တဟဲဟဲနဲ့ ရယ်ပြတော့ ကျွန်တော်လည်း သဘောပေါက်လိုက်ပါတော့တယ်။ ဒါကြောင့် ဆရာကြီးဦးအောင်သင်း က အိမ်ဝယ်မယ်ဆိုရင် ဈေးနီး၊ ကျောင်းနီး၊ ကားဂိတ်နီး၊ ဓမ္မာရုံနဲ့ ဝေးဝေးဆိုပြီး ရယ်စရာဟောပြောတာ ဂျာနယ်ထဲမှာ ဖတ်လိုက်ရတဲ့ ကျွန်တော် ဘာတစ်ခုမှ မတားဘဲ လက်ပိုက်ကြည့်ပေးလိုက်ရပါတော့တယ်။

မွန်ပြည်နယ်၊ လမိုင်းမြို့မှာ ဒီတစ်လထဲ ကျွန်တော်တို့ တီးဝိုင်းသွားတီးကြချိန်၊ တစ်ညလုံး ကားစီးရလို့ အိပ်ရေးပျက်ကြပါတော့တယ်။ ဒါကြောင့် အိမ်တံခါးတွေစေ့ပြီး နေ့လယ် အားလုံးအိပ်ကြဖို့ ပြင်ဆင်ချိန် လော်စပီကာကြီးက အသံကျယ်ကျယ်နဲ့ မွန်သီချင်းတွေ တစ်ခွေပြီးတစ်ခွေ ဖွင့်ပါတော့တယ်။ ကျွန်တော်က ဆောင်းပါးရေးနေလို့ ပြဿနာမရှိပေမဲ့ အဆိုတော် R ဇာနည်ကတော့ ကြိတ်မှိတ်ပြီး အိပ်နေရပါတော့တယ်။

သူတို့အဆိုတော်တွေက အိပ်ရေးမဝရင်လည်း အသံဝင်တတ်လို့ ခရီးပန်း၊ အိပ်ရေး ပျက်ဒုက္ခမဖြစ်အောင် နေ့လယ်အိပ်ပါမယ်ဆိုမှ လော်စပီကာနဲ့ အသံကျယ်ကျယ်လောင်ဖွင့် တဲ့ သူတွေကြား ပြဿနာမဖြစ်ရအောင် ကျွန်တော် စေတနာနဲ့ အဲဒီနေရာ မယောင်မလည် လျှောက်သွားပြီး အဆိုတော်တွေ အိပ်ရေးပျက်ထားလို့ အိပ်နေကြပါတယ်၊ ဒါကြောင့် အသံနည်းနည်း လျှော့ပေးပါဆိုပြီး ထော်လာဂျီပေါ် တင်ထားတဲ့ အသံချဲ့စက် ဆရာကို တောင်းပန်ရပါတော့တယ်။

သူတို့ကလည်း အလှူခံထွက်လာကြတာဆိုတော့ ကိုယ့်ဟာကိုယ် ဘာသာရေးလုပ် တာ ဝင်နှောက်ယှက်တဲ့လူဆိုပြီး မရိုက်ရအောင် မျက်နှာချိုလည်းသွေး၊ အလှူငွေလည်း ထည့်ရပါတော့တယ်။ အဲဒီဆရာတွေလည်း ကျွန်တော့်ကို လူလည်းသိ၊ အလှူငွေလည်း ထည့်ထားလို့ (ထင်ပါရဲ့) အသံလျှော့ပေးပြီး အလှူခံထွက်သွားကြလို့ ကျွန်တော်လည်း သက်ပြင်းချပြီး အိမ်ထဲပြန်ဝင်တော့ R ဇာနည်က အိပ်နေရင်းက ကျွန်တော့်ကို လက်မ ထောင်ပြပါတယ်။

ကျွန်တော့်စေတနာနဲ့ ကြိုးပမ်းမှုကို ပီတိဖြစ်ပြီး စာရေးနေတုန်း နောက်တစ်ဖွဲ့ ထပ်ရောက်လာပြီး အသံချဲ့စက်နဲ့ လော်စပီကာပေါင်းစပ်ပြီး အသံကုန်သီချင်းဖွင့်တော့ ကျွန်တော်ထပ်ပြီး မတားရဲတော့လို့ အိမ်ရှင်ပွဲစီစဉ်သူက ရပ်ကွက်အုပ်ချုပ်ရေးမှူးကို သွားပြောပြီး အသံတိုးခိုင်းရပါတော့တယ်။ ဒုတိယအကြိမ် ဆူညံသံတားဆီးနိုင်လို့ ဝမ်း သာမယ်ကြံပြီး' မှေးခနဲအိပ်ပျော်သွားပါတယ်။ ညနေ ၄ နာရီလောက်မှာ အိပ်နေရင်း

နားကွဲမထွက်ရုံတမည် အကျယ်ဆုံးအသံကြီးနဲ့ မွန်သီချင်းတွေ ဆက်တိုက်ဖွင့်တော့ ကျွန် တော်တို့အားလုံး လက်မြှောက်ကြရပါတော့တယ်။ ဒီတစ်ခါ ဘယ်သူမှ တားလို့မရသလို အိမ်ရှေ့တည့်တည့် ဝါးလုံးတိုင်ထောင်ပြီး အလှူခံမဏ္ဍပ်က အသားကုန်ဖွင့်တာဖြစ်နေလို့ ကျွန်တော်တို့အားလုံး အရှုံးပေးလိုက်ရပါတော့တယ်။ (သူများကို ဆူဆူညံညံအသံတွေနဲ့ နှိပ်စက်နေတဲ့ကောင်တွေ၊ အခု ဘာတတ်နိုင်သေးလဲ ဆိုရင်လည်း ခံရမှာပါ…) နားနှစ် ဖက် ခေါင်းအုံးနဲ့ ဖိပြီး မွန်သီချင်းတီးတဲ့ ဂစ်တာသမားကိုပဲ မေတ္တာပို့ရပါတော့တယ်။ ဘယ်သူမှန်းမသိရတဲ့ ဂစ်တာသမားက မွန်သီချင်းမှာ လက်စွမ်းပြထားတာ ဂစ်တာသမား ချင်းမို့ မထင်မှတ်ဘဲ နားထောင်မိလေ သူ့အသံက ဆူညံလို့ အိပ်မရလေဖြစ်ရတော့ ဒီလောက်တောင်တီးတဲ့ မွန်ဂစ်တာသမား နာမည်မေးထားဦးမှ၊ ငါ့ကို နားငြီးအောင် လုပ်နိုင်တဲ့ ဆရာသမားဆိုပြီး စိတ်ထဲက မေတ္တာပို့နေမိပါတယ်။

ညနေ ၆ နာရီလောက် မွန်အဆိုတော်လေးတစ်ယောက် ကျွန်တော့်ဆီ လာနုတ်ဆက် ချိန်၊ 'ညနေကဖွင့်တဲ့ သီချင်းခွေ ဘယ်သူတီးထားတာတုံး၊ ဆူညံနေတာပဲ၊ ငါတို့အိပ် လို့ကို မရဘူး၊ ဘယ်ဂစ်တာသမားလဲ' ဆိုပြီး မေးလိုက်ပါတယ်။ မွန်အဆိုတော်လေးက 'ကိုနိုင်ဇော် တီးထားတာလေ၊ လွန်ခဲ့တဲ့ ၄ နှစ်လောက်က PTL စတူဒီယိုမှာ တီးပေးထား တာ၊ အဲဒီအခွေက အခုမှထွက်တာ' ဆိုပြီး ရှင်းပြတော့ ဘေးကကြားတဲ့ သူငယ်ချင်းတွေ လည်း ကိုယ့်ရှူးကိုယ်ပတ်၊ ကိုယ့်လက်သံကိုယ် ပြန်နားငြီးတဲ့ ကျွန်တော့်အဖြစ်ကို ဝိုင်းရယ်ကြပါတော့တယ်။

အလှူခံမဏ္ဍပ်ကဖွင့်တဲ့ သီချင်းကို လက်မြှောက်အရှုံးပေးပြီး အတင်းအကျပ်နား ထောင်လိုက်ရတဲ့ လော်စပီကာဒုက္ခသည် ကျွန်တော်လည်း ရှက်ရှက်နဲ့ 'ငါတီးမှန်း မမှတ်မိပေမဲ့ ဂစ်တာသံကတော့ သပ်သပ်ရပ်ရပ်ပဲ' ဆိုပြီး နောက်ဆုံးမှာ အရှက်ပြေ ပြန်ပြောလိုက်ရပါတော့တယ်။ စိတ်ထဲကလည်း အလှူခံမဏ္ဍပ်တွေက သီချင်းဖွင့်ကြတာ ကြားတိုင်း ကိုယ်တီးတဲ့သီချင်းကို ပြန်ဆဲတဲ့ကျွန်တော်မှတ်ပြီးလားဆိုပြီး ဆုံးမနေမိပါ တော့တယ်။ နောက်တစ်နှစ် ဆူညံသံလျှော့တဲ့ ဥပဒေ၊ ထိန်းချုပ်တဲ့ဥပဒေ ပြဋ္ဌာန်းလို့ လွှတ်တော်မှာ တင်သွင်းတဲ့ လွှတ်တော်အမတ်သာရှိခဲ့ရင် ကျွန်တော့်လိုခံစားရသူတွေရဲ့ အသည်းကြားက မဲတစ်ပြားရမှာသေချာတယ်လို့ တွေးပြီး သူ့ရဲကောင်းလွှတ်တော်အမတ် တစ်ယောက် လော်စပီကာဆူညံသံထိန်းချုပ်မှု ဥပဒေတင်သွင်းမယ့် အချိန်ကာလကို စောင့်မျှော်နေမိပါတော့တယ်။

ဒီစာစုလေးကို ပုပ္ပားမှာ ကျွန်တော်တို့မိသားစု အပန်းဖြေခရီးထွက်ချိန် တန်ဆောင် မုန်းလပြည့်၊ ညဘက် စားသောက်ဆိုင်ထဲ ဝင်လာပြီး ဆိုင်ရှင်ကို ရှမ်းအကနဲ့ တီတီတီ

ဆိတ်ဆိတ် ညင်ညင်သာသာ အလှူခံ၊ အလှူငွေရချိန် စားသောက်ဆိုင်ထဲက စားသုံးသူတွေကို တစ်ချက်မှ ဒုက္ခမပေး၊ ဆူညံသံမပေးဘဲ သိက္ခာရှိရှိထွက်သွားသော မုံရွာမြို့က ကာလသားညီငယ်အဖွဲ့တစ်ဖွဲ့အား ဂုဏ်ပြုရေးသားလိုက်ပါတယ်။

နှုက်ခင်၊ သတင်းစာဆရာနှယ်

၂၄·၁၁·၂၀၀၃

❑



## ကျွန်တော်နှင့် Pearl White ပြဿနာ

မကြာသေးမီ ရက်ပိုင်းအတွင်းက ကျွန်တော့်ဆီ အဆိုတော် တေးရေး ညီငယ်တစ်ယောက် သီချင်းတီးခတ်ပေးဖို့ လာပြီးအလုပ်အပ်ပါတယ်။ ကျွန်တော်တစ်ယောက်တည်း ကွန်ပျူတာပရိုဂရမ်နဲ့ ပေါင်းစပ်ပြီး ဂစ်တာတီးခတ်တဲ့စတူဒီယိုလေးလည်း ကျွန်တော် အိမ်မှာ လုပ်ထားလို့ အားလပ်ရက်တွေမှာ တစ်ကိုယ်တော် တစ်ယောက်တည်း အသံဖမ်းတဲ့ အလုပ်လည်း ဒီနှစ်ပိုင်းမှာ လုပ်ဖြစ်ခဲ့ပါတယ်။

ဒါကြောင့် လူချင်း ခင်မင်ရင်းနှီးသူများ၊ မကောင်းရာမကောင်းကြောင်း အနုပညာဆက်နွယ်သူများ၊ ငြင်းလို့မရသူများအတွက် ကျွန်တော့်အိမ်မှာ သီချင်းလေးတွေ တီးပေးဖြစ်လို့ အလုပ်အပ်ကြရာကနေ လေးဖီးကလပ်တီးဝိုင်းနဲ့ မသက်ဆိုင်ဘဲ တစ်ကိုယ်တော် ဖန်တီးမှုအနေနဲ့ တီးခတ်နေခဲ့ရာက ခုနက အဆိုတော်လေး ရောက်လာပြီး ကောင်မလေးတစ်ယောက်အတွက် သီချင်းလာအပ်တာပါ။

ကွန်ပျူတာနဲ့ တီးခတ်ရလို့ သီချင်းတီးပြီးမှ သီချင်းအနှေး၊ အမြန်၊ အနိမ့်အမြင့်တွေပါ လိုသလို ပြုပြင်နိုင်သလို သီချင်းတီးမယ့် စတိုင်လ်၊ သူတို့လိုချင်တဲ့ သီချင်းပုံစံ ဘယ်လိုဖြစ်လာမလဲဆိုတာပါ ကွန်ပျူတာနဲ့ သူတို့ရှေ့မှာ ချက်ချင်းအကြမ်းတီးပြပြီး ကြိုက်နှစ်သက်မှ အချောဆက်တီးတဲ့ပုံစံကို ကျွန်တော် လက်ခံကျင့်သုံးလို့ အခုလည်း သူတို့လိုချင်တဲ့ပုံစံရအောင် ကြိုးစားပမ်းစားတီးချိန်၊ သူသီချင်းရေးတာကြာတဲ့ကိစ္စ သူ့ဘာသာသူပြောရင်း မရည်မှတ်ဘဲ လွှတ်ခနဲသူပြောမိတဲ့စကားတစ်ခွန်း ကျွန်တော် ကြားလိုက်ရလို့ စိတ်မကောင်းဖြစ်မိသွားတယ်။ သူပြောတဲ့ကိစ္စဟာ လူငယ်မျိုးဆက်သစ်တွေအထ လူကြီးတွေရဲ့ ကျောင်းတော်က ရန်စဟာ အမြစ်တွယ်လာမှာစိုးရိမ်မိပြီး ဒီစာစုလေး သတိပေးဆောင်းပါး၊ အသိပညာပေးဆောင်းပါးရေးပြီး သီချင်းချစ်သူ၊ သီချင်းဆို

ပိုက်ဆံရှာသူ၊ ဂီတာနဲ့ပတ်သက်သူ ဂီတပညာမတတ်ပေမဲ့ ဂီတလောကထဲ ဝင်ဖို့ ကြိုးစားနေသူ၊ သီချင်းရေးစပ်ဖန်တီးနေသူတွေအားလုံး (တတ်နိုင်သမျှ) အမြင်ရှင်းစေဖို့ ရေးသားလိုက်ရပါတော့တယ်။

ညီငယ်လို ခင်ရတဲ့ တေးရေးအဆိုတော်လေးက "ဒီသီချင်းတွေက ကျွန်တော်ဦးနှောက်ထဲကစပြီး ဖန်တီးရတာ။ ဆရာလို ဓာတလေးတီးလိုက်ရုံနဲ့ တီးပြီးသွားသူလိုတော့ ဘယ်တူပါ့မလဲ။ ဒီသီချင်းရဲ့ မူလပိုင်ရှင်ဟာ ကျွန်တော်" ဆိုပြီး ဗလာချီထခွပ်သလို ပြောလိုက်တဲ့စကားကြောင့် သူ့သီချင်းလေးတွေ မအောင်မြင်ခင်၊ သူ့ကို လူမသိခင်၊ ကျွန်တော်တို့တီးနေတဲ့ စတူဒီယိုကို သီချင်းသွင်းဖို့ ရောက်လာစဉ်က သူ့ပုံစံ၊ သူပြောတဲ့စကား၊ ကျွန်တော်တို့ သူ့ သူငယ်ချင်းကို တီးပေးဖို့ပြောစဉ် ကျွန်တော်ရဲ့ arrangement တွေကို ဘယ်လိုကြိုက်ကြောင်း ပြောခဲ့စဉ်က ပုံစံနဲ့ ကွာခြားပြီး အဲဒီလူစုံ သီဆိုတဲ့ သီချင်းခွေက အောင်မြင်သွားသလို သူလည်း အခြေအနေတွေပြောင်းလဲပြီး တိုက်ပိုင်၊ ကားပိုင်၊ နာမည်ကြီးဖြစ်ကာမှ ကျွန်တော်တို့ တေးရေးက မူလပိုင်ရှင်ဆိုတဲ့ စကားကြီးနဲ့ ဝါဒဖြန့်စကားလို ပြောလာတာကြောင့် မနေနိုင်တဲ့ ကျွန်တော်က သူ့ကို စဖြစ်အောင် စလိုက်မိပါတယ်။ (ဒါကလည်း မိတ်ဆွေတစ်ယောက်ရဲ့ တင်စားမှုပါ)

"မင်းသီချင်းလေးက ဂစ်တာအကြမ်းလေးတီးပြတာနဲ့ ကောင်းနေတာ၊ ငါတီးဖို့မလိုဘူးဆိုရင်၊ မဖန်တီးပေးရဘူးဆိုရင် မော်ဒယ်မလေးတစ်ယောက်၊ ရုပ်ကလည်း ချော၊ ကိုယ်လုံးကလည်း ပြေပြစ်၊ နဂိုရှိပြီးသားအလှနဲ့ အင်္ကျီလုံချည်မဝတ်၊ မိတ်ကပ်၊ နှုတ်ခမ်းနီ၊ မပြင်ဆင်ဘဲ လမ်းမပေါ် ကိုယ်တုံးလုံး ဝတ်လစ်စလစ် ထွက်လျှောက်လို့ ရသလား၊ ဘောကပြုပြင်မှုနဲ့ နဂိုရုပ်ပေါင်းစပ်မှ သူ့အလှပေါ်ပြီး သူ့အလှကို လူတွေပိုသိမှာပေါ့..." ဆိုပြီး အမှန်အတိုင်းပြောလိုက်တော့ အဲဒီဆရာသမားလေး တစ်ချက်တည်း အိမ်ပေါ်က ရယ်ရယ်မောမောနှုတ်ဆက်ပြီး ပြေးပါတော့တယ်။

တစ်ဖက်က ပြန်ကြည့်ရင် ရုပ်ဆိုးတဲ့ သူတွေကို မိတ်ကပ်၊ နှုတ်ခမ်းနီ၊ အဝတ်အစားပြုပြင်မှု ဘယ်လိုပဲကောင်းသော်လည်း နဂိုရှိမှ နကိုင်းထွက်ဆိုသလို မူရင်းအလှရှိသူမှသာ တောက်ပြောင်နိုင်တာကိုလည်း ကျွန်တော်လက်ခံမိလို့ တေးရေး၊ အဆိုတော်နဲ့ တီးဝိုင်းဟာ အပေးအယူ ညီညွတ်မျှတနေမှ သီချင်းတစ်ပုဒ်အောင်မြင်တာ၊ ခေတ်အဆက်ဆက်က အောင်မြင်ခဲ့တဲ့ အဆိုတော်တွေရဲ့ သီချင်းတွေက သက်သေပြခဲ့ပြီးပါပြီ။

ပလေးဘွိုင်းသန်းနိုင်ရဲ့ သီချင်းတွေကို တီးခတ်ပေးခဲ့တဲ့ ပလေးဘွိုင်းရဲ့ တူရိယာပညာရှင်တွေသာ သူတို့တူရိယာကို ကျွမ်းကျင်ပိုင်နိုင်စွာ မတီးခတ်ခဲ့ရင် ပလေးဘွိုင်းသန်းနိုင်ရဲ့ သီချင်းတွေ၊ ပရိသတ်ဘယ်လို နားထောင်ခွင့်ရမလဲ၊ 'ဆု' လို၊ 'လမ်းဆက်လျှောက်

မယ်' လို၊ 'ဖြည်းဖြည်းလေးနဲ့ ငြိမ့်ငြိမ့်လေး' လို၊ 'နေနဲ့လ အရှေ့နဲ့အနောက်' လို သီချင်းကောင်းတွေကို အဲဒီခေတ်ထဲက မူရင်းသီချင်းကလို တစ်မျိုး၊ ကိုယ်ပိုင်သံစဉ်တစ်သွယ် နောက်ကွယ်ကနေ ဖန်တီးပေးကြတဲ့ အတီးပညာရှင်တွေရဲ့ အစွမ်းကို (နည်းနည်းတော့) သတိပြုမိသင့်တယ်လို့ ထင်မိပါတယ်။

အောင်မြင်တဲ့ သီချင်းတစ်ပုဒ်ဖြစ်ဖို့ နေ့မအိပ် ညမအိပ်၊ အဲဒီခေတ်ကဆို စတူဒီယိုမှာ အဝတ်အစားတွေပါ အိတ်တွေနဲ့ထည့်ပြီး ခရီးထွက်သလို သွားတီးကြရတဲ့ တူရိယာပညာရှင်ကြီးတွေရဲ့ တန်ဖိုးအမှန်ကိုလည်း တန်ဖိုးထားတတ်မှာပါ။ သီချင်းတစ်ပုဒ်ရေးကတည်းက ဘယ်သူရေးတယ်ဆိုတာ သီချင်းစာအုပ်ထဲမှာ အမြဲပါသလို သီချင်းခွေကာဗာမှာ၊ ပိုစတာမှာ၊ အမြဲထည့်ရေးကြလို့ မူလပိုင်ရှင်ဆိုတာ ဘယ်သူလဲဆိုတာ ပရိသတ်အားလုံး နိုင်ကြပါတယ်။ တကယ်မသိကြရတာက သီချင်းဖန်တီးသူ တူရိယာ ပညာရှင်ဘယ်သူဆိုတာပါ။ တီးဝိုင်းနာမည် တစ်လုံးပဲတပ်ပြီး အဲဒီနောက်မှာ နာမည်ဖော်မပြခံရဘဲ ပုန်းကွယ်ထားရတဲ့ ကျွန်တော်အပါအဝင် အတီးပညာရှင်တွေပါလို့ သက်သေအခိုင်အမာနဲ့ ပြောလိုက်ချင်ပါရဲ့။

ခက်တာက အတီးသမားဆိုတာ သူ့ရဲ့ ကိုယ်ပိုင်တူရိယာကို နေ့စဉ်နဲ့အမျှ လေ့ကျင့်ရတဲ့အလုပ်နဲ့ ပျော်မွေ့နေပြီး သူ့နာမည်ကြေညာမှာ သူ့ကိုရှေ့ထွက်ခိုင်းမှာတောင် စိုးရိမ်ပြီး နောက်ကွယ်ကပဲ ပံ့ပိုးပေးဖို့ပဲ အစဉ်အမြဲရှေ့တန်းတင်ကြတဲ့ အဖြည့်ခံဖြစ်ချင်သူတွေ ခေတ်အဆက်ဆက်ကတည်းက သူတို့ချစ်တဲ့ ဂီတပညာတွေကို အပတ်တကုတ်ကြိုးစား သင်၊ လေ့ကျင့်တီးခတ်ပြနိုင်အောင် ကြိုးစားရတဲ့ဘဝကို ဘာနဲ့မှ မလဲဘဲ ရသမျှပိုက်ဆံ ပေးသမျှပိုက်ဆံနဲ့ ကျေနပ်ကြတာ၊ စတီရီယိုမပေါ်ခင်ခေတ်ကနေ အခုခေတ်သစ်အ အထိ အတူတူတွေပါဆိုရင် ကန့်ကွက်စရာ တော်တော်လေးရှားပါလိမ့်မယ်။

စုန်းပြူးအနေနဲ့ ကျွန်တော့်လို ဂစ်တာသမားကတော့ ဂစ်တာလည်းတီး၊ စာလည်း ရေး၊ လူကလည်း ဥပဒေနဲ့ဘွဲ့ရထား၊ နဂိုကလည်း မဟုတ်မခံစိတ်နဲ့ 'လူညီရင် ညှ ကျွဲလုပ်ကြစို့' ဆိုတဲ့ ပုဂ္ဂိုလ်တွေကို ပြန်ပြီးဝေဖန်ထောက်ပြပေးဖို့ စာရေးဆရာ (မင်းသိ စကားနဲ့ပြောရရင် 'ဘုရားသခင်က ကမ္ဘာကြီးကို လက်ဆောင်ပေးထားတဲ့လူ' လို့ ပြော ရမလို မွေးဖွားလာသူဖြစ်နေတာကြောင့် ရေးအစဉ်အဆက်က နာမည်လည်း ဖော်ပြ ငွေကြေးအရလည်း တိုက်ဆောက်၊ ကားစီးနိုင်သူတွေကြား ဘာတစ်ခုမှမရဘဲ ဆင်း ရဲရဲနဲ့ မြို့စွန်နယ်ဖျားမှာ သေဆုံးသွားရရှာတဲ့ အတီးပညာရှင်ကြီးတွေရဲ့ တီးခတ်ဖန်တီးမှု ကို ပညာတတ် ဂီတပညာရှင်၊ ဂီတသမားတွေခေတ်မှာ တန်ဖိုးထားသင့်ပြီလို့ ယူဆ FM တွေကအနုပညာကြေးတွေ စချီးမြှင့်စဉ်၊ ရုပ်ရှင်ဗီဒီယိုသီချင်းတွေအတွက် သီချ

အသုံးပြုခပေးအပ်ဖို့ ဆုံးဖြတ်ကြတဲ့ အစည်းအဝေးတွေမှာ အတီးသမားကြီးငယ်တွေရဲ့ ရပိုင်ခွင့်ကို မိုက်မိုက်ကန်းကန်း၊ အမုန်းခံ၊ အကဲ့ရဲ့ခံရမှာ သိလျက်နဲ့ ပြောခဲ့မိတာပါ။

ဒါကြောင့်လည်း လူကြီးတွေက အတီးပညာရှင်တွေလည်း ရသင့်တယ်ဆိုတာ သဘောပေါက်ပြီး ၁၅ ရာခိုင်နှုန်းကို ကျွန်တော်တို့ အတီးသမားတွေ ဂီတအစည်းအရုံးမှာ ထုတ်ယူခွင့်ရခဲ့ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး တေးရေးလူကြီးပိုင်းတချို့က မူပိုင်ခွင့်ဥပဒေမှာ အတီးသမားမပါဘူးဆိုပြီး လုပ်ကြလို့ တေးရေးအလှာနဲ့ အတီးသမားတွေ မကြာခင်က သွေးကွဲကြတာကုစားလို့ မပြီးနိုင်သေးခင် အခုလည်း MP 3 ရောင်းချတဲ့စနစ် တီထွင်ရာက အတီးသမားတွေ ၇ ရာခိုင်နှုန်းပဲရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကြောင့် ဒီမူအတွက် ချမှတ်ပေးသူတွေနဲ့ အတီးပညာရှင်တွေ၊ တီးဝိုင်းတွေ ဖေ့စ်ဘွတ်ခ်ပေါ်မှာ တိုက်ကြခိုက်ကြသလို ဂီတအစည်းအရုံးမှာ မျက်နှာစုံညီတွေ့ကြရပြန်ပါပြီ။ (အဲဒီပွဲမှာ ကျွန်တော်လည်း တက်ဖြစ်ခဲ့ပါတယ်)

ကျွန်တော်က ဥပဒေဘာသာရပ်နဲ့ ဘွဲ့ရခဲ့သလို မူပိုင်ခွင့်ဥပဒေနဲ့ ၁၉၉၄ ခုနှစ်မှာ Thesis လုပ်ထားသူဖြစ်ပါတယ်။ ဒါပေမဲ့ ခုနက မူပိုင်ခွင့်ကိစ္စတွေကို အသံကျယ်ကျယ်နဲ့အော်ဟစ်ပြီး ပြဿနာဖြစ်စေမယ့် ဆုံးဖြတ်ချက်တွေ ချမှတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ကျွန်တော်တတ်တဲ့၊ ကျွန်တော်သိတဲ့ ပညာက ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေတယ်လို့ ကိုယ့်ဘာသာခံယူပြီး ဝင်ရောက်ဆွေးနွေးခြင်းလည်းမပြုသလို ဘယ်လိုမှလည်း ထောက်ခံခြင်းလည်း မပြုခဲ့ပါဘူး။

ဒါကလည်း နိုင်ငံတကာမှာ စာချုပ်စာတမ်းနဲ့ ရေးထိုးပြီး တီးခတ်ကြတဲ့ ဂီတသမားရပိုင်ခွင့်နဲ့ ကျွန်တော်တို့ဆီက ရသလောက်နဲ့ တီးကြရတဲ့ ခေတ်အဆက်ဆက်က အတီးပညာရှင်တွေရဲ့ နိမ့်ကျတဲ့ဘဝ မတူတာကို မမြင်ဘဲ ငွေကြေးရတော့မှ အတီးသမားပေးစရာမလိုဘူးဆိုပြီး မူပိုင်ခွင့်ဥပဒေကို ကိုယ်လိုသလိုယူသုံးတဲ့ အယူအဆဟာ နည်းနည်းတော့ မတရားဘူး ထင်မိလို့ပါ။

ဒီလို ကျောင်းတော်က ရန်စကို တေးရေးနဲ့အဆိုတော်၊ တေးရေးနဲ့ အတီးသမားတွေ မညီမညွတ်ဖြစ်မှ ဆရာလုပ်လို့ရမယ်ဆိုတဲ့ စုန်းပြူးအတွေးအခေါ်နဲ့ လက်သိပ်ထိုး မြှောက်ပင့်ပေးကြတဲ့ ဆရာကြီးတချို့ရဲ့ အမှောင့်ပယောဂတွေကြောင့် ပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင်နေခဲ့ရတဲ့ ဂီတလောကကြီး စိတ်ညစ်စရာတွေဖြစ်သွားမှာကိုတော့ ကျွန်တော် မလိုလားတာ အမှန်ပါ။

သီချင်းရေးဆရာ သီချင်းရေးစ တစ်ပုဒ် ၄ သိန်း အနည်းဆုံးရလည်း ကျွန်တော်တို့ အတီးသမားတွေက သောင်းဂဏန်းနဲ့ အဲဒီတေးရေးကြီးငယ်မဟူတို့ ရေးထားတဲ့

သူတို့သီချင်းလေးတွေကို ပရိသတ်ဆီ အကောင်းဆုံး ပို့ဆောင်ပေးခဲ့ကြလို့သာ စိုင်းထီးဆိုင်၊ စိုင်းခမ်းလိတ်နဲ့ The Wild Ones၊ ခင်မောင်တိုး၊ ကိုမောင်မောင်၊ ကိုနေဝင်း၊ ကိုရဲလွင်နဲ့ မျိုးမြင့်နိုင်း စတဲ့တွဲဖက်ညီတဲ့ ဂီတညီအစ်ကိုတွေဖြစ်လာကြတာပါ။ ဒီလိုပဲ ဇော်ဝင်းထွဋ်နဲ့ (Emperor)၊ လေးဖြူနဲ့(Iron Cross) ဆိုတာလည်း ခွဲလို့မရတဲ့ အတီးပညာရှင်နဲ့ အဆိုတော်တွေရဲ့ သွေးစည်းမှုပါ။

အခုခေတ်ကျမှ ငါတို့က မူပိုင်ဆိုတဲ့စကားလုံးကို တေးရေးလူငယ်လေးတွေကပါ သုံးစပြုလာပြီဆိုတော့ ကျောင်းတော်ကရုန်စ အနာဂတ်အထိလိုက်ပါသွားမှာ စိုးရိမ်မိပါတယ်။ တကယ်တော့ ဆင်းရဲနွမ်းပါးသူကို ကူညီတွဲခေါ်ရမှာ ဂီတသမားအချင်းချင်း ဆင်းရဲတူတူ၊ ချမ်းသာတူတူ စိတ်မျိုး မွေးသင့်ကြလျက်သားနဲ့ ကလေးတွေ စားမာန်ခုပ်သလို မာန်ဖီကြ၊ ဟိန်းဟောက်ကြရင် ကျွန်တော်တို့ ဂီတလောကဆိုတာ ဘယ်လိုလောကဖြစ်သွားမလဲ ရင်လေးမိပါတယ်။

တေးရေး၊ အဆိုတော်၊ အတီးသမားတွေကို စိတ်ဝမ်းကွဲစေတဲ့ ပြဿနာအစဖြစ်တဲ့ ငွေကြေးခွဲဝေမှုစနစ်ကြောင့် မခေါ်နိုင်၊ မပြောနိုင်ဖြစ်ကြရတာတွေလည်း တကယ့်ကို ရှက်မိပါတယ်။ ဒါပေမဲ့လည်း တစ်ခါလာအတီးသမားဆိုတာ အနုပညာကြေးနောက် ထပ်မရသင့်ဘူး၊ ရာခိုင်နှုန်းအနည်းဆုံးပဲ ပေးရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်မျိုးတွေကို တွင်တွင်ပြော၊ တွင်တွင်သုံးနေကြတဲ့ မူပိုင်ခွင့်၊ ဝါရင်းတုတ် ကိုင်ခွင့်ရသလိုဖြစ်နေသူတွေရဲ့ နိုင်ငံတကာစံနှုန်းတွေနဲ့ နှိုင်းယှဉ်ပြောနေကြတာတွေကို တစ်ခါက အဆိုတော်ကြီး ဇော်ဝင်းထွဋ်ပြောခဲ့တဲ့ စကားတစ်ခုနဲ့ နှိုင်းယှဉ်စဉ်းစားနေမိပါတယ်။

လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က နဝရတ်စတူဒီယိုမှာ သက်ကြီးဝါကြီး ပလေယာကြီးတွေနဲ့ တွဲတီးမယ့် အခွေတစ်ခွေလုပ်ကြဖို့ စကားစမိကြပါတယ်။ ဒီအစီအစဉ်ကို တော်တော်များများက ထောက်ခံနေတုန်း တစ်ယောက်က "ဘိုးတော်တွေ အခုပြန်တီးရင် အရင်လို Touching မညီတော့ပါဘူး၊ မဖြစ်နိုင်ဘူး" ဆိုပြီး ကန့်ကွက်ပါတယ်။ အဆိုတော်ကြီး ဇော်ဝင်းထွဋ်က "သူတို့တီးတဲ့ လက်သံတွေမညီလည်း ဘာဖြစ်တုံး၊ ငါတို့ခေတ်မှာ ကွန်ပျူတာတွေ၊ ဒစ်ဂျစ်တယ်စနစ်တွေနဲ့ ဘိုးတော်တွေကို ပြန်ပြီး ပြုပြင်ပေးကြမှာပေါ့" ဆိုတဲ့ စကားပြောခဲ့တဲ့ (ကို) ညီထွဋ်မမှတ်မိနိုင်တော့ပေမဲ့ ကျွန်တော်ကတော့ သူ့စကားကို ကြိုက်လွန်းလို့ မှတ်ထားမိပါတယ်။

ကျွန်တော်တို့ ဖြောင့်ဖြူးတဲ့လမ်းပေါ် သွားကြဖို့၊ ကျောက်စရစ်ခဲတွေ၊ ခဲလုံးတွေနဲ့ ပြည့်နေတဲ့လမ်းပေါ် လက်နှိပ်စက်ကတ္တရာခင်းနှိမ့်မြှင့်နဲ့ လမ်းထွင်ဖောက်ခဲ့ကြတဲ့ သက်ကြီးဝါကြီး တူရိယာပညာရှင်ကြီးတွေကို သက်ကြီးပူဇော်ပွဲ မလုပ်နိုင်သေးတောင် သူတို့

တီးခတ်ခဲ့မှုအတွက် သူတို့ပိုင်ဆိုင်တဲ့ ဂီတသံတွေအတွက် အားလုံးရမယ့် အနုပညာကြေးထဲက နည်းနည်းလောက်ခွဲဝေမပေးနိုင်ကြဘူးလား။ ပုဆိုးလေးတစ်ထည်နဲ့ ဖြီးတက်လာတုန်းကတော့… အတီးပညာရှင်တွေကို ထိုင်ကန်တော့မတတ် လေးစားခဲ့ရတဲ့ သူတွေက တိုက်ဆောက်၊ ကားစီးနိုင်ကြမှ ကျွန်တော်တို့ရတဲ့ ငွေကြေး ခင်ဗျားတို့မယူကြနဲ့လို့ ပြောကြတော့မှာလား။ ဒါမှမဟုတ် နိုင်ငံတကာမှာ မပေးဘူး၊ ခင်ဗျားတို့နဲ့ မဆိုင်ဘူးဆိုရင် နိုင်ငံတကာမှာလည်း… သက်ကြီးပူဇော်ပွဲမရှိဘူး၊ မြန်မာပြည်မှာလည်း ကန်တော့စရာ ဂါရဝပြုစရာမလိုပါဘူး လို့ တစ်ချိန်မှာ ပြောကြတော့မှာလား… မေးခွန်းထုတ်ချင်စရာပါ။

တစ်ခါက မိတ်ဆွေတစ်ယောက်ကြုံခဲ့တဲ့ အဖြစ်လေးတစ်ခု ရှင်းပြချင်ပါတယ်။

ကျွန်တော့်မိတ်ဆွေတစ်ယောက် သူ့ရဲ့ဂစ်တာဆေးပြန်မှုတ်ချင်လို့ မော်တော်ကားမှုတ်ဆေးရောင်းတဲ့ ဆိုင်ကြီးတစ်ခုမှာ သွားပြီးဝယ်ပါတယ်။ ဆေးရောင်းတဲ့ လူငယ်က အစ်ကိုဘာအရောင်ယူမလဲဆိုပြီး မေးပါတယ်။ ကျွန်တော့်ဘော်ဒါက Pearl White ယူမယ်ဆိုပြီး ပြောပါတယ်။ ဆေးရောင်းတဲ့ကောင်လေးက အဖြူရောင်နော်ဆိုပြီး လာမေးပါတယ်။ မိတ်ဆွေက ဒီအဖြူမဟုတ်ဘူး၊ Pearl White ဆိုပြီး (ပုလဲပါတဲ့ အဖြူရောင်ခပ်ရင့်ရင့်လို့) ရှင်းပြပါတယ်။ ဆေးရောင်းတဲ့ကောင်လေးက Pearl White လည်း အဖြူပဲ အစ်ကိုရာ၊ အဖြူရောင်ဆိုပြီးတာပဲဆိုပြီး ပြန်ပြောတော့ ကျွန်တော်မိတ်ဆွေဒေါသူပုန်ထပြီး အဖြူရောင်ကို အနုအရင့်အရောင် ၂၀ လောက်ခွဲလို့ရတဲ့ခေတ်ကြီးမှာခြားလူ Pearl White မသိတာထားဦး၊ ဆေးရောင်းစားတဲ့ မင်းလိုကောင်က မသိတာတော်တော်ဆိုးတာပဲလို့ ပြန်ပြောတဲ့စကားကြားခဲ့ရတဲ့ ကျွန်တော် ဂီတလောကထဲမှာနေ၊ ဂီတသမားတွေနဲ့ ဆက်ဆံ၊ ဂီတသမားတွေ ကျွေးမွေးတဲ့ ထမင်းဟင်းစား၊ လုပ်တဲ့ဘဝတွေဖြစ်ကာမှ ကျွန်တော်တို့ က ဒီသီချင်းဖြစ်ဖို့ ဦးနှောက်နဲ့ရင်းရတာဆိုပြီး ပြောလာတဲ့ဆရာသမားတွေကိုလည်း 'အဖြူရောင်မှန်း၊ Pearl White မှန်း' ခွဲခြား မသိတဲ့ ဆေးရောင်းတဲ့သူလိုပဲ ကျွန်တော် ထင်နေမိပါတော့တယ်။

ဒီစာစုလေးရဲ့နာမည်အကြောင်း ကျွန်တော့်ကိုရင်ဖွင့်ခဲ့တဲ့ ဂစ်တာပြုပြင်သူ သုဝဏ္ဏက မိတ်ဆွေကြီးနဲ့ ဂီတရောင်းရင်းများ အားလုံးအတွက် အမှတ်တရပါ…

နံနက်ခင်း သတင်းစာဂျာနယ်

၆.၁၁.၂၀၀၃

❑



## ကျွန်တော်နဲ့ အင်ဒီယာနာဂျူးစ် ပြဿနာ (အပိုင်း ၁)

ဒီဆောင်းပါးလေးရဲ့ တကယ့်အဖြစ်က ကျွန်တော် အမေရိကန်နိုင်ငံ၊ အင်ဒီယားနား ပြတိုက်က ဖိုဒ်ဝိန်းမြို့လေးရောက်ခဲ့ချိန် ကြုံခဲ့ရတဲ့ အကြောင်းလေး ရေးပြချင်တာဖြစ် ပေမဲ့ အဲဒီကိစ္စ စဉ်းစားမိတိုင်း အင်ဒီယားနားမြို့ကို ကျွန်တော်တို့ရောက်ဖို့ ရောက်ရောက် ချင်း ညကြီး အဆိုတော်ကော်နီနဲ့ အိမ်ရှင် ကိုကျော်ကျော်မြင့်၊ ဇနီး မမီးမီးတို့ စကား ပြောသံတွေကို အပေါ်ထပ်ကကြားနေရချိန်မှာ ပါလာတဲ့ စကားသံလေးတစ်ခုကို သတိရ သွားမိပါတယ်။

မကော် (ကော်နီ) က အင်ဒီယာနာဂျူးစ်နဲ့ ဘယ်လို ပတ်သက်လဲလို့ သူသိချင်တဲ့ ဟောလီးဝုဒ်မင်းသား ဟယ်ရီဆင်ဖို့ဒ်ပါဝင်သရုပ်ဆောင်တဲ့ ၄ ကားထွက်ခဲ့တဲ့ ရုပ်ရှင် အင်ဒီယာနာဂျူးစ်နဲ့ ဆက်စပ်မှုကို မေးလိုက်ပါတယ်။ အိမ်ပေါ်က နားထောင်နေတဲ့ ကျွန်တော်လည်း အိမ်ရှင်ကိုကျော်ကျော်မြင့် ဘယ်လိုဖြေမလဲစောင့်နေချိန် ကိုကျော်ကျော်မြင့် က "အင်ဒီယာနာဂျူးကတော့ သူတော်စင်ပါ၊ ကျွန်တော်တို့ မြို့နဲ့မပတ်သက်ပါဘူး" ဆိုတော့မှ ကိုကျော်ကျော်မြင့်ထင်တာ (ဂျူးအော့ပ်အက်) လို့ခေါ်တဲ့ အမျိုးသမီးသူတော်စင် မီးတင်ရှို့ခံရပြီး အသက်ပေးခဲ့ရတဲ့ သူရဲကောင်းမနဲ့ နားကြားလွဲမှားပြီလို့ သိလိုက်ပြီ ကိုကျော်ကျော်မြင့်နဲ့တွေ့မှပဲ ဟယ်ရီဆင်ဖို့ဒ်လည်း သူတော်စင်ကို ဖြစ်တော့တာပဲလို့ ကျိတ်ရယ်လိုက်မိပါတော့တယ်။ ဒါကြောင့် အခုကိစ္စမှာလည်း အင်ဒီယားနားပြည်နယ်မှာ ဖြစ်တဲ့ကိစ္စကို ရိုးရိုးခေါင်းစဉ်မတပ်ဘဲ အင်ဒီယာနာဂျူးစ်လို့ နာမည်ကို တင်စားပေးလိုက် မိပါတော့တယ်။

ကျွန်တော်တို့ မကြာသေးခင်က Lazy Club Tour (USA) သွားတီးခဲ့ချိန် ပွဲမြောက်တီးရမယ့် ဖိုဒ်ဝိန်းမြို့ကို ဘတ်ဖဲလိုးမြို့မှာ ၅ ပွဲမြောက်တီးပြီးမှ ဘတ်ဖဲလိုး

ထုံးစံအရ သူတို့သဘောတူညီမှု ကြိုတင်ယူထားပြီးသမျှ ကိုယ့်ကြောင့်ပြဿနာမဖြစ်စေချင်လို့ ကြိတ်မှိတ်သည်းခံနေခဲ့ရပါတော့တယ်။

အမေရိကား ဒုတိယခရီးစဉ် (၂၀၁၁) မှာ တီးဝိုင်းမန်နေဂျာက ကျွန်တော်တို့နဲ့ ဗီဇာမတူလို့ ဗီဇာရောက်မယ့်ရက်ကို စောင့်ရင်း ရန်ကုန်က မထွက်နိုင်ဘဲ တစ်ရက်လောက်နောက်ကျနေပါတယ်။ ဒါကြောင့် ကျွန်တော်က ၉ မြို့မှာ Playerနဲ့ Manager လုပ်ရပါတော့တယ်။ ဒါကြောင့် ပိုက်ဆံလည်း လက်ခံရ၊ အဆိုတော်တွေ တီးဝိုင်းအဖွဲ့သားတွေ ငွေခွဲပေးရ၊ ပွဲပြီးချိန်မှာလည်း ပြန်မယ့်ကားကအစ စီစဉ်နိုင်းရ၊ မရောက်သေးရင် လိုက်ရှာရ၊ ကိုယ့်ပစ္စည်းကိုယ်သိမ်းရ၊ သယ်ရနဲ့ အပင်ပန်းဆုံး အလုပ်အရှုပ်ဆုံးအချိန်ကာလတွေမှ အခုလိုတီးဝိုင်းမန်နေဂျာတာဝန်ယူရတဲ့ ကျွန်တော့်ဆီ မသီတာ ဖုန်းဆက်လာတဲ့အကြောင်းကိုသိရချိန်… မျက်လုံးပြူးရခြင်းအကြောင်းက ဒီလိုပါ။

မသီတာက "ကိုနိုင်ဇော် အင်ဒီယားနားက ပွဲစီစဉ်သူတွေက ယုဇနပါမယ်ဆိုပြီး လက်မှတ်တွေရောင်း၊ ပိုစတာတွေကပ်ထားပြီး အခုမှ ယုဇနမပါတာသိသွားလို့ ယုဇနမပါလို့မရဘူး၊ ရအောင်ခေါ်ပေးပါ၊ ယုဇနမပါရင် ပွဲဖျက်မယ်လို့ ပြောနေကြပါတယ်။ ဒါကြောင့် ကိုနိုင်ဇော်ပဲ ယုဇနကို ဖုန်းဆက်ပြီး ဖိုဒ်ဝိန်းပွဲလာဆိုအောင် တိုက်တွန်းပေးပါ။ မသီတာတော့ မျက်နှာပူတယ်၊ ယုဇနလည်း မသီတာပြောရင် ဆိုမှာမဟုတ်ဘူး။ အင်ဒီယားနားက လူတွေကလည်း ယုဇနကို မငှားဘူးလို့ သူတို့မပြောပါဘူး ဆိုပြီး ငြင်းနေကြတယ်။ ပွဲလုပ်သူတွေ အများကြီးထဲမှာ ဘယ်တစ်ယောက်က ဖုန်းထဲမှာ ငြင်းမှန်းမသိကြဘူးဖြစ်နေတယ်။ ဒါကြောင့် ကိုနိုင်ဇော်တို့ ဒီည အင်ဒီယားနားရောက်သွားရင် ပွဲစီစဉ်သူတွေ ကိုနိုင်ဇော်ကို လာတွေ့လိမ့်မယ်။ ယုဇနကို ရအောင် ကြိုးစားခေါ်ပေးပါ" လို့ ပြောပြီး ပြဿနာကို ကျွန်တော့်လက်ထဲထည့် ဖုန်းချသွားပါတော့တယ်။ ကျွန်တော်လည်း ဒီလောက်သဘောကောင်းတဲ့ ယုဇနကိုမှ မငှားချင်ဘူးပြောသူကပြော၊ အခုတော့ သူတို့မဟုတ်ပါဘူး ဆိုလာလေတော့ ဘယ်သူ့စကားယုံရမှန်းမသိတဲ့ အခြေအနေရောက်ရသလို ယုဇနမပါလို့ မြို့ခံပရိသတ်ဘက်က မကျေနပ်ရင် ကျွန်တော်တို့လည်း အဲဒီမြို့မှာ ဘယ်လိုနေ ဘယ်လိုစားရမှန်းမသိဖြစ်ပြီး သောင်ပြင်လွတ်တဲ့ ရွှေဟသာဖြစ်ပြီလို့ (ကိုယ်ဘာသာမနာအောင်တွေးပြီး) မီးစင်ကြည့်ကဖို့ ဆုံးဖြတ်လိုက်ရပါတော့တယ်။

တကယ်လည်း ဖိုဒ်ဝိန်းမြို့က ကိုကျော်ကျော်မြင့်အိမ်မှာ တည်းခိုဖို့နေရာယူပြီးချိန် ည ၁၂ နာရီမှာ ပွဲစီစဉ်သူ ကိုသန်းစိုးဦးနဲ့ ကိုအောင်တင်တို့ ရောက်လာပါတော့တယ်။ သူတို့နှစ်ယောက်က ဓာတ်ဆီဆိုင်ဝန်ထမ်းတွေဖြစ်လို့ ည ၁၂ နာရီမှ တာဝန်ပြီးတာကြောင့် ကျွန်တော်ကိုလာတွေ့ကြလို့ ကျွန်တော်လည်း မအိပ်နိုင်ဖြစ်ရပါတော့တယ်။

သူတို့ဘက်က အခြေအနေမေးကြည့်လို့ သိရတာက သူတို့ ယုဇနကို မငှားဘူးလို့ မပြောပါဘူး။ မသိတာ ဆိုစိုက်ထုတ်ပေးမယ်ဆိုတဲ့ အဆိုတော် ယုဇနကိုမှ မခေါ်ရင် သူတို့ရှုံးနေလို့ပဲဖြစ်မှာပါလို့ပြောပြီး သူတို့ဘက်က လေယာဉ်ခ၊ အနုပညာကြေးအားလုံး တာဝန်ယူခေါ်မယ်လို့ ပြန်ပြောတဲ့စကား ဘာကြောင့်မှန်းမသိ…၊ မသိတာဆီမရောက်တာ လား။ မသိတာကပဲ ပြဿနာဦးခေါင်းက ကိစ္စကြီးပြီဆို တာဝန်ယူဖြေရှင်းပေးလေ့ရှိတဲ့ ကျွန်တော့်ဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါတော့တယ်။ သူတို့ပွဲစီစဉ်သူဘက်က ပိုစတာတွေမှာ ယုဇနပုံပါတာတွေ လက်ကမ်းစာစောင်တွေမှာ ထည့်ရိုက်ထားတာတွေ ပြန့်ပြီး သူတို့မငြင်းဘူးဆိုတဲ့ သက်သေပြပါတော့တယ်။ တစ်ခုခုတော့ မှားနေပေမဲ့ အဆိုတော်ယုဇနကို တကယ်ချစ်လို့ လက်မှတ်ဝယ်အားပေးတဲ့ တေးချစ်သူပရိသတ်ရင်ထဲ အဆိုတော်ယုဇန မလာဘူးဆိုလို့ စိတ်ဆိုးအမျက်ထွက်ကြမှာ မဖြစ်စေချင်တဲ့ ကျွန်တော်… အနုပညာသမားကို ပရိသတ်က အဖြစ်မှန်မသိဘဲ အထင်လွဲသွားမှာ စိတ်ပူတဲ့စိတ်ကြောင့် မနက်မိုးလင်းလင်းချင်း နယူးယောက်မှာနေတဲ့ ယုဇနဆီ ဖုန်းဆက်ရပါတော့တယ်။ အဲဒီ တော့မှ ယုဇနက ကျွန်တော်ကိုပါ အပြစ်တင်ပါတော့တယ်။ သူတစ်ယောက်တည်း နယူးယောက်ပြန်ရတုန်းက စိတ်မကောင်းဖြစ်ရပေမဲ့ ကျွန်တော်တို့ကတော့ အဖွဲ့လိုက်ကြီး အင်ဒီယားနားသွားကြတာ ပျော်လို့၊ မြူးလို့… အခုမှ လှမ်းခေါ်တော့ သူ့ကိုမလိုချင်တဲ့မြို့၊ မချစ်တဲ့မြို့မှာ သူသီချင်းမဆိုချင်ဘူးဆိုပြီး ငိုကြီးချက်မနဲ့ ပြောပါတော့တယ်။ ညီမ တစ်ယောက်က အစ်ကိုတစ်ယောက်ကို အပြစ်တင်သလို ပြောချင်ရာပြောပြီးချိန် ကျွန်တော် လည်း ဗီတိုအာဏာသုံးရပါတော့တယ်။ "ကိုယ့်ကိုချစ်တဲ့ ပရိသတ်မျက်နှာပဲကြည့်ရမယ်၊ ပွဲစီစဉ်သူနဲ့ အဆင်မပြေရင်တောင် ပရိသတ်က ပွဲစီစဉ်သူသီချင်းဆိုပြတာ ကြည့်ချင်လို့ လက်မှတ်ဝယ်တာ မဟုတ်ဘူး၊ နင်ဆိုတာကြည့်ချင်လို့ လက်မှတ်ဝယ်ထားတာ၊ သူတို့က နင်ကိုချစ်လို့ ဒီစတိတ်ရှိုးလာကြည့်တဲ့အချိန် နင်မရောက်လာရင် ပရိသတ်နဲ့နင်နဲ့ပဲ နား လည်မှုလွဲမှာပေါ့။ ပွဲစီစဉ်သူတွေ ငါ့ကိုရှင်းပြတော့လည်း သူတို့က နင့်ကိုမခေါ်ချင်ပါ ဘူးဆိုတဲ့ အထောက်အထားတစ်ခုမှ မတွေ့ရဘူး၊ ပိုစတာတွေ၊ လက်ကမ်းစာစောင်တွေမှာ နင့်ဓာတ်ပုံတွေနဲ့ ကြော်ငြာထားတာပဲ၊ တစ်စုံတစ်ခုသော ပြဿနာကြောင့် အထင်လွဲကြတာ ဖြစ်နိုင်ပါတယ်" လို့ ရှင်းပြပြီး ဒီရောက်မှ ငါအကြောင်းစုံရှင်းပြမယ်၊ နင့်နာမည်နဲ့ ပတ်(စ်)ပို့နံပါတ်ပြော၊ လေယာဉ်လက်မှတ်ဝယ်ပြီး Online က ပို့လိုက်မယ်လို့ (သူ့ကို သနားပေမဲ့) ခပ်တည်တည်နဲ့ အမိန့်ပေးရပါတော့တယ်။

"ငါ့စကားတစ်ခုပဲ နားထောင်ပါ၊ ကျန်တာတွေ မတွက်ပါနဲ့၊ ငါဖြစ်သမျှ ပြဿနာ တာဝန်ယူပါတယ်"ဆိုတဲ့ ကျွန်တော့်စကားကြောင့် ယုဇနလည်း လက်မခံချင်ဘဲနဲ့ လက်ခံ

လိုက်ပုံရပါတယ်။ (သူ မဆိုလို့ နောက်ဖြို့တွေမှာ ကျွန်တော်နဲ့ ပြန်ဆုံရင် အဆူခံရမှာ ကြောက်တာလည်းပါမှာပေါ့…) သူ့ဆီကပွဲဆိုဖို့ သဘောထားကြီးကြီးနဲ့ ပရိသတ်မျက်နှာ ထောက်ထားပြီး ပြန်လက်ခံတဲ့ သတင်းကြားပြီးတာနဲ့ ပွဲစီစဉ်သူတွေဆီ ဖုန်းဆက်၊ ယုဇနအတွက် လေယာဉ်လက်မှတ်ဝယ်နိုင်း၊ ရပြီဆိုတာနဲ့ ယုဇနကို ဖုန်းပြန်ခေါ်၊ အင်တာနက်က E-Ticket ထုတ်ယူခိုင်းလိုက်ရပါတော့တယ်။ သူ့လက်ထဲ လေယာဉ်လက်မှတ်ရပြီဆိုမှ မနက်ဖြန်မနက် နယူးယောက်ကချီကာဂို၊ ချီကာဂိုက ဖိုဒ်ဝိန်း လေယာဉ်ပြောင်းစီးရမယ့် ခရီးစဉ်ကိုရှင်းပြပြီး "ဖိုဒ်ဝိန်းလေဆိပ်မှာ ငါကိုယ်တိုင်နင့်ကိုလာကြိုမယ် စိတ်ချ၊ နင်မတွေ့ချင်တဲ့ ပွဲစီစဉ်သူတွေတစ်ယောက်မှ မတွေ့စေရပါဘူး" လို့ ကျွန်တော်ကတိပေးပြီး နောက်တစ်နေ့လေဆိပ်ကို သူလေယာဉ်ဆိုက်မယ့်မနက် အိပ်ရာကစောစော ထချိန်မှာ အိမ်ရှင် ကိုကျော်ကျော်မြင့်က သတင်းတစ်ခုပေးလာပါတယ်။ အခေါ်အဝေါ်ဖြစ်တဲ့ ဖိုဒ်ဝိန်းမယ်တော်ကြီးလို့ အမည်တွင်တဲ့ အသံဘုရင်မကြီး အဆိုတော် (ဒေါ်) မာမာအေး က ကျွန်တော်တို့ အဖွဲ့သားတွေနဲ့ နေ့လယ်စာစားဖို့ ညှိခံချင်လို့ လက်ခံရမလားဆိုပြီး မန်နေဂျာတာဝန်ယူထားတဲ့ ကျွန်တော်ကို မေးလာပါတော့တယ်။ ဒေါ်မာမာအေးနဲ့ တွေ့ချင်ပေမဲ့…။

နံနက်ခင်း သတင်းစာဂျာနယ်

၁၄.၀၂.၂၀၁၁

❑



## ကျွန်တော်နဲ့ အင်ဒီယာနာကျူးဆ် ပြဿနာ (အပိုင်း ၂)

အဆိုတော်ကြီး ဒေါ်မာမာအေးလို ဝါရင့်အနုပညာရှင်ကြီးကို သွားတွေ့ချင်ပေမဲ့ အဲဒီအချိန်က ပြည်ပနိုင်ငံရေးသမားတွေကို သဘောထားကြီးကြီးနဲ့ မြန်မာပြည်ပြန်လာဖို့ ကမ်းလှမ်းတဲ့ အစိုးရရဲ့ သမ္မတကြီးမိန့်ခွန်း မကြေငြာသေးချိန်ကာလဖြစ်နေလို့ (ထုံးစံအတိုင်း) ကျွန်တော်လည်း မတွေ့ရဲဘူး ဖြစ်နေခဲ့ပါတယ်။

ကိုယ်က အနုပညာသမားချစ်စိတ်နဲ့ သွားတွေ့တာကို အင်တာနက်မှာ ဓာတ်ပုံတွေနဲ့ဖော်ပြပြီး ရန်ကုန်အပြန် ဒုက္ခဖြစ်လေမလား စိုးရိမ်မိပေမဲ့ အန်တီ (မာမာအေး)လို အနုပညာရှင်ကြီးက နေ့လယ်စာ ဘူဖေးဆိုင်မှာ ဖိတ်ကျွေးတာကိုလည်း မငြင်းရဲလေတော့ ကျွန်တော်စိတ်ထဲ အချိန်တွက်ကြည့်ပြီး ဒေါ်ဇီက အမေရိကားလိုက်လာမယ့် အဆိုတော် ယုဇနကို လေဆိပ်က သွားကြိုပြီးချိန်၊ ဘူဖေးဆိုင်ကို အဆိုတော်အားလုံး စုပြီးသွားကြဖို့ အားလုံးသဘောထားမေးပြီး လက်ခံလိုက်ပါတယ်။ အဲဒီမှာတင် ဖြစ်ချင်ရာမဖြစ်ဘဲ မဖြစ်ချင်တာဖြစ်တတ်တဲ့အကြောင်းလား မသိ၊ ကျွန်တော့်မှာ အန်တီ (ဒေါ်မာမာအေး) ရဲ့ အဆွဲခံရဖို့ ဝဋ်ကြွေးပါလာလို့ အမေရိကားထိသွားပြီး အဆွဲခံထိလေသလား မသိရတဲ့ အဖြစ်တစ်ခုဖြစ်လာပါတော့တယ်။

ဖိုဒ်ဝိန်းမြို့ကို သီချင်းလာဆိုပါလို့ ကျွန်တော့်ရဲ့ အတင်းအကျပ်တိုက်တွန်းမှုနဲ့ ဖို့ဒ်ဝိန်းမြို့က တေးချစ်ပရိသတ်တစ်ယောက်ချင်းစီရဲ့ လိုအင်ဆန္ဒပြည့်ဖို့ သူ့ဘက်က မဆိုချင်တဲ့စိတ် သူ့အနုပညာကိုမှ အသိအမှတ်မပြုချင်တဲ့ပွဲစီစဉ်သူတစ်ယောက်ရဲ့ မခေါ်ချင်တဲ့စိတ်ကို လျစ်လျူရှုပြီး နယူးယောက်က မနက် ၆ နာရီလေယာဉ်နဲ့လာနေတဲ့ ယုဇနကိုသွားကြိုတဲ့ ကျွန်တော်တို့ကား လေဆိပ်နားရောက်ချိန် မနက် ၉ နာရီကျော်ကျော်မှာ ဖုန်းတစ်ခုဝင်လာပါတော့တယ်။

နယူးယောက်မြို့က ယုဇနရဲ့ သူငယ်ချင်းမတစ်ယောက်ဖြစ်နေပါတယ်။ သူက 'ကိုနိုင်ဇော်၊ ယုဇနဖို့ဒ်ပိန်းကို လေယာဉ်ပြောင်းစီးရမယ်။ သူစီးမယ့်လေယာဉ်က ရာသီဥတုကြောင့်မသွားဖြစ်တော့လို့ ချီကာဂိုလေဆိပ်မှာ သောင်တင်နေတယ်။ သူ မရောက်ဖူးတဲ့ လေဆိပ်ကြီးထဲ နိုင်ငံခြားသားတွေကြားထဲ တစ်ယောက်တည်း ယောင်လည်လည်နဲ့ စကားလည်းမပြောရဲ၊ ဘယ်သူ့ကိုမှလည်း အကူအညီ မတောင်းရဲနဲ့ ကြောက်လန့်နေတယ်။ သူစီးရမယ့် လေယာဉ်က ဖို့ဒ်ပိန်းကို ညနေ ၅ နာရီမှ ထွက်မယ်လို့ကြော်ငြာထားတယ်။ ကိုနိုင်ဇော်ဖုန်းဆက်ပြီး သူ့ကို အကျိုးအကြောင်းရှင်းပြ၊ ဖြစ်နိုင်ရင် ချီကာဂိုလေဆိပ်အထိ မော်တော်ကားနဲ့ သွားခေါ်ပါ' လို့ ယုဇနက ငိုပြီးပြောတယ်ဆိုပြီး သိလိုက်ရပါတယ်။

ဒါကြောင့် ကားမောင်းပေးတဲ့ ညီငယ်လေးကို ဖို့ဒ်ပိန်းနဲ့ချီကာဂို ကားနဲ့သွားရင် ဘယ်လောက်ဝေးသလဲဆိုတော့ ၃ နာရီလောက်ပဲ မောင်းရပါတော့တယ်။ သူ့ကို ဖို့ဒ်ပိန်းမှာလာဆိုဖို့ တာဝန်ခံခေါ်မိသူ ကျွန်တော် အဲဒီအချိန်မှာ ပွဲစီစဉ်သူမဟုတ်ပေမဲ့ (တာဝန်ခံဆိုတာဘာလဲ) ဆိုတဲ့ အရည်အသွေးကို ပြရတော့မယ်အချိန်ရောက်လာပါတယ်။ ဒါကြောင့် ကားမောင်းတဲ့ညီငယ်လေးကို ချီကာဂိုအထိ ကားနဲ့သွား၊ ယုဇနကိုခေါ်မယ့် အစီအစဉ်ခွဲဖို့ အိမ်ပြန်ပြီး အိမ်ရှင် ကိုကျော်ကျော်မြင့်ရဲ့ ခွင့်ပြုချက်ယူဖို့ ပြန်ခဲ့ရပါတယ်။ ပွဲစီစဉ်သူတွေဆီလည်း တယ်လီဖုန်းဆက် ချီကာဂိုလေဆိပ်မှာ ယုဇနပိတ်မိနေကြောင်း ရှင်းပြပြီး ချီကာဂိုသွားကြဖို့ ပြင်ဆင်ချိန်မှ အန်တီ (မာမာအေး) နဲ့ ထမင်းစားဖို့ ၁၂ နာရီကို ပြန်သတိရပါတော့တယ်။ မနက်စာ ကျွန်တော် မပါဘဲ အဆိုတော်တွေ၊ အတီးသမားတွေ သွားစားကြဖို့ပြောတော့ သူတို့ကလည်း (ထုံးစံအတိုင်း) ရန်ကုန်ပြန်ရောက်ရင် ပြဿနာတက်မှာကြောက်ပြီး ကျွန်တော်မပါရင် ကျွန်တော်အားမှ ထမင်းစားဖို့ ပြန်ချိန်းပါလို့ အဖြေပေးကြပါတယ်။

အဲဒီမှာတင် လူချင်းမမြင်ဖူးဘဲ အသံနဲ့သာ စကားပြောနေရတဲ့ အဆိုတော်ကြီး (ဒေါ်) မာမာအေးကို ကျွန်တော်ဖုန်းပြန်ခေါ်ပြီး အကျိုးအကြောင်းရှင်းပြပါတော့တယ်။ 'အန်တီ... ကျွန်တော် ယုဇနကိုလေဆိပ်သွားကြိုဖို့လုပ်နေတုန်း လေယာဉ်ခရီးစဉ်အချိန်ပြောင်းလိုက်လို့ ချီကာဂိုမှာယုဇနတစ်ယောက်တည်း သောင်တင်နေပါတယ်။ ဒါကြောင့် ကျွန်တော် ချီကာဂိုအထိ ကားနဲ့သွားခေါ်ရမှာမို့ ညနေမှထမင်းစားကြရင် ကောင်းမယ်ထင်ပါတယ်' လို့ လေသံပျော့ပျော့နဲ့ ရှင်းပြလိုက်ပါတယ်။

အဆိုတော်ကြီးက စိတ်ဆိုးတဲ့လေသံနဲ့ 'မင်းပဲ နေ့လယ်စာစားဖို့ သဘောတူလို့ ငါတို့အခု ဘူဖေးဆိုင်ကိုသွားနေကြပြီ။ အခု မအားတော့ဘူးဆိုတော့ ငါ့မိတ်ဆွေတွေက ဆိုင်တောင်ရောက်နေကြပြီ၊ အခုဆိုင်မှာ ရောက်နေကြတယ်။ ငါဘယ်လိုလုပ်ရမှာလဲ' ဆိုပြီး အဆူခံထိပါတော့တယ်။ တကယ်လည်း ကိုယ့်ပြဿနာ ကိုယ်သာသိလေတော့

အဆိုတော်ကြီး ဘက်က မမှားဘဲ ကိုယ်ကသာ နှစ်ဦးနှစ်ဖက်ကြား ဒုက္ခများရပါတော့တယ်။ ဒါကြောင့် ဆိုင်ရောက်နေပြီဆိုလည်း ကျွန်တော်တို့ လာခဲ့ပါမယ်လို့ ပြန်ချော့ပြီး ကိုယ့်အဖွဲ့သားတွေကို အဝတ်အစားလဲ၊ (အဆိုတော်တွေ အိပ်ရာက နိုး) လုပ်ရပါတော့တယ်။ ယုဇနဆီ ဖုန်းပြန်ဆက်ပြီး ချိကာဂိုလာကြဖို့ ကြိုးစားနေတဲ့အကြောင်းပြောတော့ သူ့ခရီးဆောင်အိတ်ကြီးက လေကြောင်းလိုင်းအချင်းချင်း လွှဲယူပြီးပြီမို့ သူ့ဆီမှာ မရှိဘူး။ ညနေလေယာဉ်နဲ့မှ ရောက်လာမှာဆိုပြီး ပြောပါတော့တယ်။ အဝတ်အစားအိတ်မရှိဘဲ ချိကာဂိုကခေါ်လာရင် အဝတ်အစားအိတ် လေဆိပ်သွားယူရမယ့်အချိန် ထပ်ကုန်မှာရယ်၊ နေ့လယ် ၁ နာရီကနေကားနဲ့ အသွားအပြန်ပေါင်းလိုက်ရင် ညနေ ၅ နာရီမှ ဗို့ဒ်ဝိန်း ပြန်ရောက်မှာရယ်၊ လေယာဉ်နဲ့ပြန်လာမယ့်အချိန် အတူတူပဲရောက်နိုင်တာမို့ သူ့ကိုလေဆိပ်မှာပဲ သည်းခံစောင့်နေဖို့ ပြောရပါတော့တယ်။ နောက်ဆုံးမှာတော့ သူ့အမျိုးသားလေး သိန်းထိုက်အောင်က ဒေါ်ဇီကနေ ဖုန်းလှမ်းဆက်ပြီး လေဆိပ်ကောင်တာက အမျိုးသမီးဆီ ဖုန်းပေးခိုင်း အဆိုတော်ဖြစ်နေလို့ စတိတ်ရှိုးပွဲ ဒီညဆိုရမှာ ပွဲချိန်မီအောင် အနီးဆုံးလေယာဉ်နဲ့ ထိုင်ခုံလက်မှတ်ပိုခဲ့ရင် ဦးစားပေးတင်ပေးပါလို့ ရှင်းပြပါတယ်။ အဲဒီမှာ သဘောကောင်းတဲ့ ဝန်ထမ်းအမျိုးသမီးလေးတွေက ယုဇနကို ပထမဆုံးဦးစားပေးလေယာဉ်နဲ့ တင်ပေးလိုက်လို့ နေ့လယ် ၁၂ နာရီမှာ ဗို့ဒ်ဝိန်းလေဆိပ်ကိုရောက်မယ်လို့ နယူးယောက်က ယုဇနသူငယ်ချင်းဆီက ဖုန်းထပ်ဝင်လာပါတယ်။ အဲဒီမှာမှ ကျွန်တော်လည်း အဆိုတော်ကြီး ဒေါ်မာမာအေးနဲ့ ယုဇနကြား ဗျာများရတဲ့ကိစ္စ ပြီးရပါတော့တယ်။ ဒါကြောင့် အဆိုတော်တွေ၊ အတီးဆရာတွေကိုခေါ်ပြီး ဘူဖေးဆိုင်မှာ ကိုကျော်ကျော်မြင့်တို့နဲ့ သွားကြပြီး ဒေါ်မာမာအေးနဲ့ ထမင်းစားနှင့်ကြပါတယ်။

ကျွန်တော်ဒုတိယအကြိမ် လေဆိပ်သွားပြီး ယုဇနကို ခေါ်လာခဲ့ပါမယ်၊ အန်တီမာမာအေးနဲ့ တွေ့ပေးပြီးမှ ကျွန်တော်တာဝန်ကျေမှာပါလို့ ရှင်းပြပြီး လေဆိပ်ကို အမြန်ထွက်ခဲ့ကြပါတော့တယ်။ လေဆိပ်ကို ၁၅ မိနစ် နာရီဝက်လောက် မောင်းပြီး လေဆိပ်ခန်းမထဲ အပြေးဝင် ယုဇနစီးလာမယ့် လေယာဉ်နံပါတ်နဲ့ စုံစမ်းရေးဌာန ကြော်ငြာဘုတ်မှာ လိုက်ရှာကြည့်တော့ မြေပြင်ပေါ်တောင် ဆင်းနေပြီလို့ သိရပါတော့တယ်။ ယုဇနကိုစောင့်ရင်း မြန်မာလူမျိုးအလုပ်သမားတွေ ၄ ယောက်လောက်တွေ့ရလို့ သူတို့က ကျွန်တော်ကိုသိသွားပြီး နှုတ်ဆက်ကြရင်း တစ်ယောက်ချင်းအမှတ်တရ ဓာတ်ပုံတွေတွဲရိုက်ကြတော့ လက်ဆောင်ပစ္စည်းရောင်းတဲ့ဆိုင်က အမေရိကန်မလေးတွေကတောင် ကျွန်တော့်ကို (ဒီဘဲကြီးက ဘာမို့လို့ ဒီလောက်ဓာတ်ပုံတွဲရိုက်နေကြတာလဲလို့ စူးစမ်းတဲ့ အကြည့်တွေနဲ့ အကြည့်ခံရပါတော့တယ်) ယုဇနလည်း ထွက်လာ၊ သူ့ခရီးဆောင်အိတ်ကို သွားရွေးပြီး အန်တီဒေါ်မာမာအေး စောင့်ခံတဲ့ပွဲဆီ အမြန်ပြေးရပါတော့တယ်။ အဲဒီဘက်က လူတွေကလည်း ကျွန်တော်

မရောက်သေးလို့ သူတို့စားကြတာ ပြီးနေပြီဆိုပြီး အမြန်လာဖို့ ဖုန်းနဲ့ကျိုကျနေကြပါတော့တယ်။

ယုဇနမှာတော့ မျက်စိမျက်နှာ သိပ်မကောင်းလှဘဲ သူ့ကို မဖိတ်ချင်တဲ့ ဗြို့ဆိုပြီး စိတ်မကောင်းဖြစ်နေပုံရပါတယ်။ ဘူဖေးဆိုင်ရှေ့မှာ ကားထိုးပြီးချိန် ကျွန်တော်ကို လာခေါ်ဖို့ စောင့်နေတဲ့ မြို့ခံဂစ်တာသမား ကိုနိုင်ဦးက သူ့ကားနဲ့ လာစောင့်နေတာ တွေ့ရပါတော့တယ်။ သူက ဓာတ်ဆီဆိုင်ကို ၂ နာရီ ဂျူတီပြန်ဝင်ရမှာမို့ ဆိုင်မသွားခင် အမှတ်တရလက်ဆောင်ဝယ်ပေးလိုက်ချင်လို့ လာစောင့်နေတာပါ။ ဒါကြောင့် ကျွန်တော်လည်း ဘူဖေးဆိုင်ထဲဝင်၊ အန်တီမာမာအေးကို နှုတ်ဆက်၊ ယုဇနကို မနက်စာစားဖို့ထားခဲ့ပြီး အစားအသောက်ဘာတစ်ခုမှ မကိုင်မထိနိုင်ဘဲ (ဝင်ကြေးကတော့ သူတို့ကိုပေးလိုက်ကြရပါတယ်) ကိုနိုင်ဦးလာခေါ်တဲ့ ကားပေါ် ပြန်ပြောင်းတက်၊ သူနဲ့စကားပြောပြီး သူကျွေးတဲ့ နေ့လယ်စာစား၊ သူဝယ်ပေးတဲ့ လက်ဆောင်လက်ခံပြီးမှ စတိတ်ရှိုးလုပ်မယ့် ကွင်းဆီ သွားကြမယ့် အန်တီမာမာအေးတို့ဆီ ပြန်လိုက်ရပါတော့တယ်။

တီးဝိုင်းစင်မြင့်ဆောက်မယ့် မြို့ခံစေတနာရှင် လူကြီးလူငယ်လုပ်အားပေးတွေနဲ့ အမှတ်တရဓာတ်ပုံရိုက်ကြချိန် ကျွန်တော်လည်း အန်တီမာမာအေးဆီ ထပ်အဆူခံရမှာကြောက်ပေမဲ့ စကားလည်း နည်းနည်းပြောကြည့်ချင်လို့ မျက်နှာချိုသွေးပြီး စကားသွားပြောရပါတော့တယ်။

'အန်တီ… အန်တီသီချင်း ကျွန်တော်ပြန်တီးတဲ့အခွေ ရန်ကုန်မှာ လူတွေတအားကြိုက်ကြတယ်၊ အန်တီ့သီချင်းတွေက အရမ်းခေတ်မီတာပဲ' လို့ နည်းနည်း မျက်နှာချိုသွေးကြည့်မိပါတယ်။ 'ငါ့သီချင်းတွေကို ငါ့လိုမဆိုရင် ဘယ်လိုမှ ကောင်းမှာမဟုတ်ဘူး' လို့ ခပ်မာမာပြန်ဖြေလို့ ကျွန်တော်လည်း လန့်သွားပြီး အသံပါရမီရှင်ကြီးရဲ့ အနုပညာအပေါ်ယုံကြည်မှုကို အထင်းသား တွေ့ခဲ့ရပါတယ်။ ဒါကြောင့် ကိုယ့်ဘက်က တတ်သလောက်မှတ်သလောက် သီချင်းတဲ့ကိစ္စတွေမေးပြီး group ဓာတ်ပုံရိုက်၊ လမ်းခွဲနှုတ်ဆက်ပြန်ခဲ့ရပါတော့တယ်။ အသံဘုရင်မကြီးရဲ့ အဆူခံရတဲ့ ကျွန်တော် အခုထိကို သူ့ကိုကြောက်နေမိပါတယ်…။ (ဟဲ…ဟဲ…)

ယုဇနကတော့ တည်းခိုးတဲ့အိမ်မှာ သူ့ဓာတ်ပုံပါတဲ့ ဗီနိုင်းတွေ၊ လက်ကမ်းစာစောင်တွေပြပြီး သူ့ကို ပွဲစီစဉ်သူတွေဘက်က မခေါ်တာမဟုတ်ရကြောင်း၊ ကျွန်တော်လည်းရှင်းပြသလို အိမ်ရှင် ကိုကျော်ကျော်မြင့်တို့ လင်မယားကလည်း ရှင်းပြထားလို့ စိတ်ဆိုးနည်းနည်းပြေနေပုံရပါတယ်။ သူ့တာဝန်အရ သူဆိုမယ့်အချိန်ရောက်တဲ့ည စင်မြင့်ပေါ်တက်ရင် ပရိသတ်က သူ့အပေါ် ဘယ်လိုသဘောထားမလဲဆိုတာကိုတော့ သူလည်းမသိနိုင်သေးသလို ကျွန်တော်လည်း မသိနိုင်သေးလို့ ရင်တဒိတ်ဒိတ်နဲ့ ကျွန်တော်စောင့်နေခဲ့

ရပါတယ်။ လိုလိုမယ်မယ် မြို့ခံပွဲစီစဉ်ပေးသူအစ်ကိုနှစ်ယောက်ရဲ့ သူတို့ဘက်က မှန်ကန်ကြောင်း ရှင်းပြတဲ့စကား၊ ယုဇနအပေါ် မြို့ကရော၊ ပွဲစီစဉ်သူတွေဘက်က ငွေးရမ်းခဲ့တဲ့အကြောင်း ရှင်းပြတဲ့စကားသံတွေကိုတော့ သူတို့ကို ခွင့်ပြုချက်တောင်းပြီး ကျွန်တော့်အိတ်ဆောင်အသံဖမ်းစက်နဲ့ ဖမ်းယူခဲ့ပါတယ်။ ယုဇနကို နောက်တစ်မြို့ရောက်မှ ဖွင့်ပြမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီလိုနဲ့ တကယ်စတိတ်ရှိုးတီးရမယ့်အချိန် ညနေ ၆ နာရီမှာ ဗိုဒ်ဝိန်းမြို့ရဲ့ စတိတ်ရှိုးကွင်းပြင်ကြီးထဲရောက်ချိန် ပရိသတ် ၂ ထောင်၊ ၃ ထောင်လောက်က (အဲဒီမြို့မှာ မြန်မာအများဆုံးပါ၊ ၅ သောင်းလောက်ရှိတယ်လို့ ခန့်မှန်းကြပါတယ်)

ယုဇနစင်ပေါ်ရောက်တဲ့အချိန် ပန်းစည်းတွေ ပေးကြ၊ အောက်က ဆုငွေတွေပေးကြ၊ သီချင်းတွေ အားလုံးဝိုင်းဆိုကြ၊ ယုဇနရဲ့အမည်ကို ဝိုင်းအော်ကြနဲ့၊ သူတို့မြို့ရဲ့အနုပညာသမားအပေါ် ထားတဲ့စိတ်ကို အထင်လွဲနေခဲ့တဲ့ ယုဇနစင်မြင့်ပေါ်မှာ နဂိုကသူ့အပေါ် ပရိသတ်အားမပေးဘူးလို့ အထင်လွဲခဲ့တဲ့စိတ်တွေ ပျောက်သွားပြီး အားရပါးရပျော်ပျော်ရွှင်ရွှင် ပရိသတ်ကို စကားတွေပြောပြီး သီချင်းတွေဆိုနေတာ ဂစ်တာတီးရင်းတွေ့နေရတဲ့ ကျွန်တော်၊ ပရိသတ်နဲ့ယုဇနကြား ပင်ပင်ပန်းပန်း အကျိုးဆောင်ပေးခဲ့ရတာ၊ အဆူခံခဲ့ရတာ၊ လူမှုရေးတာဝန် ပျက်ကွက်သူမဖြစ်ရအောင် ဘက်စုံထောင့်စုံက ကြိုးစားပေးခဲ့ရတာတွေအတွက် လူမသိသူမသိ တစ်ကိုယ်တည်း ကျေနပ်နေမိပါတော့တယ်။

တစ်ခါတစ်ခါ ချောင်းတစ်ခုပေါ်က လူကူးတံတားတစ်စင်းရဲ့ တန်ဖိုးကို တံတားကောင်းနေချိန် ခရီးသည်တွေမသိကြပေမဲ့ တံတားပြင်ဆင်ရပြီ၊ ဒါမှမဟုတ် တံတားမရှိတဲ့အချိန်ကျမှ ချောင်းတစ်ဖက်ကမ်းကို သွားချင်ရင် တံတားရှိခြင်းရဲ့ တန်ဖိုးကို သိကြသလိုကျွန်တော်ကတော့ ပရိသတ်နဲ့အနုပညာရှင် အထင်အမြင်လွဲစေအောင် ဖန်တီးတဲ့ကိစ္စတွေကြုံတိုင်း ကျွန်တော့်ကျောပေါ်က တံတားတစ်စင်းလို… နှစ်ဦးနှစ်ဖက် အဆင်ပြေစေဖို့(မလိုသူတွေရဲ့ ကဲ့ရဲ့ခြင်းခံရလည်း…) ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင် ဆောင်ရွက်ရမယ်ဆိုတဲ့ စိတ်မျိုးနဲ့ ဘဝမှာ ဆက်လက်ရှင်သန်မယ်လို့ ဆုံးဖြတ်ခဲ့မိပါတော့တယ်။

သူတို့ကိုယ်တိုင် အနစ်နာခံပြီး ဘယ်အလုပ်မှ လုပ်လေ့မရှိပေမဲ့ နစ်နာသူတွေဘက်က ရပ်ပြီး၊ သူတို့ဘက်က မရပ်သူကိုတော့ 'အမှန်တရားဘက် မရပ်သူတွေ' ဆိုပြီး ပုတ်ခတ်ချင်ကြတဲ့ အမှန်တရားကို လိုသလိုဆွဲ တွေ။ ပုံဖော်ချင်သူမိတ်ဆွေတချို့အတွက် အမှတ်တရပါ….

နံနက်ခင်း သတင်းစာရှုနတ်

၂၀-၁၂-၂၀၀၀

❑



## ကျွန်တော်နှင့် အမှားမျှားစွာ Facebook ပြဿနာ

အခုတလော အမှားတွေ တော်တော်များများနဲ့ ကြုံတွေ့နေရတဲ့ ကျွန်တော်ရဲ့ အဖြစ်ကြောင့် တော်တော်လေး ခံစားနေရပါတယ်။ ခံစားနေရတယ်ဆိုလို့ စိတ်ညစ်နေတာလို့ မထင်လိုက်ပါနဲ့။ ရယ်ရယ်မောမောနဲ့ လူတကာရဲ့စူးစမ်းမှုကို အမှန်အတိုင်းရှင်းပြနေတာပါ။

ဖြစ်ပုံက ညနေခင်းတစ်ခုမှာ ခပ်ငယ်ငယ်မိန်းကလေးတစ်ယောက် ကျွန်တော့်ဖုန်းနံပါတ်ဆီ ဆက်သွယ်ပြီး 'အစ်ကိုတို့ Lazy Club Band နဲ့ အဆိုတော်ဆိုတေး 'ဖက်တီးမ' ဗီစီဒီသီချင်းရိုက်တာ ပုဂံဘုရားပေါ်မှာ ဖိနပ်စီးပြီးရိုက်တယ်လို့ ဖွပ်ဖွဲနေကြတယ်။ အစ်ကို သိပြီးပြီလား' ဆိုပြီး မေးလာပါတယ်။ ကျွန်တော်က သူပြောမှ အဲဒီ ဗီစီဒီရိုက်တဲ့နေ့ကို ပြန်တွေးကြည့်ပြီး 'ပုဂံမဟုတ်ပါဘူး၊ အစ်ကိုတို့ ဗီစီဒီရိုက်တာ မြောက်ဥက္ကလာပ ကျောက်ရေတွင်းဘူတာနားက သီလရှင်ကျောင်းတိုက် အဆောက်အဦမှာပါ' လို့ သေသေချာချာ ရှင်းပြလိုက်ပါတယ်။

ကျွန်တော်လည်း အမှုမဲ့ အမှတ်မဲ့ နေလိုက်ပြီးမှ နောက်ထပ်အမျိုးသမီးတစ်ယောက်ကထပ်ပြီး စုံစမ်းလာပြန်ပါတယ်။ အဲဒီဗီစီဒီထဲက နောက်ခံဘုရားဟာ ပုဂံက ဘယ်ဘုရားလဲ၊ အာနန္ဒာလား၊ ဓမ္မရံကြီးလားဆိုပြီး မေးပါတယ်။ ကျွန်တော်လည်း ထူးထူးဆန်းဆန်း ဒီသီချင်းက အခုမှဖုန်းဆက်မေးကြလို့ အင်တာနက်ပြဿနာတော့ စပြီထင်လိုက်ပေမဲ့ အင်တာနက်မှာ ဖွကြတာ နာမည်ကြီးသူအနုပညာရှင်တွေပဲ၊ ငါက အဆိုတော်လည်းမဟုတ်၊ ရုပ်ရှင်မင်းသားလည်းမဟုတ်တော့ ဒီလိုနဲ့ပြီးသွားမှာပါဆိုပြီး ခပ်အေးအေးနေမယ် စိတ်ကူးတုန်း နောက်ထပ်ဖုန်းနံပါတ်အသစ်တစ်ခု ထပ်ဝင်လာပြီး

ည ၁၀ နာရီလောက် ဘယ်သူမှ ကိစ္စမရှိဘဲဆက်လေ့မရှိပါဘူးလို့ ထင်ပြီး [illegible] တယ်။ ကျွန်တော့်ရဲ့ ကျောင်းနေဖက်သူငယ်ချင်း Tour Guide လုပ်နေတဲ့ [illegible] ဖုန်းဖြစ်နေပါတော့တယ်။ သူနဲ့ကျွန်တော် ဖုန်းနံပါတ်ချင်းသိပြီးမပြောရဲ [illegible] မတွေ့တာအတော်ကြာနေတာ အခုလို ညကြီးဖုန်းဆက်တော့ ထင်တဲ့အတိုင်း [illegible] ပြဿနာပဲ ဖြစ်ပါတော့တယ်။

သူကတော့ Tour Guide ပီပီ ကျွန်တော့်ဗီစီဒီကြည့်ပြီး အဲဒါပုဂံဘုရားမဟုတ်ဘူးဆိုတာသိပေမဲ့ သူငယ်ချင်းပီပီ သူတစ်ပါးချောက်ချတာ မခံစေချင်တဲ့ဆန္ဒနဲ့ လှမ်းသတိပေးတာဖြစ်နေပါတော့တယ်။ ဒါကြောင့် ကျေးဇူးတင်စကားပြောပြီး အဖြစ်မှန်သူ့ကို တယ်လီဖုန်းနဲ့ရှင်းပြရပါတယ်။ တကယ်တမ်း အဲဒီအဆောက်အဦကြီးက မပြီးသေးတဲ့၊ မဖွင့်လှစ်ရသေးတဲ့ အဆောက်အဦကြီးပါ။ မြောက်ဥက္ကလာကနေ လေယာဉ်ကွင်းသွားရင် ပုဂံဘုရားကြီးလို အဝေးက တွေ့နေရပေမဲ့ တကယ်တမ်းဘယ်နေရာမှာရှိမှန်းတောင် ကျွန်တော်မသိခဲ့ပါ။ ဖြစ်ချင်တော့ အဆိုတော် (အသစ်လေး) ဆိုတေးရဲ့ ဗီစီဒီ နောက်ဆုံးသီချင်းအဖြစ် လေးစီးကလယ်နဲ့ ရိုက်ပေးဖို့ ဒါရိုက်တာစေပါက တာဝန်ယူပြီး အဲဒီနေရာမှာ ရိုက်မှာမို့ မနက် ၁၀ နာရီလာခဲ့ပါဆိုပြီး လေးစီးမန်နေဂျာကတစ်ဆင့် ချိန်းဆိုလာပါတယ်။ ဒါကြောင့် ကျွန်တော်လည်း အဲဒီအမ်တီဗီရိုက်မယ့် မြောက်ဥက္ကလာကို မနက်စောစောကားမောင်းသွားခဲ့ပါတယ်။ မနက်စာတောင်မစားရသေးလို့ ညီငယ်ရီးယက်စ်နဲ့ အိုင်းဆိပ်ကဆိုင်မှာ လက်ဖက်ရည်သောက်ဖို့ ဆုံးဖြတ်တော့ ဒါရိုက်တာစေပါက သူပါလာခဲ့မယ်ဆိုပြီး ချိန်းလို့ နှစ်ယောက်သားထိုင်ပြီး 'ဒုတိယလျှို့ဝှက်ချက်' ဇာတ်ကားရဲ့ ဇာတ်လမ်းကို နှုတ်နဲ့ပြောပြီး သူက ရိုက်ဖို့ သဘောတူခဲ့ပါတယ်။ (တကယ်လည်း အဲဒီဇာတ်ကား ဆင်ဆာတက်နေပါပြီ)

စားသောက်ပြီး သူကရှေ့က သူတို့ကားနဲ့သွား၊ ကျွန်တော်က နောက်ကလိုက်ပြီး အဲဒီနေရာကို ရောက်သွားပါတယ်။ မြောက်ဥက္ကလာခုံးကျော်တံတားက ဆင်းပြီး နည်းနည်းဝင်လိုက်တာနဲ့ ဘယ်ဘက်ကွေ့လိုက်ရင် အဲဒီနေရာ ရောက်သွားပါတယ်။ ရှုတင်ဆိုတာက ကျွန်တော်တို့မရောက်ခင် စက်အဖွဲ့တွေက ကရိန်း၊ ထရော်လီတွေ၊ အသံချဲ့စက်တွေ၊ ဝိုကာတွေ ကြိုတင်ဆင်ထားရသလို စက်သမားမြောက်များစွာနဲ့ အကူအလုပ်သမားတွေလည်း သူတို့တာဝန်နဲ့သူတို့ ရောက်နေကြပါပြီ။ ဆိုတေးက ဇော်ဇော်နဲ့ မရောက်လာသေးလို့ ကျွန်တော်တို့တွေ သူ့ကိုစောင့်နေရပါသေးတယ်။ အဲဒီအချိန်ထိ အဲဒီရိုက်မယ့်နေရာကို အားလုံး မိနပ်တွေစီးပြီး သွားလာခွင့်ရတဲ့ နေရာပုံစံအားလုံးကို ပုံမှန်အတိုင်း တွေ့နေရပါတယ်။

အဆောက်အဦးကြီးက မပြီးသေးပေမဲ့ ရုပ်လုံးကတော့ ပေါ်နေသလို ဘာသာရေး

အဆောက်အဦကြီးဖြစ်နေလို့ ကျွန်တော်တို့ လှေကားထစ်ပေါ်တက်တာနဲ့ ဖိနပ်ချွတ်ပြီး အထဲဝင်ကြသလို တာဝန်ကျနေတဲ့ လုံခြုံရေးတွေကလည်း အဲဒီနေရာမှာ ဖိနပ်ချွတ်ပြီး ဝင်ကြတာ ကျွန်တော်တင်မက အားလုံးသိနေကြလို့ အဆောက်အဦရဲ့ အပြင်ဘက်နေရာကို ဖိနပ်မစီးကြတဲ့ (ရင်ပြင်တော်) လို နေရာမဟုတ်တာကြောင့် အမ်တီဗီရိုက်ဖို့ ဆိုတေးရောက် လာချိန် အားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ MTV ရိုက်ခဲ့ကြပါတယ်။

MTV ရိုက်ပြီဆိုတာနဲ့ ဘေးပတ်ဝန်းကျင်ရပ်ကွက်တွေက ပရိသတ်တွေလည်း ရောက်လာကြည့်ကြလို့ ကင်မရာရိုက်ကွင်းထဲမဝင်ဖို့တောင် သေသေချာချာ ထိန်းရပါ တယ်။ တကယ်ဆို အဲဒီနေရာဟာ ဗုဂ်ဘုရားလိုနေရာဖြစ်နေခဲ့ရင် ဘယ်သူမှ ဖိနပ်စီးကြမှာ မဟုတ်သလို စီးခဲ့ရင်လည်း လုံခြုံရေးတွေနဲ့ ဘေးပတ်ဝန်းကျင်က ကြည့်နေတဲ့ပရိသတ် ကပါ ကျွန်တော်တို့ကို တားမြစ်ကြမှာ အသေအချာပါ။ (ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာသာရေး အဆောက်အဦနေးထဲဝင်တာနဲ့ ဖိနပ်ချွတ်ကြရမှာပဲလို့ အပြစ်တင်မယ့် အင်တာနက်က ကိုယ်ပျောက် သူရဲကောင်းမျိုးချစ်တချို့ရဲ့ အထွန့်တက်မှုတစ်ခုတော့ ကျွန်တော်ချောက်ထဲ ပါရစေလို့ ခွင့်တောင်းချင်ပါတယ်)

ဝတ္ထုက်မြေထဲဝင်လို့ ဖိနပ်ချွတ်ရမယ့် စည်းကမ်းအတိုင်းဆိုရင် တချို့သော ရန်ကုန် မြို့ရဲ့ ဘုန်းတော်ကြီးကျောင်းတွေမှာ မင်္ဂလာဆောင်တဲ့ ခန်းမတွေဆိုရင် ဘုန်းကြီးကျောင်း ဝင်း၊ အလည်တည့်တည့်ကြီးက ခန်းမတွေထဲ ဖိနပ်စီးဝင်ဖို့ ခွင့်ပြုထားတာ ရန်ကုန်မြို့က မင်္ဂလာပွဲ တက်လေ့ရှိသူတွေလည်း သိနိုင်ပါတယ်။ ဒါက ဘုန်းတော်ကြီးကျောင်းဆိုတာ ဆရာတော်တွေရဲ့ စည်းကမ်းအတိုင်း လိုသလို အလျှော့အတင်း လုပ်ကြတဲ့ ဓလေ့ထုံးစံ တစ်ခုဆိုတာ ဥပမာပြချင်တာသာဖြစ်ပြီး ဖိနပ်စီးတာဟာ စီးသင့်တယ်လို့ ဆိုလိုချင်တာ မဟုတ်ပါဘူး။ တကယ်တမ်း သာသနာအဆောက်အဦမဖြစ်သေး၊ မဖွင့်လှစ်ရသေးတဲ့ ဘေးက မြေကွက်လပ်မှာ ကျွန်တော်တို့ MTV ရိုက်မိတဲ့အပြစ်ကြောင့် တကယ်သာ ရှုတင်မန်နေဂျာ၊ ဒါရိုက်တာ စတဲ့ပုဂ္ဂိုလ်တွေရဲ့ အစီအမံကို ငထွားခါးနာဖို့ ဖြစ်လာပြီး သူတို့ မှတ်စလင်လို့ ထင်နေကြတဲ့ ဗုဒ္ဓဘာသာဝင်အဆိုတော် ဆိုတေးကို ဘင်္ဂလားရေ ပြဿနာနဲ့ ခေါင်းချင်းဆိုင်ဖို့ လုပ်လိုက်မှန်း ကျွန်တော်သိလိုက်ရပါတော့တယ်။

facebook ကို လူငါးထောင် သူငယ်ချင်းအဖြစ် လက်ခံမိတာ နှစ်ကြိမ်ကျော် သွားလို့ ကျွန်တော်မဖွင့်မိတာ (နိုင်ငံခြားရောက်ချိန် အနည်းငယ်မှအပ) နှစ်ချီနေပါပြီ facebook ဆိုတာ တကယ်တော့ လူမှုရေးအတွက် တည်ဆောက်ထားတဲ့ ကွန်ရက်သာ ဖြစ်ပေမဲ့ အခုတော့ စီးပွားရေးရော၊ လူမှုရေးမဟုတ်တဲ့ ထင်ပေါ်ကျော်ကြားလိုမှု ရော၊ အချစ်ရေးထောင်ချောက်အဖြစ်ရော၊ နိုင်ငံရေးကျောက်သင်ပုန်းအဖြစ်ရော၊ ကိုယ်

မကျေနပ်တဲ့သူကို ထင်ရာမြင်ရာရေးချင်တာရေးတာတွေကြောင့်ရော ကျွန်တော် သဘော ပေါက်သွားလို့ ခပ်ဝေးဝေး နေခဲ့မိပါတယ်။

အခုလို ဝါဒဖြန့်သက်သက်၊ သတင်းမှားပေးသူတွေက ကျွန်တော့်ရဲ့ဆိုတေးကို ဖုန်းနံပါတ်တင်ပေးပြီး ကန့်ကွက်ကြပါဆိုပြီး လှုံ့ဆော်မှုကြောင့် အဲဒီပြဿနာရဲ့ အရင်းအမြစ်ကို လိုက်ရှာဖို့ ဆုံးဖြတ်လိုက်ပါတယ်။ တကယ်တော့ ကွန်ပျူတာဆိုတာ ကိုယ်ရေးချင်တာရေး ဘာမှမဖြစ်ဘူး၊ နာမည်ဝှက်နဲ့ရေးရင် ဘယ်သူမှမသိဘူးထင်ကြတဲ့ မှတ်ချက်တချို့ကိုလည်း ကျွန်တော်နည်းနည်းတော့ ရှင်းပြချင်စိတ်ဝင်မိပါတယ်။ ကွန်ပျူတာဆိုတာ အင်တာနက်ထဲ ဝင်ကတည်းက အဲဒီစက်နံပါတ်၊ နေရာ၊ အချိန်တွေကို အမြဲမှတ်တမ်းတင်ထားပါတယ်။ နိုင်ငံလုံခြုံရေးအတွက်လိုအပ်ရင် အင်တာနက်သုံးတဲ့နေရာကို ထောက်လှမ်းလို့ရပါတယ်။ အနည်းဆုံးအင်တာနက်ဆိုင်သိရင်တောင် အဲဒီအချိန်ကသုံးခဲ့တဲ့ Security Centre ကို ပြန် Chat ရင် လုပ်ကြတဲ့ သူဘယ်သူမှန်းသိနိုင်သလို အင်တာနက်ဥပဒေ (အီလက်ထရောနစ်ဥပဒေ) ကြောင့် အဖမ်းဆီးခံရတဲ့ သာဓကတွေလည်း မြန်မာနိုင်ငံမှာ ရှိဖူးပါတယ်။ ဒီလိုမဟုတ်ဘဲ ကိုယ့်တယ်လီဖုန်းနဲ့ WiFi သုံးရင်လည်း အဲဒီ WiFi ဆက်သွယ်တဲ့နေရာကို အတိအကျ ရှာပေးနိုင်တဲ့စနစ် အသုံးပြုပြီး ထောက်လှမ်းလို့ရတာ အမေရိကားမှာ ရောက်တုန်း ကြုံခဲ့တာတစ်ခုနဲ့ သက်သေပြချင်ပါတယ်။

၂၀၀၉ ခုနှစ် အမေရိကားရောက်ချိန် စတိတ်ရှိုးပွဲသွင်းတဲ့ ကန်ထရိုက်ကို မကျေနပ်သူ တစ်ယောက်က အင်တာနက်ကနေ အပုပ်ချတိုက်ခိုက်တဲ့စာတွေ ရေးပြီး လက်သီးပုန်းထိုးပါတယ်။ အမေရိကားဆိုတာကလည်း မနက်အိပ်ရာနိုးရင် ဂျာနယ်ဝယ်ဖတ်လို့မရတဲ့ မြန်မာတွေအတွက် အင်တာနက်ဖွင့်ပြီး အဲဒီသတင်းမှန် မမှန်ထက်ထူးခြားရင်ပြီးရော ပုံစံမျိုးထင်ပါရဲ့ အမြဲဖတ်ကြပါတယ်။ တကယ်တမ်း ၂ လလောက်ခရီးမှာ ပုတ်ခတ်တဲ့စာတွေ အဆက်မပြတ်တင်နေလေတော့ ပွဲကန်ထရိုက်အစ်မကြီးက သူ့အမျိုးသား (အမေရိကန်နိုင်ငံသား) ကတစ်ဆင့် အင်တာနက်ရှာဖွေရေးကိုတိုင်ပြီး ပြန်စုံစမ်းပါတယ်။

အရာရာကို ဝိုက်ဆံကသာ ဆုံးဖြတ်ပေးတဲ့ အမေရိကားမှာ ဝိုက်ဆံပေးတော့ ကိုယ်အကြောင်း မဟုတ်တာတွေ ဖြန့်ဝေတဲ့မြို့နယ်ရဲ့ Zip Code အထိ ရှာပေးပါတယ်။ အဲဒီမြို့နယ်မှာ သူတို့နဲ့ အဆင်မပြေတဲ့ (ပုဂ္ဂိုလ်ရေး တိုက်ခိုက်မယ်ထင်သူ တစ်ယောက်နဲ့) အရမ်းအဆင်ပြေတဲ့ ပုဂ္ဂိုလ်ရေးပြဿနာမရှိသူ အတွင်းစည်းထဲက လူတစ်ယောက်ပဲ မြန်မာ ဆိုလို့ နေပါသတဲ့။ google လို Search Engine ရှာဖွေရေးစနစ်မျိုးနဲ့ အဲဒီအင်တာနက်သတင်းတင်တဲ့ ကွန်ပျူတာလိပ်စာကို နောက်ဆုံး ထပ်ရှာရင် ဝိုက်ဆံထပ်ပေးလိုက်ရုံနဲ့ အဆောက်အအုံနံပါတ်အထိ သိခွင့်ရပါပြီ။ ဒါပေမဲ့လည်း ဒီလောက်ဆို သူတို့ကို

ဘယ်သူလုပ်ကြသလဲဆိုတာ သိပြီးမှ ဆက်မရှာတော့ဘဲ ရပ်လိုက်ပါတော့တယ်။ နောက်ဆုံး အဆင့်ရောက်မှ စုံထောက်ဝတ္ထုထဲကလို တရားခံကိုဖမ်းမပြလို့ ကျွန်တော်မှာ မချင့်မရဲ ဖြစ်ပြန်ခဲ့ပြီး တစ်နှစ်လောက်အကြာ အမေရိကားနဲ့ တယ်လီဖုန်းရတော့ တရားခံက သူ့ကိုမုန်းတဲ့သူမဟုတ်ဘဲ သူ့ကိုခင်မင်သူဖြစ်နေတယ်ဆိုပြီး ထပ်သိရလို့ လူဆိုတာ ကြောက်စရာကြီးပါလားဆိုတဲ့ အတွေးလည်း ထပ်ရလိုက်ပါတယ်။

အခုကိစ္စမှာလည်း အင်တာနက်ပေါ်ကိုတင်ပြီး မမှန်တဲ့သတင်း၊ ပုဂ်ဘုရားမဟုတ်တဲ့နေရာကို ပုဂံဘုရားပါဆိုပြီး စွပ်စွဲ၊ ကျွန်တော့် တယ်လီဖုန်းနံပါတ်တင်ပေးတဲ့ တစ်ယောက်ကြောင့် ကျွန်တော်မှာ facebook ပြန်ဖွင့်၊ အဲဒီကိစ္စပြန်ရေးရပါတော့တယ်။ တစ်ဆက်တည်းမှာ အဲဒီသတင်း Link လုပ်သူ ချိတ်ဆက်ပေးပြီး ဖုန်းနံပါတ်တင်သူရဲ့ နာမည်နဲ့ facebook account ကို စုံစမ်းသိရပါတော့တယ်။ သိပ်မကြာခင်မှာပဲ အဲဒီ ကောင်မလေး ကျွန်တော့်ဆီဖုန်းဆက်ပြီး သူတို့ အဲဒီနေရာရောက်သွားကြောင်း၊ အထဲဝင်မှ ဖိနပ်ချွတ်ဖို့ ဘေးကလူတွေကိုမေးတော့ ပြောကြလို့ ဖိနပ်စီးလို့ရတဲ့နေရာဆိုတာသိပါပြီ အစ်ကိုတို့ကို ပုဂံလို့ စွပ်စွဲမိတာ တောင်းပန်ပါတယ်။ ကျွန်တော်က ချက်ချင်းသူ့နာမည်ကို ပြောပြ လိုက်တော့ အံ့အားသင့်သွားပုံရပါတယ်။ သူ့ကိုမကျေနပ်ရင်တရားစွဲပါ၊ ခံပါမယ်ဆိုတဲ့ စကားကြားရတော့ ကျွန်တော်က 'ညီမရဲ့ဗုဒ္ဓဘာသာအပေါ် ကာကွယ်ချင်တဲ့စိတ်ကို လေးစားပါတယ်။ ယောင်ယောင်ရွယ်ရွယ်နဲ့ ဒီလိုစိတ်မျိုးရှိတာကိုလည်း ဂုဏ်ယူပါတယ်။ ဒါပေမဲ့ အချက်အလက် မှန်မမှန်သေချာမစုံစမ်းဘဲ ပုဂံဘုရားဆိုပြီး အစ်ကိုတို့ကို ကန့်ကွက်နိုင်း၊ နံပါတ်တွေစုံစမ်းပြီး တင်ပေးလိုက်တော့ အစ်ကိုတို့စိတ် အနှောက်အယှက်ဖြစ်ရသလို စင်ပေါ်သီချင်းဆိုရမယ့် အဆိုတော်မှာလည်း ပရိသတ်ရဲ့ အမုန်းခံရမှာ၊ ဘာသာရေးအထင် လွဲခံရမှာ ကြောက်ပြီး အလုပ်တွေရှုပ်ကုန်ကြတာပေါ့။ အစ်ကိုခွင့်လွှတ်ပါတယ်။ တရားလည်း မစွဲပါဘူး။ အစ်ကို ကိုယ်တိုင်ကလည်း ဘုရားပေါ်မှာ တကယ်ဖိနပ်စီးတဲ့ သူကို ကန့်ကွက်မယ့်လူမျိုး ဗုဒ္ဓဘာသာဝင်စစ်စစ်ပါ။ ဒါပေမဲ့ ညီမတောင်းပန်တဲ့ကိစ္စ အင်တာနက်ပေါ်က တချို့သောသူတွေရဲ့ အထင်မှားမှုကို ညီမပြန်ပြီး ရုတ်သိမ်းလို့ မရတော့တဲ့ အခြေအနေမှာ အစ်ကိုနဲ့ ဆိုတေး စာနယ်ဇင်းရှင်းလင်းပွဲလုပ်ပြီး အဖြစ်မှန်ကို ရှင်းပြပေးပါမယ်။ အဲဒီပွဲကို ညီမကိုလည်း ဖိတ်ပါတယ်။ တက်နိုင်ပါတယ်။ ဒါပေမဲ့ စာနယ်ဇင်း ဆရာတွေကိုတော့ ညီမနာမည်နဲ့ ဖုန်းနံပါတ်အစ်ကိုပေးပြီး ဖွင့်မပြော လက်စားချေတဲ့ အလုပ်ကိုမလုပ်သလို ညီမရေးတာမှားယွင်းကြောင်း မီဒီယာတွေကို တောင်းပန်နိုင်းတဲ့ အလုပ်မျိုးလည်း အစ်ကို မလုပ်နိုင်းပါဘူး။ အစ်ကို ဖုန်းနံပါတ်သာ အင်တာနက် facebook ပေါ်တင်ပေးပြီး ကန့်ကွက်နိုင်းပေမဲ့ သာမန်လူတစ်ယောက်

ပရိသတ် မသိတဲ့လူတစ်ယောက်ရဲ့ တယ်လီဖုန်းနံပါတ် တစ်စုံတစ်ယောက်ဆီ ပေးလိုက်ရင် ဘယ်လောက်စိတ်ညစ်ရသလဲဆိုတာသိတဲ့ အနုပညာရှင်ထဲက အနုပညာရှင်တစ်ယောက်ဖြစ်တဲ့ အစ်ကိုက နားလည်လို့ ကလဲ့စားချေတဲ့ အလုပ်မလုပ်ပါဘူး။ စိတ်ချပါလို့ ကတိပေးလိုက်ရပါတော့တယ်။

တစ်ခါတစ်ခါမှာ အဆောက်အဦတစ်ခုကို အောက်ကကြည့်ရင် သိပ်မမြင့်သလိုနဲ့ အပေါ်ရောက်မှ အောက်ပြန်ကြည့်တော့ နှစ်ဆပိုမြင့်နေသလိုမျိုး အနုပညာရှင်တွေမှာဖြစ်နေပြီလားလို့ ကောလာဟလ အင်တာနက်ပြဿနာ အခုမှကြုံဖူးတဲ့ ကျွန်တော်တစ်ယောက်တည်း ခံစားနေမိပါတော့တယ်။

*ဩစတြေးလျမှာ ရောက်တုန်း facebook ဆိုတာ လူငယ်တွေ အင်တာနက်မှာ ကိုယ့်ဘဝနဲ့ဆိုင်တဲ့ ပညာရပ်တွေ လေ့လာဖို့ အချိန်တွေကို လုယူ ဖျက်ဆီးနေတဲ့ အရာ တစ်ခုပဲ။ ခေတ်ပုံတွေ facebook မှာတင်တော့ ဘာလုပ်ရမှာလဲလို့… အနာဂတ်ကို ကြိုတွေးတောနိုင်သူ (လူမှန်းခံရနိုင်သူဖြစ်နိုင်လို့ နာမည်တည့် မရေးတော့ပါ) ပညာတတ် လူငယ်တစ်ယောက်အတွက် အမှတ်တရ…*

**နံနက်ခင်း သတင်းစာဂျာနယ်**

၁၇-၁၀-၂၀၁၂

❑



## ကျွန်တော်နှင့် ဂီတအကျိုးထူးသူများပြဿနာ

စာနယ်ဇင်းပွဲတစ်ပွဲ တက်ရောက်ချိန် ဂီတညီငယ်တစ်ယောက်နဲ့ ကျွန်တော် တစ်စားပွဲတည်း ထိုင်ကြရင်း အခုခေတ် ဂီတအစည်းအရုံးအသစ်၊ အမှုဆောင်အသစ်နှစ်ဝက်မှာ ကြုံတွေ့ရတဲ့ ခိုးကူးပြဿနာအသစ်တွေအကြောင်း စကားစပ်ရင်း ပြောမိပါတယ်။ အဲဒီလို ပြောရင်း ကျွန်တော့်ရဲ့ ထင်မြင်ချက်က ဂီတသမားတွေဘက်ကိုလည်း နားလည်ပေးနိုင်သလို ခိုးကူးလှုတန်းစားဖြစ်ပေါ်လာပုံနဲ့ ပျောက်ကွယ်သွားအောင် ဘယ်လိုလုပ်ဆောင်သင့်သလဲဆိုပြီး အရင်ဂီတအစည်းအရုံးမှာ လုပ်ခဲ့တုန်းက ကြုံခဲ့ဖူးတဲ့ အတွေ့အကြုံတွေ ကိုယ်တိုင်အခွေထုတ်ချိန်မှာ ကြုံခဲ့ရတဲ့ ဖြန့်ချိရေးအတွေ့အကြုံတွေကို ပေါင်းစပ်ပြီး အဲဒီညီငယ်ကို ကျွန်တော့်ကို ရှင်းပြခဲ့မိပါတယ်။ ဒီအခါမှာ အဲဒီညီငယ်က စာဖတ်ပရိသတ်တွေ၊ တစ်နိုင်ငံလုံးက ဂီတချစ် ပရိသတ်တွေ နောက်ဆုံး တာဝန်ရှိတဲ့ အဖွဲ့အစည်းတွေပါ အစ်ကိုရဲ့ ထင်မြင်ချက်ကို ပြောပြသင့်တယ်၊ ရေးပြသင့်တယ်လို့ တိုက်တွန်းပါတယ်။ ကျွန်တော်ကတော့ အဲဒီလိုရေးပြမိရင် ကိုယ်မစားရတဲ့ ငပျစ်သီး ချဉ်တယ် ချဉ်တယ် ပြောကြတယ် ထင်မှာစိုးလို့ ရေးမယ့်အစီအစဉ်ထဲမှာ မထည့်ဘဲ တခြားကိစ္စတွေပဲ ရေးမိပါတယ်။ ဂီတလောကသားမိတ်ဆွေတစ်ယောက်ရဲ့သား မင်္ဂလာပွဲသွားတက်ရင်း ဘုန်းကြီးကျောင်းမှာ တစ်စားပွဲတည်းအတူ ထိုင်မိကြတယ်။ အမေအဆိုတော်၊ သမီးအဆိုတော်၊ ရှေ့ခံအဆိုတော်လေးတစ်ယောက်ရယ်၊ အဲဒီကိစ္စထပ်ပြောရင်း ကျွန်တော်ထင်မြင်ချက်တွေကို အဆိုတော်ကြီးသားအမိက ဗဟုသုတ ရတယ်၊ သူတို့အိမ်မှာ တစ်နေ့ အေးအေးဆေးဆေး အဲဒီကိစ္စ လာရှင်းပြပါဦးဆိုပြီး ပြောလာလို့ တကယ်ပဲခိုးကူးနဲ့ ဖြန့်ချိရေးပြဿနာက လူတိုင်းသိသင့်တဲ့ကိစ္စ ဖြစ်နေသလား။ အဲဒီကိစ္စအမှန်တရားတွေကို စာဖတ်ပရိသတ်ကို ချမပြဘဲ ကိုယ်တစ်ယောက်တည်း သိမ်းထားတာပဲ တရားပါ့မလား။ ဒါမှမဟုတ် ဒီလို



ရေးပြမိလို့ ဖြန့်ချိရေး ဆိုင်ရှင်တချို့ရဲ့ မျက်စောင်းထိုးခံရမှာ ကြောက်တယ်ဆိုရင်လည်း စာရေးတယ်ဆိုတာ ကိုယ် မကြောက်တဲ့ သူတွေကိုပဲထိုးနက်နေသလို ဖြစ်နေမှာပေါ့ဆိုတဲ့ အတွေးထဲတိုးဝင်မိပါတော့တယ်။ ဒါကြောင့် ဒီစာစုလေးကို မဖြစ်မနေ အမှန်တရားအတွက် ရေးကြဖို့ ကြိုးစားရင်း ၁ လမှာ ၁ ခါလောက် ပါဝင်နေရတဲ့ Sunday ဂျာနယ်အတွက် အမှတ်တရစာစုလေး ရေးသားလိုက်ရပါတော့တယ်။ ဒီစာစုလေးဖတ်ပြီး စေတနာနဲ့ ဖုန်းဆက်မေးခွန်းလုပ်ချင်သူများရဲ့ အနှောင့်အယှက်ကင်းဝေးနိုင်ပါစေလို့သာ ဆွေးပြီးရေးရပါတော့ တယ်။

VCD ခိုးကူးဆိုတဲ့ စကားရပ် တွင်ကျယ်လာသလို ကျွန်တော်တို့ ဂီတသမားတွေရဲ့ သီချင်းတွေ အကြီးအကျယ်ခိုးကူးပြီး စီးပွားရှာနေကြသူတွေကြောင့် ဂီတလောကကြီး တစ်ခုလုံး ထိုးရပ်သွား၊ စီးပွားရေးလုပ်ငန်းအနေနဲ့ သီချင်းခွေထုတ်လုပ်သူ ပရိုဂျူဆာများ ကြက်ပျောက်ငှက်ပျောက် ကွယ်ပျောက်သွားခဲ့တာ ဘာလိုလိုနဲ့ ၄ နှစ်လောက်ရှိခဲ့ပြီ ထင်ပါတယ်။ ခေတ်ကောင်းစဉ်က သီချင်းခွေတွေထုတ်ပြီး တိုက်ကြီး၊ ကားကြီးတွေ နိုင်ငံခြားကိုသွားကြတဲ့ ပရိုဂျူဆာ၊ ထုတ်လုပ်သူတွေ ခေတ်မကောင်းချိန် ကိုယ်ပိုင်အခွေ မထုတ်တော့ဘဲ တခြားစီးပွားရေးလုပ်သူက လုပ်၊ တချို့ကလည်း ထုတ်လုပ်သူသက်သက် လုပ်ပြီး ကိုယ်အခွေမထုတ်တော့ဘဲ ဝါသနာရှင်တွေရဲ့ အခွေတွေဖြန့်ချိပေးသူလုပ်ကြ၊ တချို့ကတော့ သူကြိုက်နှစ်သက်တဲ့ သီချင်းလေးတွေကို ဝါသနာအရရှုဆောင်းပြီး အကျိုး အမြတ် မမျှော်ကိုးဘဲ ဂီတချစ်စိတ်တစ်ခုတည်းနဲ့ ရပ်တည်နေသူတွေလည်း တွေ့နေရပါ တယ်။ ဒီလို ခေတ်မကောင်းခြင်းရဲ့ တရားခံ ဘယ်သူလဲလို့ ပရိသတ် ကချို့ကမေးရင် ခိုးကူးပေါ်လို့ ဂီတသမားအများစုက တညီတညာတည်း ပြောကြနိုင်ပေမဲ့ ကျွန်တော်က တော့ ကိုယ်ဖော်တဲ့ဆေး ကိုယ်မစားနိုင်တာ ဂီတသမားတွေကြောင့်ပဲလို့သာ ပြောလိုက်ချင် ပါတယ်။ ကျွန်တော်တို့ ဂီတသမားတွေက ကိုယ့်သီချင်းတွေကို တေးသံသွင်းဆိုင်တွေက ကတ်ပြားစနစ်နဲ့ ရောင်းချ၊ အခွေကူးတဲ့စနစ်ကို သူ့ထက်အသံအရည်အသွေးပိုကောင်းတဲ့ ပရိစနစ်ဆိုတဲ့ အသင့်ထုပ်ပိုးပြီးကတ်ဆက်ခွေ၊ အသံတူညီတဲ့အခွေတွေနဲ့ ရောင်းတဲ့စနစ်ကို အစားထိုးလိုက်ပါတယ်။ မှတ်မှတ်ရရ အဲဒီခေတ်မီလိုက်တဲ့ ကျွန်တော့်ရဲ့အတွေ့အကြုံတစ်ခု ပြောပြရရင် ယုံမယ်မထင်ပါဘူး။ အဲဒီ ၁၉၉၀ ကျော်ကျော်လောက်က ပရိစနစ်နဲ့ ကတ် ဆက်ခွေရောင်းကြချိန်၊ အဆိုတော်အသစ်၊ အဟောင်းဘယ်သူမဆို ခွေငါးထောင်လောက် ရောင်းရရင် မြတ်ပါပြီ။ အဲဒီအခွေငါးထောင်ကလည်း တစ်နိုင်ငံလုံးဖြန့်ချိဖို့ ဖြန့်လိုက်က တည်းက ဟိုက ဒီက၊ စတိုးဆိုင်က၊ နယ်က စသဖြင့် ယူကြတာ ၁ ရက် ၂ရက်နဲ့ ကုန်သွားလို့ အဆိုတော်တွေလည်း အခွေထုတ်ဖို့ ပျော်ကြ၊ ထုတ်လုပ်သူတွေလည်း

ပျော်ကြတဲ့ခေတ်ဖြစ်ခဲ့ဖူးပါတယ်။ ဒီလိုနဲ့ သိပ်မကြာခင်မှာပဲ သူ့ထက် ပိုကောင်းတဲ့ CD စနစ်ကို ယူဆောင်လာပါတော့တယ်။ CD အခွေက အသံလည်း တကယ်ကောင်းလို့ ကက်ဆက်ခွေ စုသူထက်ပိုပြီး အသံကောင်းချင်သူတွေက CD ခွေတွေ ဝယ်ကြပါတယ်။ အဲဒီလို CD ခေတ်ပေါ်လာတော့ CD တွေထုတ်ကြလို့ တီးခလည်း နည်းနည်းပိုရလာခဲ့ကြပါတယ်။ ဒါကြောင့် စီးရီး၊ CD နှစ်မျိုး၊ တစ်ခါတီးရုံနဲ့တင် ပိုက်ဆံရပါတယ်။ အဲဒီထက်ပိုပြီး ကောင်းလာတဲ့ခေတ်ကတော့ VCD ခေတ်ပါ။ ကိုယ့်သီချင်းကို တီဗွီမှာ ကြည့်ပြီး စာသားပေါ်မှာ တီးလုံးသံဖျောက်ပြီး သီချင်းလိုက်ဆိုရတဲ့အချိန်၊ အဆိုသံအစား ကီးဘုတ်နဲ့တေးသွားကို တီးပေး၊ မြင်ကွင်းကလည်း ပင်လယ်ကမ်းစပ်တွေ၊ တောတောင် ရှုခင်းတွေနဲ့ ဖြစ်လာပါတယ်။ အဲဒီမှာ ဒါထက်ပိုကောင်းအောင်ဆိုပြီး ဂီတသမားတွေ၊ ထုတ်လုပ်သူတွေက အဆိုတော်တချို့နဲ့ ပြန်ဆိုစေပြီး အဆိုသံပါတဲ့ VCD အခွေတွေ ထုတ်ပါတော့တယ်။ ဒါကိုမှ မကျေနပ်နိုင်သေးတဲ့ ဂီတတီထွင်သူတွေက အဲဒီအောင်မြင်တဲ့ သီချင်းသီဆိုတဲ့ မူရင်းအဆိုတော်အသံထည့်ပေးပြီး မူရင်းသံစဉ်ကို ကီးဘုတ်တစ်လုံးနဲ့ တီးမယ့်အစား မူရင်းတီးဝိုင်းကို ငွေကြေးထပ်ပေးပြီး အသုံးပြုလို့ ကျွန်တော်တို့ ဂီတသမားတွေ စီးရီး၊ CD၊ VCD စသဖြင့် ကိစ္စရပ် သုံးမျိုးအတွက် ငွေကြေးရကြလို့ ကိုယ့်ဘာသာ လက်မထောင်ကြပါတော့တယ်။ ဒီလိုတိုးတက်တဲ့ခေတ်ကြီးမှာ Live Show တွေရိုက်၊ HD ကင်မရာတွေနဲ့ရိုက်ပြီး အကောင်းဆုံးကိုမှ ပရိသတ်ကိုပေးချင်တဲ့ ထုတ်လုပ်သူတွေ အဆိုတော်တွေ၊ ဂီတသမားတွေခင်မျာ တစ်ဘက်က တေးသံသွင်းဆိုင်၊ အခွေရောင်းဆိုင် ဖြန့်ချိရေးဆိုင်တွေ တစ်ခုပြီးတစ်ခု ပိတ်တဲ့အချိန် ခိုးကူးတွေက မိုးဦးကျမှိုပွင့်တွေလို နေရာအနှံ့ပေါ်လာကြပြန်ပါတယ်။ ကိုယ်ကုန်တဲ့ငွေကြေးပြန်ရမယ့် အခွေအရောင်းဆိုင်တွေ အရေအတွက်က နည်းပြီး ခိုးကူးဆိုင်တွေကသာ သူတို့သီချင်းတွေ ပျံ့နှံ့လို့ ပိုက်ဆံမရဖြစ်ကြပြီး အိတ်ပေါက်နဲ့ဖားကောက်ရသလို ဖြစ်ကုန်ကြပါတော့တယ်။ အခွေထုတ်သူတွေက သူတို့ပိုက်ဆံပြန်မရ၊ အခွေမရောင်းရတာ ခိုးကူးတွေကြောင့်လို့ ဂျာနယ်စာမျက်နှာပေါ်မှာ အဖြစ်မှန် သေသေချာချာ သိလို့ဖြစ်စေ၊ မသိလို့ဖြစ်စေ ပြောနေကြတော့ ကျွန်တော်စိတ်ထဲ တစ်ခုမေးချင်လာမိပါတယ်။ ခိုးကူး အခွေဆိုင်တွေအားလုံး ခလုတ်တစ်ချက်နှိပ်လိုက်လို့ ပျောက်စေဆိုပြီး ပျောက်သွားပါပြီဆိုပါတော့။ အခွေအစစ်အမှန်ကို ဘယ်မှာသွားဝယ်မလဲဆိုတာ စားသုံးသူတွေဘက်က စဉ်းစားပေးတဲ့သူ ဘယ်သူရှိပါသလဲ။ ဥပမာ... ကျွန်တော့်အိမ်က ရေကျော်ပုစွန်တောင်မှာ ရှိပါတယ်။ VCD ခွေထွက်ချိန် ကျွန်တော်တီး စီးရီးခွေ၊ VCD ခွေ၊ အစစ်အမှန် ဦးဦးဖျားဖျား ဝယ်အားပေးချင်လို့ဆိုခဲ့ရင် အနီးဆုံးအခွေရောင်းဆိုင်က မဟာဗန္ဓုလတံတားအဆင်းက OCEAN စူပါမားကက်သွားချင်သွား

မသွားချင်ရင် မြို့ထဲကဈေးထုတ်လုပ် သူတွေရဲ့ဆိုင်ကိုသာ သွားရတော့မှာမို့ ကားမရှိတဲ့ လူတွေမှာ ဘတ်စ်ကားတစ်တန်၊ ခြေကျင်တစ်တန် သွားပြီးဝယ်ရမယ့်အဖြစ် ရောက်နေပါတော့တယ်။ door to door စနစ်ကျင့်သုံးနေတဲ့ ဒီဘက်ခေတ်ကြီးမှာ ကျွန်တော် ကျွန်မတို့ အနုပညာအစစ်အမှန်ကို လိုချင်ရင် လမ်းလျှောက်မှ ရမယ်ဆိုတဲ့ အနေအထားဖြစ်လာခဲ့ပါသည်။ ရုပ်ရှင်ရုံကြီးတွေမှာ ကြည့်မယ့်သူမရှိဘဲ ကိုယ့်အိမ်မှာ TV ချန်နယ်တွေထိုင်ပြီး ကြိုက်ရာရွေးခွင့်ရှိနေကြတဲ့ ခေတ်ဆိုတာ မမေ့သင့်သလို ကိုယ့်ဂီတကျဆုံးတာ နိုးကူးတစ်ခုတည်းမှာပဲ တာဝန်ရှိသလားဆိုတာကိုလည်း နည်းနည်းတော့ ရိပ်မိသင့်ပါပြီ။ ဒီလိုသာ အစစ်အမှန်ကိုသာ ဝယ်ယူကြပါ၊ အခွေအစစ်အမှန် မဝယ်ယူတွေက သူခိုးတွေပါလို့ ပြောကြကြေးဆိုရင် ကျွန်တော်တို့ ဂီတလောကရဲ့ အသက်ဟာ ရန်ကုန်မြို့က စီးတီးမတ်နဲ့ Ocean, Orange၊ စူပါမားကက်ကြီးတွေရဲ့ လက်ထဲမှာပဲရှိနေတော့သလို ဖြစ်နေပါပြီ။ အဲဒီ စူးပါမားကတ်တွေသာ အခွေအရောင်းကောင်တာတွေ ပိတ်လိုက်ရင် ကျွန်တော်တို့ အခွေ အစစ်အမှန်ရောင်းပေးသူတောင် ရှိမှာမဟုတ်သလို ဖြစ်နေပါတယ်။ အခုတောင် စီးတီးမတ် တချို့မှာဆိုရင် အခွေကောင်တာတွေ ဖြုတ်လိုက်တာ တွေ့ရပါတယ်။ ဥပမာ ၄၇ လမ်းက City Mart။ ဒါဆိုရင်… တစ်နိုင်ငံလုံး ဖြန့်ချိရေးဆိုတာက ဘာလဲဆိုပြီး မေးစရာရှိလာပါတယ်။ ကျွန်တော့် အခွေဖြန့်တယ်ဆိုကြပါစို့။ တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့တိုင်းက တေးသံသွင်းဆိုင်တွေကို ၁ လပို့ပေး၊ အဲဒီ ၁ လပြည့်လို့မှ မရောင်းရရင် ကိုယ့်ဆီပြန်အပ်ကုန်စနစ်အရ ပြန်ပို့လို့ ကိုယ့်ဘက်ကတီးဝိုင်းခ၊ သီချင်းရေးခ၊ စတူဒီယို၊ စားစရိတ်၊ အဆိုတော်ခတွေ ပြန်မရတဲ့အပြင် အခွေ ၅ ထောင်၊ ၁ သောင်း၊ ၂ သောင်း ကူးမိလို့ မရောင်းရတဲ့အခွေတွေ အစုအပုံလိုက် ပြန်ပေးလာကြပါတယ်။ ဒီတော့က ထုတ်လုပ်သူတွေက ငွေကြေးစိုက်ထုတ်ပြီး ဖြန့်ချိရေးကိုပေး၊ ဖြန့်ချိရေးက ဖြန့်ချိခ၊ သိန်းနဲ့ချီပြီးယူ၊ တချို့ကိုရောင်းရတဲ့ အခွေပေါ်က ကော်မရှင်ရာခိုင်နှုန်းနဲ့ယူ၊ ၁ လပြည့်တော့ မရောင်းရတဲ့ အခွေတွေ လာယူပါဆိုပြီး ထုတ်လုပ်သူ အဆိုတော်တွေဆီ ဖုန်းဆက်၊ ပြန်ပေးလိုက်တော့ မြန်မာနိုင်ငံရဲ့ ဖြန့်ချိရေးစနစ်က အနည်းဆုံး ၁လ ခံ စနစ်ဖြစ်နေလို့ အခွေမရောင်း ရသူတွေက ကိုယ့်အခွေမရောင်းရတာ နိုးကူးကြောင့်လား၊ ခေတ်မမီတော့တဲ့ ဖြန့်ချိရေးစနစ်ကြောင့်လားဆိုတာ ကွဲကွဲပြားပြား သိသင့်ပြီထင်ပါတယ်။ ဖြန့်ချိရေးအနေနဲ့ ဖြန့်ချိခလည်းရ၊ အဲဒီအခွေ အောင်မြင်သွားရင် ကော်မရှင်လည်းရ၊ တချို့ဆို သူတို့နဲ့ စည်းဝါးရိုက်ထားတဲ့ CD အလွတ်၊ ကက်ဆက်ခွေ အလွတ်ရောင်းချတဲ့ ကုမ္ပဏီဆီ သူတို့ဖြန့်ချိရေးက အခွေများများ ဖြန့်ပေးနိုင်ရင် နိုင်ငံခြားကို ဂုဏ်ပြုပြီး ခရီးလွှတ်တာခံရဘာတောင် ရှိလာခဲ့ဖူးပါတယ်။ ပိုက်ဆံမရှိမဲ့ ရှိမဲ့နဲ့ အနုပညာသမားတွေက ချွေးနဲ့စေးနဲ့

ဒီအခွေကို ထုတ်ပြီး နိုင်ငံရပ်ခြားသွားခွင့်ရခဲ့တာ သူတို့ဆိုတာကို သတိမေ့နေကြသူတွေလည်း ရှိပါတယ်။ ဒါကြောင့် ခိုးကူးစနစ်ဘယ်လို မကောင်းပါစေ။ သီချင်းစကတည်းက လူသိများဖို့ ရည်ရွယ်တဲ့အဆိုတော်ကတော့ သူ မရောင်းရတဲ့ အခွေတွေ အိမ်မှာ ဝိတ်ထားမလား၊ ပိုက်ဆံပြန်မရပေမဲ့ သူ့အနုပညာကို လူသိမယ့်နည်းလမ်းရှိရင် လုပ်မလား၊ လမ်းနှစ်သွယ်မှာ စီးပွားရေးမပါခဲ့ရင် ထင်ပေါ်ကျော်ကြားချင်လို့ သီချင်းဆိုသူတွေကတော့ ဒုတိယလမ်းကို ရွေးမယ်ထင်ပါတယ်။ (ဥပမာ Sample အခွေတွေ ဝေတာ) လက်ဖက်ရည်ဆိုင်တွေ လိုက်ဝေတာတွေကိုကြည့်ပါ။ အခုလို ပိုင်ဆိုင်မှုတွေ ခံစားမှုတွေ ရနေကြတဲ့ အနုပညာသမားဘဝမှာတော့ ခိုးကူးနှောင့်ယှက်လို့ ကျွန်တော် ကျွန်မတို့ ဘဝပျက်ရတာပါလို့ ငိုချင်းချသူတချို့ရဲ့ အင်တာဗျူးတွေဖတ်ရတိုင်း စိုင်းထီးဆိုင်ရဲ့ "ကိုယ်တစ်ယောက်တည်းကြောင့်တော့ မဟုတ်ဘူး" ဆိုတဲ့ သီချင်းလေးသာ နားထဲပြန်ကြားမိပြီး "ခေါင်းမိုးကမလုံတော့ မိုးဒဏ်ကို ကိုယ်ခံနေရတာအမှန်ပဲ… ဒါပေမဲ့လည်း… မိုးမရွာတဲ့အကြောင်းဟာ ကိုယ်တစ်ယောက်တည်းကြောင့်တော့ မဟုတ်ဘူး" ဆိုတဲ့ စာသားအတိုင်း ဂီတလောကပြန်လည်နိုးထစေချင်ရင် ခေတ်မီအင်တာနက်အွန်လိုင်းတွေက တစ်ဆင့် DATA ရောင်းဝယ်တဲ့ ခေတ်ကို သွားသင့်ပြီ။ အခွေ ၁ သောင်းကူးပြီးမရောင်းရလို့ ကိုယ့်ခွေ ၁ သောင်းနဲ့ ၁ ချပ် (MASTER)ပြန်ပေးတဲ့ခေတ်ကျန်ခဲ့သင့်ပြီလို့ ခေတ်မီမီကမ္ဘာကြည့်ကြည့်ပြီး အကြံပြုလိုက်ရပါတော့တယ်။

**MANDALAY NEW**

**November 25 to December**

❑



# ကျွန်တော့် လူပျိုကြီးပြဿနာ

အခုတလော ဂျာနယ်တော်တော်များများက ကျွန်တော့်ကို စာမူလေးတွေတောင်းကြတော့ သူတို့ရဲ့အသိအမှတ်ပြုမှုကို ခံရလို့ ကျေးဇူးတင်မိပါတယ်။ အရင်က ကျွန်တော် စာရေးတာ လူပိုသိအောင် တမင်ထွင်တာပါလို့ ထင်ကြသူတွေရှိခဲ့ပေမဲ့ ကျွန်တော်ရဲ့ စာရေးချင်စိတ် မပြောင်းလဲတာကို အသိအမှတ် ပြုလိုက်ကြပုံရပါတယ်။ ဒါကြောင့် တခုတ်တရ စာမူလေး တွေတောင်းကြလို့ အလုပ်အရမ်းများတဲ့ ဒီဇင်ဘာလမှာ တကယ့်ကို ညမအိပ်၊ မနက်မအိပ် စာရေးရပါတော့တယ် (မနက် မအိပ်ရဆိုတာ မနက် ၆ နာရီလောက် Alarm ပေးပြီး အိပ်ရာက မထချင်ဘဲထ၊ စာရေးရတာကို တင်စားတာပါ)

ကျွန်တော်ရဲ့ ပုံမှန်စာရေးချိန်ဟာ ည ၁၁ နာရီက ၁ နာရီအထိဖြစ်ပြီး "နံနက်ခင်း ဂျာနယ်" အတွက်သာ ပုံမှန်စာရေးဖြစ်နေတာပါ။ တခြားဂျာနယ်တွေက စာမူတောင်းလာ တော့ မနက်ရေးရင်ရေး၊ မရေးရင်ကိုယ်ဂစ်တာတီးမယ်၊ DVD ကြည့်မယ့် အချိန် ဖဲ့ပေးရ တော့ရုံပဲရှိတာကြောင့် အခုလည်း DVD တစ်ကားကြည့်ရင်း ခဏရပ်ပြီး Envoy ဂျာနယ်က ညီမငယ်ရဲ့ ဖုန်းသတိပေးမှုကြောင့် သူတို့ဂျာနယ်အတွက် စာရေးရပါတော့ တယ်။ သူတို့ကိုဘယ်လို စာမူမျိုးပေးရမလဲလို့ ကိုယ့်အတွေ့အကြုံတွေထဲက ခင်မင်ရတဲ့ အပေါင်းအသင်းတွေ ကြုံခဲ့ရတဲ့ အမှတ်တရ ကိစ္စလေးတွေ ရေးပြချင်လို့ စိတ်ကူးမိတိုင်း လည်း အဆင်မပြေခဲ့ပါဘူး။ ဖြစ်ချင်တော့ ဒီမနက်မုံရွာမြို့က ရန်ကုန်မှာဆေးလာကုတဲ့ လူပျိုကြီးတစ်ယောက်ကို ကားနဲ့ သူသွားချင်တဲ့နေရာတွေကို လိုက်ပို့ပေးရင်း လူပျိုကြီး တွေရဲ့ လွတ်လပ်မှု၊ အပူအပင်မရှိဘဲ ကိုယ့်ရှာဖွေတဲ့ပိုက်ဆံကို ဝါသနာပါတာသုံးခွင့်၊ မောင်နှမတွေ၊ တူတွေ၊ တူမတွေ သံယောဇဉ်နဲ့ပဲ ဘဝမှာကျော်ဖြတ်ကြတဲ့ သူတို့လူပျို [illegible]ကို အားကကြည့်ရင်း ကျွန်တော် ရေးရမယ့်အကြောင်းအရာ ချက်ချင်းဆိုသလို

ခေါင်းထဲရောက်ရှိခဲ့ပါတော့တယ်။ ကျွန်တော် သိခွင့်ရခဲ့သမျှ လူပျိုကြီးတွေရဲ့ ဟာသလေးတွေနဲ့ Envoy ပရိသတ်ကို တင်ဆက်ခွင့်ပြုဖို့ ကြိုးစား စာရေးလိုက်ရပါတော့တယ်။

လူပျိုကြီးဆိုတာ ကျွန်တော်နဲ့ သက်တူရွယ်တူ အသက် ၄၀ ပတ်ဝန်းကျင်အထိ အိမ်ထောင် မရှိသေးတဲ့ သူငယ်ချင်းတွေကို ဆိုချင်တာပါ။ သူတို့ရဲ့ အပူအပင် သိပ်မရှိဘဲ နေရတဲ့ ဘဝကို မိသားစုနဲ့ အမြဲရှုန်းကန်နေရတဲ့ ကျွန်တော်က ဘေးကကြည့်ရင်း အားကျမိပါတယ်။

တစ်မနက်စောစော ကျွန်တော် ဗိုလ်တထောင်ဘုရားဘက် လမ်းလျှောက်ထွက်ရင်း သူငယ်ချင်း လူပျိုကြီးအိမ်နဲ့ နီးနေတာကြောင့် ဝင်နှုတ်ဆက်၊ လက်ဖက်ရည်ဆိုင်ထိုင်ဖို့ သူ့ဆီဝင်လိုက်ပါတယ်။ သူကတစ်ယောက်တည်း သူ့ TV လေး ရှေ့မှာ MTV၊ VCD ခွေထိုင်ကြည့်နေတာ တွေ့ရတော့ တော်တော် ပျော်သွားပါတယ်။ သူ့အတွက် ပျော်မိသလို ကိုယ့်အတွက်လည်း ဝမ်းနည်းသွားမိပါတယ်။ ဘာဖြစ်လို့လဲမေးလို့ ဖြေရရင် အခုလိုမနက် ၇ နာရီလောက် ကျွန်တော်တို့လိုအိမ်ထောင်သည် ယောကျ်ားတွေ ဘာအလုပ်မှ မလုပ်ဘဲ TV ထိုင်ကြည့်မယ်ဆိုပါတော့။ ဒီလိုဆိုရင်… ဇနီးသည်ရဲ့ မျက်စောင်းထိုးတာတော့ အနည်းဆုံး ခံရမှာပါ။ သူက ကလေးတွေ ကျောင်းတက်ဖို့ ချက်ရပြုတ်ရ၊ ကလေးတွေကိစ္စနဲ့ ရှုပ်နေချိန် ကျွန်တော်က ကူမလုပ်ပေးဘဲ အနည်းဆုံး လမ်းထိပ်မှာ မနက်စာစားဖို့ မုန့်လောက်သွားဝယ်မပေးဘဲ ဧည့်ခန်းမှာ TV မနက် ၇ နာရီကြည့်ခွင့်မရှိဘူးဆိုတာ ကိုယ်က အိမ်ထောင်သည်ဖြစ်လို့ သိနေတော့ ဒီကောင် လူပျိုကြီးမို့လို့ ဒီလို အေးအေးချမ်းချမ်းနေခွင့်ရတာဆိုပြီး သူ့ကိုတောင် စမိပါတယ်။

အိမ်ထောင်သည်တွေရဲ့ တာဝန်ယူမှုထဲမှာ ငွေရှာရတဲ့ကိစ္စကလည်း အမေရိကားမှာ လပေးတယ်လီဖုန်း ပြောခလိုပါပဲ။ Unlimited ပါ။ ဆိုလိုချင်တာက အမေရိကားမှာ ဒေါ်လာ ၅၀ နဲ့တစ်လလုံး ကြိုက်သလောက် ပြည်တွင်းမှာပြောခွင့်ရှိတဲ့ စနစ်ကို Unlimited အကန့်အသတ်မဲ့ ဖုန်းခေါ်ခွင့်လို့ ဘာသာပြန်ရရင် အိမ်ထောင်သည်… ဒါကလည်း အိမ်ထောင်တာဝန်ယူတတ်တဲ့ ယောကျ်ားဖြစ်ဦးမှပါ… ယောကျ်ားတစ်ယောက်ရဲ့ ငွေရှာရမှုကလည်း Unlimited ပါ။

အတီးသမားသူငယ်ချင်းအိမ်ထောင်သည်ကတော့ သူ့မိန်းမနဲ့ လမ်းခွဲပြတ်စဲချိန် စကားတစ်ခွန်းပြောတာ ကြိုက်လွန်းလို့ မှတ်ထားမိပါတယ်။ သူက ကလေးလည်းမရှိဘဲ မိန်းမနဲ့ကွာရှင်းတော့ ချက်ချင်းနတ်ရေကန်ထဲပြန်ဆင်းသလို လူပျိုပြန်ဖြစ်သွားပါတယ်။ ဟဲဟဲ (အားကျစရာကြီး) သူ့အမျိုးသမီးက ဆိုးလို့ကွဲတာပါ။ အဲဒီမှာတင် ဝမ်းသာအားရ သူက ဒီလိုဟစ်ကြွေးလိုက်ပါတယ်။ "ငါပိုက်ဆံ ငါအဝသုံးနိုင်ပြီ" တဲ့။ တကယ်လည်း

အိမ်ထောင်ရှင်ယောက်ျားတွေမှာ မိသားစုအတွက် စရိတ်ပေါင်းစုံရှာဖွေရတဲ့ ဒုက္ခကလွတ်ပြီဆိုတဲ့ စကားလေးရဲ့အဓိပ္ပာယ်ကိုသိတဲ့ ကျွန်တော်က သူ့စကားကို သဘောကျလွန်းလို့ မှတ်ထားလိုက်မိပါတော့တယ်။

ဒီလို လူပျိုကြီးတွေနဲ့ တွေ့တိုင်း သူတို့ကို ဘာဖြစ်လို့ ရည်းစားမထား၊ မိန်းမမယူတာလဲ၊ ကြိုက်မယ့် လူမရှိလို့လား၊ သူတို့ကပဲ ကြေးများလွန်းလို့လား၊ ကံတရားကြောင့်လား၊ အမြဲလို စရင်း သူငယ်ချင်းလူပျိုကြီးတစ်ယောက်ဆီက အကူအညီတောင်းမှရမယ့်ကိစ္စတစ်ခု ကျွန်တော်ကြုံရပါတော့တယ်။ ကျွန်တော် ဂစ်တာလေ့ကျင့်ဖို့ (Trainner) စက်ကလေးက တန်ဖိုးလည်းသုံးသိန်းလောက်ရှိသလို အရမ်းလည်း အသုံးဝင်ပါတယ်။ သွားလေရာ နယ်ပေါင်းစုံအိတ်ကပ်ထဲ ထည့်ယူသွားနိုင်သလို ဘက်ထရီကလည်း (Re-chargable) ဘက္ထရီပါပြီးသားဆိုတော့ မီးမလာတဲ့အချိန်၊ မီးမရှိတဲ့ မြို့သွားလည်း အေးအေးဆေးဆေးပေါ့။ ဒီလို အဆင်ပြေတဲ့ စက်ကလေးက မထင်မှတ်ဘဲ ကွန်ပျူတာနဲ့ ချိတ်ဆက် သီချင်းသွင်းချိန် အလုပ်မလုပ်တော့တာကြောင့် မရှိမဖြစ်တဲ့ စက်ကလေးကို စင်ကာပူပို့ပြီး ပြင်ရမလားစဉ်းစားရင်း သူငယ်ချင်းလူပျိုကြီးက အင်တာနက်ရော၊ စက်ပိုင်းရော၊ အသံပိုင်းရော ကျွမ်းကျင်သူမို့ ကျွန်တော် ၇ ရက်လောက်ကြိုးစား ကလိထားတဲ့ စက်ကလေးကို သူ့ဆီသွားပေးရင်း အလုပ်ရှိလို့ သေသေချာချာ ကြည့်ပေးပါဦးလို့ မှာရပါတော့တယ်။

သူကလည်း အားကြိုးမာန်တက်ကူညီပြီး အမှားအယွင်းရှာပေးပါမယ်ဆိုပြီး ကတိပေးပါတယ်။ ကျွန်တော်လည်း အဲဒီစက်ကလေးမရှိတော့လို့ Copy သီချင်းတွေ အပ်ထားတာ မတီးနိုင်ဖြစ်ရပါတော့တယ်။ နောက်ဆုံး ပြင်လို့မရရင် နောက်စက်အသစ်တစ်လုံးဝယ်ဖို့ ဆုံးဖြတ်လိုက်ပြီးမှ နောက်တစ်နေ့ သူငယ်ချင်းက ဖုန်းဆက်လာပါတယ်။ စက်ကောင်းသွားပြီ… လာယူပါတော့တဲ့။ တစ်ရက်ပဲပေးရသေးတယ်။ ကိုယ်လက်မြှောက်တဲ့စက်၊ သူ့အစွမ်းကြောင့် ကောင်းသွားပြီဆိုတော့ ဝမ်းလည်းသာ ကျေးဇူးလည်းတင်ပြီး သူ့ဆီ ပြေးရပါတော့တယ်။ သူကိုတွေ့တော့ USB ကြိုးရဲ့ ပြဿနာကြောင့်ဖြစ်တာဆိုပြီး USB ကြိုး အသစ်တပ်ပေးလိုက်တယ်ဆိုပြီး ရှင်းပြပါတယ်။ အခကြေးငွေနဲ့ လုပ်ပေးတဲ့သူမဟုတ်လို့ သူ့စေတနာကို အသိအမှတ်ပြု ကျေးဇူးစကားပြောရင်း ကျွန်တော် မနေနိုင်မထိုင်နိုင်သိချင်တဲ့ ကိစ္စတစ်ခုက ရင်ထဲမှာပေါ်ပေါက်လာပါတော့တယ်။ ကျွန်တော် လက်မြှောက်တဲ့ ကိစ္စတစ်ခုကို တစ်ရက်တည်းနဲ့ ဖြေရှင်းပေးနိုင်တဲ့ သူငယ်ချင်းလူပျိုကြီး ဘာလို့ ရည်းစားထားတဲ့ အလုပ်ကို မအောင်မြင်ရတာလဲဆိုတဲ့ အတွေးပါ။ ဒီလိုကြံကြံဖန်ဖန်အတွေးနဲ့ ကျွန်တော့်ထက်ပိုပြီး အကွက်မြင်လျက်သားနဲ့ သူဘာလို့ အခုအရွယ်ထိ

ချစ်သူမရှိသေးတာလဲဆိုတဲ့ အတွေးနဲ့ သူပေးတဲ့ စက်လေးယူပြီး ကားမောင်းပြန်ထွက်ခဲ့ပါတယ်။ အိမ်ပြန်ရောက်လို့ အမောဖြေပြီး အလုပ်ပြန်လုပ်မယ်ဆိုပြီး ကွန်ပျူတာရှေ့မှာ အဲဒီစက်ထည့်တဲ့ ဘူးလေးဖွင့်လိုက်ပြီး ကွန်ပျူတာနဲ့ဆက်သွယ်ဖို့ USBကြိုး (သူလက်ဆောင်ပေးလိုက်တာ) ရှာတော့မှ ဒုက္ခတွေ့ရပါတော့တယ်။ သူက ကြိုးအပျက်နဲ့ကြိုးအကောင်း နှစ်ကြိုးလုံး လိမ်ပြီး ထည့်ပေးလိုက်တော့ ဘယ်ဟာက သုံးလို့မရတဲ့ ကြိုးမှန်းမသိဘဲ USBနဲ့ ကွန်ပျူတာမှာ မှားချိတ်မိရင် ကျွန်တော့်စက်ကလေး ပြန်ပျက်သွားမှာကြောက်မိတာကြောင့် USBကြိုးအကောင်း၊ အပျက်ခွဲခြားပေးဖို့ ဆရာသမားဆီပြန်သွားရင်း လူပျိုကြီးဆိုတာ အလုပ်ကိစ္စအားလုံးအဆင်ပြေပြီး အချစ်ရေးကိစ္စကြမှ USBကြိုးအကောင်း၊ အဆိုးမခွဲတော့ဘဲ လိမ်ပြီး ထည့်ပေးလိုက်တဲ့ ကိစ္စလို သူချစ်တဲ့ ကောင်မလေးဆီက အဖြေရဖို့ လိမ်သင့်တာ၊ အမှန်ပြောသင့်တာ မခွဲခြားနိုင်တော့ဘဲ မေးခွန်းမှားဖြေတဲ့ ကျောင်းသားလိုဖြစ်ခဲ့လို့ လူပျိုကြီးဖြစ်ခဲ့လေသလားဆိုတာ နောက်ဆုံး အချိန်အဆုံးအဖြတ်မှ လွဲသွားတဲ့ သူငယ်ချင်းလူပျိုကြီးရဲ့ အဖြစ်အပျက်လေးနဲ့ပဲ ကောက်ချက်ချမိပါတော့တယ်။

ကျွန်တော်နဲ့ ကျွန်တော့်ကမ္ဘာစာအုပ် မေတ္တာလက်ဆောင်ပေးချိန် လူပျိုကြီး (သိ မသေချာ) အတွက်လို့ ရေးပေးမိလို့ ရုံးက ကောင်မလေးတွေရဲ့ ဝိုင်းဟားခြင်းကို ခံခဲ့ရတဲ့ လူပျိုကြီး(ကို)ဇော်နိုင် (ဆက်သွယ်ရေး)အတွက် အမှတ်တရ····

**Envo**

**30-12-201**

❑



## ကျွန်တော်နဲ့ တေးဆိုင်ရာ ပြဿနာ

Sunday ဂျာနယ်ရဲ့ အယ်ဒီတာမမက အခုတလော နာမည်ကြီးနေတဲ့ အဆိုတော် ဆိုတေးကားမှောက်လို့ သတိမေ့နေတဲ့ ဒဏ်ရာပြဿနာနဲ့ပတ်သက်ပြီး ဆိုတေးအကြောင်း ဆောင်းပါးတစ်ပုဒ်လောက် ရေးပေးပါဦးလို့ ဖုန်းဆက်ပါတယ်။ လောလောဆယ် နံနက်ခင်း ဂျာနယ် ပင်တိုင်စာမျက်နှာမှာ "အိပ်ပျော်နေတဲ့ မီးအိမ်ရှင်" ဆိုတဲ့ ဆောင်းပါးရေးပြီး အဖြစ်အပျက်အမှန် သိသမျှ ရေးပြထားပြီးပါပြီလို့လည်း ပြောရပါတယ်။ ဒါပေမဲ့ နောက်ဆက်တွဲအနေနဲ့ ထပ်ရေးပါဦးဆိုလာလို့ (တကယ်လည်း) ထပ်ရေးရမယ့်ကိစ္စတွေ ကျန်ရှိနေတာကြောင့် စာရေးဖို့နေ့ရွေ့ညရွေ့ရင်း အခု မနက်ပိုင်းတော့ ရေးဖြစ်ဖို့ ကလောင်ကိုင်ရပါတော့တယ်။ "ဆိုတေး" ဆိုတဲ့နာမည်နဲ့ အဆိုတော်ပေါက်စဘဝမှာ သူနဲ့ ကျွန်တော်သိခွင့်ရစဉ်က…။

အဲဒီနေ့က ကလေးတွေ ကျောင်းကြိုရမှာမို့ ကျွန်တော် စတူဒီယိုကိုရောက်တာနောက်ကျနေပါပြီ။ ကျွန်တော် Pro စတူဒီယိုရှေ့ရောက်တော့ Lazy အဖွဲ့သားတွေ ထမင်းစားဖို့လမ်းထိပ်က စားသောက်ဆိုင်ကို သွားနေကြပါပြီ။ ကျွန်တော့်ကိုလည်း အတူတူလိုက်ခဲ့ဖို့ ခေါ်တာကြောင့် စားသောက်ဆိုင် လိုက်သွားပါတယ်။ ဆိုတေးကို Lazy နဲ့ဆက်သွယ်ပေးတဲ့ ဆရာသမားကတော့ အဆိုတော်ဟဲလေးပါ။ သူရဲ့ အကူအညီပေးမှုနဲ့အတူ ကျွန်တော်တို့နဲ့ တီးခတ်ခဲ့တဲ့ သီချင်း ၁၀ ပုဒ်လောက်နားထောင်ကြည့်လိုက်တော့ သူ့အသံက အဆိုတော်ဟာန်ထွန်းလိုလို၊ ဘာလိုလိုနဲ့ပါ။ သီချင်းလည်း ကိုယ်တိုင်ရေးတော့ သူ့သီချင်းတွေက ကျွန်တော်တို့နဲ့ အချိန်တော်တော်ကြာလက်တွဲခဲ့ပြီးမှ တနယ်စင်းတွေပေါ်မှာ မတွေ့တော့ဘူးဆိုပြီး စိတ်ဆိုးမာန်ဆိုးနဲ့ ပြောခဲ့တဲ့ အဆိုတော်၊ တေးရေးရဲ့ ဝတိုင်လ်နဲ့ ဆင်တာကို သတိထားမိလိုက်ပါတယ်။ စားသောက်ဆိုင်မှာ ထမင်းစားချိန် ဒီကောင်လေးရဲ့

ရယ်စရာပြောတဲ့ ပုံစံတွေကအစ သွားတူနေလို့ ကျွန်တော်သူ့သီချင်းတွေကို ဟိုးအရင်က မိတ်ဆွေ အဆိုတော်ဟောင်းကြီးတွေအတွက် တီးပေးသလို တီးပေးလိုက်ပါတယ်။ တကယ်တမ်း Pop သီချင်းဆိုတာ Piano အသံကို အဓိကထားတီးရလို့ ကျွန်တော် ခက်ခက်ခဲခဲ သိပ်မရှိလှတဲ့ သူ့စီးရီးကို ပြီးဆုံးအောင် တီးခတ်ပေးခဲ့ပါတယ်။ ဒီလိုနဲ့ ၃ လကျော် ၄ လလောက်မှာ ဒီကောင်လေး ကျွန်တော့်ဆီဖုန်းဆက်ပြီး သူ့သီချင်းတွေ ဆိုပြီးသွားပြီဆိုတဲ့ အကြောင်းပြောရင်း ကျွန်တော့်ကို Unplugged တစ်ပုဒ် ကျွန်တော်တစ်ယောက်တည်း တီးပေးဖို့ သီချင်းအပ်ပါတယ်။ ကျွန်တော်လည်း အဲဒီအချိန် ၅၄ လမ်း အလယ်ဘလောက်မှာနေတုန်းမို့ သူ့ကိုအိမ်ခေါ်ပြီး သီချင်းအကြမ်းဆိုခိုင်း၊ ပြီးတော့မှ အဲဒီသီချင်းလေးကို တီးပေးလိုက်လို့ သူတော်တော် သဘောကျသွားပါတယ်။ အဲဒီသီချင်းလေးက 'တယ်လီဖုန်းလေး' ဆိုတဲ့သီချင်းပါ။ နည်းနည်းကြာတော့ အဲဒီအချိန်က သူ့အခွေ မန်နေဂျာလုပ်ပေးမယ်ဆိုပြီး ဝင်ကူညီတဲ့ Pro စတူဒီယိုက အသံဖမ်းဆရာ မင်းသီဟ(သူရဲ့ပုံစံက Lဆိုင်းဇီ မျက်မှန်တပ်ထားပုံနဲ့တူလို့ ကျွန်တော်က စပြီး Lဆိုင်းဇီလို့ ဝိုင်းခေါ်ကြရာက တကယ့် အဆိုတော် Lဆိုင်းဇီကပါ ပြန်ခါနီး Lဆိုင်းဇီ ပြန်တောမယ် လို့ နှုတ်ဆက်ခံရသူပါ) နဲ့ နှစ်ယောက်သား ကျွန်တော်ရှိရာ ရေကျော်၊ ဝတ်ကျောင်းလမ်းထိပ်ကို ရောက်လာကြပါတယ်။ ရောက်လာကြရင်း ကိစ္စက သူ့သီချင်း ၂ ပုဒ်ကို ကျွန်တော် ဂစ်တာသမားအဖြစ် တီးပေးဖို့ ဆိုပြီး ရောက်လာကြတာပါ။ အဲဒီအချိန်က ကျွန်တော် 'ဒုတိယ လှိုင်းဂုက်ချက်' ဆိုတဲ့ DVD ဇာတ်ကား ဝတ္ထုဇာတ်ညွှန်းတစ်ခု နိုင်ငံခြားရုပ်ရှင်ကိုမှီးပြီး ရေးနေချိန်ဖြစ်နေလို့ လမ်းထိပ်မှာ ကားပြင်ရင်း ထိုင်ခုံတစ်လုံးချ စာရေးနေတာပါ။ (အဲဒီဇာတ်ကားကို နောက် ၂ နှစ်လောက်အကြာ ဒါရိုက်တာ 'ဇေပါ' က မင်းသား ခန့်စည်သူ၊ မင်းရာဇာ မင်းသမီး သင်ဇာဝင့်ကျော်တို့နဲ့ ရိုက်ခဲ့ပါတယ်) ဆိုတော့တို့ နှစ်ယောက်ဆီက DVD DATA ယူထားလိုက်ပြီး အိမ်က ကွန်ပျူတာပေါ်တင်ပြီး ကိုယ်ကြိုက်တဲ့ ပုံစံနဲ့ တီးလိုက်ပြီး သူ့ကို ဖုန်းပြန်ဆက်ပေးလိုက်ပါတယ်။ အဲဒီသီချင်း ၂ ပုဒ်က သူ့ရဲ့ နာမည်ကြီးသီချင်း "မီးအိမ်ရှင်" နဲ့ နောက်တစ်ပုဒ်က ကျွန်တော် အဲဒီအခွေထဲမှာ အကြိုက်ဆုံးသီချင်းဖြစ်တဲ့ "ဘယ်သူရှိမလဲ" ဆိုတဲ့သီချင်းလေးပါ။ ဒီလိုတီးခပေးစရာမရှိလို့ ထင်ပါရဲ့၊ အိမ်ကိုလာလို့ ချိန် ကော်ဖီမစ်တွေ၊ မုန့်တွေနဲ့ ကန်တော့သွားပါတယ်။ ဒီလို ကော်ဖီမစ်ထုပ်ပေးပြီး တီးခဲ့ရတဲ့ သီချင်းကြောင့် နောက်အခွေတွေ အောင်မြင်ချင်ရင် ငါ့ကို ပိုက်ဆံမပေးနဲ့ ကော်ဖီမစ်ပဲပေး ဆိုပြီးတောင် စဖြစ်ပါသေးတယ်။

ဒီကောင်လေးနဲ့ ကျွန်တော်သီချင်းခွေတီးရတာကြာလာလို့ မင်းအခွေ ခပ်မြန်မြန် ထုတ်တော့ဆိုပြီး သူ့ကို ကျွန်တော်တွေတိုင်း တိုက်တွန်းရပါတော့တယ်။ သူက 'ဟုတ်ကဲ့'

လို့ ပြောရင်း နောက်တစ်ခါထပ်ပြီး ကျွန်တော့်ဆီ ဖုန်းဆက်လာပြန်ပါတယ်။ အကြောင်းက သူ့အခွေမှာ အချစ်သီချင်းတွေများပြီး အရမ်းနေးနေလို့ အမြူးသီချင်းတစ်ပုဒ်တော့ ထပ်ထည့်ချင်ပါတယ်၊ အစ်ကို Arrangement လုပ်ပေးပါဆိုပြီး ပူဆာပါတယ်။ ကျွန်တော်လည်း ဒီတစ်ခေါက် နောက်ဆုံးဖြစ်ပါစေဆိုပြီး သူ့သီချင်းလေးတစ်ပုဒ်ကို Arrangement လုပ်ပြီး Lazy Club နဲ့ တီးပေးလိုက်ပါတယ်။ အဲဒီသီချင်းက VCD အခွေထွက်ပြီး ပုဂံဘုရားပေါ်မှာ ဖိနပ်စီးပါတယ်ဆိုတဲ့ ပြဿနာဖြစ်စေတဲ့ 'ဖက်တီးမ' သီချင်းပါ။ (ဖြစ်ချင်တော့ ဒါရိုက်တာကလည်း ဇေပါဖြစ်နေပါတယ်) ဒီလိုပဲသီချင်းခွေကို အဘက်ဘက်က တီးခတ်ပေးတဲ့ ကျွန်တော် အမြန်ဆုံး ပရိသတ်လက်ထဲရောက်စေဖို့ ဆုတောင်းရုံမှ တစ်ပါး တခြားမရှိတော့တဲ့ အချိန်။ ၂၀၁၁ ခုနှစ် ဒုတိယအကြိမ် အမေရိကားကို Lazy Club နဲ့ ခရီးတစ်လကျော် ထွက်ဖြစ်ခဲ့ပါတယ်။ အမေရိကားခရီးစဉ်က ရန်ကုန်ကို ပြန်ရောက်ချိန် ကျွန်တော့်ဆီ ဆိုတေးဖုန်းဆက်ပြီး 'အစ်ကိုမရှိတုန်း ကျွန်တော် ခွေထွက်သွားပြီ၊ City FM မှာ နံပါတ်တစ် အရောင်းရဆုံးထဲ ပါတယ်'ဆိုပြီး ဝမ်းသာအားရပြောပြပါတယ်။ ကျွန်တော်ကတော့ သူ့အခွေ လက်ထဲရောက်ချိန် နားထောင်ပြီး နဂိုကမှကောင်းမှန်းသိနေတဲ့ သီချင်းတွေမို့ ဒီကောင် သူ့သီချင်းတွေ ပေါက်နေတယ်ဆိုပြီးပြောတာ တကယ်ရော ဟုတ်ရဲ့လားဆိုပြီးတောင် သံသယ ဝင်မိခဲ့ပါတယ်။ ဖြစ်ချင်တော့ ညတစ်ညမှာ ဆိုတေးရဲ့ 'မီးအိမ်ရှင်' သီချင်း ပေါက်နေပြီဆိုတာ ကျွန်တော် လက်မခံလို့မရတဲ့အခြေအနေ ဖြစ်လာပါတော့တယ်။ အလုပ်ကပြန်လာတဲ့ ကျွန်တော် ဝရန်တာထွက်ပြီး မတ်တတ်ရပ်နေတုန်း အိမ်ရှေ့က သီချင်းသံကြားလို့ ငုံ့ကြည့်လိုက်တော့ ကလေးတစ်သိုက် ဝါးလုံး၊ ဗုံးတွေနဲ့ သီချင်းဆိုပြီး ပိုက်ဆံတောင်းနေကြတာ ကြားခဲ့ရတဲ့ ကျွန်တော် တော်ရုံပေါက်တဲ့သီချင်း၊ ကြော်ငြာကောင်းရုံနဲ့ ဝါးလုံး ဗုံသမားလေးတွေက ဂရုစိုက်မှာမဟုတ်ဘူး၊ သူတို့ တကယ်ကြိုက်တဲ့ သီချင်းကို ရင်ထဲက ခံစားမှုနဲ့ ဆိုနေကြပါလားဆိုတာ ရိပ်မိပြီး ချက်ချင်း ဆိုတေးဆီ ဖုန်းဆက်ခဲ့ရပါတယ်။

ဒီကောင် ချက်ချင်းဖုန်းကိုင်တော့ မင်းသီချင်း ပေါက်နေတာ ငါယုံပြီ။ အခု ကြားလားဆိုပြီး ပိုက်ဆံတောင်းနေတဲ့ ကလေးတွေဘက် တယ်လီဖုန်းထိုးပေးလိုက်တော့ ဒီကောင်လည်း ဝမ်းသာသွားပါတယ်။ ကျွန်တော်လည်း ဝမ်းသာသွားပါတယ်။ ကျွန်တော်လည်း ဘိုက်ပေါ်ကနေ ကလေးတွေကို ဆုတော်ငွေ ၅၀၀ ပေးလိုက်ပါတယ်။ ဒီကောင်က ကျွန်တော်ပြန်ပေးပါမယ်လို့ ကျွန်တော့်ကိုပြောပါတယ်။ (တကယ်တော့ မယူဖြစ်ခဲ့ပါဘူး) ဒီလိုနဲ့ သူ့မီးအိမ်ရှင်တေးစီးရီး တစ်နိုင်ငံလုံး အသိအမှတ်ပြုကြချိန် VCD ဆက်ရိုက်ဖို့ ဖြစ်လာပါတယ်။ VCD မှာ 'ဖက်တီးမ' သီချင်းရိုက်ဖို့ မြောက်ဦးဘက်လာ ကျောက်ရေတွင်း

က သီလရှင်ကျောင်းတိုက်ကြီးရှိရာမှာ မနက်ပိုင်းချိန်းပါတယ်။ မြောက်ဥက္ကလာအပိုင်း ထိပ်က လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်နဲ့ ဒါရိုက်တာစေပါ ဆုံကြပြီး လက်ဖက်ရည် သောက်ကြချိန် ဒီကောင်လာမယ်ဆိုပြီး ရောက်မလာပါဘူး။ (စတိတ်ရှိုးပွဲတွေဆိုနေတဲ့ အဆိုတော်ဖြစ်နေလို့ အလုပ်ရှုပ်တာ လက်ခံပေမဲ့) သူ့ VCD ရိုက်ကွင်းကို သူ မရောက်သေး လို့ ကျွန်တော်စိတ်တိုပြီး မှော်ရုံကြီးဘေးကိုရောက်ချိန် ကြိုရောက်နေတဲ့အဖွဲ့သားတွေ၊ စက်သမားတွေ၊ ကင်မရာမင်း (ကို)အပ်ချည်နဲ့ မီးထိုးမှန်ထိုး၊ ကရိန်းသမားတွေအားလုံး မှော်ရုံအပြင်ဘက်မှာ တီးဝိုင်းပစ္စည်းတွေဆင်ထားတာကို ငိုင်းကြည့်နေကြသူတွေ အားလုံး ဖိနပ်ကိုယ်စီ စီးထားတာတွေ့ရသလို ဘုရားလုံခြုံရေးရဲတွေလည်း မှော်ရုံထဲဝင်တော့မှ လှေကားထစ်မှာ ဖိနပ်ချွတ်ပြီးဝင်ကြဖို့ ပြောလာခဲ့ပါတယ်။ ဒီကောင့်ကိုစောင့်ရင်း အပြင် ဘက်မှာအောက်ခံပုံစံနဲ့ ရိုက်ကြဖို့ဆိုတာကို နားလည်လိုက်ပါတယ်။ ဆရာသမား ဆိုတေး သူ့ကားနဲ့ ရောက်လာချိန် ကျွန်တော်စိတ်ဆိုးဆိုးနဲ့ နာမည်ကြီးတာနဲ့ အချိန်မလေးစားတဲ့ အနုပညာရှင်တွေ အကြောင်းပြောရင်း ဆူမိပါတယ်။ လူတွေအားလုံးရှေ့မှာ သူ့သီချင်းကို ရိုက်ဖို့လာတဲ့ ကျွန်တော်လို အတီးသမားက နာမည်ကြီးအဆိုတော်ကို အော်ဟစ်ဆဲဆိုတာ တခြား လူတွေအံ့အားသင့်ကြပေမဲ့ ဆိုတေးကတော့ အပြုံးမပျက်ဘဲ ကျွန်တော့် စကားလုံး တွေကို ပန်းနဲ့အပေါက်ခံရသလို ကျေကျေနပ်နပ်ခံယူရှာပါတယ်။ ကျွန်တော်လည်း ပြောလို့ ဝတော့ သူ့သီချင်း ၃ပုဒ် ရိုက်ပေးခဲ့ပါတယ်။ နေ့လယ် ၂ နာရီလောက်ပြီးတော့မှ အိမ်ပြန်ခဲ့ ချိန် ကင်မရာမင်း (ကို) အပ်ချည်ပြောတဲ့ ကျောင်းဆရာဥပမာလေးကို သဘောကျပြီး စဉ်းစားနေမိပါသေးတယ်။ (ကို) အပ်ချည်ကကျွန်တော်နဲ့ သူဟာ ကျောင်းဆရာတွေ လိုပါပဲတဲ့။ အတန်းထဲကို ကျောင်းသားသစ်တွေ ဝင်လာလိုက်၊ သွန်သင်ပြီး စာမေးပွဲ အောင်ပြီး ကျောင်းထွက်သွားလိုက်၊ နောက် ကျောင်းသားသစ်တွေ ရောက်လာလိုက်၊ အစကပြန်သင်လိုက်၊ အချိန်တန်တော့ ပျောက်သွားလိုက်နဲ့ ကျောင်းဆရာနဲ့ ကျောက် သင်ပုန်းသာ ကျန်ခဲ့သလို အဆိုတော်အသစ်တွေကို မွေးထုတ်လိုက်၊ နာမည်ရအောင် တီးပေးလိုက်၊ နာမည်ကြီးချိန် အောက်ခြေလွတ်တဲ့သူက လွတ်၊ ကြောင်တဲ့သူက ကြောင်၊ ရူးတဲ့သူက ရူး၊ ဆေးချသူ၊ အရက်သမားဖြစ်သူဖြစ်၊ နိုင်ငံရေးဘက်ဝင်ပြီး နာမည်ခံသူကခံ (ဘဝသိသူတချို့လည်းရှိပါတယ်) မိန်းမရှုပ်သူရှုပ်၊ ဒီလိုနဲ့ နာမည်ထိနိုက်ပြီးပျောက်သွား ကျွန်တော်တို့က နောက်ထပ် ကျောင်းသားသစ်တွေ မွေးထုတ်ရသလို သူတို့ ရုပ်ရှင်လောက မှာလည်း ကင်မရာမင်းရှေ့မှာ အကြောင်ကြောင် ကောင်လေး၊ ကောင်မလေးတွေက အချိန်တန်တော့ နာမည်ကြီးမင်းသား၊ မင်းသမီးတွေ ဖြစ်လာ၊ သူတို့ရဲ့ ပထမဆုံးသော ဘဝအစမှာကူညီခဲ့တဲ့ ကင်မရာမင်းတွေကို အဖက်တောင် မလုပ်တော့။ သူတို့နာမည်

မရှိတော့ချိန်မှာလည်း နောက်တက်လာတဲ့ ကလေးတွေကို ကင်မရာမင်းတွေက အနစ်နာခံပြီး သွန်သင်ပေးနေရတာဖြစ်လို့… ကျွန်တော်တို့ဘဝဟာ ကျောင်းဆရာတွေလိုပါပဲ ဆိုတဲ့စကား ဥပမာကို ကျွန်တော် သဘောကျမိခဲ့ပါတယ်။ ဒီလိုနဲ့ မီးအိမ်ရှင် VCD အခွေထွက်ပြီးချိန် ဆိုတေးရဲ့ အောင်မြင်မှုဟာ အထွက်အထိပ် ရောက်ခဲ့တယ်ဆိုရင် ကိုယ့်ငါးချဉ် ကိုယ်ချဉ်တာဆိုပြီး အပြောခံရမှာ ကြောက်မိပေမဲ့ City FM နဲ့ရွှေ FM ဌာနတွေကပေးတဲ့ ဆုနှစ်ခုကို တစ်နှစ်တည်း နှစ်ခါရတဲ့ အဆိုတော်ဆိုတေးအပေါ် ကျွန်တော် စင်အောက ကြည့်ပြီး ကျေနပ်နေမိပါတော့တယ်။ စင်ပေါ်မှာ ကျေးဇူးတင်စကား ပြောချိန် ကျွန်တော့်နာမည် Lazy Club အဖွဲ့နာမည် မပါပေမဲ့ ကျေနပ်နေမိပါတယ်။ ဒါကလည်း (ဒီကောင်ဆုရတယ်ဆိုပြီးသိချိန် စင်ပေါ်မှာ ဘယ်လိုပြောရမလဲ ကျွန်တော့်ကို လာမေးလို့ ကိုယ့်နာမည်နဲ့ ကိုယ်တီးဝိုင်းနာမည်ကို မပါစေချင်လို့ ဖြုတ်ချခဲ့တာပါ၊ ဒါကလည်း အသားယူတယ်လို့ ပြောကြမှာစိုးလို့ပါ) သူအောင်မြင်ချိန် ကျွန်တော် အမှတ်ဝင်မယူခဲ့ပေမဲ့ 'ဖက်တီးမ' သီချင်း ပုဂံဘုရားမှာ ဗီနပ်စီး ရိုက်ကြတယ်ဆိုတဲ့ အင်တာနက် ပြဿနာကိုတော့ မှတ်ဆလင်ဘာသာဝင်ဆိုပြီး တကယ်မဟုတ်ဘဲ သူ့ကို ပြဿနာရှာကြမှာစိုးလို့ စာနယ်ဇင်း ရှင်းလင်းပွဲကူညီလုပ်ပေးပြီး ဖြေရှင်းပေးခဲ့ပါတယ်။ အောင်မြင်မှုဆိုတာ ပျော်စရာတွေရှိသလို ဝမ်းနည်းစရာတွေလည်းရှိတယ်ဆိုတာ သူ မိတ္တီလာမရောက်ခင် ကားမှောက်ခဲ့တဲ့ အဖြစ်အပျက်က သက်သေပြခဲ့သလို ဒဏ်ရာ ဒဏ်ချက်တွေနဲ့ မန္တလေးဆေးရုံပေါ်မှာ ကုသနေရတဲ့ ဆိုတေးအတွက် ပြဿနာပေါင်းစုံက ကြိုတင် စောင့်နေခဲ့ပါတယ်။ သူ့မိသားစုတွေနဲ့ ကွယ်လွန်ရှာတဲ့ သူ့ဇနီးမိသားစုလည်း စိတ်ဒုက္ခရောက်စေတဲ့ အဖြစ်တွေကိုကြားသိရတဲ့ ကျွန်တော်တတ်နိုင်သမျှ လူမှုရေးကိစ္စတွေ အလုပ်များတဲ့ကြားက ဝင်ကူညီပေးခဲ့ပါသေးတယ်။ စိတ်ထဲမှာတော့ ကျွန်တော့်ဘဝဟာ ကျောင်းဆရာလိုပဲဆိုတဲ့စကားကို ပြန်ကြားယောင်နေမိပါတော့တယ်။ ကျောင်းဆရာဘဝမှာ စာတော်တဲ့ တပည့်ကိုလည်း ချစ်ရသလို ဆိုးတဲ့တပည့်လည်း ချစ်ရတာပါပဲ။ ကျွန်တော် လည်း ဆိုတေးလို အဆိုတော်လေးတစ်ယောက်ကို စာတော်ပြီး ဆိုးတဲ့ကလေးလို့ ပြောရမလို သူနဲ့ပတ်သက်သမျှ ကူညီဖြေရှင်းပေးရင်း သူ့မိသားစုအပေါ် ပြန်ကြည့်ပုံ၊ သူ့အဖေနဲ့ အမေကို နိမ့်ကျတဲ့အခြေအနေမှာ မနေစေဘဲ တိုက်ခန်းဝယ်ပေးထားတယ်ဆိုတဲ့ အကြောင်းတွေပြောပြတဲ့ ဖခင်ဖြစ်သူရဲ့စကားတွေ နားထောင်မိရင်း 'မိဘကျေးဇူး သိတတ်တဲ့သူဟာ ဒုက္ခတွေက ကင်းဝေးစေတယ်' ဆိုတဲ့ စကားအတိုင်း ဘယ်လိုပဲ ဘဝမှာ အမှားရှိနေပါစေ၊ ရှေ့ဆက်ရမယ့်ခရီးမှာ ဖြူစင်စွာနဲ့ လျှောက်လှမ်းနိုင်တဲ့သူဖြစ်စေဖို့ မလျှော့သော ဇွဲလုံ့လနဲ့ အိပ်ရာက ပြန်နိုးထပါတော့။ အရာရာကို ရဲရဲရင်ဆိုင်လိုက်ပါ။ သူ့ရဲ့ ဒုတိယတေးစီးရီး

အခွေကလည်း ထွက်ဖို့ အဆင်သင့်ဖြစ်နေသလို ကျွန်တော်တို့ပဲ တီးခတ်ထားတာပါ။ မင်္ဂလာပါ ဆိုတေး ဆိုတဲ့အတိုင်း "မင်္ဂလာပါ" လို့ သူကိုချစ်တဲ့ တေးချစ်သူပရိသတ်တွေကို နှုတ်ဆက်နိုင်အောင် စိမ်းလန်းတဲ့ ကမ္ဘာမြေကြီးပေါ်မှာ တေးဆို ငှက်လေးတွေ ပျံသန်း ပျော်မြူးနေကြသလို ဆိုတေးဆိုတဲ့ တေးဆိုငှက်လေးလည်း သီချင်းတွေ ပြန်လည်မွေးဖွား ပေးနိုင်စေဖို့ ကန့်လန့်ကာနောက်ကွယ်ကနေ ကျွန်တော် ဆုတောင်းနေမိပါတော့တယ်။

Local News

August 4 to August 11

❑



## ကျွန်တော်နဲ့ ထိုင်ခုံနေရာ ပြဿနာ

တစ်လတစ်ခါလောက်ရေးနေကျ 8 DAYS ဂျာနယ်အတွက် ဒီတစ်ခါအလှည့်ကျ ရောက်လာပြန်ပြီမို့ ဘာအကြောင်း ရေးရမလဲ စဉ်းစားတုန်း မကြာခင်ကျရောက်တော့မယ့် သီတင်းကျွတ်ဆိုရင် မင်္ဂလာပွဲတွေ ကျင်းပတော့မှာမို့ ကျွန်တော်မင်္ဂလာပွဲတွေ တီးခတ်ခဲ့ဖူးချိန်တွေက မြင်တွေ့ရတဲ့ ထိုင်ခုံနေရာ ပြဿနာတွေအကြောင်းရေးဖို့ စဉ်းစားမိသွားရင်း ဒီစာစုလေး ရေးလိုက်မိပါတော့တယ်။

မင်္ဂလာဆောင်တဲ့ သတို့သား၊ သတို့သမီးတွေရဲ့ ပြဿနာပေါင်းစုံကို ကိုယ်တိုင်မင်္ဂလာဆောင်ဖူးတဲ့ ကျွန်တော် ခံစားဖူးသလို အဲဒီပြဿနာတွေထဲမှာ သတို့သားနဲ့ သတို့သမီးရဲ့ ဧည့်သည်တွေ ဘယ်ဘက်က ပိုအရေးကြီးတယ်ဆိုတဲ့ ကိစ္စအဆုံးဖြတ်ပေးရတဲ့ ပြဿနာကလည်း တော်တော်ကို ခက်ခဲပါတယ်။ သတို့သားဘက်က ဖိတ်ကြားတဲ့ပုဂ္ဂိုလ်က နံပါတ် (၁) ထိပ်ဆုံးစားပွဲမှာ နေရာယူဖို့ပြင်ထားရင် သတို့သမီး မိဘတွေဘက်က မကျေနပ်၊ သတို့သမီးမိတ်ဆွေဘက်က ဖိတ်တဲ့ပုဂ္ဂိုလ်ကို နံပါတ် (၁) နေရာမှာဦးဦးဖျားဖျားပေးရင် သတို့သားမိဘတွေက မကျေနပ်နဲ့ အစမှပေါင်းဖက်ရမယ့် ချစ်သူစုံတွဲတွေရဲ့ ပထမဆုံးသော နှစ်ဘက် ဆွေမျိုးပြဿနာက အဲဒီ မင်္ဂလာပွဲထိုင်ခုံနေရာက စတယ်ဆိုရင် မှန်လောက်မယ် ထင်ပါရဲ့။ တချို့က မင်္ဂလာသုံး လေးခါဆောင်ဖူးလို့ ကျွန်တော့်အတွေးမှားတယ်လို့ ကန့်ကွက်ရင်လည်း သူတို့လောက် အတွေ့အကြုံ မရင့်ကျက်လို့ပါဆိုပြီး ကြိုတောင်းပန်ပါတယ်။ (ဟဲဟဲ) နာမည်ကြီးဟိုတယ်က တာဝန်ရှိသူတွေတင်မကဘဲ ဝန်ကြီးအဆင့် အုပ်ချုပ်ရေး ပုဂ္ဂိုလ်ကြီးတွေအတွက်ဆိုရင် အစိုးရပိုင်း တာဝန်ရှိသူတွေကပါ ထိုင်ခုံပုံစံစာရွက်တွေချပေးပြီး စီစဉ်ပေးရတာပါ။ သတို့သားမိတ်ဆွေ၊ သတို့သမီးမိတ်ဆွေ ဘက်ခြမ်းစီခွဲထိုင်ကြတဲ့ စနစ်ကျင့်သုံးတဲ့အကြောင်းလည်း ကြားရသလို ထိတ်ထိတ်ကြ

လူကြီးတွေကိုတော့ VIP နေရာမှာ သူ့စီနီယာနဲ့သူထိုင်ဖို့ စီစဉ်ထားတာ မင်္ဂလာပွဲအမြဲ
တီးနေတဲ့ ကျွန်တော် သတိပြုမိပါတယ်။ အဲဒီလို လူကြီးပိုင်း ထိုင်ခွင့်ရတဲ့ ပုဂ္ဂိုလ်ကြီးတွေက
သူတို့နေရာရောက်ပြီဆိုတာနဲ့ သူတို့ကိုလာနှုတ်ဆက်ကြတဲ့ လူတွေကို ပြန်စကားပြော
ကြည့်ပြီး ဂစ်တာတီးတဲ့ ကျွန်တော် သူတို့ရဲ့ စိတ်ဓာတ်ကို အဝေးကစိတ် ဝင်စားနေမိပါ
တယ်။ တချို့က ရာထူးဂုဏ်သိန်ကြောင့် မျက်နှာတည်တည်၊ မပြုံးမရယ်နဲ့ မကောင်းတတ်
ကောင်းတတ် စကားပြန်ပြောချင်တဲ့ လူကြီးတွေမြင်ဖူးသလို၊ တချို့ လူကြီးတွေကတော့
သူတို့ရဲ့ ရာထူးဂုဏ်သိန်တွေနဲ့ ဘာမှမဆိုင်ဘဲ ထိုင်ရာကထပြီး စိတ်ပါလက်ပါ စကားပြော
သူတွေ သူတို့ရဲ့ ဆရာသမား(ပင်စင်ယူသွားသူတွေရဲ့) စားပွဲဝိုင်းအထိ ဝမ်းသာအား
လာနှုတ်ဆက်စကား ပြောတာမျိုးလည်း တွေ့ရပါတယ်။ (ရှားတော့ ရှားပါတယ်) အဝေး
က ဂစ်တာတီးရင်းအကဲခက်မိတဲ့ ကျွန်တော့်အတွက် ထိုင်ခုံနေရာဆိုတာ မြေလှေကား
ကစားနည်းလို လူကြီးတွေရဲ့ ကစားနည်းတစ်မျိုးလို့ပဲ ရယ်စရာတွေးနေမိပါတယ်။ ကျွန်
တော့်လို လူမျိုးက ထိုင်ခုံထိုင်လည်း (ဖြစ်နိုင်ရင်) လူမသိတဲ့နေရာ၊ ကားစီးရင်လည်း
တစ်ယောက်တည်း အိပ်လို့ရမယ့် နောက်ဆုံးနေရာလိုမျိုးအကြိုက်ဆုံးမို့ ဒဏ်ခတ်တဲ့အ
နဲ့ ရှေ့ဆုံးမှာ ထိုင်နိုင်းရင်တောင် တော်တော်စိတ်ညစ်ရမှာပါ။ ရာထူးဆိုတာ ထိုင်ခုံနေ
သတ်မှတ်ပေးရတဲ့ စနစ်ဘယ်အချိန်က စကျင့်သုံးသလဲမသိရပေမဲ့ ထိုင်ခုံပြဿနာ
ဖြေရှင်းပြတဲ့ နည်းစနစ်ကောင်းတစ်ခုတော့ ကျွန်တော် ကြုံတုန်းရေးပြချင်ပါတယ်။ ကျွ
တော်တို့ ငယ်ငယ်က ကျောင်းပထမဆုံးဖွင့်တဲ့နေ့ ထိုင်ခုံဦးကြရတဲ့စနစ်ရှိခဲ့ပါတယ်
အဲဒီနေ့မှာ ရှေ့ဆုံးတန်းကြိုက်တဲ့သူတွေက ကျောင်းကို စောစောလာပြီး ရှေ့တန်း
ကိုယ့်သူငယ်ချင်းနဲ့ ဘေးချင်းကပ်ထိုင်ခွင့်ရဖို့ နေရာယူကြသလို ကျွန်တော်လို ငပေ
တွေက တမင်သက်သက် နောက်ဆုံးတန်း ဆရာမ မမြင်နိုင်တဲ့နေရာ၊ လုပ်ချင်သလိုလု
ဆော့ချင်သလိုဆော့နိုင်တဲ့ နေရာမျိုးမှ ရွေးပါတယ်။ ရှေ့ဆုံးတန်းထိုင်မိရင် ပထမဆုံး
အမေးခံရမှာစိုးလို့ နောက်မှာရွေးထိုင်တဲ့ ကျွန်တော် ဒီဘက်ခေတ်ကိုယ့်သားသမီး
လက်ထက်မှာ ကျောင်းလိုက်ပို့ရတော့မှ အတန်းလိုက် ရှေ့ကနောက်၊ တစ်ပတ်ကို တစ်
ချင်း လဲလှယ်တဲ့စနစ်ကျင့်သုံးတာမြင်မိလို့ ကလေးတွေ ရှေ့ဆုံးတန်းက ထိုင်ခွင့်
ပထမဆုံးကျောင်းဖွင့်ရက် နေရာကြိုယူတဲ့ စနစ်ပြီးဆုံးသွားတာကြောင့် ထိုင်ခုံနေရာပြဿ
ဖြေရှင်းနည်းစနစ်ကောင်းတစ်ခု အမှတ်မထင်သိခွင့်ရခဲ့ပါတယ်။ ဒါတင်မကသေးဘဲ ကျွ
တော့်ကလေးတွေနေတဲ့ ကျောင်းမှာ (A,B ပြဿနာ) A ခန်းကိုမှလိုချင်တဲ့ မိဘတွေ
ပြဿနာဖြေရှင်းနည်းကိုပါ အဆစ်ထပ်သိခဲ့ရပါတယ်။ အဲဒါကတော့ ပညာတော်
ကလေးတွေကို A ခန်းမှာ အမြဲထားတဲ့စနစ်ကနေ B ခန်းမှာ ပညာတော်တဲ့ ကလေး
ကိုထားပြီး A ခန်းမှာ သာမန်ကလေးတွေကိုထားတဲ့ အလှည့်အပြောင်းစနစ်ကို ကျွ

တဲ့ကျောင်းအုပ်ဆရာမကြီးရဲ့ နည်းဗျူဟာကြောင့် A ဆိုတဲ့ အသုံးအနှုန်းအတွက် ပိုက်ဆံပေးပြီး နေရာလို့ချင်သူမိဘအတွက်လည်း A ဆိုတဲ့ ဂုဏ်ပုဒ်ထအသုံးခံဝင်၊ B ဆိုတဲ့ ပညာတော်သူကလေးတွေထားတဲ့ အခန်းကိုလည်း လိုက်ထားလို့ B ခန်း ပိုက်ဆံပေးပြီး ထားရတယ်လို့ ကြွားရတာ သိပ်တော့နားဝင်မချိုဖြစ်ပြီး A ခန်း၊ B ခန်းပြဿနာလည်း ပြီးဆုံးသွားလို့ ပညာတတ်တွေရဲ့ ဆုံးဖြတ်ချက်ဟာ ပညာမတော်သူတွေရဲ့ စိမ်ထိန်းတွေထက် အများကြီးခရီးရောက်ကြောင်း သိလိုက်ရပါတော့တယ်။ အဲဒီလို သတို့သား၊ သတို့သမီး မင်္ဂလာဆောင်ကစပြီး ဧွေမျိုး၊ ရာထူး၊ အရှိန်အဝါ၊ ကျောင်းသားမိဘတွေရဲ့ ထိုင်ခုံလုပွဲအကြောင်း ပရိသတ်ကိုတင်ပြချင်တဲ့ ကျွန်တော့်ကိုမှ မထင်မှတ်တဲ့ အနုပညာရှင် အဆိုတော်မ တစ်ယောက်က တိုင်ကြားသလို၊ ရင်ဖွင့်သလို ပြောလာတာကြောင့် ပြဿနာ အသစ်တစ်ခု ထပ်သိခွင့်ရပါတော့တယ်။ အဲဒါကတော့ အခုခေတ်စားနေတဲ့ FM တွေရဲ့ ဆုရွေးပွဲတွေမှာ ထိုင်ခုံနေရာချထားမှုပါ။ FM ကျင်းပတဲ့ လူကြီးတွေမသိလေသလား၊ လူကြီးတွေ၊ ပိုင်ရှင်တွေ ကိုယ်တိုင်ရဲ့ အစီအမံပဲလား မသိရပေမဲ့ FM ဆုရွေးချယ်ပွဲဆိုရင် ရုပ်ရှင်သရုပ်ဆောင်၊ မင်းသား၊ မင်းသမီး၊ မော်ဒယ်ကစလို့ လူရွှင်တော်၊ လူကြမ်းအထိ ရှေ့ဆုံးဘက်ကျတဲ့ နေရာတွေမှာ နေရာချပေးပြီး အဆိုတော်တွေ (အတီးသမားတွေကတော့ ဖိတ်လေ့မရှိလို့ မလွမ်းလောက်ပါဘူး။ တော်ကြာ ကိုယ့်ကိုဖိတ်စေချင်လို့ ရေးနေတယ် ထင်မှာစိုးလို့ အတီးသမားနေရာချမှုတော့ ထည့်မရေးတော့ပါဘူး) ကိုတော့ တကယ့် အနောက်ဘက်ခပ်ကျကျ၊ တချို့ဆို လူမမြင်ရတဲ့ အခြားနေရာတွေမှာပါ ပို့ထားလို့ FM ဆုပေးပွဲကို တချို့ အဆိုတော်တွေ မတက်တော့ဘူးဆိုတဲ့ စကားကြားရတော့ ကျွန်တော် တော်တော် အံ့အားသင့်သွားမိပါတယ်။ ပြန်စဉ်းစားမိတော့ FM ဆိုတာ သီချင်းကို ဦးစားပေးထုတ်လွှင့်တဲ့ Audio Channel ပဲ။ MTV Channel ဆိုရင်တောင် သီချင်းကို ဦးစားပေးလွှင့်လို့ အဆိုတော်၊ အတီးသမားတွေရဲ့ တီးဝိုင်းတွေကို ဦးစားပေးဖိတ်လေ့ရှိတာ။ နေရာကောင်းတွေမှာ အဆိုတော်တွေကိုထားပြီး တကယ့်ကို ပျော်ရွှင်စရာ ဆုပေးပွဲကြီး ဖြစ်အောင် လုပ်ရမှာ… ဘယ်လိုဖြစ်ပြီး ရုပ်ရှင်သရုပ်ဆောင်တွေကို သီချင်းဆိုလို့ ဖိတ်တာ ဆိုရင်တောင် အဆိုတော်နဲ့တန်းတူနေရာ ပေးရမှာပါ။ အခုဟာက FM Channel တွေမှာ ဂီတသမားတွေရဲ့ သီချင်းနဲ့လည်း ရပ်တည်နေရသေးတယ်၊ ဂီတသမားတွေကိုလည်း နေရာမပေး၊ ခပ်ဝေးဝေးမှာ ဖျောက်ထားတယ်ဆိုတာ ရုပ်ရှင်ထဲကလို ကိုယ့်မိဘက ညှို့ဖွမ်းဆင်းရဲလို့ ပိုက်ဆံရှိတဲ့ကောင်မလေးနဲ့ မင်္ဂလာဆောင်ချိန်မှာ အဖေ အမေကို ချောင်ထဲပို့ထားတဲ့ ဇာတ်ဝင်ခန်းပုံစံဖြစ်နေပါတယ်။ မြန်မာနိုင်ငံမှာ ဒီလောက်ခေတ်မီတဲ့ အင်တာနက်တွေ သုံးနေပြီး ဂရမ်မီဆုပေးပွဲတွေ မကြည့်ဖူးတဲ့ အတွေ့အကြုံ မရင့်ကျက်သူတွေကိုမှ ထိုင်ခုံနေရာစီစဉ်နိုင်းမိလေသလားဆိုပြီး FM တွေရဲ့ တာဝန်ရှိသူကြီးတွေကို

တောင် သတိပေးချင်စိတ် ဖြစ်မိပါတယ်။ ငါးတကာယိုတဲ့ ချေး၊ ပုစွန်ဆိတ်ခေါင်း စု ဆိုသလို FM ပွဲတွေမှာ အဆိုတော်တွေရဲ့ နေရာတွေ၊ တီးဝိုင်းသမားတွေရဲ့ နေရာတွေကစပြီး ဆုချီးမြှင့်တဲ့သူတွေ ကိုယ်တိုင်က ဂီတလောကရဲ့ ကြယ်ပွင့်တွေ၊ လူသိများ ကျော်ကြားသူ တွေ နေရာမရကြတာတွေ ကြည့်ပြီး မြန်မာ့ရုပ်ရှင်ထူးချွန် ဆုပေးပွဲမှာ ရုပ်ရှင်သမားတွေ ရုပ်ရှင်အနုပညာရှင်တွေကို လှလှပပနေရာပေးတာ ဆုချီးမြှင့် ပေးကြတာ၊ ရုပ်ရှင်တေးဂီတ ဆုအတွက် ပေးတာကလွဲလို့ သူ့နေရာနဲ့သူ၊ အနုပညာရှင် မှန်ကန်စွာ ရုပ်ရှင်လောကသား တွေအတွက် ဆောင်ရွက်သွားတာမျိုး၊ ဂီတဆုပေးပွဲတွေမှာ ဂီတသမားတွေကို ဆုပေးရုံက လွဲပြီး ဘာဖြစ်လို့များ နေရာမပေးချင်ကြတာလဲလို့ ရိုးရိုးသားသား တွေးမိပါတယ်။

'တကယ်ဆို သီချင်းတွေနဲ့ ပရိသတ်ကိုဖမ်းစားချင်ကြတဲ့ FM Channel တွေက ဂီတသမားတွေကို ပိုပြီး ဦးစားပေးသင့်တာပေါ့' လို့ပြောတဲ့ ညီမငယ် အဆိုတော်လေးရဲ့ စကားကိုနားထောင်ရင်း စိတ်ထဲမှာတော့ ရုပ်ရှင်ရုံတွေမှာ ရုပ်ရှင်ကြည့်ရင် နောက်ဆုံးတန်း တွေက ပိုဈေးကြီးလို့ ဂီတသမားတွေကို ဈေးကြီးတဲ့ နောက်ဆုံးတန်း ပို့ထားတာလို့ စိတ်ထဲက ပြောချင်နေမိပါတယ်။ ဒါကြောင့် FM တွေက ဆုချီးမြှင့်တဲ့ပွဲတွေမှာ တာဝန်ရှိသူ တွေအနေနဲ့ လူမှန်နေရာမှန် ချထားပေးနိုင်တဲ့ အစွမ်းရှိသူတွေ နေရာရဖို့ ဆုတောင်းနိုင်ရုံ ကလွဲလို့ ကျွန်တော့်ကိုသာ အဲဒီကိစ္စကိုင်တွယ်နိုင်းရင် B ခန်းဆိုတာ တကယ်တော်တဲ့ သူတွေနေတဲ့နေရာဆိုတဲ့ အသိမျိုးသာ ထားတတ်ကြမှ ရှေ့မှာထိုင်ရသူတွေလည်း ကျေနပ် အနောက်မှာ နေရာပေးခံရသူတွေလည်း ကျေနပ်ကြမယ်လို့ ထင်မိပါတော့တယ်။ ကျွန်တော် တစ်ယောက်တည်းကတော့ အနုပညာအစွမ်းအစရှိရင် ဘယ်ပွဲဖိတ်ဖိတ်၊ ဘယ်နေရာထား ထား၊ လူတွေကြားထဲ ထင်ထင်ပေါ်ပေါ် ဖြစ်နေနိုင်ပါတယ်။ ကိုယ်ပိုင်အလင်းရောင်ရှိတဲ့ ပိုးစုန်းကြူးဟာ မီးမလာတဲ့ ဘောလုံးကွင်းထဲ ထိုးပြတဲ့ မီးဆလိုက်ကြီးကို မနာလိုဖြစ်စရာ မရှိပါဘူး။ မီးပြတ်သွားတဲ့အချိန် နာမည်ကြီးသူတွေကိုမှ နေရာပေးဖော်လံဖားချင်တဲ့ လူတချို့ မရှိချိန် ကိုယ်ပိုင်အရည်အချင်းဆိုတာ ပေါ်စမြဲပါလို့ နေရာမှန်မရသူတွေကိုယ်စား နှစ်သိမ့်လိုက်ချင်ပါတော့တယ်။

လူစုံပြီဆိုရင် တိုက်ပုံတကားကားနဲ့ ပြေးလွှားချင်သူ၊ အခမ်းအနားတွေမှာ တီဗွီရိုက် ပြီဆိုရင် ဖြတ်လျှောက် အမြဲလုပ်လိုသူ၊ ရုပ်ရှင်ထဲက ဒေါ်ထားနဲ့ အက်စ်သာ အဖွဲ့ဝင် မဝင်ရသေးတဲ့ ဖြတ်လျှောက်ဓာတ်ပို့ လူတချို့အတွက် အမှတ်တရပါ။

8 DAY

26 October 20

❑



## ကျွန်တော်နှင့် အနုပညာလမ်းဆုံပြဿနာ

Sunday ဂျာနယ်ရဲ့ စာမူကောင်းတဲ့ တယ်လီဖုန်းသံကြောင့် ကျွန်တော် ဒီတစ်ပတ်တော့ ဘယ်သူ့မှမထိခိုက် မနစ်နာစေတဲ့အကြောင်း ရေးရင်ကောင်းမယ် စဉ်းစားရင်း အကြံထုတ်နေမိပါတယ်။ ဒါဆို အရင်ကရေးခဲ့တာတွေက သူများ ထိခိုက်နစ်နာအောင် ရေးတာပေါ့လို့ စွပ်စွဲကြရင်လည်း ကျွန်တော်ကတော့အဖြစ်အပျက်ကိုသာ သိစေချင်ပြီး လူပုဂ္ဂိုလ်မုန်းတီးတဲ့စိတ်နဲ့ ရေးတာမဟုတ်လို့ နစ်နာပါတယ်ဆိုတဲ့ လူတွေကို ပြောချင်တာက တကူးတက ကျွန်တော့်ခေါင်းပါးကို အထင်လွဲအောင် ဖန်တီးပြောဆိုသူတွေရဲ့ အပြစ်ပါလို့သာ ပြောချင်တော့တာပါပဲ။ ကျွန်တော်ကတော့ အဖြစ်အမှန်ကို ရေးပြချင်တာပါလို့ စောဒက တက်လိုက်ချင်ပါတယ်။ ရုပ်ရှင်အကယ်ဒမီပေးပွဲမှာ (အရင်က) မင်းသား ကျော်ဆွေ ဆုမရခဲ့တာရေးပြမိလို့ (ဦး) ကျော်ဆွေ မိသားစုအနေနဲ့ ကျွန်တော့်ကို ကျေးဇူးတင်ဖို့ မလိုသလို တချို့တွေရဲ့ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုဆန်တဲ့ အဖြစ်တွေကိုလည်း အလွန်အကျွံမဖြစ်ဖို့ ကျွန်တော်ထောက်ပြခဲ့ဖူးပါတယ်။ ဒါကလည်း ဘယ်သူဘယ်ဝါလို့ ပြောချင်တာမဟုတ်ဘဲ ပုဂ္ဂိုလ်ရေးအရမ်းဆန်သွားရင် ကိုယ်လေးစားတဲ့ သူအပေါ် တစ်ခါတလေ ခွင့်မလွှတ်နိုင် ဖြစ်တတ်ကြပြီး "ငါတို့က ဒီလို အစက မထင်ထားဘူးဆိုပြီး" လိုတာထက်ပိုခံစားကြမှာစိုးလို့ ပုဂ္ဂိုလ်ရေးဆန်ဆန် သတိလက်လွှတ်စိတ် မဖြစ်ရအောင် ဝေဖန်ရေးသားမိတာကြောင့်ပဲ ကျွန်တော်ဘက်ကတော့ စိတ်ရှင်းပါတယ်လို့ ဝန်ခံလိုက်ပါတယ်။ တချို့စာပေသမားတွေရဲ့ ကျွန်တော်လို ဂီတသမားက စာရေးဆရာလောကထဲ ဝင်ရှုပ်တယ်ဆိုတဲ့အမြင်ကို မှန်မှန်ကန်ကန် သုံးသပ်နိုင်အောင် အခုထိ ကျွန်တော်ကြိုးစား စာရေးနေဆဲပါ။ ကျွန်တော်က ဂီတသမားသာဆိုပေမဲ့ ပုံမှန်ဂျာနယ်အတွက် ၁လ ၄ ပုဒ် Sunday တို့လို တခြားဂျာနယ်၊ မဂ္ဂဇင်းတွေ စုစုပေါင်း ၁၀ ပုဒ်ကျော် ၄နှစ် ဆက်တိုက်

(အနည်းဆုံး) ရေးခဲ့တဲ့သူပါ။ ဒါတောင်မှ ကျွန်တော့်ကို စာပေလောကထဲ မဝင်စေချင်ဘူး။ ဒါဟာ စာပေသမား မဟုတ်ဘူး၊ ဂီတသမားပါဆိုပြီး စွပ်စွဲကြရင်လည်း ကိစ္စလေးတစ်ခုနဲ့သာ တင်စားလိုက်ချင်မိပါတော့တယ်။ တစ်ခါက လူတစ်ယောက် ရေနစ်တော့ ပင်လယ်ထဲမှာ ငါးဖမ်းသင်္ဘောတစ်စီးက လာကယ်ပါတယ်။ ရေနစ်သူက ရေကူးရင်း ကျွန်တော်ကို ဘုရားသခင် လာကယ်လိမ့်မယ်၊ ကျွန်တော် ဆုတောင်းထားတယ်လို့ ပြောပါတယ်။ ဒါကြောင့် ငါးဖမ်းသင်္ဘောနဲ့ ကယ်တင်သူလည်း လက်လျှော့ပြီး ပြန်သွားရပါတော့တယ်။ သိပ်မကြာခင်ဘဲ မော်တော်ဘုတ်နဲ့ ရေငုပ်ဝတ်စုံနဲ့ လူတစ်ယောက် ရောက်လာပြီး ရေနစ်သူကိုကယ်ပြန်တော့လည်း ရေနစ်သူက ဘုရားသခင် လာကယ်လိမ်မယ်၊ ဆုတောင်းထားတယ်ဆိုပြီး လက်မခံခဲ့ပြန်ပါဘူး။ အဲဒီမှာပဲ ကယ်ဆယ်သူတွေ လက်လျှော့သွားတော့ ရေနစ်သူတကယ်ပဲ ရေနစ်ပြီး သေဆုံးသွားခဲ့ပါတယ်။ အဲဒီမှာတင် ကောင်းကင်ဘုံ ရောက်သွားပြီး ဘုရားသခင်နဲ့ ဆုံတွေ့တော့ 'အရှင်ဘုရား တပည့်တော်ကတော့ အရှင်ဘုရားလာကယ်ဖို့ ဆုတောင်းလိုက်ရတာ၊ အရှင်ဘုရားကတော့ လာမကယ်ဘူး' ဆိုပြီး အပြစ်တင်ပါတော့တယ်။ အဲဒီမှာတင် ဘုရားသခင်လည်း ငါ မင်းကို ငါးဖမ်းသင်္ဘောနဲ့ရော၊ စပိဘုတ်နဲ့ရော လာကယ်တာပဲ၊ မင်းမှ မလိုက်တာဆို ပြီးပြောသလို… ကျွန်တော့်ကို စာရေးသူမဟုတ်ဘူး ဂီတသမားက စာပေလောကထဲ ဝင်ရှုပ်နေတာပါလို့ စွပ်စွဲချင်သူတချို့ (ရှိခဲ့ရင်လည်း) ကျွန်တော် ငါးဖမ်းသင်္ဘော၊ စပိဘုတ်နဲ့ ၁ လ ၁၀ ပုဒ်လောက်လေး ရေးပြနေတာ၊ ခင်ဗျားမှ မမြင်ဘဲလို့ ဘုရားသခင် လေသံနဲ့တောင် (မနိုင်းကောင်းနှိုင်းကောင်း ရှင်းပြရမလို ဖြစ်နေပါတယ်။ ကျွန်တော့်မှာ စာရေးရတာ ဂီတသမားတချို့ကလည်း မကြိုက်၊ စာရေးဆရာတချို့ကလည်း ကွဲရဲမှာကြောက်၊ ရုပ်ရှင်လောကသားတချို့ကလည်း သူတို့လောကကို ဝေဖန်တယ်လို့ အထင်ခံရမှာကြောက်နဲ့ ဘာလုပ်လို့လုပ်ရမယ်၊ ဘယ်လိုစာဆက်ရေးရမယ်တောင် ဆုံးဖြတ်ရခက်တဲ့ဘဝကို ရောက်မှန်းမသိ ရောက်နေရတာပါ။ ကျွန်တော်စာကြောင့် ထိခိုက်အနစ်နာတဲ့ သူတွေကလည်း မိတ်ဆွေအသိုင်းအဝိုင်းတွေကို ကျွန်တော်ကလောင်ကြောင့် စိတ်ဆိုးမာန်ဆိုးနဲ့ တိုင်ကြတော့ကြ၊ မိတ်ဆွေ သူငယ်ချင်းတွေကလည်း ကျွန်တော်တို့ရဲ့ တကယ် စားဝတ်နေရေးပြဿနာတွေ ဖြေရှင်းပေးနေတဲ့ တီးဝိုင်းနဲ့ ဂီတသမားတွေက ကျွန်တော် စာရေးတဲ့ကိစ္စကြောင့် အလုပ်ထိခိုက်မှာ ကြောက်တဲ့ သဘောမျိုးလေးတွေလည်း နည်းနည်းတော့ ရိပ်မိလာရပါတော့တယ်) ရိုးရိုးသားသား ဘယ်သူမှ မထိခိုက်တဲ့စာတွေ အများကြိုက်တဲ့ ကိစ္စဆိုရင် အကောင်းရေး၊ အများမကြိုက်တဲ့ ကိစ္စဆိုရင် အဆိုးရေး စသဖြင့် လေပူရာယိမ်းတဲ့ စာအမျိုးအစားတွေပဲရေးပြီး လူချစ်အောင်နေရမလား။ ဒါမှမဟုတ် 'လုံးဝ ဘာစာမှ မရေးတော့ဘဲ ငြိမ်ငြိမ်သက်သက်လေးနေလိုက်ရမ

ကောင်းမလားဆိုပြီး ကိုယ်ရေးတဲ့စာတွေကြောင့် ရလာတဲ့ ဝေဒနာတွေနဲ့ ဓလေ့နိုင်အေနှိုင် ဖြစ်ရပါတော့တယ်။ ငယ်ငယ်ကဖတ်ခဲ့ဖူးတဲ့သမိုင်းထဲက ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း (အိုးဝေမဂ္ဂဇင်း)မှာ "ငရဲခွေးကြီးလွတ်နေသည်" ဆိုတဲ့ ဆောင်းပါးရေးတဲ့ သူကို နာမည်မဖော်ပေးလို့ တက္ကသိုလ်အာဏာပိုင်တွေက စိတ်ဆိုးပြီး ကျောင်းထုတ်လိုက် တယ်ဆိုတဲ့ အကြောင်းလေး ဖတ်ခဲ့ဖူးပါတယ်။ အခုလည်း ကျွန်တော်ရဲ့ လက်ရှိဘဝမှာ ကိုယ်ရေးသမျှ၊ ဝေဖန်မိတာတွေအပေါ် (တက္ကသိုလ် အာဏာပိုင် စိတ်ဖျိုးနဲ့) ငြိမ်းခြောက်မှု တွေပဲကြုံရလို့ ဘဝတူ ဂီတပညာရှင်တစ်ယောက်က အရမ်းမှန်တာပြောရင် ဘေးထွက်ဆိုး ရမယ်နော် ဆိုပြီး သူ့လို မဆင်းရဲအောင် စေတနာနဲ့ သတိပေး စကားပြောဖူးပါတယ်။ ကျွန်တော့် မိတ်ဆွေတစ်ယောက်ပြောပြလို့ ကြားဖူးတဲ့ စကားတစ်ခွန်းက လူငယ်တိုင်း လူငယ်တိုင်း ဒေါ်အောင်ဆန်းစုကြည်ကို အမေစု၊ အမေစုနဲ့ ချစ်ကြ၊ လေးစားကြသလို သူ့စကားကို နားထောင်ကြသလို အိမ်က ကိုယ့်မွေးသမိခင် ကျေးဇူးရှင် အမေရင်းကိုလည်း အဲဒီလိုချစ်ဖို့၊ လေးစားဖို့၊ ကိုယ့်အမေစကားကိုလည်း နားထောင်ဖို့ လိုတယ်ဆိုတဲ့ စကားလေးဟာ ဘယ်လောက် တန်ဖိုးရှိတဲ့စကားလည်းလို့ မှတ်သားမိခဲ့ပါတယ်။ ဒီလိုရေး ပြမိလို့ မိဘရဲ့စကား နားမထောင်တဲ့ လူငယ်တချို့ နားထောင်လာရင်တော့ ကောင်းပါရဲ့၊ သူတို့ကို ဖျက်ရယ်ပြုတာလို့များ ထင်ကြရင် ကျွန်တော် ကျောင်းထုတ်ခံရမှာ နည်းနည်း တော့ ကြောက်မိပါတယ်။ တကယ်တော်တဲ့ ပညာရှင်သုခမိန်တွေက သူတို့ဘဝရဲ့ အဆိုအမိန့်တွေနဲ့ နောင်သူတို့နေရာ ယူကြမယ့် လူငယ်တွေကို သင်ကြားပေးကြလို့ အခုလိုကျွန်တော်ရဲ့ ရေးသားတဲ့စာတွေအပေါ် အဘက်ဘက်က ဝေဖန်သူတချို့ကိုလည်း ကြောက်ရ၊ အမှန်တရားကို ရေးချင်ပေမဲ့ မရေးတော့ဘူးလို့ ဆုံးဖြတ်ချင်တဲ့စိတ် လွှမ်းဆွဲနေ ခဲ့ပါတယ်။ ကျွန်တော် ဘယ်လိုဆုံးဖြတ်ရမယ် မသိဖြစ်ရတဲ့ အချိန်ကာလတစ်ခု အတွင်း စိတ်တွေ ရှုပ်ထွေးနေမိလို့ စာတွေပဲဖတ်နေမိပါတယ်။ ခင်မင်သူ အယ်ဒီတာတွေကလည်း စာမူတောင်းမှ ဝေဖန်သူတွေကလည်း ဝေဖန်၊ ပရိသတ်တွေကလည်း တွေ့တိုင်း စာရေးဖို့ တိုက်တွန်း၊ လက်ရှိဂီတလောကထဲမှာပဲ ခင်မင်သူ နည်းသထက် နည်းလာသယောင်ဖြစ် လာတဲ့ ကျွန်တော် စာပေနဲ့ ဂီတ ဘယ်လမ်းကို ရွေးချယ်သင့်သလဲ။ လမ်းဆုံတစ်ခုကို ရောက်နေလို့ ဒီလိုတွေပြားနေတဲ့ စိတ်တွေနဲ့ နိုးလာတဲ့ တစ်မနက် စာအုပ်တစ်အုပ်ကို ဖတ်ရင်း ကျွန်တော်လိုချင်တဲ့ အဖြေတစ်ခု ရလိုက်ပါတော့တယ်။ အဲဒီ စာအုပ်လေးထဲမှာ အင်္ဂလန်နန်းရင်း ဝန်မင်္ဂတာချာချီက မှတ်သားလောက်တဲ့စကားတစ်ခွန်းကို လှလှပပပြော ခဲ့ပါတယ်။ "နိုင်ငံရေးသမားက လာမယ့်ရွေးကောက်ပွဲကိုပဲ ကြည့်တယ်၊ လူထုခေါင်းဆောင် ကတော့ လာမယ့်မျိုးဆက်သစ်အတွက် ကြည့်တယ်"ဆိုတဲ့ အဆိုအမိန့်လေးက ကျွန်တော်

လက်ရှိခံစားနေရတဲ့ ဝေဒနာလမ်းဆုံထဲကနေ ရှေ့ဆက်သွားဖို့ ဆုံးဖြတ်ချက်ကို ခိုင်မာစေခဲ့ပါတော့တယ်။

ကျွန်တော်ရေးတဲ့ စာတွေဟာ အမှားမကင်းသူတွေ စိတ်ဆိုးနိုင်ပေမဲ့ အမှားမလုပ်မိအောင် အချက်ပေးတဲ့ မီးပွိုင့်လေးများပဲ ဖြစ်ခဲ့လို့ လမ်းဆုံမှာ ခရီးသွားကြတဲ့သူတွေ အန္တရာယ်ကင်းရင် လာမယ့်မျိုးဆက်သစ်တွေအနေနဲ့ ကျွန်တော့် စေတနာကို သိလာကြမှာ ကျွန်တော့်စာကြောင့် ထိခိုက်ပါတယ်ဆိုသူတွေလည်း ကျွန်တော့်အပေါ် အမျက်ပြေစေလို့ပဲ ဆုတောင်းရင်း စာဆက်ရေးဖို့ ဆုံးဖြတ်ပြီးတော့.... လောလောဆယ် ဒီစာစုလေးကို အဆုံးသတ်မိပါတော့တယ်။ ။

**Sundays**

**October 28 to November 4**